# ဇော်ထက်အောင်

## စဝ်ရန်နိုင် /နှင့်/ ပဉ္စမမြောက်ယန္တရားများ၏စကြဝဠာ



## အခန်း (၁)

အဆောင်၏ ဒုတိယမြောက်အထပ် . . .။

သန်းဆွေထိုက်သည် သူ၏အခန်းထဲရှိ ထိုင်ခုံတစ်လုံးပေါ်၌ အကျအန ထိုင်၍ ရုပ်မြင်သံကြား ကြည့်နေပေသည်။ ရုပ်မြင်သံကြားစက်မှာ ဆိုနီအမျိုးအစားဖြစ်ပြီး သူ၏ အဘွားဖြစ်သူက ဝယ်ပေးထားခြင်းဖြစ်သည်။ ကမ္ဘာ့သတင်းအစီအစဉ်ကို သူ စိတ်ဝင်စားစွာ ကြည့်ရှုနေခြင်းဖြစ်သည်။

သန်းဆွေထိုက်သည် နောက်ဆုံးနှစ်ကျောင်းသားဖြစ်သည်။ သူသည် စာတော်သူတစ်ဦးဖြစ်၍ ဓာတုဗေဒအဓိကဘာသာယူကြသူများထဲ၌ ထင်ရှားသူတစ်ဦးဖြစ်သည်။ ထို့ပြင် ဆေးပညာဌာနနှင့်ပါ လေ့လာသင်ကြားခွင့် ရရှိထားသည်။

မိုးဆမ်းပန်းစာပေ

သန်းဆွေထိုက်သည် စာသင်ရင်း အလုပ် လုပ်ကိုင်ခွင့်ပါ ရရှိထားသည်။ အဓိကအားဖြင့် ဓာတ်ခွဲခန်းများ၌ လုပ်ကိုင်ရလေ့ရှိသည်။ သူသည် သူတာဝန်ယူ လုပ်ဆောင်ရသည့် ဌာနများ၌ စေ့စပ်သေချာစွာ လုပ်ကိုင်တတ်သူဖြစ်သည်။ ယခုလတ်တစ်လောတွင် သူသည် အပေါ်ဌာန၌ တာဝန်ကျနေ၏။

သန်းဆွေထိုက်သည် အသက်နှစ်ဆယ့်သုံးနှစ်ရှိပြီဖြစ်သည်။ အားကစားကို ဝါသနာပါသည်။ ဘောလုံးကန်ခြင်းနှင့် ဘက်စကက်ဘောပုတ်ခြင်းကို ပို၍နှစ်သက်သည်။ တက္ကသိုလ်ရောက်သည့်အခါ၌ ဘောလုံးကန်ခြင်း သိပ်မရှိတော့။ ဆရာဝန်တစ်ဦးဖြစ်လာရန်အတွက် စာကိုကြိုးစားနေရသောကြောင့် ဖြစ်သည်။

ရုပ်မြင်သံကြားကြည့်ရင်း တစ်ချက် သမ်းဝေလိုက်သည်။ သူ အိပ်ချင်လာပြီဖြစ်သည်။

သန်းဆွေထိုက်၏ မျက်လုံးများ မှေးခနဲဖြစ်သွားသည်။

ကျယ်လောင်သော အသံနှင့်အတူ မှန်စ,မှန်နများ သူ၏ ခန္ဓာကိုယ်ပေါ်သို့ လွင့်စဉ်ကျလာကုန်သည်။ ထိုအခါမှပင် မျက်လုံးဖွင့်၍ သတိထားကြည့်မိတော့သည်။ သူ့ရှေ့ရှိ ရုပ်မြင်သံကြားစက် ရုတ်တရက် ပေါက်ကွဲပျက်စီးသွားသည်ကို မြင်လိုက်ရသည်။

သန်းဆွေထိုက်ဟာ အတန်ကြာမှ မယုံကြည်နိုင်အောင် ကြည့်နေမိသည်။ သူ့ကိုယ်သူ အိပ်မက် မက်နေသည်ဟုပင် ထင်မိနေသည်။ ရုပ်သံစက်၏ ကက်သုတ်ဖန်ပြွန် ကွဲထွက်သွားသည်ကို မြင်ရသည်။





ထိုအခါမှပင်၊ သူ့နဖူးသူ ရိုက်လိုက်ပြီး . . .

'ဟာ . . ဘယ်လို ဖြစ်ကုန်ရတာလဲကွာ'

ရေရွတ်လိုက်ရင်း ထိုင်ရာမှ ထရပ်လိုက်သည်။

ပြီးတော့ တံခါးဖွင့်၍ တစ်ဘက်ခန်းသို့ လှမ်းကြည့်လိုက်၏။

အခန်းအပြင်ဘက်၌ ကျောင်းသားအချို့ ရပ်နေကြသည်။ တစ်ဦးနှင့်တစ်ဦး နားမလည်နိုင်သော အကြည့်မျိုးဖြင့် ကြည့်နေကြသည်ကို မြင်လိုက်ရသည်။

သန်းဆွေထိုက်၏ ဘေးခန်း၌နေသော အောင်ကိုဝင်း

'ငါ အင်တာနက် ဖမ်းနေရင်း၊ ငါ့ရဲ့ကွန်ပျူတာ အလိုလို ပေါက်ကွဲပျက်စီးသွားတယ်'

နောက်ထပ်၊ ကျောင်းသားတစ်ဦးကလည်း

'ငါ့ရဲ့ ရုပ်သံစက်ကြီးလည်း ကြည့်နေရင်းနဲ့ ပေါက်ကွဲသွားတယ်'

ကျန်တစ်ဦးကလည်း . .

'ဟာ . . ငါ့ရဲ့ ကက်ဆက်လည်း သီချင်းနားထောင်နေရင်း မီးလောင်သွားတယ်။ ဘာတွေ ဖြစ်ကုန်တာလဲ မသိဘူး'

သန်းဆွေထိုက် တံခါးကို ပြန်ပိတ်လိုက်၏။ ပျက်စီးသွားသော သူ၏ တီဗွီကိုကြည့်ပြီး နှမြောနေမိ၏။

စိုးဝေနှင့် သဥ္ဇာလင်းတို့မှာ အသက် ဆယ့်ရှစ်နှစ်မျှရှိပြီဖြစ်သည်။ တက္ကသိုလ် ပဌမနှစ်ရောက်နေပြီဖြစ်သည်။

ညဦးပိုင်းအချိန်၌ မြို့၏အရှေ့ဘက်ရှိ တောင်ကုန်းမြင့်ကလေးပေါ်သို့ ကားဖြင့် သူတို့နှစ်ဦး ရောက်လာကြသည်။ ထိုနေရာကို လိပ်ပြာမောင်နှံလမ်းဟု သူသိများကြသည်။ သူတို့နှစ်ဦးစလုံး တစ်ကြိမ်မျှ မရောက်ဖူးကြပေ။ ထိုနေရာကို လာချင်ကြသော်လည်း ယခုမှပင် ရောက်ဖြစ်တော့သည်။

တောင်ကုန်းမြင့်ကလေးပေါ်မှနေ၍ မြို့ကို အပေါ်စီးမှ ကောင်းစွာမြင်တွေ့နိုင်ပေသည်။ ကားထဲရှိ ရေဒီယိုမှ 'ဗို'၏ 'လွဲလို့' အမည်ရှိ သီချင်းလာနေသည်။

သဥ္ဇာလင်းက ကောင်းကင်ယံသို့ငေး၍ ကြည့်နေသည်။ လေပြေနုအေးအေးလေးက တသွန်သုန်တိုက်ခတ်နေ၏။

စိုးဝေသည် အရပ်ရှည်၍ ခန္ဓာကိုယ်သွယ်သူဖြစ်၏။ ထို့ပြင် ကွန်ပျူတာကျွမ်းကျင်သူဖြစ်သည်။ သဥ္ဇာလင်းသည် အားကစားလေ့ကျင့်ခန်းများ လုပ်သူဖြစ်၍ ခန္ဓာကိုယ်လှပသူဖြစ်သည်။ သူမကို အတန်းတူ ယောကျ်ားလေးများက အမြဲတစေ ငေးမောကြည့်ရှုကြရသည်။

သူမအနေဖြင့် ယောကျ်ားပီသသော ရုပ်ရည်ရှိသည့် စိုးဝေကို ရွေးချယ်၍တွဲခဲ့သည်။ ထို့ပြင် ကွန်ပျူတာကျွမ်းကျင်မှုရှိသော စိုးဝေကို သူမက ပို၍ ဦးစားပေးခဲ့သည်။ သူမကိုယ်တိုင်လည်း ကွန်ပျူတာကို စိတ်ဝင်စားမှုရှိသည်။

'ဟော . . ဟိုမှာ'

တစ်ဘက်သို့ လှည့်၍နေသော စိုးဝေ၏ ပခုံးကို သူမက





ရုတ်တရုတ် လှမ်း၍ပုတ်လိုက်သည်။

စိုးဝေမှာ လန့်သွားပြီး

'ဟင် . . . ဘာဖြစ်လို့လဲ'

'ဟိုမှာကြည့်လေ . .'

သူမက ကောင်းကင်ယံသို့ လက်ညှိုးထိုးပြသည်။

ကောင်းကင်၌ ကြယ်ကြွေသည့် အလင်းတန်းများကို မြင်လိုက်ရသည်။

'ဒီတစ်ခါ ကြယ်ကြွေတာ တော်တော်လေး ထူးဆန်းတယ်ကိုစိုး။ ကောင်းကင်တစ်ခုလုံးဖြတ်ပြီး ကြွေသွားတာ'

စိုးဝေက သူမ၏ပခုံးကို အသာအယာဆွဲယူ ပွေ့ဖက်လိုက်သည်။

မွှေးပျံ့သောရနံ့က သူ၏သွေးကြောထဲသို့ စီးမျောဝင်ရောက်မည်ပြုစဉ်မှာပင် . . .

ဖွင့်ထားသော ရေဒီယိုမှာ ရေနွေးအိုးဆူသကဲ့သို့ အသံများ မြည်လာပြီး မီးပွင့်များထွက်လာသည်။ ကျယ်လောင်သောအသံနှင့်အတူ မီးပွားများ ဖြာ၍ထွက်လာသည့်အတွက် နှစ်ဦးစလုံး ကားပြင်သို့ ခုန်ထွက်လိုက်ကြသည်။

ချက်ခြင်းပင် မီးပွားများ ငြိမ်း၍သွားပြီး၊ အသံပါပျောက်သွားသည်။ နှစ်ဦးသား တစ်ဦးကိုတစ်ဦး ကြည့်မိကြသည်။ စိုးဝေက သဥ္ဇာလင်းကိုပွေ့ဖက်ထားလိုက်ရင်းမှ . . .

'ဘယ်လိုဖြစ်သွားတာလဲ မသိဘူး . . သဥ္ဇာ'

သူမက ဓရိယာတိုင်ထိပ်များကို လက်ညှိုးထိုးပြပြီး
'ဟိုမှာ . . ကြည့်ပါဦး'

ဓရိယာတိုင်ထိပ်မှာ မီးလောင်ကျွမ်းထားသည့်အလား မည်း၍နေသည်ကို စိုးဝေမြင်လိုက်ရသည်။

ပတ်ဝန်းကျင်တွင်လည်း၊ ရှူးရှူးရှရှညှော်နံ့ကြီးတစ်ခုကို ရနေပေသည်။

သူတို့လိုပင်၊ အခြားသောကားများထဲမှ စုံတွဲများထွက်လာကြသည်။ ထိုစုံတွဲများမှာလည်း သူတို့လိုပင် ကြုံတွေ့ခံစားလိုက်ကြရသဖြင့် ထိုအကြောင်းကို တစ်ယောက်တစ်ခွန်း ပြောဆိုနေကြပေသည်။

စိုးဝေမှာ အလိုအလျှောက် ထ၍ ပေါက်ကွဲပျက်စီးသွားသောကားတွင်းမှ ရေဒီယိုကိုကြည့်၍ စဉ်းစားနေမိသည်။

သို့သော် မည်သည့် အဖြေမှ ပေါ်မလာပေ။

× × × × ×

ဒေါက်တာ စိမ်းသီတာ။

သူမသည် အသက်သုံးဆယ့်လေးနှစ်ရှိပြီဖြစ်၏။ ဆေးတက္ကသိုလ်ဗဟိုဌာနတွင် အဆင့်မြင့်ရာထူးတစ်နေရာ ရရှိထားသည့် ဆရာဝန်မကြီးတစ်ဦး ဖြစ်နေပေသည်။

ဒေါက်တာ စိမ်းသီတာသည် မြို့၏ သီး[illegible]နှံ့ရပ်ကွက်တစ်ခု





၌နေထိုင်သည်။ ထိုရပ်ကွက်သည် အေးချမ်းတိတ်ဆိတ်မှုရှိသည်။ သူမနေထိုင်ရာရပ်ကွက်မှာ ဗဟိုတက္ကသိုလ်ဌာနနှင့် နီးသည်။ ကျောင်းသို့ အသွားအပြန် နီးသောနေရာကို တမင်ရွေးချယ်၍ သူမနေထိုင်ခြင်းဖြစ်သည်။

ထို့ပြင် သူမနေထိုင်သည့် တိုက်အိမ်အပေါ်ထပ်မှနေ၍ ချိတ်ဆွဲထားသည့် ဆည်းလည်းသံကလေးများမှတပါး၊ အခြားမည်သည့်အသံမှ မကြားရ။

ထိုနေ့ညဘက်၌၊ သူမသည် ဆေးပညာနှင့်ပတ်သက်သော စာအုပ်၊ စာတမ်းများကို စိတ်ပါဝင်စားစွာ ဖတ်ရှုနေသည်။

အချိန်မှာ ဆယ်နာရီခွဲ . . ။

ရုပ်သံမှ ရုပ်ရှင်အစီအစဉ် တစ်ခုလာနေ၏။

ဒေါက်တာစိမ်းသီတာမှာ ခေတ်မီဆေးသိပ္ပံနည်းပညာများနှင့် လွတ်ထွက်သွားခြင်းမရှိစေရန် အမြဲတစေဂရုပြု၍၊ ဆေးပညာနှင့် ပတ်သက်သည့် စာအုပ်များကို စိတ်ဝင်စားစွာ ဖတ်ရှုလေ့ရှိသည်။

ရုတ်တရက် သူမ၏ရှေ့ရှိရုပ်သံစက်မှ မီးပွင့်များ၊ မီးခိုးများထွက်လာသည်ကို သတိပြုလိုက်မိ၏။ ချက်ခြင်းပင် ပလပ်ကိုဆွဲဖြုတ်လိုက်သည်။ သို့သော် ရုပ်သံစက်အတွင်းမှ မီးပွားများ ထွက်နေဆဲပင်။ ထို့နောက် စက်မှာ စားပွဲပေါ်၌ပင် လဲကျသွားပေသည်။ သူမထိုင်ရာမှထပြီး ရုပ်သံစက်၏အပေါ်ကိုလက်ဖြင့် စမ်းသပ်ကြည့်လိုက်၏။ အပူရှိန်မှာ မြင့်မားခြင်းမရှိသဖြင့် မီးလောင်ကျွမ်းမည့် အခြေအနေမျိုးတော့ မရှိနိုင်။

သူမ ရုပ်သံစက်ကိုကြည့်၍ စိတ်ပျက်လက်ပျက်ဖြစ်သွားပြီး ခေါင်းခါယမ်းလိုက်မိ၏။

မနက် အလုပ်သွားတော့မှပင်၊ ရုပ်သံစက်ကိုပြင်ဖို့ ယူသွားရပေတော့မည်။

× × × × × × ×



## အခန်း (၂)

မဟာအဓိပတိလမ်းထဲသို့ အနီရောင် ဖော်လဗိုကားတစ်စီး ကွေ့ချိုးဝင်လာသည်။

ထိုလမ်းထဲ၌၊ အစားအသောက်ကောင်းကောင်းရသည့် မွှေးသီရိ ဆိုင်ရှိသည်။ ထိုဆိုင်သို့ နံနက်ဘက်တွင် ကျောင်းသားကျောင်းသူများ လာလေ့ရှိသည်။

ကျောက်စရစ်များ ခင်းထားသည့်လမ်းကိုဖြတ်၍ ဆိုင်ရှေ့၌ ကားကို ရပ်တန့်လိုက်၏။ ဝတ်ရည်သိမ့် ရှေ့ခန်းတံခါးကိုဖွင့်၍ ဆင်းသည်။ 'ချူး'တံခါးကို ဖွင့်၍ဆင်းစဉ် အောက်ဘက်ရှိ ကျောက်စရစ်ခဲတစ်လုံးကို နင်းမိ၍ ခြေချော်ပြီး လဲကျမလိုဖြစ်သွားသည်။ ကားတံခါးကိုလှမ်းကိုင်၍ ချူး သူ့ကိုယ်သူထိန်းလိုက်ရသည်။

ဝတ်ရည်သိမ့်က သူ့ကိုလှမ်းကြည့်ရင်း

'ဘယ်လို ဖြစ်ရပြန်တာလဲ 'ချူး' ရယ်'

တစ်နေ့လုံး ချူး အဆင်မပြေပဲ ဖြစ်နေသည်။ အစစအရာရာတွင် တစ်လွဲတစ်ချော် ဖြစ်နေပေသည်။

ချူးက တစ်ချက်ရယ်ရင်း

'ခဲလုံး နင်းမိသွားလို့ပါ'

ချူးက ကားတံခါးကို ရီမုကွန်ထရိုးလ်ဖြင့် သော့ပိတ်လိုက်သည်။ နှစ်ဦးသား ဆိုင်ဘက်သို့ အတူလျှောက်လာကြသည်။

ချူးနှင့် ဝတ်ရည်သိမ့်တို့ အတူနေလာကြသည်မှာ တစ်နှစ်ပင်ပြည့်ပေတော့မည်။ နှစ်ဦးစလုံး အသက်နှစ်ဆယ့်နှစ် ပတ်ဝန်းကျင် အရွယ်ရှိပေပြီ။ ယခုနှစ်တွင် နှစ်ဦးစလုံး နောက်ဆုံးနှစ်ကျောင်းသားများဖြစ်ကြသည်။ ကျောင်းတက်၍ ပထမနှစ်၌ မျက်နှာချင်းတန်းမိရုံမျှသာရှိသည်။ သူတို့နှစ်ဦးစလုံးနှင့် ရင်းနှီးသော သန်းဆွေထိုက်နှင့် ပတ်သက်ပြီး သံယောဇဉ်တွယ်ခဲ့ကြသည်။

နှစ်ဦးစလုံး ရုပ်ဆင်းအင်္ဂါ ပြေပြစ် ချောမောသူများဖြစ်သည်။

ဆိုင်တံခါးကို ဖွင့်၍ အတွင်းသို့ဝင်လာကြရင်း ဝတ်ရည်သိမ့်က . .

'ရဲတိုက်အုပ်စုဆီက 'ချူး' ဆီကို တစ်ခုခု အကြောင်းကြားမယ်လို့ထင်နေသလား၊ သူတို့အုပ်စုက ကမ္ဘာပေါ်မှာ အကြီးမားဆုံးကွန်ပျူတာကုမ္ပဏီ။ သိပ်တော့ လွယ်မယ်မထင်ပါဘူး။ ရှင့်ဆီက လျှောက်လွှာကို ပယ်လိုက်တာပဲ ဖြစ်လိမ့်မယ်'





ချူးက စိတ်ပျက်ပုံမပြ။

'ကိုယ့်ဆီက လျှောက်လွှာ သူတို့ဆီရောက်တာနဲ့ ချက်ခြင်းအကြောင်းပြန်မှာ သေချာပါတယ်။ ဘာမှ စိတ်ပူမနေစမ်းပါနဲ့ . .'

ချူးသည် အဝတ်အစားကို ကျနသေသပ်စွာ အမြဲဝတ်ဆင်ထားသူဖြစ်သည်။ ချူးသည် ကြိုးစားသူတစ်ဦးဖြစ်သည်။ ငွေကြေးပြည့်စုံ၍ စီးပွားရေးလုပ်ငန်းကောင်းမွန်သော ချူး၏မိဘများကြောင့် သူ၏ ရည်မှန်းချက်များပို၍ အောင်မြင်မှုရခဲ့သည်။ ထို့အတွက်ကြောင့် သူ့ကိုယ်သူ ပို၍ ယုံကြည်မှုရှိလာရသည်။

လူကြားထဲမှ တိုး၍လာကြရင်း၊ စားပွဲအလွတ်တစ်လုံး၌ မျက်နှာချင်းဆိုင် ဝင်ထိုင်လိုက်ကြသည်။

သန်းဆွေထိုက်က သူထိုင်နေရာမှ ထလာပြီး သူတို့စားပွဲ၌ ဝင်ထိုင်လိုက်သည်။

ရောက်သည်နှင့် သန်းဆွေထိုက်က . . .

'မနေ့ည ဆယ်နာရီခွဲလောက်မှာ၊ ရေဒီယိုတွေ ရုပ်သံစက်တွေ ထူးထူးခြားခြား ဘာဖြစ်တာတွေ့သလဲ'

ဝတ်ရည်သိမ့်က ခေါင်းခါပြသည်။

ချူးက လက်မထောင်၍

'ညက ငါ စာကျက်နေတယ်။ ဘာမှ မသိလိုက်ဘူး'

သန်းဆွေထိုက်က မျက်နှာတစ်ချက် မဲ့ပြလိုက်ပြီး

'မင်းတို့ တော်တော် သနားစရာကောင်းတာပဲ။ ဒီမြို့ထဲမှာ ဘာတွေ ဖြစ်ကုန်သလဲဆိုတာတောင် မသိရှာကြပါလား။ ည ဆယ်နာရီ

ခွဲလောက်က ဒီမြို့ပေါ်မှာရှိတဲ့ ရုပ်သံစက်တွေ၊ ရေဒီယိုတွေ အားလုံး ပေါက်ကွဲ ပျက်စီးကုန်တယ်။ တစ်ချို့ကတော့ ရူပဗေဒဌာနမှာရှိတဲ့ လူတစ်ယောက်ယောက်က ရောင်ခြည်လှိုင်းတွေ စမ်းသပ်ပြီး လွှတ်လိုက်တာ ဖြစ်နိုင်တယ်လို့ပြောတယ်။ ငါ့ရဲ့ ရုပ်သံစက်းလည်း ပျက်စီးသွားတယ်။ ငါဖြင့် ညက တော်တော်လန့်သွားတယ် . .'

'ရုပ်သံစက်တွေ ကွန်ပျူတာတွေ ပျက်သွားရင် ဗိုကောင်းမယ်။ ဒါမှ ကျောင်းသားတွေရဲ့ ဉာဏ်ရည်ဉာဏ်သွေးပိုပြီး မြင့်လာလိမ့်မယ်'

ချူးက ပြောလိုက်ခြင်းဖြစ်သည်။

စားပွဲထိုးကို ဝတ်ရည်သိမ့်က နံနက်စာအတွက် မှာနေသည်။ စားပွဲထိုးက မီးဖိုဆောင် စားဖိုမှူးထံ လှမ်းအော်၍ မှာကြားလိုက်သည်။

ချူး၏ အပေါ်ကုတ်အင်္ကျီအတွင်းဘက်၌ ထည့်ထားသော ဆယ်လူလာဖုန်းမှ အသံမြည်လာသည်။ ချူးက ပြာပြာသလဲ အမူအရာဖြင့် ဆယ်လူလာဖုန်းကို ဆွဲထုတ်လိုက်သည်။ အငွေ့တထောင်းထောင်းထနေသော ရေနွေးပန်းကန်ကိုတိုက်မိ၍ မှောက်ကျသွားသည်။ စီးကျလာသော ရေနွေးပူများကို သန်းဆွေထိုက် သူ့အပေါ်သို့ ကျမလာမီ အမြန်ရှောင်ပေးလိုက်သည်။

ချူးမှာ သူ့ကြောင့်ဖြစ်သွားရသည်ကို ဂရုမစိုက်နိုင်ပဲ ဖုန်းထဲ၌သာ အာရုံရောက်နေသည်။

ဝတ်ရည်သိမ့်မှာ အရာရာ၌ နှမော်နမဲ့နိုင်သော 'ချူး'ကို ကြည့်၍ စိတ်ပျက်လက်ပျက်ဖြစ်သွားသည်။ စဉ္စူလက်သုတ်ပုဝါစ





များဖြင့် ရေနွေးများကို သုတ်ပစ်လိုက်ရသည်။

ချူးမှာ စကားပြောရင်း ကျေနပ်ပီတိဖြစ်နေပုံရသည်။ သူ၏ လိုအပ်ချက်များ ပြည့်စုံပြီးမြောက်ပြီဟူသော ယူဆချက်ဖြင့် ချူး၏ မျက်နှာမှာ ဝင်းလက်၍နေသည်။ တစ်ဘက်မှာ ဖုန်းဆက်သည်မှာ ရဲတိုက်အဖွဲ့အစည်းမှဖြစ်ပေသည်။

ဝတ်ရည်သိမ့်က ချူးတစ်ယောက် သူစိတ်ဝင်စားသည့် အလုပ်တစ်ခု ရှာဖွေနေကြောင်း သန်းဆွေထိုက်အား ပြောပြနေသည်။

ချူးက ဆယ်လူလာဖုန်းကိုကိုင်လျှက် . . .

'ကောင်းပါပြီ။ အင်တာဗျူးဖြေဖို့ ကျွန်တော် လာခဲ့မှာပါ။ ဟုတ်ကဲ့ . . ကိုထက်ပိုင်ခေါင်အနေနဲ့ ကျွန်တော့်ကိုတွေ့ချင်တဲ့ အချိန် အကြောင်းကြားပါ။ ကျွန်တော် ချက်ချင်းလာခဲ့ပါ့မယ်။ ဟုတ်ကဲ့ . . ကျေးဇူးတင်ပါတယ် ခင်ဗျာ။ လျှောက်လွှာထဲမှာပါတဲ့ အချက်အလက်တွေအတိုင်းပါပဲ။ ရှေ့လထဲမှာ ကျွန်တော် ကျောင်းပြီးပါပြီ။ ဩော် ဟုတ်ကဲ့ . . ဟုတ်ကဲ့။ ကျောင်းပြီးပြီဆိုတာနဲ့ အလုပ်ဝင်လို့ဖြစ်ပါပြီ'

ဝတ်ရည်သိမ့်နှင့် သန်းဆွေထိုက်က ချူးကို လှောင်ပြောင် ပြောဆိုရယ်မောနေကြသည်။

ချူးက သူ့စကားပြော မပျက်။

'ဟုတ်ကဲ့ . . ဒီ အစီအစဉ် ကောင်းပါတယ်။ ကျွန်တော် ကိုထက်ပိုင်ခေါင်နဲ့ တွေ့ချင်ပါတယ်။ အဲဒီကိုလည်း ရောက်အောင် လာခဲ့မှာပါ။ ဟုတ်ကဲ့ . .'

ချူးက ဆယ်လူလာဖုန်း ခလုတ်ကိုပိတ်လိုက်သည်။

'ဟာကွာ . . ခင်းတို့ကလည်း နောက်ဖို့ ပြောင်ဖို့ပဲ သိတယ်။ ဒါ . . ငါ့ဘဝအတွက် အရေးကြီးတဲ့ ကိစ္စကွ . .'

'ဘယ်သူက လှမ်းဆက်တာလဲ'

သန်းဆွေထိုက်က မေးလိုက်သည်။

ချူးက

'ရဲတိုက်ကုမ္ပဏီက ကိုထက်ပိုင်ခေါင်ဆီကပါ။ အင်း . . ငါ့သူငယ်ချင်းလည်း ဆေးကျောင်းပြီးဖို့ နောက်ထပ် နှစ်နှစ်လောက် ထပ်ပြီး ကြိုးစားရဦးမယ်ထင်တယ်'

'အေး . . ဟုတ်တယ်ကွ'

ဝတ်ရည်သိမ့်က . . .

'ရဲတိုက်ကုမ္ပဏီက လှမ်းပြီး ဖုန်းဆက်တာ အံ့သြစရာပဲ။ ဒါဆို . . ချူး အဆင်ပြေမှာပါ။ သူတို့လုပ်ငန်းကို ရဖို့အတွက် လျှောက်တဲ့လူတွေအများကြီး ရှိနိုင်တယ်။ ဒီအထဲက ချူးကိုရွေးပြီး ဆက်သွယ်တာဆိုတော့ အခြေအနေ အများကြီး ကောင်းမှာပါ'

'ကိုထက်ပိုင်ခေါင်လို လူစားမျိုးက ငါ့ကို အလုပ်ခန့်တယ်ဆိုတော့ လုပ်ငန်းအတွေ့အကြုံ အများကြီးရမှာတော့ သေချာတယ်။ ငါ့အတွက်လည်း အဆင်ပြေမှာ သေချာတယ်။ ဒီလူက အတော်ကြီး ချမ်းသာတယ်လို့ ပြောကြတယ်'

ဝတ်ရည်သိမ့်က ပြုံးစစနှင့် ပြောသည်။

'တစ်နေ့မှာ နာရီသုံးဆယ် အလုပ်ဆင်း။ တစ်လမှာ သုံးဆယ့်ငါးရက် အလုပ်လုပ်ရမယ်။ ဒါဆို . . ချူးနဲ့ ဝတ်ရည်တွေ့ဖို့





အချိန်တော့ ရှိနိုင်ပါတော့မလား'

ဝတ်ရည်သိမ့် နောက်ပြောင်၍ ပြောဆိုသည်ကို ချူးက သဘောကျစွာရယ်မောလိုက်သည်။

'ရဲတိုက်ကုမ္ပဏီက အလုပ်ရဖို့သာ အရေးကြီးတာပါ။ အလုပ်ကောင်းကောင်းရရင် မင်းနဲ့ကိုယ်နဲ့ ပြည့်ပြည့်စုံစုံ နေကြရမှာ'

မှာထားသော အစားအသောက်များ ရောက်လာကြသည်။

သုံးဦးသား အစားအသောက်များကို သွက်လက်စွာ စားသောက်လိုက်ကြသည်။ သူတို့ သုံးဦးစလုံးတွင် အချိန်ပိုသိပ်မရှိလှ။

စားသောက်ပြီးစီးချိန်၌ ဝတ်ရည်သိမ့်ကပင် ကျသင့်ငွေကို ရှင်းပေးပြီး ဆိုင်ထဲမှ ထွက်လာကြသည်။

ချူးက . . .

'ဟောကောင်။ မင်းတို့ ဆေးဘက်ဆိုင်ရာဌာနအထိ ငါတို့ လိုက်ပို့ပေးမယ်လေ . .'

သန်းဆွေထိုက်က မသိမသာ သက်ပြင်းချလိုက်၏။

'အေး . . အဆင်ပြေတာပေါ့ကွာ'

သန်းဆွေထိုက်၏ ရင်ထဲ၌ မဖော်ပြနိုင်သော ခံစားချက်များ ကျန်ရှိနေပေသေးသည်။ ဝတ်ရည်သိမ့်အပေါ်၌ ယခုချိန်အထိ အချစ်စိတ် မကုန်နိုင်သေးပေ။ သူနှင့် ဝတ်ရည်သိမ့် စတွေ့ပြီး ရင်းနှီးခင်မင်သည်။ သူမအပေါ် သံယောဇဉ်ရှိကြောင်း သန်းဆွေထိုက် ဖွင့်မပြောနိုင်ပဲ ဖြစ်နေခဲ့ရသည်။

ထိုအချိန်၌ သူ၏ ကျောင်းနေဘက် အချစ်ဆုံးသူငယ်ချင်း ချူး သူတို့နှစ်ဦးကြားသို့ ရောက်လာသည်။ ဝတ်ရည်သိမ့်က ချူးကို ချစ်သူအဖြစ် လက်ခံလိုက်သည်။ ချူးနှင့် သန်းဆွေထိုက်တို့မှာ ငယ်စဉ်သူငယ်တန်းဘဝကတည်းက အတူနေထိုင်၊ စားသောက် ဆော့ကစားလာကြသူများဖြစ်သည်။ အချစ်ဆုံးသူငယ်ချင်းနှင့် အခင်မင်ရဆုံးသော သံယောဇဉ်ရှိသူတို့ ချစ်သူဘဝရောက်သွားသည့် အတွက် သူ့စိတ်ထဲ၌ မနာလိုစိတ်အလျဉ်း မဖြစ်မိခဲ့။ သို့သော် သံယောဇဉ်ကမူဖြတ်၍ ပါယ်၍မရနိုင်အောင်ကျန်ရှိနေပေသေးသည်၊

သန်းဆွေထိုက်က နောက်ဘက် ခပ်ခွာခွာမှ တစ်လှမ်းချင်း လိုက်လာခဲ့သည်။

ဗော်လဗို ကားအနီးအရောက်တွင်၊ ချူးက သူ၏ပခုံးကို ဖက်လိုက်၏။ သန်းဆွေထိုက်က ချူးကိုမော့်ကြည့်လိုက်၏။

ချူးက မျက်မှောင်တစ်ချက်ကြုတ်လျက် . .

'ဟင် . . ဘာလေးလည်း မသိဘူး'

ကားမောင်းသူထိုင်သော နေရာ၏ ဘေးတံခါးအောက်ဘက် နေရာ၌ သဲများကြား၌ တစ်ဝက်တစ်ပိုင်း မြုပ်နေသောအရာတစ်ခုကို နှစ်ယောက်စလုံး မြင်လိုက်မိကြသည်၊ ထိုပစ္စည်းလေးမှာ ချောမွတ် ပြောင်လက်၍ နေပေသည်၊ အရောင်မှာ အဖြူရောင်ဖြစ်ပြီး လေးထောင့် ပုံ ဥ ဝဲ့ရှိသည်။ သဲများ ကျောက်စရစ်ခဲများကြား၌ ရောက်နေသဖြင့် အလွယ်တကူ မမြင်နိုင်ပေ၊

ချူးက . .





'စောစောက ကားပေါ်ကအဆင်း ခြေချော်သွားတာ၊ ဒါလေးကို နင်းမိလို့ ဖြစ်မယ်ထင်တယ် . .'

'မင်း ကားပေါ်က ကျတာများလား'

ချူးက ခေါင်းခါသည်။

'ဒါမျိုး . . ငါတစ်ခါမှ မတွေ့ဖူးဘူး'

သဲများကြားမှ လက်ဖြင့်ဖယ်ရှား၍ ချူး ကြည့်လိုက်သည်။ ထူးဆန်းသောလေးထောင့်ပုံသဏ္ဍာန် ပစ္စည်းလေး၏ ဘေးပတ်လည်၌ အဖုကလေး ဆယ့်နှစ်ခုရှိသည်ကိုပါ မြင်လိုက်ရသည်။

ဝတ်ရည်သိမ့်က၊ ကားထဲမှ လှမ်းအော်လိုက်သည်။

'အချိန် နောက်ကျနေပြီဟ။ ငါ့ရဲ့ ကျောင်းသားပေါက်စတွေကို စာသင်ပေးဖို့ အချိန်ရောက်နေပြီ။ မြန်မြန်လာကြလေ . .။ ဘာလုပ်နေကြတာလဲ မသိဘူး'

'ခဏနေပါဦး . . ဝတ်ရည်'.

ချူးက သန်းဆွေထိုက်ဘက်သို့ လှည့်လိုက်ပြီး . . .

'ငါလည်း ဘယ်သိပါ့မလဲ။ မင်းကားထဲကလား'

'မဟုတ်ဘူးကွ'

ချူးက ထိုပစ္စည်းကို ခပ်သေးသေး ခပ်ပေါ့ပေါ့ဟု သဘောထားပြီး လက်မနှင့် လက်ညှိုးညှပ်ပြီး အသာဆွဲဖော်ကြည့်သည်။ သူ၏ လက်ကြားထဲသို့ လုံးဝပါမလာပေ။

သို့နှင့်ပင်၊ ကျောက်ခဲများသဲများကို လက်ဖြင့်ယက်ဖယ်ထုတ်ပြီး ခေါက်ခါးပေါ်သို့တင်လိုက်သည်။

'ဟား . . ဒါလေးက သေးသေးလေးနဲ့ အတော်လေးပါလား'

အဖြူရောင်လေးထောင့်သဏ္ဍာန်၏ အောက်ဘက်မှာ ညီညာ၍နေပြီး အထူမှာ တစ်စင်တီမီတာသာသာရှိသည်။ ထိုပစ္စည်းလေး၏ အလယ်ဗဟို၌ ခရမ်းရောင်သန်း၍နေပြီး အေးစိမ့်သောအငွေ့အသက်ကို လက်ဝါးပြင်ပေါ်၌ သိသာစွာရရှိနေသည်။

ချူးကာ သန်းဆွေထိုက်လက်ထဲသို့ ထည့်ပေးလိုက်၏။ သန်းဆွေထိုက်က လက်ထဲ၌ဆ၍ကြည့်သည်။ ထူးခြားသော အအေးဓာတ်ကို သူခံစားသိရှိလိုက်၏။ စိတ်ထဲ၌လည်း အတော်လေးထူးဆန်းသောပစ္စည်းတစ်ခုဟု တွေးမိပြီး ချူးအား ပြန်ပေးလိုက်သည်။

'ထူးဆန်းသားပဲကွ။ ဘာနဲ့လုပ်ထားသလဲ မသိဘူး'

သန်းဆွေထိုက်က မေးသည်။

'ဒီပစ္စည်းက ကျောက်သားအဖြူရောင်လိုဟာမျိုးပဲ။ 'မာဆင့်' အတော်မြင့်တဲ့ ပစ္စည်းမျိုးဖြစ်မယ်ထင်တယ်။ နေဦးကွ . . ကျောက်သားလို့လည်း မပြောနိုင်ဘူး။ သတ္တုအမျိုးအစား အသစ်တစ်မျိုးလည်း ဖြစ်နိုင်တယ်'

ချူးက ထိုပစ္စည်းလေးကို လက်သည်းဖြင့် ဟိုခြစ်သည်ခြစ်လုပ်ကြည့်သည်။ မည်သည့်အစင်းရာမျှ ထိုပစ္စည်းလေးပေါ်၌ တင်မနေပေ။

ချူးက ထိုပစ္စည်းလေးကို လက်ညှိုးနှင့်လက်မကြားညှပ်၍ ထောင်ကိုင်ထားသည်။

သန်းဆွေထိုက်က . .





'ကျောက်တုံး၊ ကျောက်ခဲတွေ၊ ကျောက်စရစ်ခဲတွေပေါကဲ့နေရာမျိုးမှာ ဒါနဲ့တူတဲ့ဟာတွေရှိတတ်ပါတယ်ကွာ။ ဒါပေမယ့် ဒီပစ္စည်းလေးရဲ့ အလယ်မှာ ခရမ်းရောင်သန်းနေတာက အတော်ထူးခြားတယ် . .'

'ရှားပါးတဲ့ ပစ္စည်းမျိုးဖြစ်နိုင်တယ်။ အောက်ဘက်မှ ညီပြီးနေတော့ ရေပေါ်မှာရှပ်ပြီး ပစ်ရင် အတော်ကောင်းမယ်'

'မဖြစ်နိုင်ဘူးကွာ။ ဒီလောက်လေးတဲ့ ပစ္စည်း ရေပေါ်မှာ ရှပ်မသွားနိုင်ဘူး။ အလွန်ဆုံး တစ်ခါ၊ နှစ်ခါပေါ့'

ချူးက ရယ်ကျဲကျဲဖြင့် . . .

'မင်းနဲ့ငါ လောင်းမလား။ တစ်ဝိုင်းစာ ရှင်းကြေး။ အနည်းဆုံး ဆယ့်နှစ်ကြိမ်ရှပ်ပြီး ခုန်သွားစေရမယ်'

သန်းဆွေထိုက်က

'သိပ်ကောင်းတာပေါ့။ စလိုက်လေ'

ချူးက အဖြူရောင်ပစ္စည်းလေးကို လက်ထဲ၌ နေရာပြောင်း၍ ပစ်ရန် အသင့်ဖြစ်စေရန် ကိုင်လိုက်သည်။

'အား . .'

ချူး တစ်ချက်အော်လိုက်ပြီး၊ လက်ထဲမှ အဖြူရောင်ပစ္စည်းလေးကိုလွှတ်ချလိုက်သည်။ ချူးက သူ၏ ညာလက်ကို ဘယ်လက်ဖြင့် ဆုပ်၍ကိုင်ထားသည်။

သန်းဆွေထိုက်က အံ့ဩတုန်လှုပ်စွာဖြင့် . . .

'ဟာ . . ဘာဖြစ်သွားတာလဲ ချူး'

ချူးက သူ၏လက်ကို ငုံ့ကြည့်ရင်းမှ . . .

'ဒါလေးက ရူးသွားတာ . .'

ချူး၏ ညာဘက်လက်၌ ဆူးကိုင်ခြစ်မိသကဲ့သို့ သွေးစို့၍ နေပေသည်။ ချူးက ထိုနေရာကိုလက်ဖြင့် စမ်းကြည့်နေပေသည်။

သန်းဆွေထိုက်က

'မင်းဟာကလည်းကွာ သေတော့မယ့်အတိုင်းပဲ။ ငါလန့် လိုက်တာ'

ချူးက မျက်နှာကို ရှုံ့မဲ့လျှက် . .

'ဟော့ကောင် . . တော်တော်နာတယ်ကွ။ လက်များကနေ လက်မောင်းထဲအထိ ပြန့်ပြီး ကိုက်လာနေပြီကွ'

'အဆိပ်တက်လာပြီနဲ့ တူတယ်'

သန်းဆွေထိုက်က သရော်သလို ပြောလိုက်သဖြင့် ချူးက

'ဟော့ကောင် . . ငါ တကယ်ပြောနေတာကွ'

ချူးက သဲနှင့်ကျောက်ခဲများကြားသို့ ကျသွားသည့် အဖြူ ပေါ်၌ ခရမ်းရောင်သန်းနေသော လေးထောင့်သဏ္ဍာန်ပစ္စည်းလေးကို ကောက်ယူလိုက်၏။ ဘေးပတ်လည်တစ်လျှောက် စမ်းသင်ကြည့်ရာ ချောမွတ်၍နေသည်၊ ဆူးရူးစရာနေရာဟူ၍ လုံးဝမတွေ့ရပေ။

ဝတ်ရည်သိမ့်က ခေါ်သံဖြင့် လှမ်းအော်ပြန်သည်။

'ချူးရေ။ လာတော့လေကွာ . . ငါ နောက်ကျနေပြီ။ နင်တို့ နှစ်ယောက်ငုံ့ပြီး ဘာတွေလုပ်နေကြတာလဲ'

'အေး . . လာပြီ'





ချူးက သန်းဆွေထိုက်ဘက်သို့ လှည့်ကြည့်လိုက်၏။ ထိုပစ္စည်းလေး ချူးလက်ထဲမှ လွတ်ကျသွားချိန်၌ မြေပေါ်၌ မြှုပ်ဝင်သွားသည့် နေရာအနီးရှိ သံပြားစသေးသေးလေးတစ်ခုကို သန်းဆွေထိုက် ကောက်ယူ၍ ထောင်ပြလိုက်၏။

'မင်းရဲ့လက်ကို၊ ဒီသံပြားစ ရူးသွားတာပဲ ဖြစ်ရမယ်'

ချူးက ခေါင်းညိတ်၍

'အေး . . ဟုတ်နိုင်တယ်'

သံပြားစရူးခြင်းမှာ မဖြစ်နိုင်သော်လည်း ရူးစရာဟူ၍ အကြောင်းပြစရာ အခြားအကြောင်းမရှိပေ။ အဖြူရောင်လေးထောင့် သဏ္ဍာန်ပစ္စည်းကလေး၏ မျက်နှာပြင်နှင့် ဘေးပတ်လည်နေရာ အားလုံးချောမွတ်နေသဖြင့် ရူးစရာနေရာ လုံးဝမရှိနိုင်ပေ။

'ချူးရေ . . .'

ဝတ်ရည်သိမ့်၏ခေါ်သံ ထပ်မံခေါ်လာသည်။

ချူး ထိုပစ္စည်းလေးကို အင်္ကျီအိတ်ထဲသို့ ကောက်ထည့်လိုက်သည်။ ကားဆီသို့ ပြေး၍ဝင်ပြီး ထိုင်လိုက်၏။ သန်းဆွေထိုက်က နောက်မှဝင်ထိုင်သည်။

သန်းဆွေထိုက်က နောက်မှနေ၍

'ချူး . . မင်း မေးခိုင်ဆေးထိုးဖို့ မမေ့နဲ့ဦး'

'အင်းပါ . .'

ချူးက ကားကို အရှိန်ပြင်းပြင်း မောင်းထွက်လိုက်လေသည်။

× × × × ×

## အခန်း (၃)

အထူးသုတေသနပြုလေ့လာမှု အထက်တန်းကျောင်းသို့ ဝတ်ရည်သိမ့် ရောက်လျှင် ငါးမိနစ်ကျော် နောက်ကျ၍နေသည်။ သူမ တာဝန်ကျရာအခန်းဘက်သို့ ခပ်သွက်သွက်လေး တက်လာခဲ့သည်။ သူမသည် အထက်တန်းဆင့် ရူပဗေဒဘာသာသင်ကြားမှုကို လက်တွေ့လာရောက်လေ့လာ၊ သင်ကြားပေးနေခြင်းဖြစ်သည်။

ယနေ့ကဲ့သို့၊ နောက်ကျခြင်းမှာ ယခုတစ်ကြိမ်သာ ရှိသေးသည်။

အတန်းရှေ့သို့ရောက်လျှင်၊ မှန်တံခါးချပ်အနီး၌ ဝတ်ရည်သိမ့် ခေတ္တရပ်၍ ငြိမ်နေလိုက်သည်။ အခန်းတွင်း၌ စကားပြောသံများ ဆူညံ၍နေ၏။ အတန်းပိုင်ဆရာရောက်ပုံ မရသေး။ ကျောင်းသားများမှာ ရပ်သူရပ်၊ စကားပြောသူပြောနှင့် အတန်းပိုင်ဆရာကို မတွေ့ရသေး





ပေ။

သူမ အတန်းထဲဝင်သွားသည်။ ငယ်ရွယ်လှပသော သူမကို ကျောင်းသားများက ဆရာမအဖြစ် ထင်မိကြပုံ မပေါ်။ အတန်းပိုင်ဆရာ၏ စားပွဲ၌ စာတစ်စောင်တွေ့ရသည်။ အတန်းပိုင်ဆရာမဖြစ်သူက ရေးထားသောစာဖြစ်သည်။ သူမအတန်းဝင် နောက်ကျမည်ဖြစ်၍ ဝတ်ရည်သိမ့်က ဆက်လက်သင်ကြားပေးရန် ရေးထားသောစာ ဖြစ်သည်။

'အားလုံး . . ကိုယ့်နေရာမှာ ကိုယ်ထိုင်ကြ . .'

သူမအသံကိုမြှင့်၍ အော်ပစ်လိုက်၏။ ထိုအခါမှ သူမကို အားလုံးက ဂရုစိုက်မိကြတော့သည်။ အထက်တန်းဆင့်သင်ကြားမှု အတွေ့အကြုံ နုနယ်သေးသဖြင့် ဝတ်ရည်သိမ့်မှာ စိတ်လှုပ်ရှား၍နေမိသည်။ ကျောင်းသားများ ကိုယ့်နေရာကိုယ် ဝင်ထိုင်ကြသည်။ စကားပြောသံများလည်း တိတ်ဆိတ်၍သွားသည်။

သူမ စိတ်ကိုထိန်း၍ . . .

'ကဲ . . မင်းတို့ ဆရာမလည်း မရောက်သေးဘူး။ မင်းတို့ ဆရာမပေးထားတဲ့ သင်ခန်းစာကိုဆက်ပြီး ဆွေးနွေးကြည့်ရအောင်။ မင်းတို့ဆရာမ မလာသေးခင်မှာ ရူပဗေဒသင်ခန်းစာကို ဆွေးနွေးကြည့်ကြရအောင်။ ကဲ . . ဘယ်သူကစပြီး ဆွေးနွေးမလဲ'

ကျောင်းသားများအားလုံး ငြိမ်၍ သူမကိုကြည့်နေကြသည်။ အချို့က ပြုံးစိပြုံးစိနှင့်။ အတန်းထဲသို့ ဂရုစိုက်၍ ကြည့်လိုက်သည်။ နောက်ဘက်အတန်း၌ နဖူးပြင်ပေါ်၌ ဆံပင်ရှည်ရှည် အနည်းငယ်မျ

ဝဲကျနေသည့် ကျောင်းသားတစ်ဦးမှာ ငုံ့၍ ကွန်ပျူတာအသေးစား တစ်လုံးအပေါ်၌ အာရုံကျနေပေသည်။ အတန်းထိုင်ခုံစာရင်းနာမည် ကို ကြည့်လိုက်သည့်အခါ၌ စိုးဝေဟူ၍ သိလိုက်ရသည်။

သူမက မျက်နှာကို ခပ်တည်တည်ထားလိုက်ပြီး

'ကဲ . . စိုးဝေ။ မင်းကပဲ စပြီး ရူပဗေဒသင်ခန်းစာကို ဆွေးနွေးကြည့်လိုက်ကြရအောင်'

စိုးဝေသည် စာတော်သူဖြစ်၏။ ရူပဗေဒသင်ခန်းစာများကို စိုးဝေက တိတိကျကျ ပြန်လည်ဆွေးနွေးရှင်းပြနိုင်ပေသည်။ စိုးဝေ ဆွေးနွေးပြောဆိုပြီးစီးချိန်၌ ထိုင်ခုံတွင် ပြန်၍ထိုင်သည်။

ဝတ်ရည်သိမ့်က သင်ခန်းစာနှင့်ပတ်သက်၍ ပြန်လည် ရှင်းလင်းပြသည်။ ထိုသို့ ရှင်းလင်းပြနေချိန်၌ စိုးဝေက သူ၏ကွန်ပျူတာပေါ်သို့ လက်ချောင်းကလေးများ ပြန်ရောက်၍နေ ပေသည်။

x x x x x

ညနေခင်းအချိန်။

ဝတ်ရည်သိမ့်မှာ ပင်ပန်း၍နေသည်။ တစ်နေ့ကုန် သင်တန်း ချိန်မှာ ညနေမှပင် ပြီးတော့သည်။ ကျောင်း၏ အပေါ်ထပ်လှေကား မှ သူမ ဆင်းလာသည်။ စက်ဝိုင်းပုံ မြက်ခင်းအား ကားလမ်းမအတိုင်း သူမလျှောက်လာသည်။

မိုးဆမ်းပန်းစာပေ



စောင်းနေသည့် နေရောင်ခြည်က ထိုးဖြာ၍ကျနေသည်။ အပူရှိန်နှင့် အလင်းရောင်က မလျော့သေး။ ဝတ်ရည်သိမ့် မျက်နှာ ပေါ်သို့ ကျလာသောနေရောင်တန်းများကို လက်ဖြင့်ကာ၍ ချူး၏ ကားကိုရှာနေမိသည်။ ပုံမှန်အတိုင်း၊ ဤအချိန်၌ ချူး လာကြိုနေကျ ဖြစ်သည်။ ယနေ့ညနေတွင် ချူးကို လုံးဝ မမြင်မိသေးပေ။

ခရေပင်ကြီးတစ်ပင်၏အောက်ရှိ ကြွေပြားကပ်ထိုင်ခုံတန်း ကလေး၌ သူမ ဝင်ထိုင်လိုက်သည်။ သူမစာသင်ခဲ့သည့် အတန်းထဲ မှ စိုးဝေကို သူ မြင်လိုက်ရသည်။ စိုးဝေကို နှုတ်ဆက်ရန် သူမထိုင်ရာ မှ ထ၍လျှောက်သွားသည်။

'ဩော် . . .'

စိုးဝေက သူမကို မြင်လိုက်သည်။ သူမကို မြင်လိုက်မိချိန်၌ သူ့မျက်နှာမှာ မသိမသာရဲ၍သွားသည်။ ပတ်ဝန်းကျင်သို့လည်း တစ်ချက်ကြည့်မိသည်။ သူတို့ ကျောင်းသို့လာသင်သည့် ဆရာမများ အနက် ဝတ်ရည်သိမ့်မှာ အတော်ကလေးလှသည်။ ဤအကြောင်းကို နေ့လည်ပိုင်း၌ သူငယ်ချင်းတစ်ယောက်နှင့် အတူပြောဖြစ်ခဲ့သည်။

'စိုးဝေ . . နော်'

'ဟုတ် . . ဟုတ်ပါတယ် ဆရာမ'

'ဒီမနက် စာသင်ချိန်မှာ ဆရာမ မေးတာကို ပြည့်ပြည့်စုံစုံ ပြောနိုင်တဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဆရာမက အထက်တန်း ကျောင်းမှာ စာသင်တဲ့အတွေ့အကြုံ မရှိတော့ နည်းနည်းတော့ ကြောင် နေမိသလိုပဲ'

မိုးဆမ်းပန်းစာပေ

စိုးဝေက အိတ်ထဲမှ သူ၏ ကွန်ပျူတာကို ထုတ်၍ပြရင်း

'ကျွန်တော့်ရဲ့ကွန်ပျူတာထဲမှာ ဆရာမမေးတဲ့ အကြောင်းတွေ ထည့်ထားပြီးသား ဖြစ်နေတယ်။ ဒီတော့ ဆရာမ မေးတဲ့အခါမှာ ဖြေဖို့ အဆင်ပြေသွားတာပေါ့'

ထိုအချိန်မှာပင် . .

မီးခိုးရောင် တိုယိုတာကားတစ်စီး ထိုး၍ရပ်သည်။ တံခါး ပေါက်မှနေ၍ ဒေါ်သူဇာမော် ကြည့်သည်။

'ဟာ . . မေမေပါလား'

စိုးဝေက လက်ပြ၍ လှမ်းခေါ်လိုက်၏။ ဒေါ်သူဇာမော် ကား ပေါ်မှ ဆင်းလာရင်း သားဖြစ်သူနှင့် တက္ကသိုလ်ကျောင်းသူအရွယ် ချောမောလှပသည့် အမျိုးသမီးငယ်ကို မသိမသာအကဲခတ်ကြည့်လိုက် သည်။

ဒေါ်သူဇာမော်က ပြုံး၍

'သား . . မင်းရဲ့ မိတ်ဆွေနဲ့ မေမေ့ကို မိတ်ဆက်ပေးပါဦး'

'ဟုတ်ကဲ့ . . ဒါ . . ဒေါ်ဝတ်ရည်သိမ့်ပါ'

စိုးဝေက မိခင်နှင့် မိတ်ဆက်ပေးသည်။ ဝတ်ရည်သိမ့်က

'တွေ့ရတာ ဝမ်းသာပါတယ် ရှင်'

စိုးဝေက . . .

'ဆရာမ . . ကျွန်တော့်မေမေ ဒေါ်သူဇာမော်ပါ။ မေမေ ဒါ သားတို့ကျောင်းမှာ ရူပဗေဒသင်ကြားပို့ချချက်တွေကို လေ့လာရင်း စာသင်ပေးတဲ့ ဆရာမပါ'





ဒေါ်သူဇာမော် ခေါင်းညိတ်လိုက်၏။

'သြော် . . ဟုတ်လား။ ဒါကြောင့် ဆရာမလေးက အသက် ငယ်သေးတာကို'

စိုးဝေက ဝတ်ရည်သိမ့်ဘက်လှည့်၍

'ဆရာမ . . ကျွန်တော့်မေမေက ရောဂါပိုးမွှားသုတေသန ပညာရှင်တစ်ယောက်ပါ'

ဝတ်ရည်သိမ့်က မျက်လုံးလေးဝိုင်းလျက် . .

'အို . . ဟုတ်လား။ ဒီပညာက အတော်လေးစိတ်ဝင်စားဖို့ ကောင်းတယ်။ ကမ္ဘာ့ဆေးပညာလောကမှာ အတော်လေး အရေးပါ အရာရောက်တဲ့ ပညာရပ်တစ်ခုပဲ။ ဒါနဲ့ အန်တီက ဆေးတက္ကသိုလ် မှာပဲ အလုပ်လုပ်တာလား'

'မဟုတ်ပါဘူးကွယ်။ ပြင်ပဆေးဝါးကုမ္ပဏီတစ်ခုမှာ အလုပ် လုပ်တာပေါ့။ အန်တီ့ရဲ့အမျိုးသားကတော့ အမျိုးသားအဏုမြူ ရူပဗေဒဌာနမှာ အလုပ် လုပ်တယ်'

'သြော် . . ဒါကြောင့် အန်တီ့ရဲ့သားက အတန်းထဲမှာ တော်နေတာကိုး'

ဝတ်ရည်သိမ့်က ချီးမွမ်းစကားဆိုလိုက်သည်။

ခပ်လှမ်းလှမ်းဆီမှ ချူး၏ ဗောလ်မိုအနီရောင်ကို သူမ မြင် လိုက်သည်။ ဝတ်ရည်သိမ့်က သားအမိနှစ်ဦးကို နှုတ်ဆက်လိုက်ပြီး ချူး၏ ကားဆီသို့လျှောက်သွားသည်။

. . . . . . . . .

ကားထဲဝင်ထိုင်လိုက်ရင်းမှ ချူး၏မျက်နှာကို သူမ သတိပြုမိသည်။ ချူး၏မျက်နှာမှာ ဖြူဖတ်ဖြူလျော် ဖြစ်၍နေ၏။ မျက်လုံးများ သိသာစွာနီ၍နေပြီး နဖူးပြင်၌ ချွေးများစို့၍ နေပေသည်။ မျက်နှာမှာလည်း ကြည်ကြည်လင်လင် မရှိ . .။

'ချူး . . ဘာဖြစ်နေလဲ ဟင်'

'အတန်းတက်နေရင်းနဲ့ ဖြစ်လာတာပဲ။ တဖြည်းဖြည်းနဲ့ ပိုပြီးဆိုးလာတယ်။ လည်ချောင်းတွေနာ၊ နှာလည်းစေးလာတယ်။ ခေါင်းကိုက်တယ်။ တစ်ကိုယ်လုံးလည်း ကိုက်ခဲပြီး နာနေတယ်။ ကြည့်ရတာ ရိုးရိုးဖျားတာလား။ တုပ်ကွေးမိတာလား . . တစ်ခုခုပဲ'

ဝတ်ရည်သိမ့်က ချူး၏နဖူးပြင်ကို စမ်းသပ်လိုက်၏။

'ဟင် . . ကိုယ်တွေ ပူနေတယ်'

'ကိုယ်ထဲမှာ ချမ်းစိမ့်နေတာပဲ'

'အိမ်မှာ အနားယူပြီး နေလိုက်ပါလား . . ချူးရယ်။ ကျွန်မ သူငယ်ချင်းဆရာမတွေနဲ့ အတူတူပြန်လာလို့ ဖြစ်ပါတယ်'

'ကိုယ်လာမကြိုရင် မင်း မျှော်နေမှာစိုးလို့ပါ'

ဝတ်ရည်သိမ့် မသိမသာပြုံးလျက် . .

'ကဲ . . ဒီဘက်ကို ပြောင်းထိုင်။ ကားကို ကျွန်မ မောင်းမယ်'

'ကိုယ် . . မောင်းလို့ ဖြစ်ပါတယ်'

'ကဲပါ . . ချူးရယ်။ နေရာပြောင်းလိုက်ပါ'

ချူး နေရာပြောင်းပေးလိုက်သည်။ သူ ယဲခုလို ဖျားနာကိုက်ခဲနေချိန်၌ ကားကို ဝတ်ရည်သိမ့်မောင်းခြင်းက အကောင်းဆုံး





ပင်။

ဝတ်ရည်သိမ့် ဂီယာထိုး၍ ကားကိုသွားနေကျလမ်းမှ သွေဖယ်၍ ကွေ့ချိုးလိုက်၏။

ချူးက

'ဟင် . . ဘယ်ကို သွားမလို့လဲ'

'ဒီအတိုင်းနေလို့ မဖြစ်ဘူးလေ . . ချူးရဲ့။ တက္ကသိုလ်ဆေးရုံမှာ သွားပြမှ ဖြစ်မယ်'

'ခဏနေ . . ကောင်းသွားမှာပါ . . ဝတ်ရည်ရဲ့'

ချူး ခံစားနေရသည်မှာ တဖြည်းဖြည်း ပို၍ဆိုးလာသည်။ ဦးခေါင်းတစ်ခုလုံး ကိုက်ခဲနေသဖြင့် အိပ်ယာထဲ၌ ခွေ၍လှဲနေချင်ပေသည်။ ဝတ်ရည်သိမ့်က ကားကိုတက္ကသိုလ်ဆေးရုံဘက်သို့ မောင်းလိုက်သည်။

× × × × ×

ချူးနှင့် ဝတ်ရည်သိမ့်တို့ အရေးပေါ်ဌာနမှ ဖြတ်၍ဝင်လာကြသည်။ သူတို့နှစ်ဦးဝင်လာသည်ကို သန်းဆွေထိုက်မြင်၍ သူ အလုပ်လုပ်နေသော စားပွဲမှ ထ၍လာ၏။

သန်းဆွေထိုက်က ချူးကိုကြည့်လိုက်ပြီး . .

'ဟား . . ဘယ်လိုဖြစ်လာတာလဲ။ မျက်နှာလည်း နီရဲနေပါလား။ ရဲတိုက်ကုမ္ပဏီက မင်းရဲ့လျှောက်လွှာကို ပယ်လိုက်ပြီလို့

လှမ်းပြောလို့လား'

ချူးက မျက်နှာကို ရှုံ့မဲ့လျက် . . .

'အရေးထဲ မင်းက နောက်နေပြန်ပြီ။ ငါ တစ်ကိုယ်လုံးကိုက်ခဲပြီး ချမ်းနေတယ်။ တုပ်ကွေးမိတာနဲ့တူတယ်'

သန်းဆွေထိုက်က . . .

'မင်းကိုကြည့်ရတာ တကယ်ဖြစ်နေတာ သေချာတယ်။ ပြင်ပလူနာကုတဲ့နေရာမှ သွားပြလို့ မဖြစ်ဘူး။ အရေးပေါ်ခန်းထဲကိုသာ ဝင်ပေတော့'

ချူးအား အခန်းတစ်ခုထဲသို့ ခေါ်သွားသည်။

သန်းဆွေထိုက်က တာဝန်ကျဆရာဝန်တစ်ဦးအား သွားခေါ်ရန်အတွက် အပြင်သို့ထွက်သွားသည်။

ခေတ္တမျှအကြာ၌ ဆရာဝန်တစ်ဦးရောက်လာသည်။ ချူးအား သန်းဆွေထိုက်နှင့် ဆရာဝန်က သေချာစွာစစ်ဆေးကြသည်။ ထို့နောက် သွေးဖောက်စစ်သည်။ အကြောဆေး ထိုးပေးသည်။

ဆရာဝန်ဖြစ်သူက . . .

'ခင်ဗျားရဲ့ တုပ်ကွေးဖြစ်တဲ့လက္ခဏာက အတော်လေးပြင်းတယ်။ အဆုတ်ကတော့ ပုံမှန်အတိုင်းကောင်းတယ်။ ဆေးရုံမှာ တစ်ရက်လောက်တော့ နေသင့်တယ်။ အဖျားကျ မကျ၊ ချောင်းဆိုး ပျောက်၊ မပျောက် စောင့်ကြည့်ချင်တယ်။ သွေးထပ်ပြီး စစ်ဖို့ လိုသေးတယ်'

ချူးက . . .





'ကျွန်တော် ဆေးရုံမတက်ချင်ဘူး'

ဝတ်ရည်သိမ့်က ဝင်၍ . . .

'ဒေါက်တာက လိုအပ်လို့ ပြောတာပေါ့ ချူးရဲ့။ တစ်ရက်လောက်တော့ နေမှဖြစ်မယ်'

ချူး ဘာမှ မပြောသာတော့။

နောက်ထပ် နာရီဝက်သာသာအကြာတွင်၊ တက္ကသိုလ်ဆေးရုံ၏ အခန်းတစ်ခုထဲသို့ ချူး ရောက်နေပေသည်။ သန်းဆွေထိုက်က ချူးအတွက် စီစဉ်ဆောင်ရွက်ပေးသည်။

ဆေးရုံခန်းအတွင်း၌ သတ္တုပရိဘောဂများနှင့် ရုပ်သံစက် တစ်လုံးရှိသည်။ ချူးကို ဆေးရုံအဝတ်အစားများ လဲလှယ်ဝတ်ဆင်ပေးထားသည်။ ချူး၏ အဝတ်အစားများကို သတ္တုဗီရို၏ အလယ်ဆင့်၌ထည့်ထားသည်။ ပိုက်ဆံအိတ်၊ နာရီ၊ အဖြူရောင်လေးထောင့်သတ္တုခွန်ပစ္စည်းနှင့် အဖိုးတန်ပစ္စည်းများကို သတ္တုဗီရို၏ အပေါ်ဆုံးထပ်၌ တင်ထားပေးသည်။

ချူးက သတ္တုဗီရိုကို နံပါတ်လှည့်သော့ဖြင့် ပိတ်ထားပေးသည်။

ချူး မှက်လက်လှန်၍ ခုတင်ပေါ်၌ မှိန်းနေသည်။

အိပ်ချင်စိတ်ပို၍ များလာသည်။ ချောင်းဆိုးသည်မှာ ဆေးသောက်လိုက်သဖြင့် အနည်းငယ်သက်သာသွားသည်။

ခေတ္တမျှအကြာတွင် အိပ်ပျော်သွားသည်။

. . . . .

ချူး အမှန်တကယ်ပင် အိပ်ပျော်နေ၏။

အိပ်မက် မက်ခြင်းအလျဉ်းမရှိ။ သူ၏ခန္ဓာကိုယ်တစ်ခုလုံး လေထဲ၌ လွင့်မျောနေသကဲ့သို့ ခံစားရသည်။ ထို့ပြင် သူ၏ခန္ဓာကိုယ်မှ အလင်းရောင်များ တဖြည်းဖြည်းလက်လာနေ၏။ သတ္တုဗီရိုအတွင်း၌ရှိနေသော အဖြူရောင်သတ္တုအာန်သတ္တုပြားကလေးကလည်း အလင်းရောင်များ လက်၍လာပေသည်။ လေးထောင့်သတ္တုပြားပတ်လည်ရှိ အဖုကလေးများမှ တောက်ပသောအလင်းရောင်တန်းများ ပို၍ ဖြာထွက်လာသည်။

ထိုလေးထောင့်သတ္တုအာန်သတ္တုပြားသည်၊ ကြွ၍တက်လာပြီး လေထဲ၌တန့်နေ၏။ အလင်းရောင်စဉ်တန်းများ ပို၍ တောက်ပစွာ ပေါ်ထွက်လာ၏။

တောက်ပသော အလင်းရောင်စဉ်တန်းများသည်၊ သတ္တုဗီရို၏နံရံကို အောက်ဆီအက်ဆီတာလင်းမီးဖြင့် ထိုးသကဲ့သို့ ထိုးဖြတ်တိုက်ချလိုက်၏။ သတ္တုဗီရို၏ နံရံတစ်နေရာ၌ အပေါက်တစ်ပေါက်ဖြစ်လာသည်။

အလင်းရောင်ခြည်တန်းများသည်၊ သတ္တုဗီရိုအတွင်းမှ လွတ်မြောက်လာပြီး ချူး၏ ခန္ဓာကိုယ်ပေါ်သို့ဖြာ၍ကျလာသည်။

ချူး၏ ခန္ဓာကိုယ်မှာ အလင်းရောင်များ ပို၍လင်းလက်လာသည်။ တောက်ပသော အလင်းရောင်စဉ်တန်းများ ချူး၏ မျက်လုံးတစ်ဘက်ပေါ်သို့ ထိုးကျလာ၏။ ချူး၏မျက်လုံးတစ်ဘက် ဖျတ်ခနဲ ပွင့်လာသည်။ ထိုမျက်လုံး၏အတွင်းပိုင်းသို့ အလင်းရောင်များက





ထိုး၍နေရာ သူငယ်အိမ်ပျောက်သွားပြီး မျက်နက်ဝန်းကိုသာ မြင်ရတော့သည်။

ကျန်မျက်လုံးတစ်ဖက်အတွင်းသို့ တောက်ပသော အလင်းရောင်စဉ်တန်းများက ထိုးလိုက်သည်။ မျက်လုံးအစုံအတွင်းသို့ အလင်းတန်းများက ထိုး၍ကျနေသည်မှာ ကွန်ပျူတာတစ်ခုနှင့်တစ်ခု သတင်းအချက်အလက်များ ဖြည့်ဆည်းထည့်သွင်းပေးနေသည်နှင့် တူပေသည်။

အလင်းရောင်စဉ်တန်းများ။ ထိုသို့ ထိုးကျနေသည်မှာ အချိန်နှစ်နာရီကျော်မျှကြာမြင့်ပေသည်။

ချူးကတော့ နှစ်မြိုက်စွာ အိပ်မောကျနေဆဲပင်။

× × × × ×

အရေးပေါ်ဌာနထဲသို့ ဝတ်ရည်သိမ့် ဝင်လာသည်။

'ချူး အခြေအနေကော'

အလုပ်များနေသည့် သန်းဆွေထိုက် ခေါင်းမော့ကြည့်သည်။

'တော်တော်လေး ကောင်းနေပါပြီဟ။ ငါ သုံးခါလောက်သွားကြည့်ပြီးပြီ။ ဆရာမတွေလည်း သူ့ကို ဂရုစိုက်ကြပါတယ်။ ငါသွားကြည့်တဲ့အခါတိုင်း သူ နှစ်နှစ်ခြိုက်ခြိုက် အိပ်နေတာချည်းပဲတွေ့ရတယ်။ သူတော်တော်လေး ပင်ပန်းသွားလို့ အနားယူနေတဲ့ ပုံပဲ'

'သွေးစစ်တာကကော'

'သိရပြီ။ အားလုံးကောင်းတယ်။ အိမ်ပြန်ရင် ချွပ်ပြုတ်လောက်ပဲသောက်။ ဆေးသောက် အနားယူ။ ဒါဆို ပုံမှန်အတိုင်း ပြန်ကောင်းသွားလိမ့်မယ်'

ချူး၏ အခန်းသို့ နှစ်ဦးသားသွားသည်။ အခန်းတံခါးကို ဖွင့်လိုက်၏။

သန်းဆွေထိုက်က . . .

'တွေ့လား။ နင့်လူ ခုထိ အိပ်နေတုန်းပဲ'

နှစ်ဦးသား၊ ချူး၏ ကုတင်တစ်ဘက်စီ၌ နေရာယူလိုက်၏။

ဝတ်ရည်သိမ့်က . . .

'သူ့ကို နှိုးလိုက်ရင် ဖြစ်ပါ့မလား'

'ဟ . . နှိုးလိုက်မှ အိမ်ပြန်ခေါ်လို့ ရမှာပေါ့'

'အရင်ကထက်စာရင် အတော် ကောင်းသွားပုံရတယ်။ မျက်နှာလည်း ပုံမှန်အတိုင်း ဖြစ်နေပြီ'

'ချူး . .'

သူမက အသာအယာလှုပ်နှိုးသည်။ နိုးသဖြင့် ထပ်၍ နာမည်ခေါ်ပြီး ခပ်ကြမ်းကြမ်းလှုပ်နှိုးသည်။

ချူး မျက်လုံးပွင့်လာသည်၊

ဝတ်ရည်သိမ့်က . . .

'ချူး . . နေကောင်းရဲ့လား'

'ကောင်းပါတယ်။ အခု . . ငါ ဘယ်ရောက်နေတာလဲ'

'တက္ကသိုလ်ဆေးရုံမှာလေ'





ချူးက အံ့အားသင့်သည့် အမူအရာဖြင့်

'ဟင် . . ဒီကို ဘာလာလုပ်တာလဲ'

'ချူး . . မမှတ်မိဘူးလား'

ချူး ခုတင်ပေါ်မှ ခေါင်းခါရင်း ဆင်းသည်။

ဝတ်ရည်သိမ့်က . . .

'ရှင် . . ကျွန်မကို လာကြိုတယ်လေ။ အတန်းတက်ရင်း မူးနေတယ်ပြောလို့ ဆေးရုံကို ကျွန်မခေါ်လာတာ ရှင် မမှတ်မိတော့ဘူးလား'

ချူး ခေါင်းညိတ်သည်။

'အင်း . . အင်း . . မှတ်မိပြီ။ မှတ်မိပြီ။ ငါကလည်း တော်တော် သတိမေ့တတ်တာပဲ။ မင်းတို့ ငါ့ကို ဘာဆေးတွေပေးထားသလဲ မပြောတတ်ဘူး။ ငါ အားလုံးကောင်းသွားပြီကွ'

သန်းဆွေထိုက်က . . .

'မင်း အနားယူဖို့ပဲလိုတယ်။ ရေခါတ်နည်းနည်းပါးပါး လောက်လိုမယ်။ မင်းကို သိပ်ပြီးကုသစရာ မရှိလှပါဘူး'

'ချောင်းနည်းနည်းတော့ ဆိုးချင်သေးတယ်။ ဒါပေမယ့် ကောင်းသွားမှာပါ'

ချူးက သတ္တုဗီရိုသို့သွားသည်။ အပေါ်မှ သူ၏အဝတ်အစားများကို ယူ၍ ရေချိုးခန်းသို့ထွက်သွားသည်။

ရေချိုးခန်းထဲမှနေ၍ လှမ်းပြောသည်။

'သိမ့်ရေ။ သတ္တုဗီရိုထဲက ကိုယ့်ရဲ့ နာရီနဲ့ ပိုက်ဆံအိတ်

ယူလာပေးပါ'

ဝတ်ရည်သိမ့် သတ္တုဗီရို၏ နံပါတ်လှည့်သော့ကိုဖွင့်သည်။ အတွင်းမှ ချူး၏ ပစ္စည်းများကိုယူသည်။

သန်းဆွေထိုက်က . . .

'ကဲ . . ငါ့မှာ အလုပ်တွေရှိသေးတယ်။ ပြန်တော့မယ်'

ဝတ်ရည်သိမ့်က သတ္တုဗီရိုကို အသာပြန်ပိတ်ပြီး သန်းဆွေထိုက်ဘက်သို့ လှည့်သည်။

'နင်ကတော့ သိပ်ကျေးဇူးတင်စရာကောင်းတဲ့ သူငယ်ချင်း တစ်ယောက်ပဲ။ ငါတို့ကို အခုလိုကူညီတာ ကျေးဇူးတင်ပါတယ်ဟာ'

သန်းဆွေထိုက် မသိမသာခေါင်းငုံ့၍ ပြောလိုက်သည်။

'လိုတဲ့ အကူအညီရှိရင်၊ ငါ့ဆီကို အချိန်မရွေးလာပြီး တောင်းနိုင်ပါတယ် သိမ့်ရယ်'

သန်းဆွေထိုက် မျက်နှာကိုတစ်ဘက်သို့ လွှဲထားလိုက်၏။ ဝတ်ရည်သိမ့်ကို မကြည့်မိစေရန် ကြိုးစားနေမိခြင်းပင်။ သူမနှင့်ကြုံတိုင်း သူ၏စိတ်များ လှုပ်ရှားနေဆဲပင် ရှိနေပေသေးသည်။

ပြတင်းပေါက် အပြင်ဘက်ရှိ စိမ်းမြသော မြက်ခင်းပြင်ကို သန်းဆွေထိုက်ငေး၍ ကြည့်နေမိသည်။ ရင်ထဲမှ ခံစားချက်များကို ကြိုးစား၍ သိမ်းဆည်း သိုဝှက်ထားရပေဦးမည်။

ချူး ရေချိုးခန်းထဲမှ ထွက်လာရင်း လှမ်းပြောသည်။

'ကျေးဇူးတင်တယ် သန်းဆွေထိုက်ရေ။ ငါ ဆေးရုံတက်တုန်း မင်းကူညီပေးတာ ငါ တကယ့်ကို လှိုက်လှိုက်လှဲလှဲ ကျေးဇူး





တင်တယ်ကွာ'

သန်းဆွေထိုက်က ချူး၏ လက်တစ်ဘက်ကို ဖျစ်ညှစ်ဆုပ်ကိုင်လိုက်ပြီး

'မင်း အခုလို ပြန်နေကောင်းလာတာကိုပဲ ငါက ဝမ်းသာနေပြီ။ ကဲ . . ငါတို့ သူငယ်ချင်းတွေ နောက်နေ့မှ ထပ်ဆုံကြသေးတာပေါ့ကွာ'

သန်းဆွေထိုက် ခြေလှမ်းကျဲကျဲဖြင့် အခန်းထဲမှ ထွက်သွားသည်။

ချူးက သူ၏နောက်ကျောပြင်ကိုကြည့်ရင်းမှ ဝတ်ရည်သိမ့်အားပြောလိုက်သည်။

'တကယ့်ကို . . စိတ်ကောင်း စေတနာကောင်းရှိတဲ့ သူငယ်ချင်းပဲ'

'ချူးကို သူတော်တော်လေး ဂရုစိုက်တယ်။ သူ ဆရာဝန်ကြီး တစ်ယောက်ဖြစ်လာမှာ သေချာပါတယ်ရှင်'

× × × × × × ×

## အခန်း (၄)

'ဒုံကြီး . . .'

သူသည် တက္ကသိုလ်ဆေးရုံ၌ အလုပ် လုပ်လာခဲ့သည်မှာ နှစ်ပေါင်း နှစ်ဆယ်ပင်ကျော်လာခဲ့ပေပြီ။ သူသည် သန့်ရှင်းရေး အလုပ်သမားတစ်ဦးဖြစ်ပြီး သူ၏အလုပ်၌ နှစ်ခြိုက်ပျော်မွေ့နေသူ ဖြစ်သည်။ အလုပ်ကြီးကြပ်ရေးမှူးက သူ ယခုည တာဝန်ယူလုပ် ဆောင်ရမည့် အခန်းများ၏ နံပါတ်စာရင်းကို ရေးပေးလိုက်သည်။ သူသည်တစ်ဦးတည်း အလုပ် လုပ်လေ့ရှိပေသည်။

ယခုညတွင် သူအတော်ကြီး အလုပ်သက်သာပေလိမ့်မည်။ ကျောင်းသားဆောင်မှ အခန်းတစ်ခန်းတည်းသာ သန့်ရှင်းရေးလုပ်ရန် ရှိသည်။ ထိုအခန်းမှာ ဆေးရုံခန်းဖြစ်ပြီး သန့်ရှင်းရေး ပြုလုပ်ရသည်





မှာလည်း လွယ်ကူသက်သာသည်။

ဒုံကြီးသည် ထုံးစံအတိုင်း သန့်ရှင်းရေးတွန်းလှည်းပေါ်၌ ရေပုံးတစ်ပုံးတင်၍ တွန်းယူလာသည်။ ဆေးရုံခန်းတံခါးကို ဖွင့်၍ ကြည့်သည်။ အမှိုက်အနည်းငယ်မျှ ရှင်း၊ ကြမ်းတိုက် ပိုးသတ်ဆေး ဖျန်းရုံလောက်သာရှိသည်။

အခန်းတွင်း နေရာအနှံ့၌ ဖုန်များ၊ အမှုန်များကို ဒုံကြီး သုတ်သည်။ ထို့နောက် ကြမ်းတိုက်ရန်ပြင်သည်။

သတ္တုဗီရိုအတွင်းရှိ အဖိုးတန်ပစ္စည်းများထားသည့် အံ့ဆွဲဆီ မှ အလင်းရောင်များလက်နေ၏။ လျှပ်စစ်မီးသီးတစ်လုံး လင်းနေသည့် အလား လင်း၍နေ၏။ အတွင်း၌ လျှပ်စစ်မီးသီးတစ်လုံးလာ၍ မည်သူမျှ ထွန်းမထားနိုင်ပေ။ ထို့ပြင် အံဆွဲမှာ သတ္တုဖြင့်ပြုလုပ်ထား သဖြင့် အပြင်ဘက်သို့ အလင်းရောင်လုံးဝမထွက်နိုင်ပေ။

ဒုံကြီး အံဆွဲကို ငေးစိုက်၍ကြည့်နေမိပြီး သတ္တုဗီရိုဆီသို့ လျှောက်လာသည်။ ဗီရိုအနီးရောက်လျှင် သူ၏ခြေလှမ်းများ တုန့်ခနဲ ဖြစ်သွားသည်။ သတ္တုဗီရိုအတွင်းမှ အလင်းရောင်များပို၍ ဖြာထွက် လာသောကြောင့်ဖြစ်သည်။ အလင်းရောင်မှ အပူလှိုင်းများပါ ဖြာ၍ ထွက်လာသည်။

ဒုံကြီး ဘာလုပ်ရမှန်း မသိ။ အခန်းထဲမှထွက်ပြေးရန် စဉ်းစားမိသည်။ သို့သော် မပြေးဖြစ်။ သတ္တုဗီရိုအတွင်းသို့ဖွင့်၍ ဘာလဲ' ကြည့်ချင်သည်။ ကြောက်လည်း ကြောက်ရွံ့နေမိသည်။ သို့သော် သိချင်စိတ်က သူ့ကို အနိုင်ယူသွား၍ အခန်းထဲမှ ပြေးထွက်ဖို့ သတိ

မရတော့။

သတ္တုအံ့ဆွဲအတွင်း မီးပွားများဖြာ၍ထွက်လာသည်။ အောက်ဆီအက်ဆီတလင်းမီးဖြင့် ဖြတ်သည့်အသံမျိုးထွက်လာသည်။ မီးပွားများကြားမှ လေးထောင့်သဏ္ဌာန် သတ္တုပြားတစ်ပြား ဖောက်၍ထွက်လာသည်။ သတ္တုမီးရိုကိုဖောက်၍ ထွက်လာခြင်းဖြစ်ပြီး မီးခိုးများပါထွက်နေသည်။

ထိုသတ္တုပြားမှာ စက်ဝိုင်းသဏ္ဌာန်လည်ပတ်နေပြီး ပြတင်းပေါက်ဆီသို့ ဦးတည်၍သွားသည်။ ပြတင်းပေါက်မှနေ၍ ပြင်ပညာ၏ရှုခင်းများကို ကြည့်ရှုနေသကဲ့သို့ အထက်အောက်ရွေ့လျား လည်ပတ်၍နေသည်။

ခုံကြီးမှာ ညို့ချက်မိထားသည့်အလား မလှုပ်မယှက်ငေးကြည့်နေမိသည်။ သတ္တုပြားမှာ လေးထောင့်သဏ္ဌာန်ဖြစ်ပြီး တစ်လက်မတပ်လည်အရွယ်အစားမျှသာရှိသည်။ အနီရောင်အလင်းတန်းမှ အစိမ်းရောင်၊ ထို့နောက် အပြာရောင် နောက်ဆုံး အဖြူရောင်အလင်းတန်းများအဖြစ်သို့ ပြောင်းသွားသည်။

ထိုလေးထောင့်သတ္တုပြား၏ ပတ်ပတ်လည်၌ အလင်းစက်ကွင်းတစ်ခု ထပ်မံပေါ်လာသည်။

ခုံကြီးမှာ ထူးဆန်းလွန်းလှသဖြင့် အံ့သြစွာဖြင့် သတ္တုပြားကလေးအနီးသို့တိုးကပ်သွားသည်။ သတ္တုပြား၏အပေါ်ဘက်၊ အောက်ဘက်၊ ဘေးဘက်သို့ လက်ဖြင့် ဖြတ်ကြည့်သည်။ ဆက်သွယ်ထားသော မည်သည့် ဝါယာကြိုးတစ်ပင် တစ်လေချမှင်မရှိ။





သတ္တုပြားကလေးမှာ မည်သည့်အရာနှင့်မျှ ထိစပ်ခြင်းမရှိပဲ လေထဲ၌ ရပ်တန့်၍ လည်ပတ်နေသည်။

လက်ခုံကိုအုပ်လျှက်၊ ထိုသတ္တုပြားနှင့် နီးအောင်တိုးကြည့်သည်။ ပူနွေးသော အပူရှိန်တစ်ခုက လက်သို့တိုးဝင်လာသည်။ တဖြည်းဖြည်း နီးကပ်လာသည်နှင့် အနွေးဓာတ်မှ အပူရှိန်အဖြစ်သို့ ပြောင်းလဲသွားသည်။ ခုံကြီး၏လက်ခုံက သတ္တုပြားကလေး၏ ရှေ့ဘက်မြင်ကွင်းများကို ကာဆီးသကဲ့သို့ဖြစ်သွားသည်။

ရုတ်တရက် သတ္တုပြားကလေးက ယာဉ်ပျံတစ်ခုကဲ့သို့ လှုပ်ရှား၍သွားပြီး ခုံကြီး၏ လက်ဝါးကိုဖောက်ထွက်၍ တက်သွားသည်။ ခုံကြီး၏ အရိုး၊ အကြောများကျိုးပြတ်၍ ထွက်သွားလေတော့သည်။

ခုံကြီးမှာ ထိတ်လန့်နာကျင်စွာဖြင့် စူးရှစွာအော်ဟစ်လိုက်၏။ အဖြစ်အပျက်မှာ စက္ကန့်ပိုင်းမျှသာကြသည်။ ခုံကြီး နောက်ဘက်သို့ ယိမ်းယိုင်၍ဆုတ်သွားသည်။ ပေါက်ထွက်သွားသည် သူ၏ လက်ဝါးကိုထောင်၍ကြည့်ရင်း ပါးစပ်အဟောင်းသား၊ မျက်လုံးအပြူးသားဖြစ်နေသည်။

မီးလောင်ကျွမ်းသည့် ညှော်နံ့ပါထွက်လာပေသည်။ အရည်ပြားနှင့် သွေးကြော၊ အသားများ လောင်ကျွမ်းသွားသဖြင့် သွေးတစ်စက်မျှပင် ထွက်ခြင်းမရှိပေ။ သတ္တုပြားကလေး၏ဘေးမှ ဝင်းလက်တောက်ပနေသော စက်ဝိုင်းမှာ ပို၍ ပို၍ကျယ်လာနေပေသည်။

ထို့နောက် လည်ပတ်နှုန်းမြင့်မားသည့် အသံများထွက်ပေါ်

လာသည်။ နားမခံသာလောက်အောင်ပင် ကျယ်လောင်သောအသံများ ဆူညံစွာတဝေါဝေါ၊ တဝီဝီဖြင့် မြည်လာသည်။

မမြင်ရသော အင်အားလှိုင်းတစ်ခုက၊ သူ့ကို ပြတင်းပေါက်ဘက်ဆီသို့ ဆွဲနေသည်ဟု ဒုံကြီး ခံစားလိုက်ရသည်။ ကောင်းသောလက်တစ်ဘက်ဖြင့် ကုတင်ကိုဖမ်းဆွဲလိုက်ပြီး ကြမ်းပြင်ကို ခြေအစုံဖြင့် ထောက်ကန်ထားလိုက်သည်။ ထိုအချိန်မှာပင် ကျယ်လောင်သောအသံကြီးနှင့်အတူ အော်ဟစ်လိုက်သည့် အသံမျိုးစုံကို သူ၏နားထဲ၌ကြားလိုက်ရသည်။

ကုတင်မှာ ပြတင်းပေါက်ဆီသို့ရွေ့လာသည်။ ဒုံကြီး ကုတင်ကိုလွှတ်၍ မတ်တတ်ရပ်ရန် ကြိုးစားသည်။ ကြိုးစား၍ လုံးဝမရတော့။ သူ၏ ခြေထောက်ကြွက်သားများမှာ ပျော့ခွေ၍နေပြီး လှုပ်ရှား၍လုံးဝမရတော့။ ဒုံကြီး အော်ဟစ်အကူအညီတောင်းရန် ပါးစပ်ကိုဟလိုက်၏။ ပါးစပ်မှ မည်သည့်အသံမှ မထွက်နိုင်ပေ။

ဒုံကြီး အကြီးအကျယ် ကြောက်ရွံ့တုန်လှုပ်နေ၏။ ဝင်ပေါက်တံခါးဆီသို့ ဝမ်းလျားထိုး၍သွားရန် ရှိသမျှခွန်အားကို ဖျစ်ညှစ်၍ ကြိုးစားသည်။ သူ၏ပါးစပ်ထဲမှ တောက်ပသော အစိမ်းရောင်အရည်များအန်ထွက်လာသည်။

အလင်းတန်းများ ချက်ခြင်း ပျောက်ကွယ်သွားသည်။

ဒုံကြီး၏ ခန္ဓာကိုယ်တစ်ခုလုံး တဆတ်ဆတ်တုန်ခါလျှက် အကြောများဆွဲနေပြီး အမှောင်ထုကြီးတစ်ခုက သူ၏ခန္ဓာကိုယ်ပေါ်သို့ ဖုံးလွှမ်းသွားလေတော့သည်။



## အခန်း (၅)

ည (၈)နာရီ။

သန်းဆွေထိုက်၏ ဂျူတီပြီးပေတော့မည်။

အရေးပေါ်ဌာနခန်းထဲသို့ သူနာပြုဆရာမ နော်မူအေး ဝင်လာရင်းမှ . .

'ဟော့ . . ဟိုး . . လူသေသွားတဲ့အခန်းကို သွားပြီးတော့ကြည့်သင့်တယ်လို့ နင့်ကိုပြောမလို့ဟ'

'ဟင် . . ဘာဖြစ်လို့လဲ'

သေသွားသူကို သန်းဆွေထိုက် ကောင်းကောင်းသိသည်။ ထိုလူသည် သန့်ရှင်းရေးဌာနမှ အလုပ်သမားတစ်ဦးဖြစ်ပြီး အမည်မှာ ဒုံကြီး။ ဒုံကြီး အခန်းတစ်ခန်းထဲ၌ လဲကျနေသည်ကိုတွေ့၍ အရေးပေါ်

ခန်းထဲသို့ခေါ်လာကြပြီး ဆရာဝန်များက သူ၏အသက်ကို ကယ်တင်နိုင်ရန် ကြိုးစားကြသည်။ သို့သော် သယ်ယူလာချိန်၌ ဒုံကြီး၏ခန္ဓာကိုယ်အပူချိန်မှာ လွန်စွာကျဆင်း၍နေပြီး မည်သို့မျှ မကယ်တင်နိုင်ကြတော့ပေ။

ဒုံကြီး၏ လက်ဝါးပြင်ပေါ်၌ သွေးမထွက်သော အပေါက်ကြီးတစ်ပေါက်ရှိနေသည်။ ဆရာဝန်တစ်ဦးက ဓာတ်ကြိုးကို မတော်တဆကိုင်မိ၍ ရော့ဖြစ်ပြီး ယခုကဲ့သို့ ဖြစ်သွားခြင်းဖြစ်သည်ဟု ယူဆသည်။ သို့သော် ထိုအခန်းထဲ၌ လျှပ်စစ်ဗို့အားမြင့်မားသည့် ဝါယာကြိုး တစ်ချောင်းတစ်လေမျှပင် မရှိ။

ဒုံကြီး သေဆုံးရခြင်းနှင့် ပတ်သက်၍ ခန့်မှန်းချက်အမျိုးမျိုး ပြောဆိုနေကြသည်။

သို့သော် တိကျရေရာသည့် အဖြေတစ်ခုမျှ ထွက်မလာပေ။ ထို့ကြောင့် ဒုံကြီး သေဆုံးမှုနှင့်ပတ်သက်၍ သေမှုဆုံစမ်းစစ်ဆေးရေးဌာနသို့ လွှဲပြောင်းပေးလိုက်ရသည်။

'နော်မူအေး' က . .

'နင် . . ဟိုရောက်ရင် သိလိမ့်မယ်။ အဲဒီလူသေတာ တော်တော် ထူးဆန်းတယ်လို့ပဲ ငါပြောမယ်'

'ဘယ်လို ထူးဆန်းတာလဲ'

'နင်ကိုယ်တိုင် သွားကြည့်ပေါ့'

ထူးဆန်းသည်ဟု ဆို၍ အဝေ်လေး စိတ်ဝင်စားမိသည်။

'ဘယ် အခန်းလဲ . .'





'ကျောင်းသား လူနာတွေတက်တဲ့ အခန်းလေ'

သန်းဆွေထိုက် ထိုင်ရာမှ ထလိုက်၏။ ကျောင်းသားများတက်သည့် အဆောင်ဘက်သို့ ရောက်လာသည်။ စင်္ကြံလမ်းတွင် လူလုပ်စုတစ်စုကို မြင်ရသည်။ အနားရောက်လျှင် သန်းဆွေထိုက်မှာ သိချင်စိတ်ပို၍ များလာမိလေသည်။ အဘယ့်ကြောင့် ဆိုသော် ထိုအခန်းမှာ လွန်ခဲ့သောညက ချူး တက်သွားခဲ့သည့် အခန်းဖြစ်နေသောကြောင့်ပင်။

သန်းဆွေထိုက်က လမ်း၌တွေ့မိသော သူငယ်ချင်း ကြည်ကြည်မေကို လှမ်းမေးလိုက်သည်။

'ဘယ်လို ဖြစ်တာလဲ'

ကြည်ကြည်မေက၊ ခေါင်းခါလျက်

'ငါလည်း မပြောတတ်ဘူး။ မကောင်းဆိုးဝါး တစ်ကောင်လာပြီး ဒုက္ခပေးသွားတာဖြစ်မယ် ထင်တယ်'

သန်းဆွေထိုက်မှာ နားမလည်နိုင်သည့် အမူအရာဖြင့် သူမကို ပြန်ကြည့်လိုက်သည်။ ထို့နောက် လူအုပ်ကြားထဲသို့ တိုးဝင်လိုက်သည်။ ဂျူတီကုတ်နှင့် ဆရာဝန်မတစ်ဦးကို အမှတ်မထင့်ဝင်တိုက်မိသည်။

ထိုဆရာဝန်မ၏ လက်ထဲ၌ကိုင်ထားသည့် လက်ဖက်ရည်ခွက်မှ လက်ဖက်ရည်များ ဖိတ်စဉ်ကုန်သည်။ ထိုဆရာဝန်မက ဒေါသတကြီး လှည့်ကြည့်လိုက်ပြီး

'ဟဲ . . ဘယ်လိုဖြစ်ရတာလဲ'

သန်းဆွေထိုက်မှာ မျက်စိမျက်နှာ ပျက်သွားမိသည်။ သူ့ဝင်တိုက်မိသူမှာ ဒေါက်တာ စိမ်းသီတာဖြစ်နေသောကြောင့်ပင်တည်း။

ဒေါက်တာစိမ်းသီတာက ဂျူတီကုတ်ပေါ်မှ လက်ဖက်ရည်များကို ခါပစ်လိုက်၏။

'ကျွန်တော် . . တောင်းပန်ပါတယ် ဒေါက်တာ'

သန်းဆွေထိုက်က မျက်နှာငယ်လေးနှင့် တောင်းပန်လိုက်သည်။ ဒေါက်တာစိမ်းသီတာသည် သူ၏ဌာနအတွင်းရှိ လူအားလုံးကိုမှတ်မိထားသည်။ သူမ၏မျက်နှာမှာ ခက်ထန်နေပြီး မျက်လုံးစိမ်းစိမ်းဖြင့် သန်းဆွေထိုက်ကို စိုက်ကြည့်နေပေသည်။

'ကဲ . . သန်းဆွေထိုက်။ မင်းရဲ့မျက်လုံးတွေက မကောင်းတော့ဘူးလား။ ဆရာဝန်လေး ဘာလေးဆီမှာ ပြကြည့်ဘို့သင့်နေပြီ'

'ဟုတ် . . ဟုတ်ကဲ့ ဒေါက်တာ။ မတော်တဆဖြစ်သွားတာပါ ခင်ဗျာ'

'အေး . . အဲဒီလို မတော်တဆ ဖြစ်တာတွေက အားလုံးကမောက်ကမဖြစ်ပြီး ဒုက္ခရောက်ကုန်ကြရတာပေါ့။ နေပါဦး . . မင်းက အပေါ်ခန်းမှာ စာရေးလုပ်နေတာ မဟုတ်လား။ ဘာဖြစ်လို့ ဒီနေရာကို လာပြီး အတင်းတိုးဝှေ့ကြည့်ရတာလဲ'

သန်းဆွေထိုက်မှာ အကြောင်းပြရန် အချက်တစ်ခုစဉ်းစားကြည့်သည်။ အကြောင်းပြစရာအချက်နှင့်ပတ်သက်ပြီး ထိုအခန်းထဲသို့ မျက်လုံးတစ်ချက် ကစားလိုက်၏။

အခန်းထဲ၌ သူ မြင်တွေ့လိုက်ရသည်မှာ . .





ပြတင်းပေါက်ဘက်သို့ အရှိန်ပြင်းစွာ ဆွဲယူထားခြင်းခံရသဖြင့် တွန့်လိမ်နေသည့် ခုတင်ခေါင်းရင်းမှ သံတိုင်များ။ သတ္တုစားပွဲမှာလည်း တွန့်လိမ်ခေါက်တွန့်နေသည်။ အခန်းတွင်းရှိ သတ္တုပရိဘောဂပစ္စည်းအားလုံး တွန့်လိမ် ကောက်ကွေး၍ နေပေသည်။ ပြတင်းပေါက်၌ တပ်ဆင်ထားသော သတ္တုတံခါးဘောင်မှာ အရည်ပျော်ကျ၍နေ၏။ လွန်စွာပြင်းထန်သော အပူရှိန်နှင့် ဆွဲငင်အားကြောင့် ဖြစ်ကုန်သည်နှင့် တူပေသည်။

သန်းဆွေထိုက်က အံ့ဩစွာဖြင့် . .

'ဟာ . . ဒီအခန်းထဲမှာ ဘာတွေ ဖြစ်ကုန်ရတာလဲ'

ဒေါက်တာ စိမ်းသီတာက မျက်စောင်ထိုးလျှက်

'ဘာဖြစ်ကုန်းမှန်းမသိလို့၊ ကျွမ်းကျင်တဲ့ ပုဂ္ဂိုလ်ကြီးတွေလာပြီး စစ်ဆေးကြည့်နေကြတာပေါ့။ ကဲ . . ကိုသန်းဆွေထိုက်ရေ . . ကိုယ့်နေရာ ကိုယ်ပြန်တာ အကောင်းဆုံးပဲ'

'ဟုတ်ကဲ့ပါ . . ဒေါက်တာ'

သန်းဆွေထိုက် အခန်းဘက်သို့ တစ်ချက်ကြည့်လိုက်ပြီး ထိုနေရာမှ ထွက်လာခဲ့သည်။

ဒေါက်တာစိမ်းသီတာနှင့် ပြဿနာဖြစ်လျှင် မလွယ်။ သူ၏ အလုပ်ကိုထိခိုက်သွားနိုင်ပေသည်။

× × × × × × ×

'ကျွန်မတို့အနေနဲ့လည်း . . အခုကိစ္စကို မတွေးတတ်နိုင်

အောင်ကို ဖြစ်နေမိတယ် . .'

ဒေါက်တာစိမ်းသီတာက ပြောလိုက်သည်။

ရဲစုံထောက် စဝ်ရန်နိုင်နှင့် သူ၏လက်ထောက်ဖြစ်သူ ဗညားဝင်းတို့နှစ်ဦးအား ပြောပြနေခြင်းဖြစ်သည်။

စဝ်ရန်နိုင်က လေးနက်စွာ ပြောသည်။

'အခုကိစ္စက အတော်လေး ထူးဆန်းတဲ့ကိစ္စတစ်ခုဖြစ်နေတယ်။ ကျွန်တော့်အနေနဲ့လည်း ဘယ်လိုမှ စဉ်းစားမရနိုင်အောင် ဖြစ်နေမိတယ်။ ဒါပေမယ့် ဒီကေ့စ်ဟာ လူသတ်မှု မဖြစ်နိုင်ဘူးလို့ ယူဆမိတယ်။ ညဘက်မှာ ဖြစ်တောင့်ဖြစ်ခဲ မိုးကြိုးပစ်တာမျိုးများ ဖြစ်နိုင်မလား။ သိပ္ပံပညာရှင်တွေကိုခေါ်ပြီး ပြကြည့်သင့်ပါတယ်'

ဒေါက်တာစိမ်းသီတာက . .

'အဲဒီညဘက်မှာ မိုးခြိမ်းတာမျိုး လုံးဝမရှိပါဘူး'

'ခင်ဗျားတို့ဌာနက လျှပ်စစ်အင်ဂျင်နီယာက အခုလိုဖြစ်တာဟာ မိုးကြိုးပစ်ပြီး ခတ်လိုက်တာမျိုး မဖြစ်နိုင်ဘူးတဲ့။ ဒါပေမယ့် သေတဲ့လူရဲ့ လက္ခဏာက မိုးကြိုးပစ်ခံရတာမျိုး ဖြစ်နေတယ်'

'ကျွန်မကတော့ ဒီအချက်ကို လက်မခံချင်ဘူး။ မိုးကြိုးပစ်တယ်ဆိုရင် လက်ဝါးပေါ်မှာ အပေါက်တစ်ပေါက်တည်း ဘာဖြစ်လို့ ပေါက်သွားရတာလဲ။ အခုဟာက လေဆာရောင်ခြည်နဲ့ ဖောက်ထားသလိုဖြစ်နေတယ်'

'အင်း . . လေဆာရောင်ခြည်စက်ကိုယူလာပြီး အပြင်ဘက်ကနေပစ်သွားတာမျိုးကော မဖြစ်နိုင်ဘူးလား'





'ဒါမျိုးလည်း မဖြစ်နိုင်ဘူး။ ကျွန်မတို့ဆီမှာရှိတဲ့ လေဆာရောင်ခြည်နဲ့ တို့လိုက်ရင် အခု အခြေအနေမျိုးထိ ပေါက်မသွားနိုင်ဘူး။ ပြီးတော့ အခန်းထဲမှာရှိတဲ့ သတ္တုပရိဘောဂပစ္စည်းတွေ တွန့်လိမ်ကောက်ကွေးသွားတာမျိုးလည်း လုံးဝ မဖြစ်နိုင်ဘူး'

'ကျွန်တော် ခန့်မှန်းကြည့်တာပါ။ တကယ်လို့ ရင်ခွဲစစ်ဆေးချက်အရ လူသတ်မှုဖြစ်တယ်ဆိုမှ ဒီကေ့စ်မှာ ကျွန်တော်တို့ဝင်ပါရမှာပါ။ ဒီလိုမဟုတ်တော့ ကျွမ်းကျင်တဲ့ သိပ္ပံပညာရှင်တွေကို ခေါ်ပြပြီး တိုင်ပင်ကြည့်သင့်ပါတယ်'

'ကျွန်မတို့ အနုမြူသိပ္ပံနဲ့ ရူပဗေဒဌာနကို အကူအညီလှမ်းတောင်းထားပါတယ်'

စဝ်ရန်နိုင်က . . .

'ကောင်းပါတယ်။ ဟောဒီမှာ ကျွန်တော့်ရဲ့လိပ်စာကဒ်ပြား ယူထားကြပါ'

ဒေါက်တာစိမ်းသီတာ၊ ဆေးရုံအုပ်ကြီးနှင့် အထွေထွေလုံခြုံရေးမှူးတို့အား လိပ်စာကဒ်ပြားများကို စဝ်ရန်နိုင်က ပေးလိုက်သည်။

'အကြောင်းထူးရင် ကျွန်တော့်ဆီကို ဖုန်းဆက်ပါ။ အခုကေ့စ်ကို ကျွန်တော် စိတ်ဝင်စားမိပါတယ်။ ဒီလိုထူးထူးဆန်းဆန်းတွေဖြစ်တာ အခုတစ်ကြိမ်ပဲ ကျွန်တော် ကြုံဖူးသေးတယ်'

× × × × × × × × × ×

## အခန်း (၆)

အရေးပေါ်ဌာနအတွင်းရှိ စားပွဲ၌ သူနာပြုဆရာမ နော်မူအေး ထိုင်၍ စာရင်းတစ်ခုရေးနေသည်။ တံခါးတွန်းဖွင့်၍ ဝင်လာသည့် သန်းဆွေထိုက်ကို မြင်လျှင် သူမက

'ဟယ် . . နင်က ဒီကို ဘာဖြစ်လို့ ပြန်လာတာလဲ'

သန်းဆွေထိုက်က၊ လေသံခပ်ညည်းညည်းဖြင့်

'အိပ်လို့လည်း မရပါဘူးဗျာ။ အိပ်လို့မရတာ ခြင်းအတူ ဒီမှာလာပြီး အလုပ်တစ်ခုခုလုပ်နေရင် မျက်နှာကောင်းလေးများရ မလားလို့ ပြန်လာတာ'

နော်မူအေးက နားမလည်သည့် အမူအရာဖြင့်





'ဟဲ့ . . နင် ဘာတွေ လျှောက်ပြောနေတာလဲ'

'မနက်တုန်းက နော်မူအေးပြောတဲ့ အခန်းကို သွားကြည့်တယ်၊ ဟိုမှာ . . ခေါသအိုကြီးကိုဝင်တိုက်မိပြီး လက်ဖက်ရည်တွေ ဖိတ်ကျနဲ့လို့ သူ့ဂျူတီကုတ်မှာ ပေသွားတယ်လေ။ အဲဒါ . . သူ အကြီးအကျယ် ဒေါသဖြစ်သွားပြီး ဘယ်လိုဖြစ်တာလဲမေးတော့ ကျွန်တော်လည်း ဘယ်လိုဖြေရမှန်းမသိတော့ဘူး'

'နင်ကလည်း နမော်နမဲ့နိုင်လိုက်တာ။ ဒေါက်တာစိမ်းသီတာက သူ့ဂျူတီကုတ်ကို မနက်ပိုင်းမှာ ပေကျံသွားရင် သိပ်စိတ်ဆိုးတတ်တယ်'

'ကျွန်တော် ဒီနေရာမှာ၊ လာပြီး အလုပ် လုပ်နေတာမြင်ရင် သူ ကျွန်တော့်အပေါ်မှာ စိတ်ပြေသွားမလားလို့ပါ'

'ဒီကိစ္စက အရေးမကြီးပါဘူးဟာ။ နင့်ဂျူတီချိန်ဖြစ်ဖြစ်၊ မဖြစ်ဖြစ်ပေါ့။ ဒီမှာလည်း လူကနည်းတော့ အကူအညီခဏခဏ လိုတတ်တာပဲ၊ နင် ဒီကိုလာပြီး အလုပ်လုပ်နေတာ သိသွားမှာပါ။ နင်ရောက်လာတာ အတော်ပဲ။ လူနာတစ်ယောက်ကို နင်ပဲ စစ်ဆေးကြည့်ပေးပါဦး။ ငါတို့ဆီမှာ ကားအက်ဆီးဒင့်ဖြစ်တဲ့ အရေးပေါ်လူနာတစ်ယောက် ရှိနေတယ်။ ငါပြောတဲ့လူနာကို ကြည့်ချိန်မရသေးဘူး။ ကျန်တဲ့ သူနာပြုဆရာမတွေလည်း တစ်ယောက်မှ မအားနိုင်အောင် အလုပ်များနေကြတယ်။ ကဲ . . အဲဒီကိုသာ နင်သွားပေတော့'

အလုပ်တွေပြီးဖြစ်သဖြင့် သန်းဆွေထိုက် လူနာများစောင့်သည့်အခန်းဆီသို့ လျှောက်သွားသည်။

လူနာမှာ မိန်းကလေးဖြစ်သည်။

အမည်မှာ 'အိမ့်စန္ဒြီ'။ အသက်မှာ ငါးနှစ် . .

ဟု ခေါ်လိုက်သည်။

လူနာစောင့်သည့် ထိုင်ခုံပေါ်မှ အမျိုးသမီးတစ်ဦးနှင့် မိန်းကလေးငယ် တစ်ဦးတို့ထလာသည်။ မိန်းကလေးငယ်မှာ အတော် ကလေး နေမကောင်းဖြစ်နေပုံရသည်။

ကလေးငယ်၏ လက်တစ်ဖက်ကို သွေးပေါင်ချိန်တိုင်းရန် ပြင်ဆင်ရင်းမှ သန်းဆွေထိုက်က မေးလိုက်၏။

'သမီးလေးက . . ဘာဖြစ်လို့လဲကွယ်'

ကလေးမလေးက . .

'ပင့်ကူကိုက်တာ'

ကလေးမိခင်က . .

'သူ့ကို အကောင် တစ်ကောင်ကောင် ကိုက်လိုက်လို့ ပြောတာဖြစ်မှာပါ။ ဒီမနက်ပိုင်းမှစပြီး အခုလိုဖြစ်တာပါ။ နာချေတယ်၊ ချောင်းဆိုးတယ်၊ ကိုယ်ပါပူလာတယ်။ တုပ်ကွေးဖြစ်တာလား မပြော တတ်ဘူး'

သန်းဆွေထိုက်က သွေးပေါင်ချိန်ကြည့်ရာ ပုံမှန်အတိုင်း ဖြစ်သည်။ ကလေး၏ လက်ဝါးပေါ်တွင် နီရဲနေသောဒဏ်ရာတစ်ခု ကိုတွေ့လိုက်ရ၍

'ဩော် . . ဒီနေရာကို အကောင်တစ်ကောင်ကိုက်လိုက်တာ လား'





ကလေးငယ်က . .

'သမီးကို ကျောက်ပြားလေးတစ်ပြားက ကိုက်လိုက်တာ'

မိခင်ဖြစ်သူက လှမ်း၍

'ဟဲ့ . . မဟုတ်တာတွေ လျှောက်မပြောနဲ့လေ'

'သမီးမဟုတ်တာတွေ မပြောပါဘူး အမေရယ်။ အမှန် အတိုင်း ပြောနေတာပါ'

မိခင်ဖြစ်သူမှာ ဘာပြောရမှန်းသိမသောင် ဖြစ်သွားသည်။

'ဩော် . . သမီးကို ကျောက်ပြားလေးတွေ အများကြီး နိုင်းကိုက်လိုက်ကြတာလား'

ပြဒါးတိုင်ကို ကြည့်လိုက်၏။ ကိုယ်ပူချိန်မှာ (၁၀၂.၅)ရှိ သည်။ မိန်းကလေးငယ်က သွက်လက်စွာဖြေသည်။

'သမီးကို ကျောက်ပြားလေးတစ်ပြားတည်းက ကိုက်လိုက် တာပါ။ ကျောက်ပြားအဖြူပြားလေး တစ်ပြားပါ'

'အေး . . အေး ဒါဆို ဦးတို့လည်း ကျောက်ပြားအဖြူလေး တွေ တွေ့ရင် မကိုင်မိအောင်နေမှ ဖြစ်မယ်'

သန်းဆွေထိုက်က မှတ်တမ်းစာရွက်ပေါ်၌ လိုအပ်သည်များ ကို ရေးမှတ်သည်။ ကလေး၏ မိခင်ကိုလည်း ကလေးငယ်အား ဂရုစိုက်ရန် မှာကြားသည်။ ထို့နောက် လူနာမှတ်တမ်းကို ဆရာဝန် များ လာယူမည့် စားပွဲပေါ်၌ အသင့်တင်ထားပေးလိုက်သည်။

သန်းဆွေထိုက်၊ သူ့စားပွဲသို့ ပြန်၍ ထိုင်လိုက်သည်။

ထိုအချိန်မှာပင် . .

ဆင်နှားရွက်တံခါး 'ဝှန်း'ခနဲ ပွင့်သွားပြီး . . .

'လုပ်ကြပါဦးဗျာ . . ကယ်ကြပါဦးဗျာ'

အမျိုးသားတစ်ဦးက တက်နေသည့် အမျိုးသမီးတစ်ဦးကို ပွေ့ချီ၍ ဝင်လာရင်း အော်လိုက်ခြင်းဖြစ်သည်။ ထိုသို့ဝင်လာရင်း လဲကျသွားမလိုဖြစ်သွားသည်။ သန်းဆွေထိုက်က ပြေး၍ ထိုလူ၏ လက်ထဲမှ အမျိုးသမီးကို ပြောင်း၍ပွေ့ယူလိုက်၏။

သူနာပြုဆရာမ နော်မူအေး ပြေး၍လာသည်။ အရေးပေါ် အခန်းများမှ ဝန်ထမ်းများ ပြေးလွှားရောက်ရှိလာကြသည်။ ဒေါက်တာ စိမ်းသီတာကိုယ်တိုင် သူမ၏ ရုံးခန်းထဲမှ ပြေးထွက်လာသည်။

ဒေါက်တာစိမ်းသီတာက . . .

'အရေးပေါ်စမ်းသပ်ခန်းကို အမြန်ဆုံးပို့ . .'

သန်းဆွေထိုက် တက်နေသော အမျိုးသမီးကို ပွေ့ချီလျှက် အရေးပေါ်ဌာနအတွင်းပိုင်းသို့ ခေါ်လာသည်။ စမ်းသပ်ခုတင်ပေါ်သို့ လူနာကို ချသောအခါ၌ ခုတင်၏တစ်ဘက်မှနေ၍ ဒေါက်တာ စိမ်းသီတာက ကူ၍ချပေးသည်။ ဒေါက်တာစိမ်းသီတာနှင့် သန်းဆွေထိုက် မျက်လုံးချင်းဆုံမိသွားသည်။ ပါးစပ်မှ ဘာမှ မပြောသော်လည်း ဒေါက်တာစိမ်းသီတာ နားလည်သဘောပေါက် သွားပုံရသည်။

ဆရာဝန်များ သူနာပြုဆရာမများ ရောက်ရှိလာကြသည်။ အတက်ကျသွားရန် အမြန်လုပ်ပေးကြသည်။ အတက်ကျသွားပြီး စမ်းသပ်နေစဉ်မှာပင် လူနာမှာ နောက်ထပ်တစ်ကြိမ် ဆိုးရွားစွာ ထပ်မံ၍





တက်ပြန်လေသည်။

လူနာ၏ ခင်ပွန်းဖြစ်သူက ညည်းတွားရေရွတ်လိုက်သည်။

'ဒ်လိုမျိုး ဘာကြောင့်ဖြစ်ရတာလဲ မသိပါလား'

ထိုလူအတွင်းခန်းသို့ ဝင်လာသည်ကို မည်သူမျှ သတိမထားမိကြ။ သူနာပြုဆရာမတစ်ဦးက လူနာ၏ခင်ပွန်းဖြစ်သူကို အပြင်ဘက်သို့ ထွက်ပေးရန် လှမ်းပြောသည်။

ထိုအမျိုးသားက ခေါင်းတခါခါဖြင့် . . .

'သူ့မှာ ဆီးချိုရောဂါနည်းနည်းတော့ ရှိတယ်။ အခုလို တစ်ခါမှ မတက်ဖူးပါဘူး။ ဒီလောက်အထိ ဆိုးရွားစရာအကြောင်း ရှိမယ် မထင်ပါဘူး။ အခု . . သူချောင်းနည်းနည်းဆိုးပြီး နှာစေး တာလေးလောက်ပဲရှိတယ်။ အသက်ကလည်း ငယ်သေးတယ်။ ဒုက္ခပါပဲ . . သူတစ်ခုခုများ ဖြစ်ပြီလား'

လူနာ၏ခင်ပွန်းဖြစ်သူ အပြင်သို့ထွက်သွားသည်။

လူနာ၏ နှလုံးခုန်နှုန်းမှာ ပုံမှန်ခုန်နှုန်းမဟုတ်။

နှလုံးခုန်နှုန်းတိုင်းတာစက်၏ ဖန်သားမျက်နှာပြင်ပေါ်သို့ ဒေါက်တာသူဇာမော် လှမ်းကြည့်လိုက်သည်။

ဒေါက်တာစိမ်းသီတာ စမ်းသပ်နေရင်းမှ . .

'အင်း . . တစ်ခုခုပဲ။ ဒီလိုဖြစ်တာမျိုး ငါသိပ်သဘောမကျဘူး'

လူနာ၏ နှလုံးခုန်နှုန်းမှာ ပုံမှန်ဖြစ်မလာပေ။

ရုတ်တရက် နှလုံးခုန်နှုန်းတိုင်းတာသည့် ကရိယာမှ အချက်

ပေးသံမြည်၍လာ၏။ ရုတ်တရက် လူနာ၏နှလုံးခုန်နှုန်းမှာ ရပ်တန့်၍သွားသည်။

အင်တာကွန်းမှ ဒေါက်တာစိမ်းသီတာ၏ အသံပေါ်လာသည်။

'အရေးပေါ် . . အမြန် . . အရေးပေါ် . . အမြန်'

လူနာတစ်ဦး၏ နှလုံးခုန်နှုန်း ရုတ်တရက် ရပ်တန့်သွားသဖြင့် အကူအညီ ထပ်မံ၍ ခေါ်လိုက်ခြင်းဖြစ်သည်။

အရေးပေါ်ဌာနများမှ ဝန်ထမ်းများ ထပ်မံ၍ ပြေးလွှားရောက်ရှိလာကြသည်။ လူနာအမျိုးသမီးကို အမျိုးမျိုးကုသပေးကြသည်။ သို့သော် ပြန်လည်၍ နှလုံးခုန်လာခြင်းမရှိတော့။

ဒေါက်တာစိမ်းသီတာ ငုံ့နေရာမှ ကိုယ့်ကို ပြန်မတ်လိုက်သည်။ မသိမသာခေါင်းကို ခါယမ်းလိုက်သည်။

နှလုံးခုန်နှုန်းတိုင်းတာစက် ဖန်သားမျက်နှာပြင်ပေါ်မှ အစိမ်းရောင်မီးတန်းကလေးမှာ ညီညာသောမျဉ်းဖြောင့်တန်းကလေးအဖြစ် ငြိမ်သက်၍နေပေသည်။

'ဘယ်လိုမှ . . မရနိုင်တော့ဘူး'

အရေးပေါ်ဌာနမှ ဆေးဝန်ထမ်းများအားလုံး ခေါင်းငိုက်စိုက်ကျ၍သွားကြသည်။

× × × × ×



## အခန်း (၇)

ခွဲစိတ်စစ်ဆေးသည့် အခန်း။

စဝ်ရန်နိုင်နှင့် ဗညားဝင်းတို့ နှစ်ဦးရောက်လာကြသည်။ သေဆုံးသွားသည့် သန့်ရှင်းရေးအလုပ်သမား 'ဒုံကြီး'အားခွဲစိတ်စစ်ဆေးမှု အခြေအနေကိုလာ၍ ကြည့်ရှုရန်အတွက်ဖြစ်သည်။

ခွဲစိတ်စစ်ဆေးသူ ဒေါက်တာစိန်နိုင်က၊ အသည်းကို ချိန်တွက်ကြည့်ရှုရင်း

'အသည်းက ပုံမှန်အတိုင်းပဲ'

စဝ်ရန်နိုင်က . . .

'ဒီလူ ဘယ်လိုဖြစ်ပြီး သေတယ်လို့ ဒေါက်တာယူဆပါသလဲ'

'သူသေတာက ထူးထူးဆန်းဆန်း သေတာမျိုးပဲ'

'မတော်တဆဖြစ်ပြီး သေတာလား၊ ရာဇဝတ်မှုလားဆိုတာ သိချင်လို့ ဒေါက်တာ့ကိုမေးတာပါ'

'အခုမှ ရင်ခွဲစစ်ဆေးတာ အစပိုင်းပဲရှိသေးတယ်။ အခုလို ကေ့(စ်)မျိုးမှာ အဏုကြည့်မှန်ပြောင်းနဲ့ကြည့်ပြီး စစ်ဆေးတာက ပိုကောင်းတယ်။ ဆိုပါစို့ . . ဒီလူရဲ့လက် ဘာကြောင့် ပေါက်နေသလဲ ဆိုတာ ကျွန်တော် ဘယ်လိုမှ မပြောနိုင်ဘူး ဖြစ်နေတယ်'

သေဆုံးသူ ဒုံကြီး၏ လက်ဝါးပြင်မှ အပေါက်ကို ထောင်၍ ပြရင်း ဒေါက်တာစိန်ခိုင်က . . .

'ဒဏ်ရာက ညီညာပြီး ဝိုင်းစက်နေတာပဲ'

စစ်ရန်နိုင်က . .

'သေနတ်မှန်တဲ့ အပေါက်ကော မဖြစ်နိုင်ဘူးလား'

ဒေါက်တာစိန်ခိုင်က ပခုံးတွန့်လျှက် . .

'သေနတ်မှန်ရင် ဘယ်လိုနေမယ်ဆိုတာ ခင်ဗျားကပိုပြီး သိမှာပါ'

စစ်ရန်နိုင်က ဒဏ်ရာကို သေချာစွာကြည့်ရင်း

'သေနတ်မှန်တဲ့ ဒဏ်ရာမျိုးလည်း မဖြစ်နိုင်ဘူး'

ဒေါက်တာစိန်ခိုင်က . . .

'ဒါ . . သေနတ်မှန်တဲ့ ဒဏ်ရာမဟုတ်ဘူး။ သေနတ်မှန်ပြီး ပေါက်ထွက်သွားတယ်ဆိုရင်လည်း ကျည်ဆန်ရဲ့ အရှိန်ဟာ အလင်းရဲ့ အလျှင်နီးပါးလောက်ကိုမြန်ရမယ်။ အပူချိန်အင်အားကလည်း





အင်မတန်မြင့်မားနေရလိမ့်မယ်။ ဒီဒဏ်ရာရဲ့ နှုတ်ခမ်းသားပတ်လည်မှာ အလွန်ပြင်းတဲ့ အပူရှိန်နဲ့ လောင်ကျွမ်းထားတာကို တွေ့တယ် မဟုတ်လား။ ဒီအပေါက်ဝိုင်းနေရာမှာရှိတဲ့ အရေပြားတွေ၊ တစ်သျှူးတွေ၊ အရိုးတွေ ဘယ်ရောက်ကုန်သလဲ၊ ခင်ဗျား စောစောကပြောတော့ အခင်းဖြစ်တဲ့နေရာမှာ သွေးစ၊ သွေးနတွေ လုံးဝမတွေ့ရဘူးလို့ ပြောထားတယ် မဟုတ်လား'

ဒေါက်တာစိန်ခိုင်က မျက်မှောင်တွန့်လျှက် . . .

'အရည်ပျော်ကျနေတဲ့ သတ္တုပရိဘောဂပစ္စည်းတွေ၊ မှန်တွေ ဟုတ်လား အံ့ဩစရာပဲ'

စစ်ရန်နိုင်က အခန်းတွင်း၌ တွေ့ရှိရသော အခြေအနေကို ဒေါက်တာစိန်ခိုင်အား ရှင်းပြလိုက်သည်။

ဒေါက်တာစိန်ခိုင် ခေါင်းတရမ်းရမ်း ဖြစ်သွားသည်။

'အင်း . . . တော်တော် အဖြစ်ဆိုးတဲ့ ကိစ္စပဲ'

စစ်ရန်နိုင်က

'အခု . . ကျွန်တော်ပြောပြတဲ့ အခြေအနေကို ဒေါက်တာ့ အနေနဲ့ ဘယ်လိုများ ထင်သလဲ'

'အင်း . . ကျုပ်ရဲ့ အထင်ကို ခင်ဗျားကြားရရင် လက်ခံနိုင်မယ် မထင်ဘူး။ ကျုပ်ကိုယ်တိုင်လည်း ဒီလိုထင်မြင်ချက်မျိုးကို သိပ်သဘောမကျလှဘူး'

'ဒေါက်တာ့ ထင်မြင်ချက်ကို ပြောပြပါဦး'

'ကောင်းပြီ . . ခင်ဗျားကို ကျုပ်ပြမယ်'

ဒေါက်တာစိန်နိုင်က သတ္တုထောက်တစ်ခုကို သွား၍ယူသည်။ အလောင်း၏အထက် အောက် နှုတ်ခမ်းအစုံကို ဟ၍ သတ္တုထောက်ဖြင့် ထောက်ထားလိုက်သည်။ ထိုအခါ အလောင်း၏ ပါးစပ်အတွင်းမှ သွားများအကုန်ပေါ်၍ လာပေသည်။ အလောင်း၏ မျက်နှာပြင်မှာ ကြောက်မက်ဖွယ်ရာ ပို၍ကောင်းလာလေသည်။

ဗညားဝင်းက မျက်နှာခပ်လွှဲလွှဲထားပြီး

'ဒေါက်တာလုပ်ပုံနဲ့တော့ ကျွန်တော်တို့ သရဲကားကြည့်ရသလို ဖြစ်နေပြီ'

စဝ်ရန်နိုင်က ပါးစပ်အတွင်းပိုင်းမှ သွားများကိုကြည့်လိုက်၏။ သွားများမှာယိုင်နဲ့၍ ဝါကျင့်ပြီး ညစ်ပတ်ပေကျံနေပေသည်။ ထို့ပြင် ရှေ့သွားများမှာ သိသာစွာ ပျက်စီး၍နေပေသည်။

စဝ်ရန်နိုင်က . . .

'သွားတွေကိုတော့ မြင်ရပါပြီ။ ကျွန်တော်က ဆရာဝန်မဟုတ်တော့ လူ့ခန္ဓာဗေဒနဲ့ပတ်သက်ပြီး သိပ်မကျွမ်းကျင်ဘူး။ ကျွန်တော် ဘာဆက်ပြီး ကြည့်ရဦးမလဲ'

ဒေါက်တာစိန်နိုင်က . . .

'ရှေ့သွားတွေကို ခင်ဗျား သေသေချာချာကြည့်ပါ'

'ကျွန်တော် သတိထားမိပါတယ်။ ရှေ့သွားတွေအားလုံး ပျက်စီးနေတယ်'

ဒေါက်တာစိန်နိုင်က သတ္တုထောက်ကို ဖြုတ်လိုက်ပြီး

'အဓိကအချက်က အဲဒီရှေ့သွားက စတာပဲဗျ'





စဝ်ရန်နိုင်က . . .

'ရှေ့သွားတွေနဲ့ပတ်သက်ပြီး ဒေါက်တာ ဘာအချက်တွေ သိထားလို့လဲ'

ဒေါက်တာစိန်နိုင်က . .

'သွားတွေ ဒီလိုပျက်စီးသွားတာဟာ ဓါတ်ရောင်ခြည်သင့်လို့ပဲဖြစ်ရမယ်'

စဝ်ရန်နိုင် မျက်မှောင်ကြုတ်လိုက်မိသည်။ ထိုအချက်ကို လွယ်လွယ်နှင့် သူလက်မခံနိုင်ပေ။

ဒေါက်တာစိန်နိုင်က မသိမသာရယ်လိုက်ပြီး . .

'ကျုပ်ရဲ့ထင်မြင်ချက်ကို ခင်ဗျားအနေနဲ့ အလွယ်တကူ လက်ခံနိုင်မှာ မဟုတ်ဘူးလို့ ကျုပ်ပြောခဲ့သားပဲ'

စဝ်ရန်နိုင် ငြိမ်၍ ကြည့်ရင်း နားထောင်နေပေသည်။

ဒေါက်တာစိန်နိုင်က လေးနက်စွာ ဆက်၍ပြောသည်။

'ကျွန်တော့်ယူဆချက်ကို ပြောမယ်။ သေသူရဲ့လက်မှာ ညီညာနေတဲ့ အပေါက်ဖြစ်နေတာရယ်။ ရှေ့သွားတွေမှာ ကြေသားတွေ အားလုံးပျက်စီးကုန်တာရယ်ကို ခင်ဗျားကိုယ်တိုင်လည်း မြင်တယ်နော်'

'မြင်ပါတယ် . . အဲဒီတော့'

'ကျွန်တော် စဉ်းစားမိတာကတော့ သေသူရဲ့လက်ထဲကို ရေဒီယိုသတ္တိကြွမှု အလွန်ပြင်းထန်တဲ့ သတ္တုတုံးတစ်တုံး တစ်ယောက်ယောက်က ထည့်ပေးလိုက်တာပဲ ဖြစ်နိုင်တယ်။ အဲဒီသတ္တုတုံးက

ဓါတ်ရောင်ခြည်ဖြာပြီး သူ့ရဲ့လက်ဟောင်းလောင်းဆေါက် ဖြစ်သွားတယ်။ နောက်ပြီး အဲဒီသတ္တုတုံးက ဓာတ်ရောင်ခြည်အဆိပ်ထပ်သင့်ပြီး သွားတွေက ကြွေသားတွေအားလုံး ကုန်သွားတယ်'

စစ်ရန်နိုင်က . .

'အတော်လေး ခက်ခဲတဲ့ ယူဆချက်ပဲ'

'ခင်ဗျားအနေနဲ့ လွယ်လွယ်လက်ခံနိုင်မှာ မဟုတ်ဘူး'

စစ်ရန်နိုင်က . . .

'သေတဲ့လူရှိနေခဲ့တဲ့ အခန်းထဲမှာ ကျွန်တော် သေသေချာချာကြည့်ပြီးပါပြီ။ ဘာသတ္တုတုံးတစ်တုံးကိုမှ မတွေ့မိခဲ့ဘူး။ ဒေါက်တာအနေနဲ့ကော သူ့ကိုယ်ပေါ်မှာ ဓာတ်ရောင်ခြည်ဖြာထွက်နေတာမျိုး ရှိမရှိကော စစ်ဆေးကြည့်သေးသလား'

ဒေါက်တာစိန်နိုင်က ခေါင်းညိတ်လိုက်သည်။

'ဒါ အရေးကြီးတဲ့အချက်ပဲ။ ဓာတ်ရောင်ခြည်ရှိမရှိ စစ်ဆေးကြည့်တဲ့အခါ ဓာတ်ရောင်ခြည်ဖြာထွက်နေတာမျိုး မရှိဘူး။ ဒါကြောင့် သေသူကို ကျုပ်အနေနဲ့ ရဲရဲတင်းတင်း ခွဲစိတ်ကြည့်ရဲတာပေါ့။ ဒါမှမဟုတ်ရင် ကျုပ်ကိုပါ ရောပြီး ဓာတ်ရောင်ခြည်သင့်နိုင်တယ်လေ'

'အင်း . . ဒီပြဿနာက ပိုပြီး ရှုပ်ထွေးလာပြီ။ ရေဒီယိုသတ္တုကြွမှုမြင့်မားတဲ့ သတ္တုတုံးကိစ္စပါ ပါလာပြီ။ တိုက်တေနီယမ်တို့ ပလူတိုနီယမ်တို့လို သတ္တုမျိုးပေါ့။ ဒါမျိုးကလည်း တော်ရုံတန်ရုံ လူတစ်ယောက်ဆီမှာရှိဖို့ သိပ်ခက်ခဲတဲ့ကိစ္စပဲ။ ဒီလိုသန့်ရှင်းရေးအလုပ်သမားတစ်ယောက်ကို အခုလို ခက်ခက်ခဲခဲ သေသွားလောက်အောင်





လုပ်စရာအကြောင်းလည်းမရှိနိုင်ဘူး။ ဒါပေမဲ့ ဒေါက်တာပြောတဲ့အချက်ကို အလေးအနက်ထားပြီး ကျွန်တော်စဉ်းစားပါ့မယ်။ ဒီလိုအခြေအနေမျိုး ဖြစ်နိုင်သလားဆိုတာကို ကျွန်တော့်ရဲ့ လူတွေဆီစုံစမ်းကြည့်ပါ့မယ်။ ခဏလောက် . . ဒေါက်တာ၊ ကျွန်တော် ဖုန်းဆက်ကြည့်ပါရစေ'

'ဆက်ပါဗျာ . . ဆက်ပါ'

စစ်ရန်နိုင် စားပွဲကစ်လုံးပေါ်၌ရှိနေသည့် တယ်လီဖုန်းဆီသို့လျှောက်သွားသည်။

ထိုအချိန်၌ ကျယ်လောင်စွာ အဆက်မပြတ်ဆိုးလိုက်သည့်ချောင်းသံပေါ်လာသည်။ ရင်ခွဲရုံအလုပ်သမား ခင်မောင်လတ်လက်များကိုဆေးကြောနေရင်းမှ ချောင်းဆိုးလိုက်ခြင်းဖြစ်သည်။

ဒေါက်တာစိန်နိုင်က လှမ်း၍

'ဟေ့ကောင် . . ခင်မောင်လတ်။ မင်းချောင်းဆိုးတာကြည့်ရတာ မသက်သာလိုက်တာ'

ခင်မောင်လတ်က . . .

'ကျွန်တော် အအေးမိချောင်းဆိုးပြီး ဖျားချင်နေတယ်။ ကျွန်တော်လည်း ခပ်ပေါ့ပေါ့ပဲ နေမိတယ်။ အခု . . ချမ်းစိမ့်နေတယ် ဒေါက်တာ'

'ကဲ . . ကဲ . . အိမ်ပြန်။ အနားယူ ဆေးသောက် . . အရည်သောက်ပဲသောက်'

'ကျွန်တော့်အလုပ် နည်းနည်းကျန်သေးတယ် ဒေါက်တာ။

ပုလင်းတွေပေါ်မှာ အမျိုးအမည်ခွဲပြီး စာကပ်ပေးစရာ ကျန်သေးတယ်'

'ထားလိုက်တော့။ ဒို့ပြင် လူတစ်ယောက်ကို မင်းအစား လုပ်နိုင်းလိုက်မယ်'

'ဟုတ်ကဲ့ . . ကျေးဇူးပါပဲ ဒေါက်တာ'

ခင်မောင်လတ်၏ အလုပ် မည်သူ့ကို နိုင်းရမည်နည်းဟု ဒေါက်တာစိန်နိုင် စဉ်းစားနေသည်။

× × × × × × ×



## အခန်း (၈)

နေရောင်ခြည်သည် ကြည်လင်စွာ တောက်ပနေ၏။

နှင်းမြူများ ရစ်သိုင်းခြုံလွှမ်းနေသည့် တောင်တန်းပြာပြာကို အဝေးဆီ၌ လှမ်း၍တွေ့မြင်နေရသည်။ မြေပြင်ပေါ်၌ ကပ်၍ပေါက်နေသော ဆူးနှင်းဆီအရောင်တောက်တောက်တို့အပေါ်၌ နှင်းပွင့်ကလေးများခိုတွဲ၍နေသည်။ နေခြည်လက်ဖြာချိန်၌ စိန်ပွင့်ကလေးများပမာ လင်းလက်တောက်ပကြပေသည်။

အရောင်အသွေးလှပစုံလင်လှသည့် သဘာဝရှုခင်းများကို မျိုးတစ်ယောက် ယခုမှပင် သတိပြုခံစားမိရတော့သည်။

သူနေထိုင်ရာ တိုက်ခန်း၏နောက်ဘက် ခြံစပ်သို့ ဦးတည်၍

လျှောက်လာသည်။ ခြံအစပ်သဲမြေပြင်ပေါ်သို့အရောက်တွင် သူခန့်မှန်းထားသည့်အရာများကို တွေ့လိုက်ရသည်။ ချူး ယမန်နေ့က တွေ့ခဲ့ရသည့် အဖြူရောင်လေးထောင့်သတ္တုခွံ သတ္တုပြားကလေး သို့မဟုတ် အဖြူရောင်ကျောက်ပြားကလေးနှင့် တစ်ပုံစံတည်းတူညီသည်။

ချူးက သတ္တုကျောက်ပြားကလေးငါးခုကို ကောက်ယူပြီး တစ်ခုချင်း အိတ်တစ်လုံးစီ၌ သေချာစွာထည့်သည်။

သူ့အတွက် လိုအပ်ချက်လုပ်ငန်းများ ပြီးပြည့်စုံသွားပေပြီ။

ချူး သူ၏ အခန်းသို့ပြန်ရောက်သည်။ ဝတ်ရည်သိမ့် အိပ်ပျော်နေဆဲပင် ရှိသေးသည်။

နာရီနှိုးစက်မည်သံကြောင့် ဝတ်ရည်သိမ့်၏ မျက်လုံးအစုံ ပွင့်လာသည်။ ချူးဘက်သို့ စောင်း၍ကြည့်မိသည်။ သူမဘေး၌ ချူး ရှိမနေပေ။

ပုံမှန်အတိုင်းဆိုလျှင် သူမက အရင်စော၍ အိပ်ရာထလေ့ရှိသည်။ နေထိုင်မကောင်း၍ အိပ်ရာစောစော ထသလားဟုတွေး၍ သူမ စိတ်ပူသွားသည်။ သူမ အပေါ်အင်္ကျီတစ်ထည် ကောက်ဝတ်လျှက် ဧည့်ခန်းဘက်သို့ ထွက်လာသည်။

အလှမွေးငါးများထည့်ထားသည့် မှန်ပုံးအနီး၌ ချူးကို မြင်လိုက်ရသည်။ သူမကို သတိပြုမိပုံမရ။ ချူးက မှန်ပုံး၏ဘေးရှိ မှန်နံရံပေါ်၌ လက်ညှိုးကိုထောက်ထားသည်။ ချူး၏ လက်ညှိုးထိပ်မှ ရောင်စုံအလင်းတန်းများ တောက်ပစွာဖြာထွက်နေ၏။

ဝတ်ရည်သိမ့်မှာ ထိုမြင်ကွင်းကို မလှုပ်မယှက် ငေး၍ကြည့်





နေမိသည်။ ညှို့ချက်မိထားသည့်အလား ဝတ်ရည်သိမ့် အံ့သြစွာ ကြည့်နေမိခြင်းပင်ဖြစ်သည်။

မှန်ပုံးအတွင်းရှိ ငါးများ ချူး၏ အရောင်ဖြာထွက်နေသော လက်ညှိုးထိပ်ရှိရာသို့ စုပြုံ၍ကူးလာကြသည်။ ချူးက သူ၏လက်ညှိုးကို မှန်ပုံးအပြင်မှ တဖြည်းဖြည်း ရွှေ့နေသည်။ သူ၏လက်ညှိုးရှိရာသို့ ငါးများကူး၍လိုက်လာကြသည်။

ဝတ်ရည်သိမ့် ငြိမ်၍ရပ်ကြည့်နေရာမှ

'ချူး . . ဒါ . . ဘယ်လို လုပ်ထားတာလဲဟင်'

ချူး ခါးကုန်းနေရာမှ ထ၍ရပ်သည်။ သူ၏လက်ညှိုးကို ရုပ်လိုက်သည်နှင့် ငါးများတစ်ဘက်သို့ ပြန်ကူးသွားကြသည်။

ချူးက မသိမသာပြုံးလိုက်ပြီး

'သိမ့် . . ရောက်လာတာ ကိုယ်မသိလိုက်ဘူး'

'မှန်ပုံးထဲက ငါးတွေ၊ ရှင့်လက်ညှိုးထိပ်မှာစုလာအောင် ဘယ်လိုလုပ်ထားတာလဲဟင်'

ချူးက ခပ်ပေါ့ပေါ့ ရယ်လိုက်သည်။

'ဒါတော့ ကိုယ်လည်း မပြောတတ်ဘူး။ ငါးလေးတွေက အစာကျွေးတယ်ထင်ပြီး စုလာတာဖြစ်ပါလိမ့်မယ်'

ချူးကပြောရင်း ဝတ်ရည်သိမ့်အနီးသို့ လျှောက်လာသည်။ ချူး၏ မျက်နှာပေါ်၌ အပြုံးများ ချိုလွင်တောက်ပနေ၏။

ဝတ်ရည်သိမ့်၏ ပခုံးကိုဖက်လိုက်ပြီး

'သိပ်လှတာပဲ သိမ့်ရယ် . .'

ဝတ်ရည်သိမ့်က သူမ၏ဆံနွယ်များကို နောက်ကျောဘက်သို့ ဖြာ၍ချလိုက်ရင်းမှ . .

'ဒီနှစ် မယ်ကမ္ဘာပြိုင်ပွဲမှာ ဝင်ရွေးကြည့်မယ်လေ'

ချူးက ရယ်နေသည်။ ချူး၏မျက်လုံးအစုံကို ဝတ်ရည်သိမ့် သတိထားကြည့်လိုက်၏။ သူ၏မျက်နက်ဝန်းများမှာ ထူးခြားစွာ တောက်ပနေပြီး မျက်သားများမှာလည်း ပုံမှန်ထက်ပို၍ ဖြူဖွေးနေသည်။

သူမက မသိမသာ မျက်မှောင်ကြုတ်လျှက်

'ချူး . . ဒီမနက် ရှင့်ကိုကြည့်ရတာ တော်တော်လေး ထူးခြားနေသလိုပဲ။ ရှင် . . ဘာဖြစ်နေတာလဲ'

'ဘာမှ မဖြစ်ပါဘူးကွာ။ အခုမှ ကိုယ်နေ့လို ထိုင်လို ပိုကောင်းလာသလိုပဲ'

ချူးက သူမကို ယုယစွာထွေးပွေ့ထားလိုက်သည်။

ခဏကြာမှ ဝတ်ရည်သိမ့်က ချူးဘက်သို့လှည့်လိုက်ပြီး

'ကျွန်မ ရေချိုးလိုက်ဦးမယ်။ လက်ဖက်ရည် ဖျော်ထားလိုက်နော် . .'

'ဖျော်ပြီးပြီ . . သိမ့်ရဲ့'

ဝတ်ရည်သိမ့်က သူ၏ ရင်ခွင်အတွင်းမှ အသာထွက်၍ ရေချိုးခန်းဘက်ထွက်လာသည်။

ရေချိုးခန်းအတွင်း ရောက်လာသည်အထိ ချူးအကြောင်းကိုသာ သူမ တွေးနေမိသည်။ အထူးသဖြင့် သိသာစွာ ပြောင်းလဲလာ





သော ချူး၏ အမူအကျင့်များအကြောင်းပင် ဖြစ်သည်။

× × × × × × ×

ညဦး တစ်နာရီလေးဆယ့်ငါးမိနစ် . . .။

ရှေ့မီး နောက်မီးဖွင့်ထားခြင်း မရှိသည့် ဖောလ်ဗိုအမျိုးအစားကားတစ်စီး ဆေးဘက်ဆိုင်ရာ သေမှုသေခင်း အထူးစုံစမ်းစစ်ဆေးရေးဌာနအနီး၌ ညင်သာစွာ ရပ်တန့်လိုက်၏။ ထိုကား၏ဘေး၌ ရင်ခွဲရုံသုံးကားတစ်စီးရပ်ထားသည်။

ဖော်လ်ဗိုကား၏ရှေ့ခန်း၌ ချူးနှင့် ရင်ခွဲရုံ အထွေထွေအလုပ်သမားဖြစ်သူ ခင်မောင်လတ်တို့ နှစ်ဦးတည်းသာရှိကြသည်။

ချူးက . . .

'အဆင်ပြေနိုင်ပါ့မလား'

ခင်မောင်လတ်က

'ပြေပါတယ်။ ဒီအချိန်ဆိုတာ အောက်ဘက်ခန်းက သန့်ရှင်းရေးအလုပ်သမား အံပေါ်ထပ်ရောက်နေလောက်ပြီ'

'လုံခြုံရေးတွေနဲ့ကော တွေ့နိုင်သလား'

'တွေ့ဖို့ မလွယ်ပါဘူး'

ကားပေါ်မှ နှစ်ဦးသားဆင်းသည်။

အအေးခန်းတံခါးရှိရာသို့ လျှောက်လာကြသည်။

ခင်မောင်လတ်က အအေးခန်းတံခါးကို အသင့်ပါလာသည့် သော့ဖြင့်

ဖွင့်လိုက်၏။ အတွင်းဘက်သို့ ရောက်သွားကြသည်။ ခင်မောင်လတ်က လက်တွန်းလှည်းတစ်စီး သွားယူသည်။ ထို့နောက် လက်တွန်းလှည်းပေါ်သို့ ဒုံကြီး၏ အလောင်းကိုတင်လိုက်ကြသည်။

နှစ်ဦးသား လက်တွန်းလှည်းကို တွန်းယူလာကြသည်။ အချိန်အနည်းငယ် အတွင်းမှာပင် ချူး၏ကားပေါ်သို့ ဒုံကြီး၏ အလောင်းရောက်သွားသည်။ ချူးက ကားပေါ်သို့ ပြန်တက်လိုက်၏။ ခင်မောင်လတ်က လက်တွန်းလှည်းကို ပြန်၍ထားသည်။

ခင်မောင်လတ် ပြန်ရောက်လာသောအခါ၌၊ ကားဖြင့် နှစ်ဦးသား မောင်းနှင်ထွက်ခွာလာကြသည်။

ကားမှာ ပြန့်ပြူးညီညာနေသည့် သဲကန္တာရလွင်ပြင်ဆီသို့ ဦးတည်၍မောင်းနှင်နေပေသည်။ မိနစ်အနည်းငယ်ကြာလျှင် ကားလမ်းမပေါ်မှ ဖဲ့ဆင်း၍ မြေညီလမ်းအတိုင်း ဆက်လက်မောင်းနှင်လာသည်။ နာရီဝက်မျှကြာလျှင် လွင်တီးခေါင်းနေရာတစ်ခုသို့ ရောက်လာကြသည်။

'ဒါလောက်ဆို ဘယ်သူမှ မမြင်နိုင်၊ မသိနိုင်တော့ဘူး'

ချူးက ပြောလိုက်ခြင်းဖြစ်သည်။

ခင်မောင်လတ်က

'သိပ် သေချာတာပေါ့ကွာ'

ထို့နောက် နှစ်ဦးသား ဒုံကြီး၏ အလောင်းကို သယ်မသွားကြသည်။ အလောင်းကို ကြီးမားသောကျောက်တုံးကြီးတစ်တုံးပေါ်၌ ပက်လက်လှန်၍တင်ထားလိုက်၏။





ညမှာ မှောင်မိုက်နေ၏။

ကြယ်ပွင့်ကလေးများ၏ အလင်းရောင် မှုန်ပျပျသာလင်း၍နေ၏။

ချူးက ကောင်းကင်ကို တစ်ချက်မော့ကြည့်လိုက်ပြီး

'အားလုံး အဆင်သင့်ဖြစ်ပြီလား'

ခင်မောင်လတ်က နောက်ဘက်သို့ ခြေလှမ်းအနည်းငယ်မျှ ဆုတ်လိုက်ပြီး လက်မကို ထောင်ပြလိုက်သည်။

'အဆင်သင့်ပဲ'

ချူးက သူ၏အိတ်ထဲမှ သတ္တုကျောက်ပြားကလေးကို ထုတ်ယူလိုက်၏။ နံနက်ပိုင်းက ခြံစပ်၌ သူကောက်ယူလာခဲ့သော သတ္တုစပ်ကျောက်ပြားကလေးများထဲမှ တစ်ခုဖြစ်သည်။ ချူးက ထိုသတ္တုစပ်ကျောက်ပြားကလေးကို အလောင်း၏ရင်ဘတ်ပေါ်၌ တင်ထားလိုက်သည်။

တစ်ခဏအတွင်းမှာပင်၊ သတ္တုစပ်ကျောက်ပြားလေးထောင့်ကလေးမှ အလင်းရောင်များဖြာ၍ထွက်လာသည်။

ချူးက . .

'နောက်ဆုတ်ကြရအောင်'

နှစ်ဦးစလုံး နောက်ဘက်သို့ ပေခြောက်ဆယ်ကျော် ဆုတ်လိုက်ကြသည်။ အလင်းစက်ဝိုင်းများထပ်မံ၍ ထွက်လာသည်။ ဒုံကြီး၏အလောင်းမှ အရောင်များပါ ထိုး၍ထွက်ပေါ်လာသည်။ ရောင်ခြည်စက်ဝိုင်းများ ပို၍ကျယ်လာပြီး အလောင်းတစ်ခုလုံးကို

ဖုံးလွှမ်းသွားသည်။

လေပြင်းများ တဝေါဝေါတိုက်ခတ်လာသည်။ သဲမှုန်များ၊ ကျောက်တုံးအသေးများ၊ ကျောက်တုံးအကြီးများ အလောင်းဆီသို့ လွင့်ပျံတက်လာကြသည်။ နားကွဲလုမတတ် ကျယ်လောင်သော အသံကြီးများ အဆက်မပြတ်ပေါ်လာသည်။ အလောင်းရှိရာ နေရာဆီမှ စုပ်၍ဆွဲယူသော ဆွဲအားတစ်ခု ချက်ချင်းပေါ်၍လာ၏။

နှစ်ဦးစလုံး၏ခန္ဓာကိုယ်ပေါ်မှ အဝတ်များ တဖျတ်ဖျတ် လွင့်ခါဟက်နေကြသည်။ ချူးနှင့် ခင်မောင်လတ်တို့ တစ်ဦးကိုတစ်ဦး လက်တွဲထားပြီး လွင့်ပါမသွားစေရန် ခြေအစုံကိုအားပြု၍ကန်ပြီး ရပ်နေကြသည်။

အလင်းစက်ဝိုင်းကြီးများ ဆက်တိုက်ပေါ်လာပြီး အသံများ ချက်ချင်းပျောက်ကွယ်၍သွားပေသည်။ အလောင်းတင်ထားရာ ဗဟို ချက်ဆီမှ မြေကြီးများသိမ့်ခနဲ တုန်ခါသွားသည်။

အဖြူရောင်သတ္တုစပ်ကျောက်ပြားကလေးနှင့်အတူ အလောင်း၊ ကျောက်တုံးကျောက်ခဲများ၊ အမှိုက်များ ချက်ချင်းပင် မြင်ကွင်းမှ ပျောက်ကွယ်၍သွားပေသည်။ အလောင်းတင်ထားသည့် ကျောက်တုံး ကြီးတစ်ခုလုံးမှာလည်း မီးလောင်ကျွမ်းသကဲ့သို့ ဖြစ်သွားပြီး တွန့်လိမ် ချွန်ထွက်လာလေသည်။

ချူးက ကျောက်တုံးကြီးအနီးသို့ ကပ်သွားပြီး အခြေအနေကို တစ်ချက်ကြည့်လိုက်သည်။

ချူး ကျေနပ်စွာ ရယ်မောလိုက်ပြီး





'ဒီအလောင်းကောင် ပျောက်သွားတာနဲ့ ပတ်သက်ပြီး၊ သူတို့ အားလုံး ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားလိမ့်မယ်'

ခင်မောင်လတ်က ခေါင်းညိတ်လိုက်သည်။

'သိပ်သေချာတာပေါ့။ ဒီရက်ပိုင်းအတွင်း သူတို့အားလုံး ဘာလုပ်ရမှန်းမသိ ဖြစ်ကုန်ကြမှာ သေချာတယ်'

'ကောင်းတယ် . . ဒီလို အခြေအနေမျိုးကို လိုချင်တာ'

× × × × × × ×

## အခန်း (၉)

ဝတ်ရည်သိမ့်က ခြေလှမ်းခပ်မြန်မြန်ဖြင့် သန်းဆွေထိုက်နောက်မှ လိုက်ပါလာသည်။ ဆေးရုံအရေးပေါ်ဌာန၏ ကျောင်းသားဆောင်ဘက်သို့သွားသည့် စင်္ကြံလမ်းအတိုင်း လျှောက်လာကြခြင်းဖြစ်သည်။

'သီပ်တော့ အချိန်မရဘူးနော် . . သန်းဆွေထိုက်'

ဝတ်ရည်သိမ့်က သူမတက်ရမည့် အတန်းအတွက် အချိန်မမီမှာ စိုး၍ပြောခြင်းဖြစ်သည်။

သန်းဆွေထိုက်က . . .

'ခဏလေးပါ။ နောက်မကျသေးရင် နင်ကြည့်လို့ရမှာပါ'





ချူး ဆေးရုံတက်စဉ်အခါက နေသွားခဲ့သည့်အခန်းရှေ့သို့ရောက်လာသည်။ အခန်းထဲသို့ ဝင်၍ မရသေးသဖြင့် ရပ်၍စောင့်ကြည့်နေရသည်။ တွန့်လိမ်ကောက်ကွေးနေသည့် ခုတင်ကို အလုပ်သမားနှစ်ဦးက အပြင်ဘက်သို့ သယ်ထုတ်နေကြသည်။

သန်းဆွေထိုက်က လက်ညှိုးထိုးလျှက် . .

'ခုတင်ခေါင်းရင်းဘက် ပြတင်းပေါက်က အကာတွေကိုကြည့်လိုက်စမ်း'

ဝတ်ရည်သိမ့်က လှမ်း၍ကြည့်လိုက်ပြီး

'အပူရှိန်ပြင်းလွန်းလို့ သတ္တုပစ္စည်းတွေ အရည်ပျော်ကုန်တာပဲဖြစ်ရမယ်'

အခန်းထဲသို့ သူတို့နှစ်ဦးဝင်သွားကြသည်။ အခန်းထဲ၌ အလုပ်သမားများ အလုပ်ရှုပ်နေကြသည်။ သတ္တုဘောင်များ၊ မျက်နှာကြက်မှ သတ္တုချောင်းများကို ချွတ်နေကြသည်။

ဝတ်ရည်သိမ့်က . . .

'ဒီအခန်းထဲမှာ အခုလို ဘာဖြစ်လို့ ဖြစ်ကုန်ရတာလဲ'

'အခုထိ ဘာမှ ရေရေရာရာ မသိရသေးဘူး။ အလောင်းကိုကြည့်ပြီး ခန့်မှန်းချက်ပေးတာကတော့ အဏုမြူဓာတ်ရောင်ခြည်သင့်တယ်လို့ ထင်ထားတယ်။ ဒါပေမယ့် ဒီအခန်းထဲမှာ လိုက်ပြီးစမ်းသပ်ကြည့်တော့ ဓာတ်ရောင်ခြည်ဖြာထွက်တဲ့ လက္ခဏာမျိုး လုံးဝမတွေ့ရဘူး'

ဝတ်ရည်သိမ့် သက်ပြင်းချလိုက်သည်။

'ချူးရဲ့ အနေအထိုင် အပြောအဆိုတွေ သိသိသာသာ ပြောင်းတာတော့ အမှန်ပဲ။ အခု ဒီအခန်းထဲမှဖြစ်ခဲ့တဲ့ကိစ္စနဲ့ ချူးနဲ့ ပတ်သက်မယ်လို့ နင်က ထင်ထားတာလား'

'ငါတော့ သေသေချာချာ မပြောတတ်ဘူး။ ချူးရဲ့ အပြုအမူတွေ သိသိသာသာပြောင်းနေတာ နင်ပြောမှ ငါသိရတာ။ အခုလို ပြဿနာ မဖြစ်ခင်တစ်ရက်မှာ ဒီအခန်းထဲမှာပဲ သူနေသွားခဲ့တာ မဟုတ်လား'

'အတော်လေး ထူးဆန်းနေပါလား . .'

သူမက တွန့်လိမ်ကွေးကောက်နေသော သတ္တုစင်တစ်ခု အနီးသို့လျှောက်သွားသည်။ အခန်းတွင်းရှိ သတ္တုပစ္စည်းများမှာ ထူးဆန်းစွာကောက်ကွေး တွန့်လိမ်လျက်ရှိနေကြပေသည်။

ပြတင်းပေါက်ကို ပြုပြင်နေသော မျက်နှာရှည်ရှည် အလုပ်သမားတစ်ဦးနှင့် သူမ မျက်လုံးချင်းဆုံလိုက်မိသည်။ ထိုအလုပ်သမားက သူမကိုစူးစူးစိုက်စိုက် ကြည့်နေသည်။ ထိုအလုပ်သမားက သူမကို ခြေဆုံး၊ ခေါင်းဆုံး အထပ်ထပ်၊ အပြန်ပြန် စူးစူးရှရှ ကြည့်၍နေပေသည်။

သန်းဆွေထိုက်က နံရံပေါ်ရှိ တိုင်ကပ်နာရီကို အမှတ်မထင် ကြည့်လိုက်မိသည်။ နာရီမှ လက်တံများ တွန့်လိမ်၍ ပြုတ်ကျနေသည်ကို သတိပြုလိုက်မိသည်။

ဝတ်ရည်သိမ့်က သန်းဆွေထိုက်၏ လက်မောင်းကိုဆွဲကိုင်လိုက်၏။





'ငါတို့သွားကြရအောင်'

ပြောပြောဆိုဆိုနှင့် ဝတ်ရည်သိမ့် အခန်းအပြင်သို့ ခြေလှမ်းသွက်သွက်နှင့် ထွက်သွားသည်။

သန်းဆွေထိုက်က သူမ၏နောက်မှ ပြေး၍လိုက်သွားရသည်။

'ခဏနေစမ်းပါဦးဟ . .'

သူမက ခြေလှမ်းများကို ပုံမှန်အတိုင်း လျှောက်လိုက်ပြီး

'ပြတင်းပေါက်မှ အလုပ် လုပ်နေတဲ့ လူက ငါ့ကို သေသေချာချာစိုက်ပြီးကြည့်နေတာ နင် သတိထားလိုက်မိသလား'

သန်းဆွေထိုက် ခေါင်းခါလိုက်၏။

'ဟင့်အင်း၊ ငါ သတိမထားမိလိုက်ဘူး။ သူက ဘယ်လိုပုံစံနဲ့ ကြည့်လို့လဲ။ သူတို့က အလုပ်သမားတွေဆိုတော့ နင့်ကိုနည်းနည်းပါးပါး ဂရုစိုက်ပြီး ကြည့်မိတာဖြစ်မှာပေါ့'

'နင်ထင်သလို ရိုးရိုးသားသား ကြည့်တာမဟုတ်ဘူး။ ဟို ရှုထန်တဲ့အကြည့်မျိုးနဲ့ကြည့်နေပြီး အတင်းပဲ ထဆွဲတော့မယ့် အတိုင်းပဲ။ ဒီလိုအကြည့်မျိုးက ဘာလဲဆိုတာ မိန်းမတွေပဲ နားလည်လိမ့်မယ်။ ကြောက်စရာ သိပ်ကောင်းတာပဲဟာ'

'ဒါဆို . . အဲဒီလူကို ငါသွားပြီး မေးကြည့်မယ်လေ'

'တော်စမ်းပါဟာ . .'

သူတို့နှစ်ဦး အရေးပေါ်ဌာနရှိ အခန်းထဲမှ ပြန်ရောက်လာကြသည်။

ဝတ်ရည်သိမ့်က . . .

'နင် . . အဲဒီအခန်းကို လိုက်ပြ၊ ပြောပြတာ ကျေးဇူးတင်ပါ တယ်ဟာ။ ဒါပေမယ့် ငါ့ရင်ထဲမှာ ရှင်းမသွားဘူး။ ပိုပြီးတော့တောင် ရှုပ်လာသလိုပဲ။ အခု . . ငါ ဘာလုပ်လို့၊ ဘာကိုင်ရမှန်းတောင် မသိ တော့ဘူး'

'နေဦး၊ ဒီနေ့ ချူးနဲ့ ငါ တွေ့ချင်တွေ့လိမ့်မယ်။ သူ့ကို မသိမသာ ငါ အစ်ပြီးမေးကြည့်မယ်'

'အပိုတွေ လျှောက် မေးမနေနဲ့နော်။ ဟို . . အတွင်းရေး ကိစ္စတွေ မပါစေနဲ့'

'အေးပါ . . သူ အတန်းမတက်တဲ့ ကိစ္စစပြီး ပြောကြည့် မယ်'

'သူ့အမှုအရာပြောင်းတာက သိပ်ပြီး မသိသာဘူး။ ဒါပေမယ့် ငါက သူ့အနားမှာနေတာဆိုတော့ သူ့အမှုအရာ ပြောင်းတာကို ပိုပြီး သိနေတယ်လေ။ ကဲ . . ငါ ကျောင်းကို သွားလိုက်ဦးမယ်။ ချူး ဘာတွေပြောတယ်ဆိုတာ ပြန်ပြောပြဦးနော်'

'အေးပါ . . ငါ ပြောပါ့မယ်'

× × × × ×

အားကစား ဟောခန်းအတွင်းမှ စိုးဝေ ထွက်လာသည်။ နောက်ဆုံးအချိန်၌ အားကစားပြုလုပ်ရသည်ကို သူ သဘောမတွေ့ ပေ။





ကျောင်း၏နောက်ဘက် ခြံစည်းရိုးတွင် ကျောင်းသားအုပ်စု ရပ်နေသည်ကို မြင်လိုက်ရသည်။ ထိုနေရာသို့ သူလျှောက်လာသည်။ ကျောင်းသားအုပ်စုက တစ်စုံတစ်ရာကို အော်ဟစ်အားပေးနေကြသည်။ အနီးသို့ရောက်သောအခါ၌ သစ်ပင်ကြီးတစ်ပင်ပေါ်သို့ အတန်းကြီး ကျောင်းသားတစ်ဦးဖြစ်သည့် အေးလှိုင်ဆိုသူ တက်နေသည်ကို မြင်လိုက်ရသည်။ သစ်ပင်ကြီးမှာ အတော့်ကို မြင့်မားပေသည်။

စိုးဝေက သူ့ဘေး၌ ရပ်နေသည့် အတန်းတူကျောင်းသား တစ်ဦးကို လက်တို့၍မေးကြည့်သည်။

ထိုကျောင်းသားက . . .

'ထုံးစံအတိုင်းပေါ့ 'အာနီ'တို့ အုပ်စုလေ။ ဟို . . သစ်ပင် ထိပ်ဖျားမှာ ညိနေတဲ့စွန်ကို တက်ပြီးယူခိုင်းတယ်လေ။ မယူနိုင်ရင် သူတို့နဲ့အတူတွဲပြီး ကစားခွင့်မပြုဘူးတဲ့'

ထိုအခါမှပင် စိုးဝေ သေသေချာချာကြည့်မိတော့သည်။

သစ်ပင်ထိပ်ဖျား၌ အဖြူရောင်စွန်တစ်ကောင် ငြိနေသည်ကို ယခုမှပင် မြင်ရတော့သည်။ တက်နေသူမှာ သစ်ပင်၏တစ်ဝက် မကျော်ကျော်သို့ရောက်နေပေပြီ။

စိုးဝေက . .

'သစ်ပင်က တော်တော်မြင့်တာပဲ'

'ဟုတ်တယ်။ ငါတော့ မတက်ရဲဘူး။ အပေါ်ဘက်ရောက်တဲ့ သစ်ကိုင်းတွေက သေးသေးလေးကွ'

စိုးဝေ ပတ်ဝန်းကျင်ကို လှည့်ကြည့်သည်။ တားဆီးမည့်သူ

တစ်ဦးတစ်လေမှပင် မတွေ့ရ။

ထိုအချိန်မှာပင် အရှေ့ဘက်အဆောင်မှ ဝတ်ရည်သိမ့် ထွက်လာသည်ကို စိုးဝေ မြင်လိုက်သည်။

စိုးဝေက သူ့ဘေးမှ ငွေထွန်းကို ပြောလိုက်၏။

'ဟိုမှာ . . ဆရာမချောချောလေး လာနေပြီ'

ဝတ်ရည်သိမ့်မှာ ရိုးရိုးယဉ်ယဉ်လေး ဝတ်စားဆင်ယင်ထား သည်။ သူမ၏ပင်ကိုယ်အလှမှာမူ ကျော့ရှင်းစွာပေါ်လွင်နေသည်။

ကျောင်းသားအများစုက သူမကိုငေး၍ ကြည့်နေကြသည်။ သစ်ပင်ခြေရင်းသို့ ဝတ်ရည်သိမ့်ရောက်လာသည်။ လက်ထဲမှ စာအုပ် များကိုချလျှက် အေးလှိုင်ကို သစ်ပင်ပေါ်မှ ချက်ချင်းဆင်းလာရန် အော်၍ပြောသည်။

သစ်ပင်ပေါ်၌ရောက်နေသော အေးလှိုင်မှာ ငြိမ်၍တန့်သွား သည်။ လေးတိုက်သောအခါ၌ သစ်ပင်ထိပ်ဖျားမှ ရမ်းခါ၍နေပေ သည်။ မတော်တဆခြေချော် လက်ချော်ဖြစ်လျှင် အရိုးတစ်ခြား အသားတစ်ခြားဖြစ်မည်မှာ သေချာသည်။

သူမဘေး၌ရှိနေသော ကျောင်းသားအများစုမှာ အတန်းကြီး ကျောင်းသားများချည်းဖြစ်သည်။ သစ်ပင်တက်နေသောကျောင်းသား ကို မြှောက်ထိုးပင်ကော်လုပ်၍ အော်ဟစ်အားပေးနေကြသူများလည်း ဖြစ်သည်။

သူမ မည်သူ့ကိုမျှ ဂရုမစိုက်တော့ပဲ၊ ခါးထောက်၍အပေါ် သို့ မော့ကြည့်ပြီးအော်လိုက်သည်။





'ဟေ့ . . အခုချက်ချင်း ဆင်းခဲ့စမ်း'

ရုတ်တရက် သူမ၏ ပခုံးကိုတစ်စုံတစ်ယောက်ကလာ၍ ပုတ်လိုက်သဖြင့် လှည့်ကြည့်လိုက်သည်။ ကျောင်းအုပ်ဆရာကြီး ဦးစံရွှေလွင်ဖြစ်နေသည်ကို မြင်လိုက်ရသည်။

ဦးစံရွှေလွင်က ခပ်ပြုံးပြုံးအမူအရာဖြင့်

'ဆရာမလေး ဝတ်ရည်သိမ့် . . ဒီနေ့ သိပ်ပျော်နေတယ်နဲ့ တူတယ်'

သူမက . . .

'ကျောင်းသားတစ်ယောက် သစ်ပင်ပေါ်တက်ပြီး စွန်ယူမလို့ လုပ်နေတာတွေလို့ လှမ်းအော်တာပါ ဆရာကြီး'

'အင်း . . ကျုပ်မြင်ပါတယ် . . သူ စွန်ယူနိုင်မယ်လို့ ထင်တယ်'

ထို့နောက် ဦးစံရွှေလွင်က အပေါ်သို့မော်ကြည့်လိုက်သည်။

ဝတ်ရည်သိမ့်က . . .

'ဒီအတိုင်းကြည့်နေဖို့ မသင့်ဘူးထင်ပါတယ် ဆရာကြီး။ မတော်တဆ ခြေချော်လက်ချော်ဖြစ်သွားရင်'

ဦးစံရွှေလွင်က လက်ကာပြလိုက်ပြီး သစ်ပင်ပေါ်တက်နေ သည့် ကျောင်းသားကို အောက်မှအော်၍ အားပေးလိုက်လေသည်။

'ဟေ့ကောင် . . ဆက်တက် . . ဘာမှ ကြောက်စရာ မလိုဘူး . . ပြန်မဆင်းခဲ့နဲ့ အဲဒီစွန်ကိုရအောင်ယူ'

အေးလှိုင် ငြိနေသော စွန်ကိုလှမ်းကြည့်သည်။ ရရန်

သိပ်မလိုလှတော့။ နောက်ထပ် ပေဆုံးဆယ်ခန့်ဆက်တက်လျှ
ယူနိုင်ပေတော့မည်။ အောက်မှအားပေးသံကြောင့် အပေါ်သို့ဖက်
ဆက်ပြီးတက်သည်။ သစ်ကိုင်းများ၊ သစ်ရွက်များကိုတွန်းဖယ်ရင်း
တရွေ့ရွေ့တက်သည်။

ဝတ်ရည်သိမ့် ဆက်၍ မကြည့်နိုင်သဖြင့် . . .

'ဆရာကြီး . . မတော်တဆ . .'

'ဘာမှ ပူမနေပါနဲ့ ဆရာမ။ ကျောင်းသားတွေ လွတ်လွတ်
လပ်လပ် လုပ်ပါစေ။ ဒီလိုလုပ်မှ သူတို့မှာ သတ္တိတွေ တိုးလာနိုင်
မယ်။ ကျုပ်တို့ကတော့ ကြည့်ပြီးအားပေးကြတာပေါ့'

ဝတ်ရည်သိမ့် အပေါ်သို့ မော့ကြည့်လိုက်၏။

သစ်ကိုင်းများကြားမှ အေးလှိုင် ဆက်၍တက်နေသည်။
ထိပ်ဖျားမှ စွန်ကို သစ်ကိုင်းတစ်ကိုင်းဖြင့် လှမ်း၍ ဆွဲယူသည်။
သူ၏လက်ထဲသို့ စွန် ရောက်လာသည်။ စွန်ကို ကျော၌ ကြိုးဖြင့်
ရစ်ချည်လျှက် သစ်ပင်ပေါ်မှ ပြန်ဆင်းလာသည်။

အသည်းတယားယား ရင်တဖိုဖိုဖြင့် ကြည့်နေမိသော
ဝတ်ရည်သိမ့် စိတ်ပျက်လက်ပျက်ဖြင့် ခေါင်းခါယမ်းလိုက်မိသည်။

အေးလှိုင် အောက်သို့ရောက်လျှင် ဆရာကြီး ဦးစံရွှေလွင်က
ပြုံးရွှင်စွာဖြင့် . .

'မောင်အေးလှိုင် . . မင်း သစ်ပင်တက်တာ သိပ်တော်တယ်။
ဒီလောက်အထိ မင်းတက်နိုင်မယ်လို့ ငါ မထင်မိဘူး။ ကဲ . . ကဲ .
. . အားလုံး ကိုယ့်အတန်းကိုယ် ပြန်သွားကြ'





ဦးစံရွှေလွင်က ကျောင်းသားများကို ဦးဆောင်၍ ပင်မဆောင်
...တ်ဆီသို့ ထွက်သွားသည်ကို မျက်စိတစ်ဆုံးကြည့်နေမိသည်။
ဝတ်ရည်သိမ့်မှာ မည်သို့မျှ နားမလည်နိုင်အောင် ဖြစ်နေမိ
...သည်။ ဦးစံရွှေလွင်သည် စည်းကမ်းအလွန်ကြီးသူဖြစ်သည်။ ယခုလို
...သစ်ပင်တက်သည့်ကိစ္စမျိုးကို အားပေးခြင်းမှာ သူ၏ မူလပင်ကိုယ်
...ရိုက်၊ မူလပင်ကိုယ်အကျင့် လုံးဝမဟုတ်ပေ။

ဤသို့ဆိုလျှင် ဦးစံရွှေလွင်မှာ သိသာစွာပြောင်းလဲ၍ နေပြီ
...ဖြစ်သည်ဟု သူမတွေးလိုက်မိသည်။

'ဆရာမ . . ဒီမှာ . . ဆရာမရဲ့ စာအုပ်တွေ'

အသံကြားသဖြင့် သူမလှည့်ကြည့်သည်။ သူမ၏စာအုပ်
...များကို စိုးဝေက လှမ်း၍ပေးသည်။

'ကျေးဇူးပါပဲကွယ်'

စာအုပ်များကိုလှမ်းယူရင်း၊ ဦးစံရွှေလွင်ကို လှမ်းကြည့်လိုက်
...သည်။

စိုးဝေက . .

'ဆရာကြီးရဲ့ အမူအကျင့်တွေ နေ့ချင်း၊ ညချင်း ပြောင်းလဲ
...သွားတာ အံ့သြစရာပဲ'

'ဟုတ်တယ် . . ငါ့အိမ်က အဖေနဲ့ အမေလည်း ဒီအတိုင်း
...ပဲ'

စိုးဝေ လှည့်ကြည့်လိုက်၏။ ကျောင်းသားအုပ်စုထဲ၌
ရောနှောရောက်နေသည့်သဉ္ဇာလင်းကို ယခုမှပင် သတိပြုမိတော့

သည်။

စိုးဝေက သဉ္ဇာလင်းနှင့် ဆရာမ ဝတ်ရည်သိမ့်ကို မိတ်ဆက်ပေးလိုက်၏။ သဉ္ဇာလင်း၏ မျက်လုံးများနီရဲနေသည်ကိုပါ သတိပြုမိသဖြင့် စိုးဝေက

'ဟော့ . . နင် နေကောင်းရဲ့လား၊ မျက်လုံးတွေရဲနေတယ်'

သဉ္ဇာလင်းက . .

'ညဘက်တုန်းက တစ်ညလုံးလုံးလို အိပ်မရလို့ပါ'

ထိုသို့ပြောရင်း၊ ဝတ်ရည်သိမ့်ကို သူမ တစ်ချက်အကဲခတ်ကြည့်လိုက်မိသည်။ သူမ၏ရင်ထဲ၌ ပြောစရာအကြောင်းများစွာရှိသည်။ သို့သော် လူစိမ်းလိုလိုဖြစ်နေသည့် ဝတ်ရည်သိမ့်ရှေ့၌ သူမ ပွင့်ပွင့်လင်းလင်း မပြောဝံ့ပေ။

အလိုက်မသိသော စိုးဝေက ဆက်၍မေးသည်၊

'ဟင် . . နင်က ဘာဖြစ်လို့ အိပ်မပျော်တာလဲ'

သဉ္ဇာလင်း သက်ပြင်းတစ်ချက်ချလိုက်သည်။

'ဒီလိုဟ . . ငါ့အဖေရော ငါ့အမေပါ သူတို့ရဲ့ အမူအရာတွေ သိသိသာသာ ပြောင်းနေကြတယ်။ ဘယ်လိုဖြစ်ကုန်မှန်းမသိတော့ဘူး။ ငါလည်း နားမလည်ဘူး၊ မေးလည်း မပြောတတ်တော့ဘူး။ ဒါပေမယ့် အရင်ကနဲ့မတူပဲ သိသိသာသာ ပြောင်းလဲနေတာတော့ သေချာတယ်'

ဝတ်ရည်သိမ့်က စိတ်ဝင်စားစွာဖြင့် ဝင်၍မေးလိုက်မိသည်။

'သမီးရဲ့မိဘတွေ ဘယ်လိုဘယ်ပုံမျိုး ပြောင်းလဲလာကြလို့





လဲ'

သဉ္ဇာလင်း စိတ်ရှုပ်ထွေးသည့် အမူအရာဖြင့် . .

'ဟိုအရင်တုန်းကနဲ့ သူတို့ လုံးဝမတူတော့ဘူး သွားတာ၊ လာတာ၊ စားတာ၊ သောက်တာ၊ ပြောဆိုတာကအစ အရင်လိုမဟုတ်တော့ဘူး။ အရင်ကတစ်ခါမှ မလုပ်ဖူးတာမျိုး အခုမှလုပ်လာကြတာတွေ့ရတယ်။ သေသေချာချာတော့ ကျွန်မ ပြောမပြတတ်ဘူး။ အဲဒီလို ထူးခြားလာတာတွေ့လို့ ကျွန်မ တစ်ညလုံးမအိပ်ပဲ စောင့်ကြည့်နေမိတာ'

ဝတ်ရည်သိမ့်က . .

'အဲဒီလို ထူးခြားတာကို သတိထားမိတာ ဘယ်လောက်ကြာသွားပြီလဲ'

သဉ္ဇာလင်းက ခေတ္တမျှ စဉ်းစားလိုက်သည်။

'တစ်ရက် . . နှစ်ရက်လောက်ပဲ ရှိပါသေးတယ်'

ဝတ်ရည်သိမ့်၏ရင်ထဲ၌ လှုပ်ရှားတုန်ခါသွားရသည်။ ချူးလည်း ဤအတိုင်း ဖြစ်နေသည့်အတွက်ကြောင့်ပင်။

× × × × × × ×

## အခန်း (၁၀)

ရဲ့ဌာန၏ အတွင်းဘက်၌ဖြစ်သည်။

စင်ရန်နိုင်သည် ဒေါက်တာစိန်ခိုင် ပေးပို့လိုက်သည့် သေတမ်းစစ်ချက်ကို ဖတ်ကြည့်သည်။ စာရွက်မှာတစ်ရွက်တည်း ဖြစ်သည်။ ထိုသေတမ်းစစ်ချက် အစီရင်ခံစာ၌ ရေးသားထားသည်များ ကိုလည်း သဘောမတွေ့လှပေ။

စင်ရန်နိုင်က . . .

'ဒေါက်တာစိန်ခိုင်ကတော့ . . အခုချိန်ထိ ခတ်ရောင်ခြည် သင့်ပြီး သေရတယ်ဆိုတဲ့ သူ့ရဲ့ ယူဆချက်ကို မပြောင်းလဲသေးဘူး'

ဗညားဝင်းက သစ်တော်သီးဖျော်ရည်ထည့်ထားသော ဖန်ခွက်အကြီးကို စင်ရန်နိုင်ရှေ့၌ လာချပေးသည်။





ဗညားဝင်းက . .

'အဲဒီအခန်းထဲမှာ ခတ်ရောင်ခြည်၊ အဏုမြူရောင်ခြည်နဲ့ ပတ်သက်တဲ့ အငွေ့အသက် တစ်ခုမှမရှိဘူးဆိုတာကိုကော ပြောမပြ ထားဘူးလား'

'ပါ . . ပြောပြီးပါပြီ'

စင်ရန်နိုင်က သေတမ်းစစ်ချက် အစီရင်ခံစာကို ဖိုင်တွဲထဲ၌ ထည့်လိုက်၏။ ဒုံကြီး၏ အလောင်းအား ရိုက်ယူထားသည့်ဓါတ်ပုံများ ကို ယူ၍ ကြည့်လိုက်သည်။ ဓါတ်ပုံတစ်ခုထဲ၌ ဒုံကြီး၏ ညီညာ စွာပေါက်၍နေသော လက်ဝါးပုံကို မြင်ရသည်။

ဓါတ်ပုံများကိုကြည့်၍ စင်ရန်နိုင်ပင်လျှင် ခေါင်းကုတ်လိုက် ရသည်။ ယခုအမှုမှာ အလွန်ဆန်းပြားသော အမှုတစ်မှုဖြစ်နေပေ သည်။

စင်ရန်နိုင်က ဗညာဝင်းကို မော့ကြည့်လိုက်ပြီး

'ဒီအမှုက အတော့်ကိုဆန်းတဲ့အမှုကွ။ ဒုံကြီးသေသွားခဲ့တဲ့ အခန်းထဲမှာ ဖြစ်ပျက်ကျန်ခဲ့တာတွေကို မျက်လုံးထဲမှာ ပြန်မြင် အောင်ပြီး ကြည့်မိတယ်။ အခုချိန်ထိ ဘာမှ စဉ်းစားလို့ကို မရနိုင်သေး ဘူး'

'သိပ္ပံသုတေသနဌာနကကော ဘယ်လိုပြောသလဲ'

'ရူပဗေဒပညာရှင်တစ်ယောက်ကတော့ အဲဒီအခန်းထဲမှာ စွမ်းအားပြင်းထန်တဲ့ သံလိုက်စက်ကွင်းတစ်ခုက ဆွဲယူတာခံလိုက်ရ လို့ အခုလို ဖြစ်ကျန်ရစ်ခဲ့တာတဲ့'

'အဲဒီအချက်နဲ့တင် ပြည့်စုံပါ့မလား'

'ငါလည်း ဆက်မစဉ်းစားတတ်တော့ဘူး'

စဝ်ရန်နိုင် သစ်တော်သီးဖျော်ရည် အေးအေးကို အားရပါးရ သောက်ချလိုက်သည်။

စားပွဲပေါ်မှ တယ်လီဖုန်းသံ မြည်လာသည်။ ဗညားဝင်းက ကောက်၍ နားထောင်လိုက်၏။

စဝ်ရန်နိုင်မှာ သစ်တော်သီးဖျော်ရည်သောက်ရင်း ဓါတ်ပုံများကိုပြန်ကြည့်နေသည်။ ယခုအမှုမှာ ရိုးရိုး သာမန်ဖြစ်တောင့်ဖြစ်ခဲ ဖြစ်ရသော အမှုမျိုးလား၊ ရာဇဝတ်မှုလား မဝေခွဲနိုင်အောင် ဖြစ်နေရသည်။

ဗညားဝင်း 'ဟုတ်ကဲ့'ပေါင်းများစွာ ပြောနေသည်ကို စဝ်ရန်နိုင် အာရုံမရောက်။

စခန်းမှူး၏ အခန်းထဲမှ အရာရှိတစ်ဦး ထွက်လာသည်။ လက်ထဲ၌ လက်ကိုင်ပုဝါတစ်ထည်။ ချောင်းဆိုးသည်၊ နှာချေသည်။ မျက်နှာက နီစပ်စပ်။

ထိုအချိန်မှာပင် . .

စခန်းမှူး၏ အခန်းထဲဆီမှ 'အား'ဟူသော အသံခပ်သဲ့သဲ့ ကြားလိုက်ရသည်။ ပြတင်းပေါက်မှ ခေါင်းပြူ၍ စဝ်ရန်နိုင်ကြည့်သည်။ စခန်းမှူးဦးကျော်ဝင်းဖေး သူ၏ လက်ညှိုးကို ပါးစပ်ဖြင့် စုပ်နေသည်ကို မြင်ရသည်။ လက်တစ်ဘက်ထဲ၌ ခပ်ဖြူဖြူလေးထောင့် သဏ္ဍာန်အပြားလေးတစ်ခု ကိုင်ထားသည်ကိုပါ သတိပြုလိုက်မိသည်။





ဗညားဝင်း ဖုန်းချလိုက်ပြီး၊ စဝ်ရန်နိုင်ဘက်သို့ လှည့်လိုက်၏။

'အခု . . ဒေါက်တာစိန်ခိုင်က ဖုန်းဆက်လိုက်တာပါ။ အမှုကတော့ အတော်ကြီးရှုပ်ထွေးကုန်ပြီ ဆရာရေ။ ဒုံကြီးရဲ့ အလောင်း ပျောက်သွားလို့တဲ့'

'အရေးထဲ မင်းက လာပြီး မျက်နှာပြောင်နေပြန်ပြီ'

'ကျွန်တော် မျက်နှာမပြောင်ပါဘူး ဆရာရဲ့။ ဒေါက်တာစိန်ခိုင်အလောင်းဆီက တစ်သျှူးတွေ ယူဖို့သွားတာ၊ ဒုံကြီးရဲ့ အလောင်းထည့်ထားတဲ့ ရေခဲတိုက်ထဲက အံထဲမှာ အလောင်းကို မတွေ့ရတော့ဘူးတဲ့ . .'

စဝ်ရန်နိုင် လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။

'ဗူးလေးရာ ဖရုံဆင့်ဆိုတာ အဲဒါမျိုးကိုပြောတာ ဖြစ်မယ်ထင်တယ်။ မင်းပြောတဲ့အတိုင်း ဒီအမှုက အတော့်ကိုရှုပ်ထွေးလာတာ သေချာတယ်။ ကဲ . . မင်းနဲ့ငါပဲ ဦးဆောင်ပြီး အဲဒီနေရာကိုသွားကြရအောင်'

. . . . . . . . . .

စဝ်ရန်နိုင်နှင့် ဗညားဝင်းတို့ ကားဖြင့် သေမှုသေခင်း စစ်ဆေးရေးဌာနသို့ ကားဖြင့်လာခဲ့ကြသည်။

စဝ်ရန်နိုင်က ရောက်သည်နှင့် ဒေါက်တာစိန်ခိုင်ကို မေးလိုက်

သည်။

'ဒုံကြီးရဲ့အလောင်းက ဘယ်လို ပျောက်သွားရတာလဲ။ အရင်ကကော ဒီလိုမျိုး ပျောက်တာရှိခဲ့ဖူးသလား'

စဝ်ရန်နိုင်နှင့် ဗညားဝင်းတို့ သတ္တုအံဆွဲကြီး၏ တစ်ဘက်တစ်ချက်၌ ရပ်နေကြသည်။

ဒေါက်တာစိန်နိုင်က ခေတ္တမျှစဉ်းစားနေသည်။ ပြီးတော့မှ

'အရင်တုန်းကတော့ အလောင်း ပျောက်တာမျိုးရှိတတ်ပါတယ်။ ဒါပေမယ့် ဒီလိုပျောက်တာမျိုး ခဏခဏတော့ မဖြစ်ပါဘူး'

'ပျောက်သွားခဲ့တာတွေကိုကော ပြန်တွေ့ရဲ့လား'

ဒေါက်တာစိန်နိုင် ခေါင်းခါသည်။

'မတွေ့ရဘူး'

'အခုကိစ္စမှာ ဒေါက်တာ့အနေနဲ့ ဘယ်လို စီစဉ်ထားသလဲ'

'ဆေးရုံက ရင်ခွဲတာဝန်ခံဆီကို အကြောင်းကြားတယ်။ ပြီးတော့ ကျန်းမာရေးဌာနတာဝန်ခံဆီကိုပါ ထပ်အကြောင်းကြားတယ်။ အခုကိစ္စကို ကျုပ်အနေနဲ့ ဖွင့်ပြောတာတောင် သိပ်မကောင်းလှဘူး'

'ကျွန်တော် နားလည်ပါတယ်။ ဘယ်သူမှ မသိစေရပါဘူး။ ဒီလိုအလောင်းမျိုးကိုမှ ရွေးပြီးတစ်ယောက်ယောက်က ဘာဖြစ်လို့ ခိုးသွားတယ်လို့ ထင်မိသလဲ ဒေါက်တာ'

'လောကကြီးမှာ စိတ်ဓာတ်ထူးဆန်းတဲ့လူတွေ၊ အူကြောင်ကြောင်လူတွေ အများကြီးပဲ။ လူသေအလောင်းကောင်ကိုမှရွေးပြီး





နှစ်သက်တဲ့လူစားမျိုးရှိလို့ အခုလို ခိုးသွားတာနေမှာပေါ့'

'ဒီလိုယူဆချက်ကြောင့် အလောင်းပျောက်သွားတာလား'

'ကျုပ်က ဖြစ်နိုင်တဲ့အချက်တွေထဲက တစ်ချက်ကိုထုတ်ပြီး ပြောတာ။ ခင်ဗျားပြောသလို ပုံသေယူဆချက်မျိုးတော့ မဆိုလိုဘူး'

စဝ်ရန်နိုင်က . . .

'အခုလို ဒုံကြီးရဲ့ အလောင်းပျောက်သွားတဲ့အတွက် ဒီအမှုဟာ ရာဇဝတ်မှုဖြစ်နိုင်ဖို့ ပိုပြီး နီးစပ်သွားနိုင်တယ်'

ဗညာဝင်းကပါ ဝင်၍ပြောသည်။

'လူသတ်တရားခံက သဲလွန်စမကျန်ရစ်အောင် ခိုးသွားတာလည်း ဖြစ်နိုင်တယ် မဟုတ်လား'

ဒေါက်တာစိန်နိုင်က မသိမသာ ခေါင်းခါယမ်းလိုက်သည်။

'ကျုပ် နားလည်ပါတယ်။ အလောင်းကို ကျုပ် ခွဲစိတ်စစ်ဆေးကြည့်ပြီးပါပြီ။ ရိုးတွင်းခြင်ဆီတစ်သျှူးကို စစ်ဆေးစရာပဲကျန်တော့တယ်။ ရိုးတွင်းခြင်ဆီတစ်သျှူးလာယူတဲ့အခါမှာ အလောင်းက ပျောက်သွားတာနဲ့ ကြုံရတော့တယ်။ ကျုပ်အနေနဲ့ ဓာတ်ရောင်ခြည်သင့်တယ်ဆိုတဲ့အချက် ပိုပြီးသေချာသွားအောင် ရိုးတွင်းခြင်ဆီတစ်သျှူးနမူနာကို စစ်ဆေးဖို့အတွက် လာယူတာပါ'

'အလောင်းဆီက နောက်ဆုံးအဆင့် ရိုးတွင်းခြင်ဆီတစ်သျှူးယူလို့မရအောင် အလောင်းကို ဖျောက်ဖျက်ပစ်လိုက်တဲ့ သဘောပါပဲ။ ဒါဆို . . ဒီအလောင်းပျောက်တဲ့ကိစ္စမှာ အတွင်းလူတစ်ယောက်တော့ ပါလိမ့်မယ်'

ဒေါက်တာစိန်နိုင်က

'ဒီအချက်ကိုထည့်ပြီး ကျုပ် စဉ်းစားမိပါတယ်။ အလောင်းတွေနဲ့ပတ်သက်ပြီး ထိတွေ့၊ သယ်ပို့ လုပ်ကိုင်နေတဲ့ လူတိုင်းကို တစ်ယောက်ချင်း အကဲခတ်ကြည့်နေပါတယ်။ အခုအချိန်မှာတော့ သံသယဖြစ်စရာတစ်ယောက်မှ မတွေ့ရသေးဘူး'

စဝ်ရန်နိုင်၊ သက်ပြင်းတစ်ချက် ချလိုက်သည်။

'ထူးဆန်းရှုပ်ထွေးတဲ့ အမှုပဲ။ ဒီအမှုကိုကိုင်ရတာ မျက်စိတော်တော်လည်ဦးမယ်ထင်တယ် . .'

ဒေါက်တာစိန်နိုင်က

'ခင်ဗျားတို့ဘက်က ထူးခြားတာရှိရင်လည်း ပြောပါ'

'ကောင်းပါပြီ . . ဒေါက်တာ။ ဒေါက်တာ့အနေနဲ့ တစ်ခုခု သိရရင်လည်း ကျွန်တော်တို့ဆီကို ဖုန်းဆက်လိုက်ပါ'

'ဒီအတွက်ကတော့ စိတ်ချပါ . . .'

× × × × × × ×



## အခန်း (၁၁)

ဒေါက်တာစိမ်းသီတာသည် အရေးပေါ်ခန်းထဲမှ စိတ်ပျက်လက်ပျက်အမူအရာဖြင့် ထွက်လာသည်။ သူမနောက်မှ ဒေါက်တာကျော်စွာ လိုက်ပါလာသည်။

ဒေါက်တာစိမ်းသီတာသည် ပင်မအခန်းရှိ သူမ၏ စားပွဲ၌ ထိုင်ချလိုက်ပြီး

'ကဲ . . ဒေါက်တာကျော်စွာရေ။ အလုပ်တော့များတယ် မထင်နဲ့။ သေတမ်းစစ်ဆရာဝန်ဆီကို ဖုန်းဆက်။ စောစောကလူနာနဲ့ မနေ့ကလူနာ ဘာဖြစ်လို့ သေရတယ်ဆိုတာ သိရအောင် စစ်ဆေးပေးဖို့ပြောပါ။ ဒီလူနာနှစ်ယောက်စလုံး အသက်ငယ်ငယ်လေးတွေပဲ

ရှိကြသေးတယ်'

ဒေါက်တာကျော်စွာက . . .

'အဲဒီလူနာနှစ်ယောက်စလုံး ဆီးချိုရှိကြတယ် .. ဒေါက်တာ'

ဒေါက်တာစိမ်းသီတာက မျက်မှောင်ကြုတ်လျက် . .

'နေပါဦး။ သက်လတ်ပိုင်းအရွယ် ဆီးချိုဖြစ်ရုံနဲ့ ဘာဖြစ်လို့ သေရမှာလဲ'

'ဒါတော့၊ ဟုတ်ပါတယ် . .'

လူနာစောင့်သည့်နေရာသို့ သူမ အမှတ်မထင်ကြည့်လိုက်မိ၏။ လူနာများ အတော်များနေသည်ကို တွေ့လိုက်ရသည်။

သန်းဆွေထိုက်ကို မြင်လိုက်မိသဖြင့် ဒေါက်တာစိမ်းသီတာက လှမ်း၍ပြောလိုက်၏။

'မင်းက . . ခုထိ အိမ်မပြန်သေးဘူးလား။ မင်းရဲ့ ဂျူတီပြီးတဲ့နောက်မှ ဒီကိုထပ်လာတယ်လို့ သူနာပြုဆရာမ နော်မူအေးက ပြောတယ်'

'ဟုတ်ပါတယ် . . ဒေါက်တာ၊ ကျွန်တော့်အနေနဲ့ စိတ်ဝင်စားစရာလေးတွေ လေ့လာချင်လို့ ထပ်ရောက်လာတာပါ'

'မင်း . . ဆရာဝန်ဖြစ်ဖို့ လိုပါသေးတယ်'

သန်းဆွေထိုက်က . . .

'ဒီမှာပါ . . ဒေါက်တာ။ မနေ့က ဆီးချိုနဲ့ သေသွားတဲ့ လူနာရဲ့ သွေးစစ်ဆေးချက်ပါ။ ဒေါက်တာ စိတ်ဝင်စားမယ်ထင်လို့ပါ။ သွေးစစ်ချက်ကတော့ ပုံမှန်အတိုင်းပါပဲ . .'

မိုးဆမ်းပန်းစာပေ



ဒေါက်တာ၊ စိမ်းသီတာ ယူကြည့်သည်။

သန်းဆွေထိုက် . . .

'စောစောက ဆုံးသွားတဲ့ လူနာကိုစစ်ကြည့်ရင်လည်း စိတ်ဝင်စားဖို့ကောင်းမယ်ထင်ပါတယ်။ သွေးစစ်ဆေးချက်ဖတ်ကြည့်ပြီး ပထမလူနာ ဘာဖြစ်လို့ ပြင်းပြင်းထန်ထန် တက်ရသလဲဆိုတာ စဉ်းစားလို့မရနိုင်အောင် ဖြစ်နေမိတယ်'

ဒေါက်တာစိမ်းသီတာ၊ သန်းဆွေထိုက်ကို မသိမသာ ငုံ့စောင်းကြည့်သည်။ သူမအနေဖြင့် သန်းဆွေထိုက်ကို မလေးစားပဲမနေနိုင်တော့။ သူမထံ၌ စာရေးလုပ်နေသူများမှာ သန်းဆွေထိုက်လို စိတ်ဝင်စားမှု လုံးဝမရှိကြပေ။

သူမက . . .

'ဒါဆို . . ဒီနေ့လူနာရဲ့ သွေးစစ်ချက် ငါ့ဆီလာပို့ပေးဦးလေ'

'ဟုတ်ကဲ့ . . ဒေါက်တာ'

'ခဏနေဦး။ အပြင်လူနာဌာနမှာ လူနာတွေ ဘာဖြစ်လို့ များနေရတာလဲ'

'အလုပ်က အပြန်မှာဝင်လာကြရကဲ့ လူနာတွေပါ။ ဒါကြောင့် စုပြီးများနေတာပါ ဒေါက်တာ။ အားလုံး တုပ်ကွေးဖြစ်နေကြတယ်။ ဒီနေ့လူနာ ပိုပြီးများလာတယ် ဒေါက်တာ။ ဒီကိစ္စကိုလည်း နည်းနည်း ဂရုစိုက်ဖို့ လိုလိမ့်မယ်ထင်တယ်'

ဒေါက်တာစိမ်းသီတာက . . .

'အခုရာသီက တုပ်ကွေးဖြစ်တဲ့ ရာသီပဲ'

မိုးဆမ်းပန်းစာပေ

ချူးနှင့် ပတ်သက်၍ ပြောစရာများရှိသော်လည်း မပြောပဲ ချန်ထားလိုက်သည်။

သန်းဆွေထိုက်က ဆက်၍ပြောသည်။

'မနေ့က ဆီးချိုနဲ့တက်ပြီး ဆုံးသွားတဲ့ အမျိုးသမီးလူနာရဲ့ မှတ်တမ်းကို ကျွန်တော်သွားကြည့်ခဲ့တယ်။ အဲဒီအမျိုးသမီး မတက်ခင်က တုပ်ကွေးဖြစ်ခဲ့တယ်လို့ သိရတယ်'

ဒေါက်တာစိမ်းသီတာ . . သန်းဆွေထိုက်ကို စိုက်၍ကြည့်ရင်း၊ သူပြောသည်များကို ဆက်စပ်စဉ်းစားကြည့်နေမိသည်။

ယနေ့ သေဆုံးသွားသည့် လူနာမှာလည်း တက်ရင်းနှင့် သေဆုံးသွားခြင်းဖြစ်သည်။ ထိုလူနာမတက်ခင်က တုပ်ကွေးဖြစ်သည့် လက္ခဏာရှိ မရှိ ဒေါက်တာကျော်စွာအား မေးလိုက်သည်။

ဒေါက်တာကျော်စွာက

'ဟုတ်ကဲ့ . . ဒီနေ့လူနာ မတက်ခင်၊ တုပ်ကွေးလက္ခဏာ ရှိထားပါတယ်။ ဘာဖြစ်လို့လဲ ဒေါက်တာ'

ဒေါက်တာ စိမ်းသီတာ ပြန်မဖြေဘဲ၊ သန်းဆွေထိုက်ကို ကြည့်၍

'ဒီနေ့လူနာ ဘယ်လောက်များလဲ'

'စုစုပေါင်း ခြောက်ဆယ့်ငါးယောက်'

သန်းဆွေထိုက်က လူနာစာရင်း မှတ်တမ်းကိုလှမ်းပေးရင်း ပြောလိုက်၏။

'အမလေး . . ဘုရား . . ဘုရား'





သူမ အမှန်တကယ်ပင် မျက်လုံးပြူးသွားသည်။

ဒေါက်တာစိမ်းသီတာ တစ်စုံတစ်ရာကို လေးနက်စွာ စဉ်းစားနေသည်။ ခဏကြာမှ . . .

'ကဲ . . သန်းဆွေထိုက်။ ငါနဲ့လိုက်ခဲ့စမ်း . . လူနာမှတ်တမ်းစာရင်းပါ တစ်ခါတည်းယူခဲ့ . .'

ဒေါက်တာစိမ်းသီတာ ရှေ့မှ ခပ်သုတ်သုတ် ထွက်သွားသည်။ သန်းဆွေထိုက် နောက်မှပြေး၍ လိုက်ပါသွားရင်း . .

'ကျွန်တော်တို့ အခု ဘယ်ကို သွားမှာလဲ . . ဒေါက်တာ'

ဒေါက်တာစိမ်းသီတာ၊ သူ့ကိုမကြည့်ပဲနှင့်

'ဆေးရုံအုပ်ကြီး ရုံးခန်းကိုသွားမယ်'

× × × × × × ×

ဆေးရုံအုပ်ကြီး၏ အတွင်းရေးမှူးမလေး နီနီချိုနှင့်တွေ့လျှင် ဒေါက်တာစိမ်းသီတာက . .

'ဆေးရုံအုပ်ကြီး ဦးအောင်မင်းခဲ့နဲ့ ငါ အခုချက်ချင်းတွေ့ချင်တယ်။ ဆေးရုံအုပ်ကြီးရှိတယ် မဟုတ်လား'

နီနီချိုက

'ဆေးရုံအုပ်ကြီး အခု မအားသေးဘူး ဒေါက်တာ။ ဒါပေမယ့် ဒေါက်တာစိမ်းသီတာ ရောက်နေတဲ့အကြောင်း ကျွန်မ အကြောင်းကြားပေးပါ့မယ်။ အခုလောလောဆယ် တစ်ခုခု သောက်ပြီးစောင့်ပါ

လား ဒေါက်တာ'

'ဆေးရုံအုပ်ကြီးကို အရေးကြီးတယ်လို့ ပြောလိုက်ပါ'

'ကောင်းပါပြီ . . ဒေါက်တာ'

နာရီဝက်တိတိ စောင့်ရသည်။ အတွင်းရေးမှူးမလေး နီနီချိုက ဆေးရုံအုပ်ကြီးရုံးခန်းအတွင်းသို့ လိုက်ပို့ပေးသည်။

ဆေးရုံအုပ်ကြီးကိုယ်တိုင်လည်း နေထိုင်မကောင်းဖြစ်နေပုံရသည်။ မျက်နှာတစ်ခုလုံး နီရဲ၍နေသည်။ နှာချေသည်၊ ချောင်းဆိုးသည်၊ ဒေါက်တာစိမ်းသီတာက သန်းဆွေထိုက် ပြောပြသည့်အချက်များနှင့် ပေါင်းစပ်၍ အတိုချုပ်ပြီး ရှင်းပြပြောဆိုလိုက်သည်။

ဒေါက်တာအောင်မင်းဇံက . .

'အခုရာသီက တုပ်ကွေးရာသီ မဟုတ်လား။ တုပ်ကွေးဖြစ်တဲ့ လူနာခြောက်ဆယ်ကျော်လောက် ရှိတာနဲ့ ဘာမှ ထိတ်လန့်တုန်လှုပ်စရာမလိုသေးပါဘူး။ ကျုပ်ကိုယ်တိုင်ပါ ဖြစ်နေတယ်လေ'

'ကျွန်မတို့ ဆေးရုံတစ်ရုံတည်းတင် ခြောက်ဆယ်ကျော်ရှိနေတာ'

ဒေါက်တာအောင်မင်းဇံက ခြောက်ကပ်ကပ်ရယ်လိုက်ပြီး

'ဒီနေရာမှာ ဒီဆေးရုံက အကြီးဆုံးဖြစ်နေတယ်လေ။ ဒီတော့ လူနာအများဆုံးရှိတာ မဆန်းပါဘူး'

'ကျွန်မတို့ဆီက ဆီးချိုဖြစ်နေတဲ့ လူနာနှစ်ယောက် ဘာမှရောဂါကြီးကြီးကျယ်ကျယ်တိုးတဲ့ လက္ခဏာမပြဘူး။ တုပ်ကွေးဖြစ်တယ်။ တက်တယ်။ ပြီးတော့ သေသွားတယ်။ အဲဒါကျတော့ကော'





'အင်း . . အသက်ကြီးတဲ့လူတွေ ရောဂါရှိပြီးသားလူတွေ တုပ်ကွေးနဲ့ သေတတ်ပါတယ်'

'ဟောဒီက၊ သန်းဆွေထိုက်နဲ့ သိတဲ့လူနှစ်ယောက်ဆိုရင် တုပ်ကွေးဖြစ်ပြီးတဲ့နောက်ပိုင်း သူတို့ရဲ့ စရိုက်လက္ခဏာတွေ ပြောင်းလဲကုန်တယ်လို့ ပြောပါတယ်'

'သိသိသာသာ ပြောင်းကုန်တာလား'

'သိပ်ပြီးတော့ မသိသာပါဘူး။ ဒါပေမယ့် သူတို့ရဲ့အမူအကျင့်တွေ ပြောင်းလဲလာတာတော့ သေချာပါတယ်'

ဆေးရုံအုပ်ကြီးဒေါက်တာ အောင်မင်းဇံက ချောင်းဆိုးနေရင်းမှ

'ပြောင်းလဲပုံကလေး . . ပြောပါဦး'

သန်းဆွေထိုက်က ချူးနှင့်ပတ်သက်၍ ပြောပြသည်။ တစ်ကြိမ်မှ အတန်းမပျက်ပဲနေသော ချူး စိတ်လွတ်ကိုယ်လွတ်ဖြစ်သွားပြီး တိရစ္ဆာန်ရုံပြပွဲ၊ ပြတိုက်များသို့ လျှောက်သွားပုံ၊ ယခင်အခါက တည်တည်တန့်တန့်နေသော ချူး၊ ယခု ကောင်မလေးများနှင့် ရောရောနှောနှောရှိလာပုံများကိုပါ ပြောပြသည်။

ဒေါက်တာ အောင်မင်းဇံက မသိမသာပြုံး၍

'ဒါလောက်ကတော့၊ ဘာမှ မဖြစ်လောက်ပါဘူး . .'

'ကျွန်တော့်အမြင်ကတော့ ထူးခြားတယ်လို့ ထင်ပါတယ်'

ဆေးရုံအုပ်ကြီး ဒေါက်တာအောင်မင်းဇံက လက်နှစ်ဘက်ကိုဖြန့်လျက် . .

'ဒီနေရာမှာတော့ ပြဿနာကြီးကြီးမားမား ဖြစ်လာစရာ သိပ်မရှိပါဘူး။ အခုလိုလာပြီး ပြောပြတာကို ကျေးဇူးတင်ပါတယ်'

'ကောင်းပါပြီ . . အခုကိစ္စကတော့ ဆရာဝန်ကြီးသဘော ပါပဲ'

ဒေါက်တာအောင်မင်းဇံ၏ အေးတိအေးစက်သဘောထားပုံကို ဒေါက်တာစိမ်းသီတာ ဘဝင်မကျလှပေ။

ဆေးရုံအုပ်ကြီးရုံးခန်းမှ ဒေါက်တာ စိမ်းသီတာ ပြန်ထွက်လာခဲ့သည်။

သူမ၏နောက်မှ သန်းဆွေထိုက် ပါလာသည်။

သူ၏ရင်ထဲ၌လည်း မတင်မကျဖြစ်နေပေသည်။

အထူးသဖြင့် ချူးနေခဲ့သော အခန်းထဲမှ အပျက်အစီးများ အကြောင်း၊ ချူး၏ ထူးခြားလာသော အကြောင်းများကို ပြန်၍ စဉ်းစားနေမိသည်။

x x x x x x x



အခန်း (၁၂)

ချူး၏ မျက်လုံးများ ရုတ်တရက် ပွင့်လာသည်။

နံနက် နှစ်နာရီ နှစ်ဆယ်မိနစ်တိတိ . .။

အသံမထွက်စေရန် သတိထား၍ ခုတင်ပေါ်မှ ချူး ညင်သာစွာ ဆင်းသည့် အဝတ်အစားများ လဲလှယ်ဝတ်ဆင်လိုက်သည်။

ကွန်ပျူတာ၏ဘေးရှိ စာရွက်တစ်ရွက်ပေါ်တွင် . . . .

သိမ့်

ကိုယ် လမ်းလျှောက်ဖို့ အပြင်ထွက်သွားတယ်။ သိပ်မကြာဘူး။ ပြန်လာမယ် . .

ချူး

. . . . ဟူ၍ ရေးပြီး ခေါင်းရင်း၌ ချထားလိုက်၏။

ထို့နောက်၊ အဖြူရောင်လေးထောင့်စပ်စပ် သတ္တုကျောက်ပြားကလေးတစ်ခုကိုယူ၍ အိတ်ထဲသို့ထည့်သည်။ ဝတ်ရည်သိမ့်မှာ အိပ်ပျော်နေဆဲပင်။

ချူး တိုက်ခန်း အဆောက်အအုံထဲမှ ထွက်လာသည်။

ကောင်းကင်တစ်ခုလုံး ကြည်လင်၍နေ၏။ ကြယ်ပေါင်းစုံ လင်းလက်၍နေသည်။ တောက်ပသောကြယ်ကြီးတစ်လုံးကို သူ သတိထား၍ကြည့်လိုက်မိသည်။

ရှုဝံကြယ်ပင် ဖြစ်ပေလိမ့်မည်။

တိုက်ခန်းများမှ ကားများရပ်သည့်နေရာ၍နောက်ဘက်၌ ကွက်လပ်တစ်ခုရှိသည်။ ထိုအနားသို့ရောက်လှရောက်ခင် လမ်းပေါ်၌ ချူး သူ၏ခြေလှမ်းများကို ရပ်တန့်လိုက်၏။

အိတ်ထဲမှ လေးထောင့်ပြားကလေးကိုထုတ်၍ လမ်းပေါ်သို့ တင်လိုက်သည်။ ထိုအပြားကလေးမှာ ချူး၏လက်ထဲမှ လွှတ်ပေးလိုက်သည်နှင့် တောက်ပသော အလင်းရောင်များဖြာ၍ ထွက်လာသည်။

ချူး နောက်ဘက်သို့ ဆုတ်လိုက်သည်။

သတ္တုစပ်ကျောက်ပြားကလေး၏ ပတ်လည်၌ အလင်းစက်ဝိုင်းများ ဖြစ်ပေါ်၍လာသည်။

သတ္တုစပ်လေးထောင့်ပြားကလေးမှ ပထမဦးစွာ အနီရောင်။ ထို့နောက် အစိမ်းရောင်၊ အပြာရောင်။





နောက်ဆုံး၌ လွန်စွာ အပူရှိန်ပြင်းထန်သည့် အဖြူရောင်သို့တစ်ဆင့်ဆီ တစ်ဆင့်ဆီ ပြောင်းလဲဖြစ်ပေါ်၍ သွားပေသည်။

. . . . . . . . . .

ဝတ်ရည်သိမ့် နှစ်ခြိုက်စွာ အိပ်မောကျနေသည်။

သို့ရာတွင်၊ သူမ၏ ပင်ကိုယ်အတွင်းစိတ်၏ လှုံ့ဆော်မှုဖြင့် အိပ်ပျော်နေရာမှ နိုးလာသည်။ သူမ၏မျက်လုံးအစုံက မျက်နှာကြက်ကို အလိုအလျောက်ကြည့်နေမိပြီးသား ဖြစ်သွားသည်။ မျက်နှာကြက်ပေါ်၌ တောက်ပသည့် အလင်းရောင်တစ်မျိုးလာ၍ ပေါ်နေသည်။

ဝတ်ရည်သိမ့် ထထိုင်လိုက်သည်။ ယခုမှပင် သူမ သတိပြုမိတော့သည်။ တစ်ခန်းလုံး အလင်းရောင်များဖြင့် လင်း၍နေ၏။

သူမ၏ဘေးသို့ ကြည့်သည်။ ချူးကို မတွေ့ရ။ ခေါင်းရင်းဘက်၌ စာတစ်စောင်တွေ့လိုက်ရသည်။ စာကိုယူ၍ သူမ ခုတင်ပေါ်မှ ဆင်းသည်။ ပြတင်းပေါက်ဆီသို့ လျှောက်လာသည်။

သူမ ပြတင်းပေါက်၌ ရပ်လိုက်လျှင် အလင်းရောင်လာသောနေရာကို လှမ်း၍မြင်လိုက်ရသည်။ တောက်ပသော အလင်းရောင်စက်ဝိုင်းကြီးသည် ပို၍ ပို၍ လင်းလက်လာသည်။

ခေတ္တမျှအကြာ၌ တောက်ပသော အလင်းရောင်များ ပျောက်ကွယ်၍သွားသည်။ လွန်စွာကျယ်လောင်သော အသံကြီးတစ်သံ မြည်ဟီး၍ လေပြင်းတိုက်ခတ်သကဲ့သို့ ခံစားလိုက်ရသည်။ ထိုအသံ

များမှာလည်း ချက်ချင်းပင် ပျောက်ကွယ်၍သွားပြန်သည်။

ဝတ်ရည်သိမ့် ခြေမကိုင်မိ၊ လက်မကိုင်မိဖြစ်နေသည်။ ဘာတွေဖြစ်နေမှန်း သူမ နားမလည်နိုင်ခဲပေ။ ရဲကိုအကြောင်းကြားလျှင် ကောင်းမလားဟု စဉ်းစားမိသေးသည်။

အလင်းရောင်စက်ဝိုင်းများ ပေါ်သည့်နေရာကို သူမ လှမ်း၍ ကြည့်သည်။ ကားများရပ်ထားသည့် နေရာအနီး၌ လှုပ်ရှားမှုတစ်ခုကို မြင်လိုက်သည်။

ထပ်၍ သေချာစွာကြည့်လိုက်သည့်အခါ၌ လူတစ်ယောက်၏ သဏ္ဌာန်ကို မြင်ရသည်။ လမ်းမီးရောင်ဖြင့် ထိုလူသည် ချူး ဖြစ်နေကြောင်း သိလိုက်ရသည်။

ဤသို့ဆိုလျှင် အလင်းရောင်စက်ဝိုင်းများနှင့် အသံများကို ချူး ကြားမိမြင်မိမည်မှာ သေချာသည်။ သူမအပေါ်မှနေ၍ လှမ်းအော်ခေါ်မည်ပြုစဉ် အမှောင်ရိပ်များထဲမှ ထွက်လာသည့် လူရိပ်သဏ္ဌာန်များကို မြင်လိုက်ရပြန်သည်။ လူပေါင်းငါးဆယ်ကျော်ခန့် ထူးဆန်းအံ့ဩဖွယ်ရာ ရောက်လာကြခြင်းဖြစ်သည်။

လမ်းမီးရောင် တစ်ပိုင်းတစ်စဖြင့် လူအချို့၏မျက်နှာကို မြင်နေရသည်။ မည်သူတွေမှန်းမသိ။ သို့သော် ထိုအထဲမှ လူနှစ်ဦးကို မြင်ဖူးသည်ဟုထင်သည်။ ကျောင်းအုပ်ဆရာကြီး ဦးစံရွှေလွင်တို့ ဇနီးမောင်နှံနှင့် အလွန်တူသည်ဟု သူမထင်လိုက်သည်။

ဝတ်ရည်သိမ့် သူမကိုယ် သူမ အိပ်မက် မက်နေသလားဟု ထင်ပြီး မျက်လုံးကို ထပ်ပြန်တလဲလဲ ပွတ်သပ်ကြည့်မိသည်။ အမှန်





အတိုင်းဖြစ်နေခဲ့လျှင် ဟူသောအတွေးကြောင့် ကျောရိုးထဲမှ စိမ့်ပြီး ကြောက်ရွံ့လာမိသည်။

သူမ ဆက်၍ကြည့်နေမိသည်။ ထိုလူ ငါးဆယ်ကျော်မှာ ကွက်လပ်နေရာ၌ စု၍ရပ်လိုက်ကြသည်။ ကြည့်ရင်း သူမပို၍ ကြောက်ရွံ့လာမိသည်။

ရုတ်တရက် ချူးက အပေါ်ဘက်သို့ လှမ်းကြည့်သည်။ ကျန်လူများကလည်း မော့ကြည့်ကြသည်။ အားလုံး၏မျက်လုံးများ မှာ ထူးခြားစွာ အရောင်များ ဝင်းလက်နေသည်ကို တွေ့လိုက်ရသည်။ ဝတ်ရည်သိမ့် တုန်လှုပ်ချောက်ချားစွာဖြင့် နောက်သို့ဆုတ်လိုက်သည်။

နောက်ဆုံး၌ ချူး ပြန်အလာကို စောင့်ရန် ဆုံးဖြတ်လိုက် သည်။

ခုတင်ပေါ်၌ ခေါင်းအုံးကိုကျောမှီ၍ နေလိုက်သည်။ သူမ မြင်တွေ့ရသည်များကို ပြန်၍ မစဉ်းစားရဲ။ မတွေးရဲအောင် ဖြစ်နေမိ သည်။

အိပ်မက်များလားဟု မဆီမဆိုင် သူမ တွေးမိပြန်သည်။

ခုတင်ဘေးရှိ စားပွဲပေါ်၌၊ စာကြည့်မီးရောင်အောက်တွင် ချူး၏စာကို လှမ်းမြင်ရသည်။ အိပ်မက်လည်း မဖြစ်နိုင်တော့ပေ။

. . . . . . . . .

နံနက် နှစ်နာရီ ငါးဆယ်မိနစ် . .။

ချူး ခြေသံမကြားအောင် ပြန်ဝင်လာသည်။

အိပ်ရာမှ နိုးနေသော ဝတ်ရည်သိမ့်ကို မြင်လိုက်သည်။

ချူးက သဘောမကျသည့် လေသံဖြင့် . . .

'ခုချိန်ထိ . . အိပ်မပျော်သေးဘူးလား'

ဝတ်ရည်သိမ့်က . . .

'ဟုတ်တယ်။ ရှင် ပြန်အလာကို စောင့်နေတာ'

သူမ၏အသံ အနည်းငယ်မာ၍သွားသည်ကို သူမ သတိပြုမိသည်။

ချူးက သူမကို အကဲခတ်သလိုတစ်ချက်ကြည့်ရင်းမှ

'ကိုယ် စာရေးထားခဲ့တာ တွေ့တယ် မဟုတ်လား'

သူမ စိတ်ကိုထိန်း၍ . . .

'တွေ့တယ်။ ဖတ်ကြည့်ပြီးပြီ'

ချူး ရေချိုးခန်းဘက်သို့ ထွက်သွားသည်။ ထမင်းလုံးတစ္ဆေ ခြောက်သည့်နှယ် ဝတ်ရည်သိမ့်မှာ ခံစားနေရသည်။

သူမကမှ လှမ်း၍အော်ပြီး မေးကြည့်လိုက်သည်။

'ဟို . . အောက်မှာ၊ ဘာတွေဖြစ်နေတာလဲ'

ချူးက လိုက်သံပါသောအသံဖြင့် ပြန်ပြောသည်။

'အောက်ဘက်မှာ လမ်းလျှောက်ထွက်တာလေ၊ ဘာဖြစ်လို့လဲ'

'ဟိုလူတွေကကော၊ ဘယ်သူတွေလဲ'

ရေချိုးခန်းတံခါးဝ၌ ချူး ပေါ်လာသည်။





'ဪ . . သူတို့လည်း လမ်းလျှောက်ထွက်လာကြတဲ့ လူတွေလေ'

'အဲဒီအထဲမှာ ကျောင်းအုပ်ဆရာကြီး ဦးစံရွှေလွင်တို့ လင်မယားကော ပါတယ်မဟုတ်လား'

'အင်း . . သူတို့လင်မယားလည်းပါတယ်။ အားလုံး စိတ်ရင်း၊ စေတနာကောင်းရှိကြတဲ့ လူတွေချည်းပါပဲ။ အားလုံးစိတ်ဝင်စားမှုရှိကြပါတယ်'

'ကျွန်မ ပြတင်းပေါက်ကကြည့်တော့ ရှင်တို့အားလုံးဝိုင်းစုပြီး တစ်ခုခုကို ပြောနေကြသလိုပဲ။ ဘာတွေပြောနေကြတာလဲ'

'မင်း မြင်ရင် ဒီလိုမေးလာမယ်ဆိုတာ ကိုယ် ကြိုပြီး တွက်ထားပြီးသားပါ။ ဒီကိစ္စက ဖုံးကွယ်ထားစရာ မလိုပါဘူး။ ကမ္ဘာကြီးအေးချမ်းသာယာရေးနဲ့ ပတ်သက်ပြီး ကိုယ်တို့ ဆွေးနွေးနေကြတာပါ'

သူမက ခနဲ့သောလေသံဖြင့် . .

'ဪ . . ဪ . . မနက်သုံးနာရီလောက်မှာ ထပြီး ကမ္ဘာကြီးအေးချမ်းသာယာရေးအကြောင်း အစည်းအဝေးလုပ်ပြီး တိုင်ပင်ဆွေးနွေးကြတယ်ပေါ့ . . ဟုတ်လား'

ချူး ခုတင်အနီးသို့ လျှောက်လာသည်။

သူ၏မျက်နှာမှာ လွန်စွာမှပင် တည်ငြိမ်လေးနက်နေသည်။

'ဘာများ ဖြစ်ရပြန်တာလဲ . . သိမ့်ရယ်'

'ရှင် နားမလည်ဘူးလား။ ရှင် . . အခု ဘာတွေ ဖြစ်နေ

သလဲဆိုတာ ကျွန်မကို ပြောစမ်းပါ'

'ဘာမှမဖြစ်ပါဘူး။ ကိုယ့်အတွက် မစိုးရိမ်ပါနဲ့။ အင်း . . အခြေအနေတွေကတော့ အတော်ကြီးကိုကောင်းနေပါလား'

ဝတ်ရည်သိမ့်က နားမလည်နိုင်စွာဖြင့် ချူးကို စိုက်၍ကြည့်သည်။

'အခုတလော . . ။ ရှင့်ရဲ့ အပြုအမူတွေ သိသိသာသာ ပြောင်းလဲနေတာယ့်ဆိုကာကိုတော့ ရှင် သိရဲ့လား'

၆။ ချူးက

'ရှင်းပြောတာတွေကို သိပ် နားမလည်ပါလား . . သိမ့်။ ဘာတွေဖြစ်နေရပြန်တာလဲ။ အခု . . ကိုယ့်ရဲ့ နားလည်မှုနဲ့ တန်ဖိုးဖြတ်မှု စနစ်စံနှုန်းက ပြောင်းလဲသွားပြီ။ ဒါတွေအကြောင်း မင်း သိလာမှာပါ။ အခု . . ကိုယ်က အသက်တော်တော် ငယ်နေသေးတယ်။ အတွေ့အကြုံတွေအကြောင်းသိဖို့ လိုနေသေးတယ်။ ပညာသင်ကြားရင်းနဲ့ လေ့လာနေတုန်းပဲရှိသေးတယ်။ တက္ကသိုလ်မှာ နေတုန်းကာလပဲရှိနေသေးတယ်။ ဒါပေမယ့် ပြောင်းလဲမှုတွေရဲ့ ဟန်ဖိုးဟာ သိပ်ကိုကြီးမားလွန်းတယ်'

'ရှင့်ကိုယ်ရှင် ပြောင်းလဲနေတာကိုတော့ သိရဲ့လား . . ချူး'

'ကိုယ် ဘာမှ မပြောင်းလဲပါဘူး'

သူမက ဒေါသသံဖြင့် . . .

'ရှင် ဘာတွေဖြစ်နေတာလဲ။ ရှင်ပြောတာ၊ ဆိုတာ၊ လုပ်တာကိုင်တာတွေအားလုံး သိသိသာသာ ပြောင်းလဲနေတယ်'





ချူးက အေးဆေးသောလေသံဖြင့် . .

'ကိုယ် အရင်ကအတိုင်းပါပဲ။ ဘာမှ မဖြစ်ပါဘူး'

'ရှင့်ကသာ ဘာမှမဟုတ်ဘူး၊ ဘာမှ မဖြစ်ဘူး ငြင်းနေတာ။ ကျွန်မကော၊ ရှင့်ရဲ့သူငယ်ချင်း သန်းဆွေထိုက်ပါ ရှင်ပြောင်းလဲနေတာကို သတိထားမိတယ်'

ချူး မသိမသာပြုံးသည်။

'သန်းဆွေထိုက်ကတော့ ပြောတယ်။ မင်း . . မထင်မှတ်နိုင်တာတွေ လုပ်လာတယ်လို့တော့ ပြောတယ်။ သူပြောတဲ့ အဓိပ္ပာယ် ကိုယ် သိပ်နားမလည်ဘူး'

'ဟုတ်တယ်။ ရှင့်ကို အဲဒီလို မပြောချင်လို့။ ရှင် . . ဆရာဝန်တစ်ယောက်နဲ့ ပြရင်ကောင်းမယ်။ ကျွန်မပါ လိုက်ခဲ့မယ်လေ . .'

'အင်း . . ပြကြည့်တာပေါ့'

ချူးက အလွယ်တကူ လက်ခံသဖြင့် ဝတ်ရည်သိမ့် အံ့ဩသွားမိသည်။

'တကယ် ပြောတာနော် . .'

'သိမ့် စိတ်ချမ်းသာဖို့ ဆရာဝန်ဆီ သွားကြတာပေါ့။ ဒါပေမယ့် ရဲတိုက်ကုမ္ပဏီမှာ သွားတွေ့ပြီးမှ ပြကြတာပေါ့'

'ရှင် . . တစ်ရက်၊ နှစ်ရက်ပဲ ကြာမှာ မဟုတ်လား'

ချူးက လေးနက်သောလေသံဖြင့် . . . .

'ဘယ်လောက်ကြာမယ့်ဆိုတာတော့ ပြောလို့မရဘူး။ အခြေအနေအရပဲ။ ရဲတိုက်ကုမ္ပဏီက ကိုထက်ပိုင်ခေါင်နဲ့ တွေ့ပြီးမှ

ပဲ ပြောလို့ ရနိုင်မယ်'

ဝတ်ရည်သိမ့် စိတ်ပျက်စွာ သက်ပြင်းချလိုက်မိလေသည်၊

× × × × × × × × ×



## အခန်း (၁၃)

ဧမ္ဘူသီရိ စားသောက်ဆိုင် . . .။

နေ့လည်စာ စားရန်အတွက်၊ သန်းဆွေထိုက်နှင့် ဝတ်ရည်သိမ့်တို့နှစ်ဦး။ ဧမ္ဘူသီရိသို့ ရောက်လာကြသည်။

စားသောက်ဆိုင်မှ စားပွဲထိုးအမျိုးသမီး မအေးစံက

'ဒီနေ့တော်တော်လေး သာယာတယ်နော်။ ကဲ . . ဘာစား ကြမှာလဲ စိတ်ကြိုက်ရနိုင်ပါတယ် ရှင်'

သန်းဆွေထိုက်နှင့် ဝတ်ရည်သိမ့်တို့ အံ့ဩစွာဖြင့် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်မိသည်။ သူတို့ ဤဆိုင်၌ လာစားကြသည်မှာ နှစ်နှင့်ချီ၍ကြာပြီဖြစ်သည်။ စားပွဲထိုး မအေးစံ

က ယခုကဲ့သို့ ပျူငှာစွာပြောဆိုခြင်းမျိုး တစ်ကြိမ်မှ မကြားခဲ့မိပေ။ ယခုတစ်ကြိမ်သည် ပထမဦးဆုံးအကြိမ် ဖြစ်ပေသည်။

ဝတ်ရည်သိမ့်က . . .

'ငါးကြင်းကြော်နပ်၊ ခရမ်းချဉ်သီးသုပ်၊ ဇာလချောင်ကြော်၊ ပြီးတော့ စပရိုက်တစ်ဘူးပါပေး'

'ကျွန်တော်အတွက်က ဝက်သားနီချက်နဲ့ပဲ ဟင်းချိုပေးပါ။ ပြီးတော့ ဘီယာတစ်ဘူးပေးပါ . .'

မအေးစံက စာရင်းမှတ်ရင်း

'ခဏလောက်စောင့်ပါရှင်။ မှာထားတာတွေ လာပို့ပေးပါ့မယ်'

မအေးစံ မီးဖိုဆောင်ဘက်သို့ ဝင်သွားသည်။

သန်းဆွေထိုက်က အံ့သြသံဖြင့် . . .

'ငါ ဒီဆိုင်မှာ လာစားတာ နှစ်ပေါင်းမနည်းတော့ဘူး။ အဲဒီ အမျိုးသမီး အခုလို ဖော်ဖော်ရွေရွေစကားပြောတာ ဒီတစ်ကြိမ်ပဲကြားဖူး သေးတယ်'

'အေးပါဟာ . . ဓါတောစောက ပြောတာတွေဟာ တကယ် ပြောတာ။ အိပ်မက် မက်နေတာ မဟုတ်ဘူး။ ငါ ထင်မိယောင်မှားနဲ့ ပြောတာလည်း မဟုတ်ဘူး'

'ဟာ . . နင်ပြောတော့ အိပ်မက်လား၊ နိုးနေတာလား မသေချာဘူးဆို'

'ငါ အိပ်ရာကနိုးနေတာ၊ သေချာပါတယ်'





'ကဲ . . နင်ပြောစရာရှိတာ ဆက်ပြော . .'

သူမက ပတ်ဝန်းကျင်ကို လှည့်ကြည့်လိုက်သည်။ လူအချို့က သူတို့နှစ်ဦးအား မသိမသာ ကြည့်နေသည်ကို သတိပြုမိသည်။

ဝတ်ရည်သိမ့်က လေသံနှိမ့်၍ . . .

'မနက် သုံးနာရီလောက်ရှိပြီ . . ။ ချူးကော ဒီပြင် လူတွေရော ငါ့ကိုမော့ကြည့်လိုက်ကြတယ်။ သူတို့အားလုံးရဲ့ မျက်လုံးတွေက အရောင်တဖိတ်ဖိတ်နဲ့ ဝင်းလက်နေတာကို တွေ့ရတယ်'

'ဟာ . . ဟုတ်ပါ့မလား'

'ဟုတ်ပါတယ်။ သေချာတယ်'

'အင်း . . အင်း . . ဆက်ပြောပါဦး'

'ချူး ပြန်လာတော့ ငါကမေးကြည့်တယ်။ သူက ကမ္ဘာကြီးသန့်ရှင်းသာယာရေးအကြောင်း ဆွေးနွေးတာလို့ပဲပြောတယ်'

'နင့်ကို နောက်ပြောင်ပြီး ပြောနေတာလား မသိပါဘူးဟာ၊ ရယ်ရအခက် ငိုရအခက် စကားမျိုးပဲ'

'သူ တကယ် ပြောတာ'

သန်းဆွေထိုက်က . . .

'ညသုံးနာရီမှာ ကမ္ဘာကြီးသန့်ရှင်းသာယာရေးကိစ္စ ဆွေးနွေးခဲ့လုပ်တယ်ဆိုတာက စဉ်းစားရခက်တဲ့ စကားပဲ'

'သူတို့အားလုံးရဲ့ မျက်လုံးတွေ အရောင်တောက်နေတာက အံ့ဩဆန်းတာပဲ။ ဒါနဲ့ ချူးနဲ့ နင်တွေ့ဖြစ်သေးသလား။ သူ ဘာပြောသေးသလဲ'

'ပြောခွင့် မရလိုက်ပါဘူး'

သို့နှင့် သန်းဆွေထိုက်က ချူးအပါအဝင် ဘတ်စကက်ဘော ကစားသည့် အကြောင်းပြောပြသည်။

တစ်ဘက်အုပ်စုထဲ၌ ခွန်အားဗလကြီးသူတစ်ယောက်ပါသည်။ ထိုလူက အမြဲတမ်းလိုလို အနိုင်ကျင့်တတ်သူဖြစ်သည်။ သူနှင့် ထိပ်တိုက်ရင်ဆိုင်ထိုးကြိတ်လျှင် ထိုဗလကြီး သူ၏လက်ချက်ဖြင့် ကွဲပြဲခဲ့ရသည်ချည်းပင်ဖြစ်သည်။ ထိုနေ့က ကစားကြရင်း ချူးနှင့် ဗလကြီးထိပ်တိုက် ရင်ဆိုင်မိကြသည်။ ချူးက ဗလကြီးကိုမယှဉ်ကြည်နိုင်အောင် ဆုံးမလိုက်သည်။ ထို့ပြင် ချူးသည် လွန်စွာသန်မာသူဖြစ်ကြောင်းနှင့် ကစားပြီးသည့်အခါတွင် လုံးဝမောခြင်းမရှိကြောင်းကိုပါ ပြည့်စုံစွာ ပြောပြလိုက်သည်။

ထို့ပြင် ဘတ်စကက်ဘောကစားပြီးလျှင် ကွင်း၏နောက်ဘက်တစ်နေရာ၌ အထက်တန်းကျကျ သပ်ယပ်စွာဝတ်စားထားသောလူတစ်စုနှင့် ချူးတွေ့ဆုံဆွေးနွေးနေသည်ကို မြင်ရကြောင်းနှင့် ချူးကပင် ဦးဆောင်၍ ပြောဆိုနေခြင်းဖြစ်ကြောင်းကိုပါ ထည့်သွင်းပြောပြလိုက်သည်။

လူတစ်စုနှင့် ဆွေးနွေးသည်ဟူသောအကြောင်းကို ဝတ်ရည်သိမ့် ပို၍စိတ်ဝင်စားမိလေသည်။

ဝတ်ရည်သိမ့်က . . .

'အဲဒီတုန်းက သူတို့ဘာတွေ ပြောသလဲ နင် ကြားမိလား'

'ငါ ဘယ်ကြားနိုင်ပါ့မလဲ'





'ရဲတိုက် ဆော့ဖ်ဝဲကွန်ပျူတာကုမ္ပဏီက လူတွေများလား'

သန်းဆွေထိုက် ခေါင်းခါလိုက်၏။

'အဲဒါလည်း ငါမသိဘူး ဘာဖြစ်လို့လဲ'

သူတို့၏စားပွဲဘေး၌ မအေးစံ ရောက်နေသည်ကို သတိပြုလိုက်မိသည်။ မအေးစံက ဘီယာတစ်ဘူးနှင့် စပရိုက်ဘူးကိုလာချပေးသည်။

'မှာထားတဲ့စားစရာတွေ အခု လာပို့ပါ့မယ်'

မအေးစံ ထွက်သွားတော့မှ၊ သန်းဆွေထိုက်က မသိမသာမျက်လုံးပင့်ပြလိုက်သည်။

'ငါတို့နှစ်ယောက် ပြောနေတာကို သူနားထောင်နေတာ သေချာတယ်'

ဝတ်ရည်သိမ့်က နားမလည်သည့် အမူအရာဖြင့်

'သူနဲ့ ဘာဆိုင်လို့ နားထောင်ရမှာလဲ'

'ဒါတော့ ဘယ်သိပါ့မလဲ။ ဒီနေ့ . . ချူး အတန်းတက်ဖို့ ကျောင်းသွားပြီလား'

'ဟင့်အင်း . . သူ ရဲတိုက်ကုမ္ပဏီကို လေယာဉ်နဲ့သွားပြီ။ ဟိုမှာ အင်တာဗျူးဖြေဖို့-သွားတာပဲဖြစ်မယ်'

'ဟိုမှာ . . ဘယ်လောက်ကြာမှာလဲ'

'သူကိုယ်တိုင်လည်း မသိဘူးလို့ ပြောတာပဲ'

'အင်း . . သူ ပြန်ရောက်တဲ့အခါကျရင်၊ နကိုယ်အတိုင်း ပုံမှန်ပြန်ဖြစ်ချင် ဖြစ်သွားလိမ့်မယ်'

စားပွဲထိုးအမျိုးသမီး မအေးစံ ရောက်လာသည်။

ဝတ်ရည်သိမ့် မှာထားသည်များနှင့် သန်းဆွေထိုက်မှာသည်ကို သီးသန့်ခွဲ၍ချပေးသည်။

'ကဲ . . စိတ်တိုင်းကျ စားနိုင်ပါပြီရှင်'

မအေးစံ မီးဖိုဆောင်အဖွင်းဝင်သွားတော့မှ ဝတ်ရည်သိမ့်က . . .

'မအေးစံနဲ့ အမူအရာ သိသိသာသာ ပြောင်းသွားတာတော့ နင်မြင်တဲ့အတိုင်းပဲ။ ဟို . . ကျောင်းအုပ်ဆရာကြီး ဦးစံရွှေလွင်တို့ လင်မယားလည်း ဒီလိုပုံစံပြောင်းသွားတယ်။ တစ်ခြားလူတွေလည်း သူတို့ရဲ့ပုံမှန် အမူအကျင့်ကနေ ပြောင်းကုန်တယ်လို့ပြောကြတယ်။ ဒီကိစ္စဟာ တဖြည်းဖြည်းနဲ့ ကျယ်ပြန့်လာပြီ။ အခုလိုဖြစ်ရတာကလည်း၊ တုပ်ကွေးရောဂါနဲ့ ပတ်သက်နေလိမ့်မယ်'

'ငါလည်း ဒီအတိုင်းပဲ တွက်ထားမိတယ်။ မနေ့တုန်းကပဲ ဒီကိစ္စကို အရေးပေါ်ဌာနမှာ ငါပြောမိသေးတယ်'

'အဲဒီတော့ . .'

'အရေးပေါ်ဌာနတာဝန်ခံ ဒေါက်တာစိမ်းသီတာဆိုတာ တော်ရုံတန်ရုံနဲ့ အလွယ်တကူ လက်ခံတတ်တာ မဟုတ်ဘူး။ ဒါပေမယ့် ငါပြောတာကို သေသေချာချာစဉ်းစားပြီးတော့မှ သူလက်ခံသွားတယ်။ အဲဒီကိစ္စနဲ့ပဲ ဆေးရုံအုပ်ကြီးဆီကို သူနဲ့ ငါသွားတယ်'

'ဆေးရုံအုပ် . . ဆရာဝန်ကြီးက ဘယ်လိုပြန်ပြောသလဲ'





'ဆေးရုံအုပ်ကြီးက ငါတို့ပြောတာကို လက်မခံချင်ဘူး။ သူက ဒီကိစ္စဟာ သာမန်လောက်ပဲလို့ သဘောထားတယ်။ ငါတို့သွားတော့ သူကိုယ်တိုင်လည်း ခေတ်မီတုပ်ကွေးရောဂါဖြစ်ပြီ၊ နှာချေလိုက်၊ ချောင်းဆိုးလိုက်ဖြစ်နေတယ်'

နှစ်ဦးစလုံး မှာထားသည်များကို ခပ်သွက်သွက်စားလိုက်ကြသည်။

စားပြီးချိန်၌၊ ဝတ်ရည်သိမ့်က . .

'ငါ အခုမှ သတိရတယ်။ ဟို . . စားပွဲထိုးအမျိုးသမီးလည်း တုပ်ကွေးဖြစ်တယ်နဲ့တူတယ်'

'အေး . . ငါလည်း စဉ်းစားမိတယ်။ သူ့ပုံစံက အရင်နဲ့ တော်တော်ကို ကွာနေတယ်'

ဝတ်ရည်သိမ့်က . . .

'ကဲ . . နင်လည်း ကြံစမ်းပါဦးဟာ။ ငါတို့ ဘယ်သူ့ဆီကို သွားတွေ့ရင် ကောင်းမလဲ'

သန်းဆွေထိုက်က . . .

'ဒါဆို . . ဒေါက်တာ စိမ်းသီတာဆီပဲ သွားကြမယ်။ အပြုအမူ အကျင့်စရိုက်ပြောင်းသွားတဲ့လူတွေ ထပ်တွေ့တဲ့အကြောင်း ထပ်ပြောမယ်လေ။ ချူးနဲ့ပတ်သက်လို့လည်း ငါပဲ ပြောခဲ့မိသေးတယ်'

'တို့နှစ်ယောက် အတူသွားကြရအောင်'

'ဒါဆို . . အခုပဲ သွားမယ်။ နေဦး . . ငါငွေရှင်းလိုက်ဦးမယ်'

သန်းဆွေထိုက် အခန်းထဲသို့ လှည့်ပတ်ကြည့်သည် စားပွဲထိုး မအေးစံကို ရှာမတွေ့ပဲဖြစ်နေသည်။

ဝတ်ရည်သိမ့်က လေသံခပ်တိုးတိုးဖြင့် . .

'မအေးစံက ဟိုနောက်မှာ။ ကောင်တာကဆိုင်ရှင်နဲ့ စကာ ပြောနေတယ်'

သန်းဆွေထိုက် နောက်ဘက်သို့ လှည့်ကြည့်လိုက်၏။

ကောင်တာမှ ဆိုင်ရှင်နှင့် မအေးစံတို့နှစ်ဦးကလည် သန်းဆွေထိုက်ကို လှမ်းကြည့်နေသည်။ သူတို့နှစ်ဦး၏အကြည့်မှ လွန်စွာထူးခြားလှသည်ဟု တွေးမိပြီး သန်းဆွေထိုက် ကျောရိုးထဲမှ စိမ့်တက်လာမိသည်။

ရင်ထဲ၌လည်း လေးလံသလို ခံစားလာရသည်။

သန်းဆွေထိုက်က ဝတ်ရည်သိမ့်ဘက်သို့ ပြန်လှည့်လိုက်၏။

'ကဲ . . ငါတို့ ဒီနေရာကနေ မြန်မြန်ပြေးကြတာ ကောင် မသင်ထင်တယ်။ ကြာရင်ငါလည်း ရူးသွားလိမ့်မယ်။ ဆိုင်ရှင်နဲ့ မအေး တို့ ငါတို့အကြောင်းကို ပြောနေတယ်ဆိုတာ ငါပြောရဲတယ်။ တစ်ခု ထူးခြားတာတော့ သေချာတတယ်'

သန်းဆွေထိုက် ကောင်တာဆီသို့ သွား၍ ငွေရှင်းလိုက်သည်

ထို့နောက်၊ ဝတ်ရည်သိမ့်နှင့်အတူ အပြင်သို့ထွက်လာ သည်။ ဆိုင်ရှင်ဖြစ်သူနှင့် မအေးစံတို့က သူတို့နှစ်ဦးကို မမှိတ်မသုန် စူးစိုက်ကြည့်နေဆဲပင် . .။

× × × × ×



## အခန်း (၁၄)

အရေးပေါ်ဌာန . . .။

လူနာတင်ကားများ အချက်ပြမီးရောင်များ တဖျတ်ဖျတ် လင်း၍ရပ်ထားကြသည်။

လူနာစောင့်သည့်အခန်း၌ လူနာများမှာ မဆန့်ပဲ၊ အပြင် ဘက်သို့ပါ လျှံ၍ထွက်နေသည်။

ဝတ်ရည်သိမ့်က တအံ့တသြဖြင့် . .

'အရေးပေါ်ခန်းမှာ လူနာတွေ များလှချည်လား . . ဘယ်လို ဖြစ်တာလဲဟင်'

သန်းဆွေထိုက်က ခေတ္တရပ်၍ အခြေအနေကို လှမ်းကြည့် သည်။

'ဟုတ်တယ်၊ ဒီလောက် လူနာများတာ ငါတော့ ဒီတစ်ကြိမ်ပဲ တွေ့မိသေးတယ်'

သန်းဆွေထိုက်နှင့် ဝတ်ရည်သိမ့်တို့ သန်းဆွေထိုက်၏ စားပွဲဆီသို့ရောက်ရန် လူနာများကြားမှ တိုးဝှေ့၍သွားရသည်။

သန်းဆွေထိုက်က သူနာပြုဆရာမ နော်မူအေးကိုလှမ်း၍ အော်မေးလိုက်၏။

'ဘယ်လို ဖြစ်ကုန်တာလဲ . . ဆရာမ'

'ဒီမှာတော့ မနိုင်တော့ဘူး။ တုပ်ကွေးဖြစ်တဲ့ လူတွေသိပ်များနေတယ်။ ဆေးရုံဝန်ထမ်းတွေလည်း တုပ်ကွေးဖြစ်ပြီး အလုပ် မလုပ်နိုင်ကြဘူး'

'ဒေါက်တာစိမ်းသီတာ ရှိလား'

'သူလည်း . . လူနာတွေကြားမှာ မအားနိုင်အောင်ဖြစ်နေတယ်'

သန်းဆွေထိုက်က ဝတ်ရည်သိမ့်ဘက်သို့လှည့်၍

'ကဲ . . ဝတ်ရည်။ ငါ ဒေါက်တာစိမ်းသီတာကို လိုက်ရှာဦးမယ်။ နင် ဒီနေရာမှာ ခဏစောင့်နေ . .'

'မြန်မြန် ပြန်လာနော် . .'

သန်းဆွေထိုက် ဂျူတီကုတ်အဖြူကို အပေါ်မှထပ်၍ ဝတ်လိုက်၏။ ဆေးရုံကဒ်ပြားကို ရင်ဘတ်တွင်ချိတ်လိုက်သည်။ ထို့နောက် ဒေါက်တာစိမ်းသီတာကို တစ်ခန်းဝင်တစ်ခန်းထွက် ထွက်လိုက်ရှာသည်။





ဒေါက်တာစိမ်းသီတာမှာ အခန်းတစ်ခန်းအတွင်း၌ အမျိုးသမီးလူနာတစ်ဦးကို စမ်းသပ်စစ်ဆေးနေသည်။ လိုအပ်သည်များကို ပြောဆိုနေရင်းမှ လက်အိတ်များကို ချွတ်နေစဉ် သန်းဆွေထိုက်ကို လှမ်း၍မြင်သည်။

'မင်းပြောတဲ့အတိုင်းပဲ သန်းဆွေထိုက်ရေ။ တုပ်ကွေးတွေ ပြန်လာမယ်ဆိုတာ သိပ်မှန်တာပဲ။ စောစောကတင် ထွက်သွားတဲ့ လူနာလင်မယားမှာ ယောကျ်ားက နကိုယ်မူလပုံမှန် စိတ်မဟုတ်တာ သတိထားလိုက်မိတယ်'

'ဒေါက်တာ အချိန်နည်းနည်းလောက် ပေးနိုင်မလား။ ကျွန်တော်နဲ့ ကျွန်တော့်သူငယ်ချင်း ဒေါက်တာနဲ့ စကားနည်းနည်းလောက် ပြောချင်လို့ပါ'

လူနာများပြီး အလုပ်မအားသည့်ကြားမှ ဒေါက်တာစိမ်းသီတာ လက်ခံလိုက်သည်။ အကြောင်းထူးတစ်ခု ရှိနိုင်သည်ဟုလည်း တွေးမိသည်။ သန်းဆွေထိုက် ပြောသည့်စကားများ မှန်နေသည့်အတွက် ပို၍ လေးစားနေမိသည်။ ယခုဖြစ်နေသည့် တုပ်ကွေးမှာ ရိုးရိုးသာမန်မဟုတ်နိုင်ဟု သူမတွက်ဆထားသည်။ ယခုအချိန်ထိ တုပ်ကွေးပိုးရပ်စ်ကို ရှာ၍မတွေ့နိုင်သေး။

. . . . . . .

ဒေါက်တာစိမ်းသီတာက သန်းဆွေထိုက်နှင့် ဝတ်ရည်သိမ့်

ကို သူ၏ရုံးခန်းထဲသို့ ခေါ်သွားသည်။

သူမ ထိုင်ခုံ၌ ထိုင်ချလိုက်သည်။

ဝတ်ရည်သိမ့်က ပြောပြသည်။

ချူး တုပ်ကွေးရောဂါဖြစ်၍ ဆေးရုံ၌ တစ်ရက်နေပြီး နှစ်ဆယ့်လေးနာရီမပြည့်မီ ပြန်နေကောင်းသည်။ နေကောင်းပြီး ပြောင်းလဲသွားပုံများကို ဆင့်ကဲ ဆင့်ကဲပြောပြသည်။ ယမန်နေ့ည ဘက်၌ အလင်းရောင်စက်ဝိုင်းများ တွေ့ရပုံ၊ လူတစ်စုနှင့် ကမ္ဘာကြီး အကြောင်းဆွေးနွေးကြပုံ၊ ထိုလူအားလုံး၏ မျက်လုံးများမှာ တောက်ပသော အရောင်များထွက်ပုံ . . စသည်တို့ကို ရှင်းပြပြော ဆိုသည်။

ဒေါက်တာစိမ်းသီတာက ငြိမ်သက်စွာနားထောင်နေပြီးမှ

'အခုဖြစ်နေတာတွေက ပုံမှန်အခြေအနေ မဟုတ်တော့ဘူး ဆိုတာ ငါသိတယ်။ ဒါကြောင့် မင်းတို့ပြောတဲ့စကားတွေကို ငါ လက်ခံနားထောင်နေတာ။ သာမန်အချိန်မျိုးဆိုရင်တော့ ငါ့အနေနဲ့ လုံးဝလက်ခံမှာ မဟုတ်ဘူး။ ငါလည်း ဒီကိစ္စကို ဘယ်လိုကိုင်တွယ် ရမှန်းကို မသိနိုင်အောင်ဖြစ်နေတယ်။ ချူးဆိုတာ လွန်ခဲ့တဲ့သုံးရက် လောက်ကမှ နေမကောင်းဖြစ်ပြီး ပြန်ကောင်းလာတာ မဟုတ်လား'

'ဟုတ်ပါတယ် . .'

ဒေါက်တာစိမ်းသီတာက

'ဟုတ်ပြီ၊ ချူးကို ငါတွေ့ချင်တယ်။ သူ ဒီကိုလာနိုင်ပါ့မ လား'





ဝတ်ရည်သိမ့်က

'သူ့ကို ဆရာဝန်တစ်ယောက်နဲ့ ပြကြည့်ဖို့ပြောတော့ သူ အလွယ်တကူပဲ လာနိုင်ထယ်လို့ ပြောပါတယ်'

'ဒါဆို . . သူ့ကို ဒီနေ့ ခေါ်လာလို့ဖြစ်မလား'

ဝတ်ရည်သိမ့် ခေါင်းခါလိုက်သည်။

'သူ အင်တာဗျူး ဖြေဖို့အတွက် ခရီးထွက်သွားပါတယ်'

'ဘယ်လောက်ထိ စောင့်ရမလဲ'

'အဲဒါကို သူ ပြောမသွားဘူး . . ဒေါက်တာ'

ဒေါက်တာစိမ်းသီတာ သက်ပြင်းချလိုက်မိသည်။

× × × × ×

ဝတ်ရည်သိမ့်က ဒေါက်တာ စိမ်းသီတာအား ဆက်၍ပြော ပြသည်။

'ဒီလိုအမူအကျင့် ပြောင်းလဲသွားတာ တစ်ခြားလူတွေလည်း ရှိပါသေးတယ်။ ကျွန်မလက်တွေ့ သင်ကြားရေးဆင်းနေတဲ့ကျောင်းက ကျောင်းအုပ်ဆရာကြီးတစ်ယောက်ဆိုရင် တုပ်ကွေးဖြစ်လို့ ပျောက် သွားတဲ့နောက်ပိုင်းမှာ သူရဲ့ ပင်ကိုယ်အကျင့်စရိုက်တွေ လုံးဝမတူ အောင်ကို ပြောင်းလဲသွားတယ်။ တစ်ခြားလူတွေလည်း အဲဒီလိုဖြစ် တယ်လို့ ကြားရပါတယ်'

ဒေါက်တာစိမ်းသီတာက၊ ခဲတံနှင့် စားပွဲကိုခေါက်နေရင်းမှ

'တုပ်ကွေးဖြစ်လို့ နေကောင်းသွားတော့မှ အခုလို လူရော စိတ်ဖျါပြောင်းလဲသွားတာဟာ စိုးရိမ်စရာကောင်းတဲ့အချက်ပဲ'

ထို့နောက် ဒေါက်တာစိမ်းသီတာ၊ ဝတ်ရည်သိမ့်နှင့် သန်းဆွေထိုက်တို့ ဆေးရုံအုပ်ကြီး၏ရုံးခန်းသို့ သွားကြသည်။

ဆေးရုံအုပ်ကြီး၏ အတွင်းရေးမှူးမလေး နီနီချိုက

'ဆရာဝန်ကြီးအောင်မင်းဇံ ဒီနေ့ အနားယူမယ်လို့၊ ဒီမနက်ပိုင်းမှာ ဖုန်းဆက်ပြီး အကြောင်းကြားထားပါတယ် ရှင်'

ဒေါက်တာစိမ်းသီတာ မသိမသာ မျက်မှောင်ကြုတ်လိုက်သည်။

'ဆရာဝန်ကြီး ဒေါက်တာအောင်မင်းဇံ ဆေးရုံကိုလာဖို့ ပျက်ကွက်တယ်ဆိုတာ တစ်ခါမှ ငါမကြားမိသေးဘူး။ ဆရာဝန်ကြီးက ဘာကြောင့် အနားယူမယ်လို့ ပြောသလဲ'

နီနီချိုက . . .

'သူနဲ့ သူ့မိန်းမ အေးအေးဆေးဆေး တစ်နေရာကို သွားပြီး အနားယူချင်လို့တော့ ပြောပါတယ်။ ဒါပေမယ့် ဒီကိုပဲ ဆရာဝန်ကြီး ဖုန်းဆက်မှာပါ။ ဒေါက်တာမှာစရာရှိရင် မှာထားခဲ့နိုင်ပါတယ်'

'ဒါဆို . . ငါတို့ ထပ်ပြီးလာခဲ့မယ်'

'ဟုတ်ကဲ့ပါရှင်'

ဒေါက်တာစိမ်းသီတာ၊ သန်းဆွေထိုက်နှင့် ဝတ်ရည်သိမ့်တို့ ရုံးခန်းထဲမှ ထွက်လာကြသည်။

ဓာတ်လှေကားအနီးသို့ရောက်လျှင်၊ သန်းဆွေထိုက်က . .





'ဒါဆို . . ကျွန်တော်တို့ ဘာဆက်လုပ်ကြမလဲ ဒေါက်တာ'

ဒေါက်တာစိမ်းသီတာက နှုတ်ခမ်းကိုတင်းတင်းစေ့လိုက်သည်။

'ဒီပြဿနာကို ဖြေရှင်းပေးနိုင်မယ်လို့ ယူဆရတဲ့ လူတစ်ယောက်ဆီကို ဖုန်းဆက်ကြည့်ရလိမ့်မယ်။

'အင်း . . ဆေးရုံအုပ်ကြီး ဒေါက်တာအောင်မင်းဇံဟာ သူ့ရဲ့ ကိုယ်ရေးကိုယ်တာကိစ္စနဲ့၊ ဆေးရုံကနေ ခွင့်ယူတယ်ဆိုတာ တော်တော်ကြီးထူးဆန်းတဲ့ကိစ္စပဲ'

အပေါ်ထပ်မှ ဓာတ်လှေကားဆင်းလာ၍၊ သူတို့သုံးဦးသား ဓာတ်လှေကားထဲသို့ ဝင်လိုက်ကြသည်။

× × × × × × ×

## အခန်း (၁၅)

'နဂါးသွဲ့မြို့'။

ဤမြို့သို့၊ ချူး တစ်ကြိမ်မျှ မရောက်ဖူးသေးပေ။ အေးချမ်းသာယာသော မြို့တစ်မြို့ဖြစ်သည်ဟု ကြားမိထား၍ လာချင်နေပေသည်။ ယခု ရောက်သည့်အခါ၌လည်း နှစ်သက်သဘောကျမိသည်။

လေဆိပ်၌ သူ့ကို ရဲတိုက်ကုမ္ပဏီမှ လူအချို့ကလာ၍ ကြိုဆိုသည်။

ကုမ္ပဏီ၏ ဂိတ်ပေါက်မှ ဝင်လိုက်သည်နှင့် အဆောက်အဦးများ၊ စိမ်းမြနေသော မြက်ခင်းပြင်များ၊ ပြာလဲ့နေသည့် ရေကူးကန်များ၊ လှပသောပန်းမန်များ၊ စိမ်းဆေနေသည့် သစ်ပင်များက အပန်းဖြေစခန်းတစ်ခုနှင့်ပင် တူနေပေသည်။





ဗဟိုခန်းမရှေ့၌ ချူးအား ရပ်ပေးသည်။ သူ့ကိုစောင့်ကြိုဆိုသူများမှာ သူမသိသော လူစိမ်းများသာဖြစ်သည်။ ရဲတိုက်ကုမ္ပဏီ၏ အကြီးအမှူး ဥက္ကဋ္ဌဖြစ်သည့် ထက်ပိုင်ခေါင်က၊ သူ၏ရုံးခန်း၌ အသင့်စောင့်နေပါသည်ဟု ထိုလူများက ချူးအား ပြောသည်။

ထက်ပိုင်ခေါင်၏ ရုံးခန်းမှာ အတော်ပင်ကြီးမားကျယ်ဝန်းသည်။ အခန်းဖွဲ့စည်းပုံမှာ ခေတ်မီလှပပြီး အလင်းရောင်ဝင်နှုန်းများပြားသည်။ အဆောက်အဦးကြီး၏ ဒုတိယထပ်တစ်ခုလုံးမှာ သူ၏ရုံးခန်းပင်ဖြစ်သည်။

ရုံးခန်း၏အလယ်၌ ကျောက်စိမ်းပြား အထပ်ကလေးများဖြင့် ပြုလုပ်ထားသော စားပွဲကြီးတစ်လုံးရှိသည်။

ထက်ပိုင်ခေါင်၏ ရုံးခန်းထဲအထိ ချူးကို လိုက်ပို့ကြသည်။ ထက်ပိုင်ခေါင် စကားပြောနေရင်း ချူးကို လှမ်းမြင်၍ ခဏစောင့်ရန် လက်ဟန် ခြေဟန်ပြသည်။ ချူးအတွက် ထိုင်ရန်နေရာပေးသည်။ ချူးကိုလိုက်ပို့သူများ ရုံးခန်းထဲမှ ထွက်သွားကြသည်။

ထက်ပိုင်ခေါင်ကို ရုပ်သံမှ အစီအစဉ်များ၌ မြင်ဖူးသည်။ ယခု လူကိုယ်တိုင်မြင်ရသောအခါ၌ ဖော်ရွေနှစ်လိုဖွယ်ရှိပြီး အရွယ်နနယ်သည်ကိုတွေ့ရသည်။ ဥပမိရုပ်ကောင်းမွန်ပြီး ချိုသာသော မျက်နှာထားရှိသည်။ ချူးနှင့် ထက်ပိုင်ခေါင်မှာ အရည်ချင်းတူညီသော်လည်း ချူးကပို၍ကြံ့ခိုင်တောင့်တင်းမှုရှိသည်။

ထက်ပိုင်ခေါင်က ဖုန်းကိုချလိုက်သည်။

ချူးကို လက်ဆန့်တန်းပေးပြီး လက်ဆွဲနှုတ်ဆက်လိုက်

သည်။

'လိုက်လိုက်လှဲလှဲ ကြိုဆိုပါတယ် . . ချူး။ ခင်ဗျားနဲ့ပတ်သက်ပြီး ကျွန်တော့်ရဲ့လူတွေက တော်တော့်ကို ချီးကျူးစကားပြောကြပါတယ်။ (၄၈)နာရီလုံးလုံးဆိုပါတော့ဗျာ။ လူမှုဆက်ဆံရေးအပိုင်းမှာ ခင်ဗျား ဘာဖြစ်လို့များ ဒီလောက်အထိ အောင်မြင်နေရသလဲ'

'ဒါကတော့ ကျွန်တော့်ရဲ့ မှန်ကန်ဖြောင့်မတ်တဲ့ ရိုးသားမှု လုပ်ငန်းပိုင်းမှာ စိတ်ဝင်စားမှုနဲ့ ကြိုးစားမှုကြောင့်ပါ။ ပြီးတော့ ကံကောင်းတာလည်း ပါနိုင်ပါတယ်'

ထက်ပိုင်ခေါင်က ကျေနပ်စွာပြုံးလိုက်ပြီး . . .

'ကောင်းပါပြီဗျာ . . ခင်ဗျား အလုပ်ဝင်တဲ့အခါမှာ ကျွန်တော့်ရဲ့ကိုယ်ရေးလက်ထောက်အဖြစ် စပြီးလုပ်ချင်တယ်လို့ ကြားထားပါတယ်။ ပစ္စည်းအပို့အယူ ဌာနကနေစပြီး မဝင်ချင်ဘူးလို့လည်း ပြောတယ်'

'မှန်ပါတယ်။ အလုပ်ဆိုတာ သင့်တော်တဲ့နေရာတစ်ခုကနေ စရတာ ပိုပြီး သင့်တော်ပါလိမ့်မယ်'

ထက်ပိုင်ခေါင်က ကျေနပ်စွာ ရယ်မောလိုက်သည်။

'ခင်ဗျားက ကိုယ့်ကိုကိုယ် ယုံကြည်မှုအပြည့် ရှိတာပဲ။ ဒီလိုမျိုးစိတ်ဓာတ်ကို ကျွန်တော် သိပ်သဘောကျတယ်။ အင်း . . ခင်ဗျားကို မြင်မိတော့မှ ကျွန်တော်စပြီး အလုပ်လုပ်ခဲ့တာတွေ၊ ကြိုးစားခဲ့တာတွေ ငို့ပြန်ပြီး သတိရမိတော့တယ်။ ကဲ . . ခင်ဗျားကို ကျွန်တော်တို့ရဲ့နေရာတွေကို လိုက်ပြပါဦးမယ်'





'ကျေးဇူးပါပဲ . . ကိုထက်ပိုင်ခေါင်'

. . . . . . .

သေချာကျနစွာ စိုက်ပျိုးထားသည့် မြက်ခင်းပြင်ကျယ်ကြီးသည် စိမ်းမြ၍နေ၏။ မြက်ခင်းပြင်၏ နံဘေးတစ်လျှောက်၌ ရောင်စုံပန်းပင်များ လှပစွာဖူးပွင့်၍နေသည်။

ရှေ့ဘက်၌ ရဲတိုက်ကုမ္ပဏီ၏ ဥက္ကဋ္ဌဖြစ်သူ ထက်ပိုင်ခေါင် ရှေ့မှလျှောက်သွားသည်။ သူ၏နောက်မှ ချူး လိုက်ပါသွားသည်။

တောင်ကုန်းငယ်တစ်ခု၏ ထိပ်ပေါ်သို့ ရောက်လာကြသည်။ တောင်ကုန်းပေါ်မှကြည့်လျှင် ရှုခင်းများမှာ သာယာလှပမှုရှိပေသည်။ ရှေ့ဘက်၌ ကြည်လင်သော ရေကန်တစ်ကန်ရှိသည်။ ထိုရေကန်ထဲ၌ ဖြူဖွေးနေသည့် ငန်းများ ရေကူးနေကြသည်။

တောင်ကုန်း၏တစ်ဘက်၌ ပြာလဲ့နေသော တောင်တန်းကြီးများကိုလှမ်း၍ မြင်တွေ့နေရသည်။

ထက်ပိုင်ခေါင်းက . . .

'ဘာတွေများ ငြိမ်ပြီး စဉ်းစားနေတာလဲ . . ချူး'

ချူးက တစ်ချက်ပြုံးလိုက်သည်။

'စိတ်အာရုံ ဝင်စားစရာတွေများနေလို့ပါ။ ကမ္ဘာကြီးတစ်ခုလုံးနဲ့ သူ့ရဲ့ပတ်ဝန်းကျင်ထိန်းသိမ်းမှု အကြောင်းကို စဉ်းစားနေမိတယ်။ နောက်ပြီးတော့ အနာဂတ်အတွက် အကောင်းဆုံးမျှော်လင့်ချက်တွေ

ကိုပါ မြင်နေရပါပြီ။ ဒီလောက် သာယာလှပတဲ့ ကမ္ဘာဂြိုဟ်ကြီးကို လူသားတွေက နည်းမျိုးစုံနဲ့ ဖျက်ဆီးပစ်နေတာကတော့ မယုံကြည် နိုင်စရာပါပဲ။ လူသားတွေကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုတွေ၊ ပြောင်းလဲလာတဲ့ ရာသီဥတုတွေ၊ လူဦးရေထူထပ်လာပြီး လိုအပ်ချက် တွေ ပိုများလာတာတွေ။ အများကြီးပါပဲ . .။ မြေပြင်မှာရော ကမ္ဘာ့ လေထုထဲမှာရော သမုဒ္ဒရာထဲအထိပါ ချို့ယွင်းကုန်ရတယ်။ ပိုပြီး ဆိုးရွားတဲ့ အချက်ကတော့ သဘာဝမျိုးရိုးဗီဇဆိုင်ရာ ထိန်းသိမ်းနိုင်မှု ပိုပြီး လျော့နည်းလာလို့ပဲ’

ထက်ပိုင်ခေါင် သေချာစွာ နားထောင်နေပေသည်။ သို့သော် ချူး နောက်ဆုံး ပြောသွားသည့်စကားကို သူ နားမလည်ပေ။

ချူးက အဝေးဆီမှ ပြာလွင်နေသော တောင်တန်းများကို ငေးမော၍ကြည့်နေရာမှ ဖျတ်ခနဲ လှည့်ပြီးပြောလိုက်သည်။

‘ဒီလို ကျိုးကြောင်းဆင်ခြင်မှု နည်းပါးစွာနဲ့ ဖျက်ဆီးနေတာ တွေကို ကျွန်တော်တို့ဘက်က ထိန်းချုပ်မှဖြစ်မယ်။ ဒီကမ္ဘာဂြိုဟ်ကြီး နဲ့ပတ်သက်နေတဲ့ အန္တရာယ်တွေကို ဖယ်ရှားပစ်ဖို့အတွက် ကျွန်တော် တို့မှာလိုအပ်ချက် အရင်းအမြစ်တွေ၊ နည်းပညာတွေ ရှိနေတယ်လို့ ကျွန်တော် နိုင်နိုင်မာမာ ယုံကြည်ထားတယ်။ အမျှော်အမြင်ရှိတဲ့ လူတစ်ယောက်အနေနဲ့ ဒီပြဿနာကို ဘယ်လို ကိုင်တွယ်ဖြေရှင်း ရမယ်ဆိုတာကိုသိပြီး လုပ်ကိုင်နိုင်တဲ့ စွမ်းရည်လည်းရှိနေလိမ့်မယ်။ ဒီတော့ အခုကိစ္စရပ်တွေမှာ ဘာကိုပဲဖြစ်ဖြစ် မကြောက်မရွံ့နဲ့ ဦးဆောင် လမ်းပြ-ပုပ်ပေးနိုင်မယ့် လူတစ်ယောက်ပဲ လိုတော့တယ်’





ထက်ပိုင်ခေါင်၏ မျက်နှာပြင်ပေါ်၌ ချူးပြောသည့် ထူးခြား သော စကားရပ်များကို လက်ခံသည့် အပြုံး မသိမသာပေါ်လာသည်။ ထိုအပြုံးကို ချူး လှစ်ခနဲ မြင်လိုက်မိသည်။ ဤသို့ဆိုလျှင် ထက်ပိုင်ခေါင်ကို သူလိုသည့်နေရာ၌ ထား၍ရနိုင်ကြောင်း ချူး နားလည် သဘောပေါက်လိုက်သည်။

‘ချီးကျူးစရာပဲ အင်မတန်ကြီးမားပြီး အမှန်တကယ်လိုအပ် တဲ့ အမြင်တွေပါပဲ။ ဒါပေမယ့် ပုံမှန်အတိုင်း လည်ပတ်နေတဲ့ လူသား တွေရဲ့ဘဝကို ခင်ဗျား ပြောသလိုဖြစ်အောင် ပြောင်းပြန်ဖြစ်လာ အောင် ထိန်းချုပ်နိုင်ဖို့ဆိုတာ လွယ်လွယ် ဖြစ်နိုင်ပါ့မလား’

ချူးက . . .

‘လူသားတွေရဲ့ဘဝဆိုတာ ချောမွေ့မှုမရှိပါဘူး . . အန္တရာယ် တွေ၊ ပြဿနာတွေနဲ့ချည်း ကြုံတွေ့နေရတာပါ။ ဒါပေမယ့် ပြည့်စုံတဲ့ နည်းပညာကျွမ်းကျင်မှုတွေ ငွေကြေးရင်းနှီးမြှုပ်နှံမှုတွေ၊ ရဲတိုက်ကုမ္ပဏီ ရဲ့ ကမ္ဘာ့အဆက်အသွယ်တွေနဲ့ ပေါင်းစပ်ဆောင်ရွက်လိုက်ရင်၊ ခင်ဗျား ပြောချင်တဲ့ အခက်အခဲတွေအားလုံးကို ကျော်လွှားနိုင်ပါလိမ့်မယ်’

ချူး၏ အတွေးအခေါ်များ၊ အမြင်များမှာ ရိုးရိုးသာမန် ပုံမှန် လူသားတစ်ဦး၏ အတွေးအခေါ်များထက်ပို၍ မြင့်မား၊ လွန်ကဲမှု ရှိနေသည်ဟု ထက်ပိုင်ခေါင် ထင်မိသည်။ သို့သော် ချူးနှင့်ပတ်သက် ပြီး အထင်ကြီးမိ၊ ချီးကျူးမိသည်ကတော့ အမှန်ပင်။

သို့ရာတွင် သူ၏ အထင်ကြီးမှုမှာ အတိုင်းအတာနှင့်ဖြစ် သည်။ ချူးသည် သူလိုချင်သည့် အတိုင်းအတာထိရောက်ရန် အနည်း

ငယ်လိုသေးသည်ဟု ထင်သည်။ ထို့ကြောင့် သူ၏ လက်ထောက်များ နည်းတူ ပစ္စည်းအပို့အယူ ဌာနမှစ၍ အလုပ်ခန့်ထားမည်ဟု စဉ်းစား နေမိသည်။

ရုတ်တရက်၊ ချူးက

'ဟို . . မြက်ခင်းပြင်ဘေးနားမှာ ဘာလေးလဲ မသိဘူး။ လက်ခနဲ ဖြစ်သွားတယ်'

ထက်ပိုင်ခေါင်က . .

'ကျုပ်တော့ မမြင်လိုက်မိဘူး'

ချူးက မြင်ခင်းပြင်အစပ်နားသို့ လျှောက်သွားသည်။ သူ၏ အိတ်ထဲ၌ အသင့်ပါလာသည့် သတ္တုစပ်ကျောက်ပြားကလေးကိုထုတ်၍၊ ပန်းပင်များကြားမှ ကောက်ယူဟန်ပြုလိုက်သည်။ ထို့နောက် သတ္တုစပ်ကျောက်ပြားကလေးအား ထက်ပိုင်ခေါင်အား လှမ်း၍ပေး သည်။

ထက်ပိုင်ခေါင်က ထိုပစ္စည်းကို လှမ်းကြည့်ပြီး . . .

'လွန်ခဲ့တဲ့ တစ်ရက်၊ နှစ်ရက်လောက်ကတော့ ကျွန်တော့်ရဲ့ လက်ထောက်တွေလက်ထဲမှာ ဒီပစ္စည်းမျိုးတွေ့မိတယ်။ ဘာပစ္စည်းလဲတော့ မသိဘူး'

ချူးက

'ကျွန်တော်လည်း မပြောတတ်ဘူး။ ရောပါ . . ခင်ဗျား ယူကြည့်ရင် သိနိုင်ပါလိမ့်မယ်'

ထက်ပိုင်ခေါင်က သတ္တုစပ်ကျောက်ပြားကလေးကိုယူ၍





လက်ထဲ၌ အသာဆကြည့်သည်။

'အတော်လေးတဲ့ ပစ္စည်းလေးပဲ။ မျက်နှာပြင်ကပြောင်ချောပြီး ယလယ်က ခရမ်းရောင်သန်းနေတယ်။ အေးစိမ့်တဲ့ အငွေ့အသက် လည်းရတယ်။ နှုတ်ခမ်းပတ်လည်မှာလည်း အံဖုကလေးတွေက စ်ညီတည်း။ အား . . အံ့မယ်လေး'

ထက်ပိုင်ခေါင်အော်၍ ထိုသတ္တုစပ်ကျောက်ပြားကလေးကို လွှတ်ချလိုက်သည်။

ထို့နောက်၊ သူ၏လက်ကို ဆုပ်ကိုင်၍ထားသည်။ သူ၏ လက်ချောင်း၌ သွေးစို့၍လာသည်ကို ချူး မြင်လိုက်ရသည်။

ထက်ပိုင်ခေါင်က အံ့ဩစွာဖြင့် . . .

"ဒီဟာလေးက စူးတယ်ဗျ . .'

ချူးက ခေါင်းရမ်းလျက် . . .

'မဖြစ်နိုင်ပါဘူးဗျာ။ အဲဒီပစ္စည်းလေးကို ကျွန်တော် သေသေ ချာချာကြည့်လိုက်ဦးမယ်'

ချူးက ကျနေသော လေးထောင့်သဏ္ဍာန် သတ္တုစပ်ကျောက် ပြားကလေးကို ကောက်ယူ၍ သူ၏လက်ပါးပေါ်၌ တင်ပြီးကြည့်လိုက် သည်။

ချူး၏ မျက်နှာပြင်ပေါ်မှ လျှို့ဝှက်သောအပြုံးကို မူ ထက်ပိုင်ခေါင် လုံးဝ သတိမထားမိလိုက်ပေ။

× × × × × × ×

## အခန်း (၁၆)

ညနေခင်း ဈေးကလေး။

ဝတ်ရည်သိမ့်က ဆိုင်မှာ မစားပဲ အိမ်၌ပင် ချက်ပြုတ်၍ စားမည်ဟု ပြောသဖြင့် ဈေးဝယ်ထွက်လာကြသည်။

ဈေးကလေးအတွင်း၌ လျှပ်စစ်မီးပွင့်ကလေးများထွန်းထား သည်။ ရောင်းချသောပစ္စည်းများမှာ လတ်ဆတ်သန့်ရှင်းသော အသားငါးများ၊ ဟင်းသီးဟင်းရွက်များဖြစ်သည်။

ဈေးအတွင်း၌ ဈေးဆိုင်ပေါင်းစုံရှိသည်။ သားငါးရောင်းသည့် ဆိုင်၊ ဖိနပ်မျိုးစုံရောင်းသည့်ဆိုင်၊ အဝတ်အထည်ဆိုင်၊ ရှေးဟောင်း ပစ္စည်းရောင်းသည့်ဆိုင်၊ ကုန်မာပစ္စည်းများရောင်းသည့်ဆိုင်၊ အလှပြင် ပစ္စည်းရောင်းသည့်ဆိုင် စသဖြင့် ဆိုင်ပေါင်းစုံလင်လှပေသည်။





ဈေးကလေးအတွင်း၌ ဈေးဝယ်သူများနှင့် စည်ကားလျှက် ရှိနေပေသည်။

ဝတ်ရည်သိမ့်က ဟင်းသီးဟင်းရွက်ဆိုင်တစ်ဆိုင်သို့ ဝင်၍ သူမလိုချင်သည့် အသီးအရွက်များကို ရွေးချယ်နေသည်။ ထိုင်ဝမ် မုံညင်းထုပ်ကလေးများ၊ ခရမ်းချဉ်သီး၊ ပြောင်းဖူးအသေးကလေးများ နှင့် ဂေါ်ဖီထုပ်ကြီးများကိုဝယ်သည်။

ဈေးတန်းအတိုင်း လျှောက်လာကြရင်း . .

'ငါတော့၊ ချူး ပြန်လာရင် ဘယ်လို လုပ်ရမှန်းကို မသိတော့ ဘူး။ သူ ပုံမှန်အခြေအနေ ပြန်ဖြစ်မလာမချင်း သူ့ကိုတောင် ငါ မတွေ့ချင်ဘူး။ သူနဲ့ပတ်သက်တဲ့ အခြေအနေကိုကြည့်ပြီး ငါတော့ တအားကြောက်လာတယ်'

'ဒါဆို . . ငါ့မှာ နေ့လို့ရတဲ့ တိုက်ခန်းတစ်ခန်းတော့ရှိတယ်'

'သေချာရဲ့လား . . ဟယ်'

သန်းဆွေထိုက်က . .

'အဲဒီတိုက်ခန်းက ဇမ္ဗူသီရိစားသောက်ဆိုင်နဲ့လည်းနီးတယ်။ တိုက်ခန်းပိုင်ရှင်က ငါ့ရဲ့အစ်ကိုတစ်ဝမ်းကွဲ။ သူက အဲဒီတိုက်ခန်းမှာ မနေဘူး။ သူက ဓိဝပေဋ္ဌာနက ဆရာလေ။ နိုင်ငံခြားဘာသာသင်တန်း တစ်ခု တက်နေတယ်လို့ပြောတယ်။ သူစိုက်ထားတဲ့ ပန်းပင်တွေကို သွားပြီး ရေလောင်းပေးရတယ်။ ငါ့ကိုလည်း အဲဒီမှာနေဖို့ပြောတယ်။ ငါကလည်း နေရာတစ်ခုကို အလွယ်တကူ မပြောင်းချင်ဘူး'

'အဲဒီမှာ၊ ငါနေလို့ ဖြစ်မလား'

'ဖြစ်ပါတယ်။ အိပ်ခန်းသုံးခန်းတောင်ရှိတာ့ အကျယ်ကြီး။ နင်နေ့ချင်ရင်နေလေ၊ ငါပါ စောင့်ပြီးလိုက်နေပေးပါ့မယ်'

'ငါ အခုလို အကြောက်လွန်ပြီး လိုက်လုပ်နေတာ လိုတာထက်များ ပိုနေပြီးလား မသိဘူးနော်'

သန်းဆွေထိုက်က . . .

'ဒါကတော့ ငါလည်း မဆုံးဖြတ်ပေးတတ်ဘူး။ ဒါပေမယ့် ဘတ်စကက်ဘောကစားတုန်းက သူ့ရဲ့ ခွန်အားဘယ်လောက်သန်တယ်ဆိုတာ မြင်လိုက်မိလို့ ငါတော့ ကြောက်သွားမိတာအမှန်ပဲ။ ဟာ . . ချူနဲ့ပတ်သက်ပြီး အပြစ်တွေ လျှောက်ပြောနေမိရင် မကောင်းပါဘူးဟာ'

ဈေးရာလေးအတွင်းမှ လိုအပ်သည်များကိုဝယ်ပြီး ရပ်ထားသောကားဆီသို့ ပြန်လာကြသည်။

အမိုးနိမ့်နိမ့်ကလေးများ မိုးထားသည့် ဈေးဆိုင်တန်းတစ်တန်းရှေ့မှ ဖြတ်၍လျှောက်လာကြသည်။

သန်းဆွေထိုက်က ဆိုင်တစ်ဆိုင်ရှေ့၌ ရပ်တန့်လိုက်၏။ အာမေဍိတ်သံဖြင့် . . .

'ဟင် . . ဟောဟိုမှာ'

ဝတ်ရည်သိမ့်က မျက်လုံးလေးဝိုင်းစက်လျှက် . .

'ဘာလဲဟင် . . ဘာဖြစ်လို့လဲ'

ဝတ်ရည်သိမ့်မှာ သိလိုစိတ်ဖြင့် မေးလိုက်သော်လည်း ပြေးရန်လည်း အသင့်ပြင်ထားမိသည်။ သူမစိတ်ထဲ၌လည်း ဆိုးဆိုးရွားရွား





တစ်စုံတစ်ရာနှင့် ရင်ဆိုင်ရတော့မည်ဟုပင် ထင်မှတ်ခံစားမိသည်။

သန်းဆွေထိုက်က ဆိုင်ပေါ်သို့ လက်ညှိုးထိုးလျှက် . .

သူမ လှမ်းကြည့်သည်။ အနီရောင်ဖြင့် ရေးထားသည့် ရှေးဟောင်းပစ္စည်းများဟူသော ဖော်မီကာဆိုင်းဘုတ်ကို ဦးစွာမြင်သည်။ တိရစ္ဆာန်အရိုးများ၏ ပုံသဏ္ဌာန်ပါသည့် အင်ကြင်းကျောက်တုံးများ၊ ဆေးတံအဟောင်းများ၊ ကြွေထည်ပစ္စည်းများ၊ အတော်ကြီးဟောင်းနွမ်းနေပြီဖြစ်သည့် မီးအိမ်နှစ်လုံး၊ ရောင်စုံကျောက်ကလေးများဖြင့် စီခြယ်ထားသည့် ဓားတစ်လက် . .။ ထို့နောက် သေးသေးမွှားမွှားပစ္စည်းကလေးများ။

သန်းဆွေထိုက် ဘာကိုညွှန်ပြမှန်း သူမ မသိရသဖြင့် . .

'နင်ပြောတာ . . ဘာလဲဟ'

'ဟိုဘက်စင်ပေါ်မှာ ကြွေခရုလေးတွေဘေးမှာ . .'

နှစ်ဦးသားဆိုင်နှင့် ပို၍နီးစေရန် ကပ်သွားကြသည်။ ထိုအခါမှပင် သူမမြင်မိတော့သည်။ ကြွေခရုများ၏ ဘေး၌ တန်းစီ၍တင်ထားသော လေးထောင့်ပုံသဏ္ဌာန် သတ္တုစပ်ကျောက်ပြားကလေး ဆယ်ခုခန့်ကို တွေ့လိုက်ရသည်။ ထိုပစ္စည်းမျိုးကို ချူးထံ၌ သူမ တွေ့ဖူးထားသည်။

ဝတ်ရည်သိမ့်က အနီးသို့ကပ်၍ ထိုပစ္စည်းလေးများထဲမှ တစ်ခုကို ကိုင်ရန် လက်ပြင်လိုက်၏။

သန်းဆွေထိုက်က သူမ၏လက်ကို ဖမ်းဆွဲလိုက်ပြီး

'သွားမကိုင်နဲ့ . . .'

'နင်ကလည်း ဘာမှမဖြစ်နိုင်ပါဘူး။ ငါက လက်ထဲမှာဆပြီး ဘယ်လောက်လေးမလဲဆိုတာ သိချင်လို့။ နောက် ဘာထူးခြားသလဲ ဆိုတာ သိချင်လို့'

သန်းဆွေထိုက်က အံကိုကြိတ်ပြလိုက်သည်။

'နင်ကလည်း ပြဿနာပဲ ဝတ်ရည်ရာ။ ခုထက်ထိ နင် နားမလည်သေးဘူး။ ဒီပစ္စည်းလေးက ချူးရဲ့လက်ကိုစူးသွားတယ် လေ။ အဲဒါလေးစူးပြီးနောက်ပိုင်း ချူး နေမကောင်းဖြစ်တာပဲ မဟုတ် လား'

ထိုပစ္စည်းလေးများထဲမှ တစ်ခုကို သေချာစွာငုံ့၍ကြည့်သည်။ သန်းဆွေထိုက်ရော ဝတ်ရည်သိမ့်ပါ လက်နှင့် မထိရဲကြပေ။ လေး ထောင့်ပုံသဏ္ဍာန် သတ္တုစပ်ကျောက်ပြားကလေးမှာ အလယ်၌ ခရမ်း ရောင်သန်းနေသည်မှာ ချစ်စရာကောင်းသည်ဟု သူမထင်သည်။ သို့သော် မည်သည့်အရာနှင့် ပြုလုပ်ထားသည်ကိုမူ သူတို့ မသိကြ ပေ။

ဝတ်ရည်သိမ့်က . . .

'ဟာ . . ငါ အခုမှပဲ သတိရတော့တယ်။ ညက ချူးရဲ့ ကွန်ပျူတာဘေးမှာ အဲဒီလို ပစ္စည်းလေးတစ်ခု ချထားတာ တွေ့လိုက် မိသေးတယ်'

သန်းဆွေထိုက်က ထိုပစ္စည်းနှင့်ပတ်သက်ပြီး မေးရန် ဆိုင်ရှင် ဖြစ်သူကိုကြည့်လိုက်၏။ ဆိုင်ရှင်မှာ ဈေးဝယ်သူတစ်ဦးနှင့် စကား ကောင်းနေ၏။





သန်းဆွေထိုက်က ဆိုင်ရှင်အားသည်အထိစောင့်နေစဉ်၊ သူတို့နောက်ဘက်မှ လင်မယားနှစ်ယောက် ရှေ့သို့တိုးဝင်လာကြ သည်။ ယောကျ်ားဖြစ်သူမှာ ခပ်ဝဝဖြစ်သလို မိန်းမကြီးမှာလည်း ခပ်ဝဝ ဆံပင်ကောက်ကောနှင့် ဖြစ်သည်။

'မနေ့ကပဲ ဟိုဘက်အိမ်က ကြည်ကြည်ပြောတဲ့ ကျောက်ပြား ကလေးတွေ။ ဒီဆိုင်မှာလည်း ရှိတာပဲ'

သူမ၏ ယောကျ်ားဖြစ်သူက စိတ်ဝင်စားဟန်မပြပဲ

'အင်း'ဟုသာ ပြောသည်။

မိန်းမကြီးကပင် မနားတမ်းဆက်၍ ပြောပြန်သည်။

'ကြည်ကြည် ပြောတာကတော့၊ ဒီကျောက်ပြားလေးတွေ သူ့ခြံထဲမှာ ငါးခုတောင်တွေ့ရတယ်တဲ့။ သူကတော့ ဒါလေးတွေကို တော်တော်တန်ဖိုးကြီးတယ်လို့ ထင်နေပုံရတယ်။ ကြည့်ပါဦး . . ဒီပစ္စည်းကို လူတိုင်းမြင်နေရပြီပဲဥစ္စာ . . ပေါလွန်းလို့'

ထို့နောက်၊ မိန်းမကြီးက သတ္တုစပ်ကျောက်ပြားလေးတစ်ခုကို သတ်ခနဲ ကောက်ကိုင်လိုက်သည်။

'အို . . ဒါလေးက တော်တော်လေးပါလား။ ပြီးတော့ အေးစိမ့်နေတာပဲ။ အလယ်က ခရမ်းရောင်သန်းနေတော့ ချစ်စရာလေး'

မိန်းမကြီးက သတ္တုစပ်ကျောက်ပြားကလေး၏ နံဘေး တစ်လျှောက်ကို လက်ဖြင့် လျှောက်၍စမ်းကြည့်နေပြန်သည်။

'ဟင် . . ဘေးဘက်မှာလည်း အဖုကလေးတွေ။ အား . . အမယ်လေ . .'

မိန်းမကြီး လန့်သွားပြီး သတ္တုစပ်ကျောက်ပြားကလေးကို မူလစင်ပေါ်သို့ ကမန်းကတန်း ပြန်၍တင်လိုက်သည်။ ကတိုက်ကရိုက် တင်လိုက်သဖြင့် လက်ချော်ပြီး သတ္တုစပ်ကျောက်ပြားကလေးမှာ အောက်ဘက်ရှိ အရုပ်များပေါ်သို့ ပြုတ်ကျသွားလေသည်။ အောက်ဘက်ရှိ ကြွေဖြင့် ပြုလုပ်ထားသော အရုပ်ကလေးတစ်ရုပ်မှာ အစိတ်စိတ်အမွှာမွှာကွဲ၍သွားလေသည်။

ကွဲသံကြားရသဖြင့် ဆိုင်ရှင်ဖြစ်သူက လှမ်းကြည့်သည်။ ထိုနေရာသို့ လျှောက်လာပြီး ကွဲသွားသောကြွေရုပ်ကလေးကိုပြ၍ အလျော်တောင်းလေတော့သည်။

မိန်းမကြီးက ခါးထောက်၍ . . .

'ငါက ဘာဖြစ်လို့ လျော်ရမှာလဲ။ ဟိုကျောက်ပြားလေးက ငါ့လက်ကို စူးသွားတာ . .'

မိန်းမကြီးက၊ သွေးစို့နေသော သူမ၏ လက်ညှိုးကိုပြလိုက်သည်။ ဆိုင်ရှင်နှင့် မိန်းမကြီးသို့ ကြွေရုပ်ကွဲသည့်ကိစ္စနှင့်ပတ်သက်ပြီး အချေအတင်စကားများကြသည်။ သန်းဆွေထိုက်က ဝတ်ရည်သိမ့်ဘက်သို့လှည့်၍ အဓိပ္ပါယ်ပါပါ ကြည့်လိုက်သည်။ ဝတ်ရည်သိမ့်က ခေါင်းညိတ်ပြလိုက်သည်။

မိန်းမကြီး၏လက်မှ ဒဏ်ရာကို သတိထား၍ကြည့်လိုက်မိစဉ်မှာပင် စိမ်းပြာရောင်အလင်းတန်းတစ်ခု လက်ခနဲ ဖြစ်သွားသည်ကိုပါ မြင်လိုက်မိကြရသည်။

ဆိုင်ရှင်နှင့် မိန်းမကြီးတို့စကားများရင်း မိန်းမကြီး၏





ယောကျ်ားဖြစ်သူက ကြားမှဝင်၍ အလျော်ပေးလိုက်သဖြင့် ပြေလည်သွားကြသည်။

မိန်းမကြီးမှာ ဆိုင်ရှင်ကို မကျေမနပ်ဖြင့် ပွစိ၊ ပွစိပြောရင်း ဆိုင်ထဲမှ ထွက်သွားလေသည်။

ဝတ်ရည်သိမ့်က တီးတိုးလေသံဖြင့် . . .

'အဲဒါလေးက၊ သူ့လက်ကို စူးသွားသလဲ မသိဘူး'

'ဘယ်နေရာက စူးသွားသလဲဆိုတာ ငါ စဉ်းစားနေတာ။ နင်ပါ မြင်လိုက်တယ်နော်'

ဆိုင်ရှင်ဖြစ်သူက သူတို့ဘက်သို့လှည့်၍

'ကဲ . . ခင်ဗျားတို့ကကော ဘာသိချင်လို့လဲ'

သန်းဆွေထိုက်က . . .

'ဒီကျောက်ပြားလေးတွေက ဘာပစ္စည်းလေးတွေလဲဆိုတာ သိချင်လို့ပါ'

ဆိုင်ရှင်က ခေါင်းခါလျှက် . .

'ကျွန်တော်လည်း မသိဘူး။ ထူးဆန်းတယ်ဆိုပြီး ဆိုင်ပေါ်တင်ရောင်းတာပဲ'

'တစ်ခုကို ဘယ်လောက်နဲ့ ရောင်းသလဲ'

'အင်း . . ကျွန်ခဲ့တဲ့ နှစ်ရက်၊ သုံးရက်လောက်ကတော့ တစ်ခုကို ငါးထောင်အထိ ရောင်းလို့ရတယ်။ အခုနောက်ပိုင်းမှာ တဖြည်းဖြည်း ပေါလာလို့ ယူမယ့်လူမရှိတော့ဘူး။ အဲဒီပစ္စည်းလေးမှာ ထူးခြားတဲ့ အရည်အချင်းတွေရှိတာတော့ သေချာတယ်။ စိတ်ဝင်စား

စရာလည်းကောင်းပါတယ်။ သူ့ရဲ့အရွယ်အစားနဲ့ မလိုက်အောင်ကို အလေးချိန် တော်တော်စီးတယ်။ ကဲ . . ခင်ဗျားတို့လိုချင်ရင် ဒီမှာ ရှိတာအားလုံး ယူသွားပေတော့။ ငါးထောင်ပဲပေး . .'

သန်းဆွေထိုက်က၊ စပ်စုလိုက်သည်။

'ဒီကျောက်ပြားကလေးက တစ်ခြားလူတစ်ယောက်ကို စူးသွားတာမျိုး တွေ့ဘူးပါသလား'

ဆိုင်ရှင်က မသိမသာရယ်လျှက် . .

'အင်း . . အဲဒါလေးက ကျွန်တော့်ကိုလည်း စူးမိသေးတယ်။ နာတော့ နည်းနည်းနာတယ်။ အပ်စူးသလိုပါပဲ . . ဘယ်နေရာကနေ ဘယ်လို စူးသွားသလဲဆိုတာတော့ မသိဘူး။ စူးစရာနေရာလည်း ()တွေ့ဘူး။ သေသေချာချာ ကိုင်ကြည့်တော့လည်း တစ်ခုလုံး ညီညာ ပြီးချောမွတ်နေတာပဲ'

သန်းဆွေထိုက်က ဝတ်ရည်သိမ့်၏ လက်ကိုဆွဲလျှက် ဆိုင်ထဲမှ ခပ်မြန်မြန်ထွက်လာသည်။

နောက်မှနေ၍ ဆိုင်ရှင်ဖြစ်သူက လှမ်းအော်သည်။

'လိုချင်ရင်၊ သုံးထောင်နဲ့ပဲ ယူသွားလေ'

သန်းဆွေထိုက်ရော ဝတ်ရည်သိမ့်ပါ နောက်သို့လှည့်မကြည့်တော့။

လမ်းလျှောက်လာကြရင်း၊ သန်းဆွေထိုက်က သူ ဆေးရုံ အရေးပေါ်ခန်း၌ ကြုံတွေ့ခဲ့ရသည်ကို ပြန်ပြောပြသည်။ သားအမိ နှစ်ယောက် ဆေးရုံသို့လာပြကြသည်။ ကလေးမလေးနေမကောင်း၍





လာပြခြင်းဖြစ်ပြီး ကလေးမလေးက သူမ၏လက်၌ ကျောက်ပြား ကလေးတစ်ခုက စူးသည်ကို ကျောက်ပြားကလေးက ကိုက်လိုက် သည်ဟုပြောရာ၊ ကလေးမလေး၏မိခင်က ကလေးကို မာန်မဲဆူပူ သည့်အကြောင်း သန်းဆွေထိုက်က ဝတ်ရည်သိမ့်ကို ရှင်းပြလိုက် သည်။

ဝတ်ရည်သိမ့်က . . .

'ဒါဆို . . အဲဒီကလေးမလေးကို စူးတယ်ဆိုတာ ဒီကျောက် ပြားကလေးမျိုးကပဲလား မသိဘူး'

'ဖြစ်တော့ ဖြစ်နိုင်တယ်။ ငါလည်း အဲဒါကို စဉ်းစားမိတယ်။ အဲဒီ ကလေးမလေးကလည်း တုပ်ကွေးဖြစ်နေလို့ ငါတို့ဆီက အရေး ပေါ်ခန်းကိုလာပြတာ . .'

သူမက ကောက်ခါငင်ခါ မေးသည်။

'ဒီအဖြူရောင် ကျောက်ပြားကလေးက စူးသွားလို့ နာချေ ချောင်းဆိုးလာပြီး တုပ်ကွေးဖြစ်တာလို့ကော နင်ထင်သလား'

သန်းဆွေထိုက် တွေဝေ၍သွားသည်။

'အမိပ္ပါယ်ကတော့ သိပ်မရှိဘူးလို့ ငါထင်တယ်။ အဖြစ် အပျက်တွေက ချူးဖြစ်ပုံနဲ့ တူနေတယ်။ ချူးလည်း အဲဒီကျောက်ပြား ကလေး စူးမိပြီး နောက်ပိုင်းမှာ ဆေးရုံတစ်ရက်တက်ရတဲ့အထိ ဖျားတော့တာပဲ . . မဟုတ်လား'

ဝတ်ရည်သိမ့်က လေးပင်စွာ ခေါင်းရမ်းလျှက် . .

'ငါတော့၊ . အဲဒီသတ္တုစပ်ကျောက်ပြားလေးကြောင့် ထင်တယ်'

× × × × × × ×

မိုးဆယ်ပန်းစာပေ

အခန်း (၁၇)

နံနက်ပိုင်းအချိန် . . .။

'ပိုင်အုပ်စုက သတင်းစာရှင်းလင်းပွဲလုပ်တဲ့ သတင်း နင်ဘယ်တုန်းက ကြားမိတာလဲ'

ဝတ်ရည်သိမ့်က မေးလိုက်၏။

'ရုပ်သံကနေ ဒီမနက်ပိုင်းမှာတင် လာသွားတာ။ အဲဒီ သတင်းစာရှင်းလင်းပွဲမှာ ချူးရဲ့ နာမည်တောင်ပါလာတယ်'

ဝတ်ရည်သိမ့် မျက်လုံးဝိုင်းသွားပြီး

'ဟင် . . ချူးရဲ့ နာမည် ပါလာတယ် . . ဟုတ်လား'

သန်းဆွေထိုက်က . . .

'ဟုတ်တယ်။ သူ သွားတာ အင်တာဗျူးဖြေဖို့မဟုတ်လား။

မိုးဆယ်ပန်းစာပေ

အခု သတင်းစာရှင်းလင်းပွဲမှာ သူပါ ရောပါနေလို့ ငါတောင် အံ့ဩမိတယ်'

ဒေါက်တာစိမ်းသီတာ၏ နားနေခန်း၌၊ သန်းဆွေထိုက်နှင့် ဝတ်ရည်သိမ့်တို့ ရောက်နေကြသည်။ သူတို့၏ရှေ့၌ ရုပ်သံစက်တစ်လုံးဖွင့်ထားသည်။

ခေတ္တမျှအကြာ၌ ဝတ်ရည်သိမ့်က . . .

'ငါတို့ ဒီမှာထိုင်ပြီး ဘာဆက်လုပ်ကြဦးမှာလဲ'

'ဒေါက်တာစိမ်းသီတာမှာ တစ်ခြား အကြံအစည်တစ်ခု ရှိမယ်ထင်တယ်'

ဝတ်ရည်သိမ့်က . .

'မနေ့ညနေက ဈေးသွားရင်းတွေ့တဲ့ကိစ္စ ပြောလိုက်ရင် ကောင်းမလား'

သန်းဆွေထိုက်က လက်ကာပြသည်။

ရုပ်သံဖန်သားပြင်ပေါ်၌ ထက်ပိုင်ခေါင်၏ မျက်နှာပေါ်လာသည်။

ထက်ပိုင်ခေါင် မိုက်ကရိုဖုန်းဘက်သို့လှည့်၍ စကားပြောမည် ပြုစဉ်မှာပင်၊ တစ်ဘက်သို့လှည့်၍ ချောင်းဆိုးနေပြန်သည်။

ပြီးတော့မှ၊ ခပ်ပြုံးပြုံးမျက်နှာဖြင့်

'တောင်းပန်ပါတယ် ခင်ဗျာ။ ကျွန်တော်လည်း တုပ်ကွေးဖြစ်ပြီး ချောင်းဆိုးနေလို့ပါ'

သန်းဆွေထိုက်က လက်ညှိုးထိုး၍ . . .





'ဟော . . သူပါ တုပ်ကွေးဖြစ်နေပြီပဲ'

ရုပ်သံသတင်းကြေငြာသူက ထက်ပိုင်ခေါင်းနှင့် သူ၏ ကွန်ပျူတာဆော့ဖ်ဝဲကုမ္ပဏီအကြောင်း ပြောပြနေသည်။ ထက်ပိုင်ခေါင်သည် ကမ္ဘာပေါ်တွင် အချမ်းသာဆုံးပုဂ္ဂိုလ်များစာရင်းဝင်တစ်ဦးဖြစ်ကြောင်း ကမ္ဘာ့စက်မှုနိုင်ငံများအားလုံးလိုလို ထက်ပိုင်ခေါင်နှင့် သူ၏ကုမ္ပဏီကို မသိသူမရှိကြောင်းကို ပြောပြသည်။

ထက်ပိုင်ခေါင်၏ ရုပ်ပုံပေါ်လာသည်။

သတင်းစာရှင်းလင်းပွဲသို့ လာကြသောပရိသတ်ထဲမှ တီးတိုးစကားသံအချို့ကို ကြားနေရသည်။

ထက်ပိုင်ခေါင်၏ တည်ငြိမ်သော ရုပ်သွင်ပြန်ပေါ်လာသည်။

'ဒီနေ့ သတင်းစာရှင်းလင်းပွဲလုပ်ရတဲ့ အကြောင်းကတော့ ကျွန်တော်တို့ ကုမ္ပဏီအသိုင်းအဝိုင်းက နောက်ထပ် လုပ်ငန်းသစ်တစ်ခုလုပ်တော့မယ့်အကြောင်း ပြောပြချင်လို့ပါ။ ဒီလုပ်ငန်းဟာ ကျွန်တော်တို့ရဲ့ ဘဝရပ်တည်ရှင်သန်မှုနဲ့ အနာဂတ်အတွက် အားကိုးအားထားပြုစရာ လုပ်ငန်းတစ်ခုဖြစ်ပါတယ်။ ပျော်ရွှင်ချမ်းမြေ့စရာ၊ စိတ်ဝင်စားစရာ သိပ်ကောင်းပါလိမ့်မယ်'

ရုပ်သံကြည့် ပရိသတ်များထဲမှ ချီးကျူးစကားပြောသံများ ပေါ်လာသည်။

ထက်ပိုင်ခေါင်က ဆက်၍ပြောသည်။

'အခု . . ကျွန်တော်တို့ဆက်ပြီး လုပ်ကိုင်မယ့် လုပ်ငန်းကို

'ရောင်ခြည်သစ်ဗိမာန်တံခွန်'လို့ အမည်ပေးထားပါတယ်။ ဒီလုပ်ငန်းကြီးကို ရဲတိုက်ကုမ္ပဏီအသိုင်းအဝိုင်းက ဝိုင်းပြီး ကူညီပံ့ပိုးမှု ပေးကြမှာပါ။ အခု လုပ်ငန်းစဉ်သစ်နဲ့အတူ မဟာမြော်မြင်မှုပြည့်ဝတဲ့ လူငယ်တစ်ယောက်နဲ့ မိတ်ဆက်ပေးချင်ပါတယ်။ ကြွရောက်လာတဲ့ လူကြီးမင်းများ ခင်ဗျား၊ ကျွန်တော့်ရဲ့ ကိုယ်ရေးလက်ထောက်အသစ်ဖြစ်လာတဲ့ 'ကိုရဲချူးသွင်'ကို ကြိုဆိုနှုတ်ဆက်နိုင်ကြပါတယ် ခင်ဗျား'

ချူး၏ နာမည်အပြည့်အစုံမှာ ရဲချူးသွင်ဖြစ်သည်။ သို့သော် သူနှင့်ပတ်သက်သူအားလုံးက ချူးဟုသာခေါ်ကြသည်။

ထက်ပိုင်ခေါင်၏စကားဆုံးလျှင် သန်းဆွေထိုက်နှင့် ဝတ်ရည်သိမ့်တို့ ပါးစပ်အဟောင်းသားဖြစ်သွားကြသည်။

'ဘာတွေ ဖြစ်ကုန်တာလဲ ဟင်'

ဝတ်ရည်သိမ့်က မယုံကြည်နိုင်စွာ ပြောလိုက်မိသည်။

စင်မြင့်ပေါ်သို့ ချူး တက်လာသည်။

ချူးက တန်ဖိုးမြင့်မားသော အနောက်တိုင်းဝတ်စုံကို ဝတ်ဆင်ထားသည့် နက်မှောင်သောဆံပင်များကို နောက်သို့ လှန်၍ဖြီးထားသည်။ ချူးသည် ဥပမိရုပ်လွန်စွာသန့်ပြန့်သူဖြစ်ပေသည်။ သူ့ကိုကြည့်မိလျှင်ပင် အထင်ကြီးလေးစားစိတ်ဝင်မိမည်မှာ သေချာသည်။

သူ့ကိုယ်သူ ယုံကြည်ချက် အပြည့်အဝထားသည့်ဟန်ဖြင့်

'ကြွရောက်လာကြတဲ့ ပုဂ္ဂိုလ်အားလုံးကို လေးစားစွာကျေးဇူးတင်ပါတယ်။ ရောင်ခြည်သစ်ဗိမာန်တံခွန်ဆိုတဲ့ နာမည်ဟာ အင်မတန်လိုက်လျောညီထွေပြည့်စုံမှုရှိတဲ့ နာမည်အသစ်အဆန်းတစ်ခုပါပဲ။





ကျွန်တော်တို့ဟာ နောက်ဆုံးပေါ် ခေတ်မီ အဏုဇီဝဗေဒပညာ၊ ဓာတ်လက်ထရွန်းနစ်ပညာရပ်တွေ၊ ဆေးသိပ္ပံပညာ၊ စက်မှုနည်းပညာ၊ လောကထဲကနေ အကောင်းဆုံး စွမ်းရည်အမြင့်မားဆုံး ပညာရပ်တွေကို စုစည်းထားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ လုပ်ငန်းစဉ်အသစ်ကတော့ ဂြိုဟ်ကမ္ဘာကြီးနဲ့ပတ်သက်တဲ့ အားနည်းချက်၊ ချို့ယွင်းချက်၊ ယိုအပ်မှုတွေနဲ့ သဘာဝပျက်စီးယိုယွင်းမှုတွေကို ပြန်လည်ပြောင်းလဲပစ်ဖို့ပါပဲ။ မလိုလားအပ်တဲ့ ဖြစ်ရပ်တွေကိုလည်း အဆုံးသတ်သွားအောင် လုပ်နိုင်ပါတယ်၊ ကျွန်တော်တို့အားလုံးက လူသားတွေနဲ့ ကမ္ဘာဂြိုဟ်ကြီးကို အသစ်ပြန်လည်ပြီး ဖန်တီးမှာပါ။ ဒါမှလည်း အားလုံး အဆင်ပြေအေးချမ်းသာယာသော ဘဝသစ်တစ်ခုကို ပြောင်းလဲဖန်တီးနိုင်ပါလိမ့်မယ်။ ဒီလိုဖြစ်လာအောင်လည်း ကျွန်တော်တို့ လုပ်နိုင်ပါတယ်၊ ဖြစ်အောင်လည်း လုပ်မှာပါ'

သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်လာသည့် သတင်းထောက်များက တစ်ယောက်တစ်ပေါက် ဝိုင်းဝန်းမေးမြန်းကြသည်။ ဓာတ်ပုံသန့်မိုက္ကရိုဖုန်းများက ချူး၏အနား၌ ဝိုင်း၍နေ၏။

ချူးက သတင်းထောက်များကို လက်ကာပြလိုက်သည်။

'အခုလို ဝိုင်းဝန်းမေးမြန်းလာကြမယ်ဆိုတာ ကျွန်တော် မျှော်မှန်းထားပြီးသားပါ။ ဒါပေမယ့် ဒီနေ့ သတင်းစာရှင်းလင်းပွဲမှာ မေးခွန်းတွေကို ပြန်ဖြေဖို့ အစီအစဉ် မရှိပါဘူး။ ဒီသတင်းစာရှင်းလင်းပွဲဟာ ကျွန်တော်တို့ ရဲတိုက်ကုမ္ပဏီအသိုင်းအဝိုင်းရဲ့ လုပ်ငန်းစဉ်သစ် ရည်ရွယ်ချက်ကို ကြေငြာရုံ သက်သက်ပါပဲ။ နောက်တစ်ပတ်ပြည့်တဲ့

နေ့မှာ သတင်းစာရှင်းလင်းပွဲတစ်ခု လုပ်ပါလိမ့်မယ်။ အဲဒီအခါကျရင် အစီအစဉ်တွေကို အသေးစိတ်ရှင်းလင်းပြောပြပါ့မယ်။ မေးမြန်းချက်တွေကိုလည်း ပြန်လည် ဖြေကြားပေးပါ့မယ်။ အခုလို ကြွရောက်အားပေးကြတဲ့အတွက် အားလုံးကို အထူးပဲလေးစား ကျေးဇူးတင်ပါတယ်ခင်ဗျား'

ချူး စင်မြင့်ပေါ်မှ ဆင်းလာသည်။

ထက်ပိုင်ခေါင်နှင့် ချူး လက်ဆွဲနှုတ်ဆက်ကြပြီး နှစ်ဦးစလုံး မြင်ကွင်းပေါ်မှ ပျောက်ကွယ်သွားကြသည်။

ရုပ်သံမှ သတင်းပြောသူက သတင်းစာရှင်းလင်းပွဲမှ ချူး၏ တင်ပြချက်များကို တွက်ချက်ပြောပြနေသည်။ ယခုလုပ်ငန်းစဉ်သစ်နှင့်ပတ်သက်၍ ရဲ့တိုက် ကွန်ပျူတာလုပ်ငန်းအသိုင်းအဝိုင်းက ကူညီပံ့ပိုးမည့်ငွေပင်ငွေရင်းပမာဏမှာ မည်မျှ များပြားနိုင်သည်ကို တွက်ချက်ပြနေသည်။

ဝတ်ရည်သိမ့်က တအံ့တဩလေသံဖြင့်

'ချူးတစ်ယောက် ဘယ်လိုတွေ ဖြစ်သွားရပြန်တာလဲ'

'သူ တစ်ခုခု အဆင်ပြေသွားတာ ဖြစ်ပါလိမ့်မယ်'

ဝတ်ရည်သိမ့်က . .

'ငါတော့ တဖြည်းဖြည်းနဲ့ ပိုပြီး ကြောက်လာပြီ သန်းဆွေထိုက်ရေ။ ဒေါက်တာစိမ်းသီတာကို ငါတို့ ဘယ်လိုပြောရင်ကောင်းမလဲ'

'ခဏနေဦး၊ ဒေါက်တာစိမ်းသီတာကို နင်ပြောစရာကျန်





သေးတယ်။ သတ္တုစပ်ကျောက်ပြား ကိစ္စရယ်၊ ညကကိစ္စရယ်ပြောဖို့လိုတယ်။ ဒီကိစ္စကို အရာရောက်တဲ့လူတစ်ယောက် လက်ခံလာအောင် ရှင်းပြနိုင်ဖို့ ဒေါက်တာစိမ်းသီတာတစ်ယောက်ပဲ လောလောဆယ်လုပ်နိုင်လိမ့်မယ်'

'အခုဖြစ်နေတဲ့ တုပ်ကွေးရောဂါဟာ ရိုးရိုးသာမန် မဟုတ်ဘူးဆိုတာကိုတော့ ဒေါက်တာစိမ်းသီတာ လက်ခံထားပြီပဲ'

သန်းဆွေထိုက်က

'သူ့အနေနဲ့ ငါတို့ပြောတာကို တဖြည်းဖြည်းလက်ခံလာတဲ့ သဘောရှိတယ်။ အခုတုပ်ကွေးဖြစ်တဲ့လူတွေ စိတ်သဘောထား၊ အမူအကျင့်တွေ ပြောင်းလဲတယ်ဆိုတာကိုပါ သူလက်ခံလာတယ်။ ဒါပေမယ့် အခုဖြစ်နေတဲ့ တုပ်ကွေးဟာ အဖြူရောင်သတ္တုစပ်ကျောက်ပြားကလေးကြောင့် ဖြစ်တယ်ဆိုတာရယ်၊ အဲဒီသတ္တုစပ်ကျောက်ပြားကလေးကနေ ရူးလိုက်ရင် စိမ်းပြာရောင် အလင်းတန်းဖြာထွက်တယ်ဆိုတာရယ်ကိုပါ ပြောပြလိုက်ရင်တော့ သူ လက်ခံပြီးနားထောင်တော့မှာ မဟုတ်ဘူး၊ ငါတို့နှစ်ယောက်စလုံးကို ကန်ထုတ်မလား။ အရူးပဲပြောမလား တစ်ခုခုပဲ'

'ငါတို့ စိမ်းပြာရောင်ကို တွေ့လိုက်ပါတယ်နော်'

'တွေ့လိုက်ပါတယ် . .'

ထိုစဉ်မှာပင် အခန်းတံခါးပွင့်လာပြီး ဒေါက်တာစိမ်းသီတာက . .

'ကဲ . . လာကြ။ ငါ့ရုံးခန်းထဲကို သွားကြမယ်။ မင်းတို့နဲ့

တွေ့ပေးမယ့်လူ ရောက်နေပြီ'

သန်းဆွေထိုက်နှင့် ဝတ်ရည်သိမ့်တို့ ထိုင်နေရာမှ ထ၍ ဒေါက်တာစိမ်းသီတာ၏ နောက်သို့ လိုက်သွားကြသည်။

. . . . . . .

ဒေါက်တာစိမ်းသီတာ၏ ရုံးခန်းအတွင်း၌ လူတစ်ဦးရောက်ရှိနေသည်။

ရွှေရောင်မျက်မှန်ကို တပ်ထားသည်။

ဒေါက်တာစိမ်းသီတာက . . .

'ဒါ . . ဒေါက်တာဥက္ကာ . .။ အန္တရာတိက္ကမြို့ရဲ့ ကူးစက်ရောဂါထိန်းချုပ်ရေးဗဟိုဌာနကပါ။ အခုလောလောဆယ်မှာ တုပ်ကွေးရောဂါဌာနမှာ တာဝန်ယူလုပ်ကိုင်နေတယ်'

သန်းဆွေထိုက်နှင့် ဝတ်ရည်သိမ့်တို့နှစ်ဦးအား ဒေါက်တာဥက္ကာနှင့် မိတ်ဆက်ပေးသည်။

ဒေါက်တာစိမ်းသီတာက . . .

'ဒီလိုပါ . . ဒေါက်တာဥက္ကာ။ သူတို့နှစ်ယောက်က သူတို့နည်းသူတို့ဟန်နဲ့ အခုဖြစ်တဲ့ပြဿနာကို တင်ပြလာကြတာပါ'

ထို့နောက်၊ ဒေါက်တာစိမ်းသီတာ အရေးပေါ်ဌာန၌ ကြုံတွေ့နေရသည့် တုပ်ကွေးနှင့်ပက်သက်သော စာရင်းဇယားများနှင့် ဂရပ်ဇယားများကို ထုတ်၍ပြသည်။ လွန်ခဲ့သည့် သုံးရက်ကာလ





အတွင်းရောဂါဖြစ်သည့် လူနာအရေအတွက် မထင်မှတ်အောင် များပြားလာသည်မှာ အံ့သြစရာ စိုးရိမ်စရာဖြစ်ပေသည်။

ရောဂါကြီးရှိသူများ၊ သွေးနှင့်ပတ်သက်သည့်ရောဂါရှိသူများ၊ ဆီးချို၊ ကင်ဆာ၊ လေးဘက်နာ . . စသည့် ရောဂါအခံရှိသူများ တုပ်ကွေးဖြစ်ပြီး သေဆုံးရသည်မှာလည်း အံ့သြစရာ၊ စိတ်ဝင်စားစရာဖြစ်သည်။

ဒေါက်တာဥက္ကာက . .

'ရောဂါပိုးဗိုင်းရပ်စ်ကို မစစ်ဆေးရသေးဘူးလို့ ဖုန်းထဲကနေကျွန်တော့်ကို ပြောတယ် မဟုတ်လား'

'ဟုတ်ပါတယ်။ အဲဒီ ဗိုင်းရပ်စ်ကို လုံးဝမထုတ်ရသေးဘူး'

ဒေါက်တာစိမ်းသီတာက စာရင်းတစ်ခုကိုထုတ်ပြလိုက်ပြီး

'သွေးစစ်ချက်တွေအရဆိုရင်တော့ သွေးထဲမှာ ပျံရည်ဂလင်းတွေပုံမှန်ထက် ပိုများနေတာကို တွေ့ရတယ်'

ဒေါက်တာဥက္ကာက . . .

'ဟင် . . လူနာတွေက များလှချည်လား'

'မှန်ပါတယ်။ အခုဖြစ်တဲ့လူနာတွေရဲ့ အနေအထားက နည်းနည်းပိုထူးနေတယ်လို့ ထင်ပါတယ်။ ဒီတုပ်ကွေးဗိုင်းရပ်စ်ဟာ အသက်ရှူလမ်းကြောင်းပေါ်မှာ ထိခိုက်မှုပိုများတာကိုတွေ့ရပါတယ်'

'အင်း . . ပျံ့ရည်ဂလင်းက ကိုယ်ခံစွမ်းအားကို ပိုပြီးလှုံ့ဆော်မှုပေးတာတတ်တယ်။ ဒါကြောင့်လည်း ဖြစ်နိုင်တယ်'

ဒေါက်တာစိမ်းသီတာက . . .

'ရှိးရှိး သာမန်တုပ်ကွေးနဲ့မတူတဲ့ အချက်တွေကတော့များတယ်။ လူနာဟာ ခြောက်နာရီအတွင်း ရောဂါလက္ခဏာပြင်းထန်လာတယ်။ နောက်ပြီးတော့ ဆယ့်နှစ်နာရီလောက်အတွင်းမှာ လူနာဟာ နကိုယ်အတိုင်း ပြန်ကောင်းသွားတယ်'

သန်းဆွေထိုက်က ဝင်၍ပြောသည်။

'ပြန်ကောင်းလာတဲ့အခါကျတော့၊ နကိုယ်မူလကထက် ပိုပြီး ကောင်းသွားတာတွေ့ရတယ် ဒေါက်တာ'

ဒေါက်တာဉက္ကာ၊ နဖူးကြောများတွန့်၍ စဉ်းစားသွားသည်။

'နကိုယ်ထက် ပိုပြီး ကောင်းသွားတယ် ဟုတ်လား'

ဒေါက်တာစိမ်းသီတာက . . .

'မှန်ပါတယ်။ ပြန်ကောင်းလာတဲ့ အခါမှာ နကိုယ်မူလကထက်ပိုပြီး ကျန်းမာလာတယ်။ အားအင်တွေပြည့်ဝလာတယ်။ ဆိုးရွားတဲ့အချက်ကတော့ အဲဒီလူနာရဲ့ အမူအကျင့်တွေ ပြောင်းလဲကုန်တယ်။ ယောဒီက သူတို့နှစ်ယောက်ရဲ့သူငယ်ချင်းဟာ နေကောင်းသွားတဲ့အခါမှာ အရင်ကနဲ့မတူပဲ စိတ်ထားရော အမူအကျင့်တွေပါ ပြောင်းသွားတယ်။ အဲဒီလူနာဟာ အဓိကအရေးကြီးတဲ့လူနာဖြစ်နေတယ်။ ဘာဖြစ်လို့လည်းဆိုတော့ အဲဒီတုပ်ကွေးရောဂါစဖြတ်တဲ့လူဟာ သူဖြစ်နေလို့ပဲ'

ဒေါက်တာဉက္ကာက . . .

'လူနာတွေရဲ့ အာရုံကြောစနစ်ကို စစ်ဆေးကြည့်သေးလား'

'စစ်ကြည့်ပါတယ်။ ပုံမှန်အတိုင်း ရှိနေတာပဲတွေ့ရတယ်'

မိုးဆမ်းပန်းစာပေ



ဒေါက်တာဉက္ကာက၊ ဝတ်ရည်သိမ့်နှင့် သန်းဆွေထိုက်ကို တစ်ချက်ကြည့်လိုက်ပြီး . . .

'မင်းတို့ရဲ့ သူငယ်ချင်းက ဘယ်သူ . .'

'ချူးပါ . .'

ဒေါက်တာစိမ်းသီတာက . .

'သူ့ကိုတော့ အာရုံကြော မစစ်ဆေးရသေးဘူး။ သူ့ကို အဓိကထားပြီး စစ်ဆေးမှာပါ။ ဒါပေမယ့် ချူးက လောလောဆယ် မအားသေးလို့ပါ'

ဒေါက်တာဉက္ကာက . . .

'ချူးရဲ့ ပင်ကိုယ် အပြုအမူတွေ ဘယ်လိုပြောင်းလဲသွားတာလဲ'

ဝတ်ရည်သိမ့်က ဝင်၍ဖြေသည်။

'အားလုံးပြောင်းလဲသွားတာပါပဲ၊ အရင်က သူအတန်းပျက်လုံးဝမခံဘူး။ စာကြိုးစားတယ်။ တုပ်ကွေးဖြစ်ပြီးတဲ့နောက်ပိုင်း ကျောင်းမတက်တော့ဘူး။ ညသုံးနာရီလောက် အိပ်ရာထပြီး လူစိမ်းတွေနဲ့ သွားပြီး ဆွေးနွေးတယ်။ ကမ္ဘာ့ပတ်ဝန်းသန့်ရှင်းသာယာရေးကိစ္စဆွေးနွေးကြတယ်လို့ ပြောတယ်'

သန်းဆွေထိုက်ကလည်း . .

'သူရဲ့စိတ်ခံစားအနေအထားက ခါတိုင်းထက်ပိုပြီး ပျက်မြက်လာတယ်။ ခွန်အားလည်း ပိုပြီးသန်လာတယ်'

ဒေါက်တာဉက္ကာက မျက်မှောင်တွန့်လျက် . .

မိုးဆမ်းပန်းစာပေ

'ဒီလို တုပ်ကွေးဖြစ်လို့ စိတ်ဓာတ်အခြေအနေ ပြောင်းလဲသွားမျိုး ဖြစ်လေ့ဖြစ်ထ မရှိတတ်ပါဘူး။ ဒါမျိုးလည်း တစ်ခါမှ မကြားဖူးဘူး။ ထူးဆန်းတာတော့ အမှန်ပဲ'

ထိုစဉ်၊ အခန်းအပြင်မှ တံခါးခေါက်သံ ပေါ်လာသည်။

ဒေါက်တာစိမ်းသီတာက တံခါးထ၍ ဖွင့်ပေးလိုက်၏။ ဆေးရုံအုပ်ကြီး ဒေါက်တာအောင်မင်းဇံနှင့် ဓာတ်ခွဲခန်းဌာနအကြီးအကဲ ဦးသက်ထွေးတို့ဝင်လာသည်။ ဒေါက်တာအောင်မင်းဇံ၏ အမူအရာမှာ ပြုံးပြုံးရွှင်ရွှင်ဖြစ်နေသည်။ နေကောင်း၍ ကျန်းမာသွားပုံရသည်။ ဓာတ်ခွဲခန်းတာဝန်ခံ ဦးသက်ထွေး၏ အမူအရာမှာ မလုံမလဲဖြစ်နေသည်။

'ဒေါက်တာစိမ်းသီတာ၊ ဦးသက်ထွေးပြောလို့ ဒီမှာစည့်သည်တစ်ယောက်ရောက်နေတယ်ဆိုတာ သိရလို့ လိုက်လာတာ'

ဒေါက်တာအောင်မင်းဇံက ပြောသည်။

တစ်ဆက်တည်းမှာပင် ဒေါက်တာဥက္ကာဘက်သို့လှည့်၍

'အခုဖြစ်တဲ့ တုပ်ကွေးက သိပ်ပြီး အရေးမကြီးလှပါဘူး။ ကျွန်တော်တို့အနေနဲ့ ရောဂါထိန်းချုပ်ရေးဗဟိုဌာနရဲ့အကူအညီ လုံးဝမလိုအပ်သေးပါဘူး။ ကဲ . . ဒေါက်တာဥက္ကာ။ ကျွန်တော့်ရဲ့ ရုံးခန်းကိုပဲ ကြွပါခင်ဗျာ။ ဒီကိစ္စကို ကျွန်တော်တို့ ပူးပေါင်းပြီး ဆွေးနွေးကြတာပေါ့'

ဆေးရုံအုပ်ကြီးဒေါက်တာအောင်မင်းဇံက ဒေါက်တာဥက္ကာအား ငယ်ပေါင်းကြီးဖော်တစ်ဦးအလား ပခုံးဖက်၍ သူ၏ရုံးခန်း





ဆီသို့ ဆွဲခေါ်သွားလေသည်။

ဒေါက်တာစိမ်းသီတာမှာ ဘာမျှ မတတ်နိုင်သည့်အမူအရာဖြင့် ခေါင်းခါယမ်းလိုက်သည်။

ဝတ်ရည်သိမ့်မှာ အခွင့်ကောင်းတစ်ရပ်ကို လက်လွှတ်မခံနိုင်သဖြင့် တံခါးပေါက်ရှေ့သို့ ပြေး၍သွားပြီး လက်ကာလျှက်တားလိုက်သည်။

'ခဏ . . ခဏလောက် နားထောင်ပါ ဒေါက်တာဥက္ကာ။ ဟောဒီမြို့မှာ တုပ်ကွေးနဲ့ပတ်သက်ပြီး တစ်ခုခုဖြစ်နေတာ သေချာပါတယ်ရှင်။ ရောဂါဖြစ်ပြီးတဲ့ လူတွေရဲ့ စိတ်ဓာတ်တွေလုံးဝ ပြောင်းလဲကုန်ကြပါပြီ။ ဒီရောဂါကလည်း ကြောက်စရာကောင်းလောက်အောင်ကို ပျံ့နှံ့နေပါပြီ'

ဒေါက်တာစိမ်းသီတာက အခြေအနေကိုဝင်ထိန်းသည့်အနေနှင့် လေသံခပ်တင်းတင်းဖြင့် ခေါ်လိုက်သည်။

ဝတ်ရည်သိမ့် . . .

ဝတ်ရည်သိမ့်က ခေါင်းခါလျှက် . .

'ကျွန်မ ပြောတာအမှန်ပါ။ ဒေါက်တာအောင်မင်းဇံပြောတာကို လက်ခံနားထောင်ရင်း အားလုံးမှားကုန်ပါလိမ့်မယ်။ သူလည်း တုပ်ကွေးဖြစ်ထားတယ်။ သူလည်း ဟို . . ဟိုအထဲက လူတစ်ယောက်ပါပဲ'

ဒေါက်တာစိမ်းသီတာ၊ ဝတ်ရည်သိမ့်ကို ပြေး၍ ဆွဲရင်းပါးစပ်မှလည်း . .

'ဝတ်ရည်သိမ့် . . တော်ပြီ။ ဘာမှ မပြောနဲ့တော့'

ဆေးရုံအုပ်ကြီး ဒေါက်တာအောင်မင်းဇံက ဒေါက်တာ ဥက္ကာအား ပခုံးကို ဖက်ထားလျက်မှ . .

'အခုကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော် တောင်းပန်ပါတယ်'

'ရပါတယ်ဗျာ . .'

ဆေးရုံအုပ်ကြီး ဒေါက်တာအောင်မင်းဇံက

'ဘာမှ အရေးမကြီးတဲ့ ကိစ္စလေးတစ်ခုကြောင့် အခုလို ဖြစ်ကြရတာပါ။ တကယ်တော့ အဖြစ်မှန်ကို သူတို့ မမြင်ကြသေး ဘူး။ အခုကိစ္စကို ကျွန်တော့်ရုံးခန်းထဲကျမှပဲ ဆက်ပြောကြတာပေါ့။ ခင်ဗျားအပြန်မှာ ကျွန်တော် လက်ဆောင်ကောင်းကောင်းလေးတစ်ခု ပေးလိုက်ပါ့မယ်။ ခင်ဗျားတို့ဆီက ရောဂါထိန်းချုပ်ရေးဗဟိုဌာန အတွက် စိတ်ဝင်စားစရာ ပစ္စည်းလေးတစ်ခုပေါ့'

ပြောရင်း ဒေါက်တာအောင်မင်းဇံနှင့် ဒေါက်တာဥက္ကာတို့ ရုံးခန်းအပြင်ဘက်သို့ ထွက်သွားကြသည်။

ဒေါက်တာစိမ်းသီတာက တံခါးကို ပြန်ပိတ်လိုက်၏။ ထို့နောက် သက်ပြင်းတစ်ချက်ချလိုက်သည်။

'ဝတ်ရည်သိမ့် . . အခုလို ပြောလိုက်တာ မကောင်းဘူး ထင်တယ်'

'ကျွန်မ တောင်းပန်ပါတယ် ရှင်။ ကျွန်မအနေနဲ့ ဘယ်လိုမှ စိတ်မထိန်းနိုင်လို့ ဖြစ်သွားတာပါ'

ဒေါက်တာစိမ်းသီတာက လေးတွဲ့စွာပြောလိုက်သည်။





'တောင်းပန်စရာတော့ မလိုပါဘူး။ ငါကိုယ်တိုင်လည်း စိတ်ထဲမှာ အတော်လေး မတင်မကျဖြစ်နေတယ်။ အင်း . . ငါတို့ရဲ့ အခြေအနေက နကိုယ်အတိုင်းပဲ ပြန်ဖြစ်သွားပြီ။ ဘာဆက်လုပ်ရမလဲ ဆိုတာကို စဉ်းစားလို့တောင် မရတော့ဘူး'

× × × × × × ×

## အခန်း (၁၈)

ဒေါက်တာစိမ်းသီတာ၊ ဝတ်ရည်သိမ့်နှင့် သန်းဆွေထိုက်တို့ သုံးဦး ရုံးခန်းထဲ၌ ထိုင်ရင်းမှပင်၊ တုပ်ကွေးလူနာများနှင့် ပတ်သက်သော အချက်အလက်များကို စိစစ်နေကြသည်။

ခေတ္တမျှအကြာတွင်၊ အရေးပေါ်လူနာတစ်ဦးရောက်ရှိလာမည်ဟု ဒေါက်တာစိမ်းသီတာထံသို့ စဝ်ရန်နိုင်က ဖုန်းဆက်အကြောင်းကြားသည်။ ထိုလူနာမှာ သူတို့စခန်းမှဖြစ်ကြောင်းကိုပါ သိရသည်။

ဒေါက်တာစိမ်းသီတာတို့သုံးဦး ရုံးခန်းထဲမှထွက်လာကြသည်။

တွန်းလှည်းခုတင်တစ်ခု တကျိမ်းကျိမ်းမည်၍ အရေးပေါ်ဌာန





အတွင်းသို့ တွန်းဝင်လာ၏။ အရေးပေါ်ဌာနဝန်ထမ်းတစ်ဦးက တွန်းလှည်းကိုတွန်းလာကြပြီး နောက်ဘက်မှ စဝ်ရန်နိုင်ပါလာသည်။ တွန်းလှည်းပေါ်၌ လိုက်ပါလာသူ၏ ပါးစပ်ထဲမှ အမြှုပ်များထွက်နေပြီး မျက်လုံးနှစ်လုံးမှာ ပြူးကျယ်၍နေပေသည်။ ခန္ဓာကိုယ်မှာလည်း တဆတ်ဆတ်ဖြင့် အကြောဆွဲ၍နေပြန်သည်။

ဒေါက်တာစိမ်းသီတာက လူနာကိုတစ်ချက်ကြည့်ပြီး သီးသန့်စမ်းသပ်ခန်း တစ်ခုအတွင်းသို့ ပို့ခိုင်းလိုက်သည်။

စဝ်ရန်နိုင်က . . .

'ကျွန်တော် စဝ်ရန်နိုင်ပါ။ ကျွန်တော့်ကို ဒေါက်တာ မှတ်မိမယ်ထင်ပါတယ်။ ကျွန်တော့်ရဲ့ ရဲအရာရှိသန်းမြင့် ဘယ်လိုဖြစ်သလဲဆိုတာ သိချင်ပါတယ်'

"ကျွန်မ ရှင့်ကို မှတ်မိပါတယ် . . စဝ်ရန်နိုင်။ ကျွန်မတို့ အခုပဲ စစ်ဆေးကြည့်မှာပါ။ သန်းဆွေထိုက်လာ ငါနဲ့အတူလိုက်ခဲ့၊ အခြေအနေက အရေးကြီးတယ်။ ကဲ . . ဝတ်ရည်သိမ့်က စဝ်ရန်နိုင်ကို ခေါ်သွား . .'

စဝ်ရန်နိုင်ကို ဝတ်ရည်သိမ့်က ရုံးခန်းသို့ခေါ်သွားသည်။

ဆယ့်ငါးမိနစ်သာသာအကြာတွင် ဒေါက်တာစိမ်းသီတာနှင့် သန်းဆွေထိုက်တို့ ပြန်ရောက်လာကြသည်။ နှစ်ဦးစလုံး၏ မျက်နှာများမှာ မကောင်းကြ။ အဖြေကား အထူးအထွေမေးစရာမလို။ မြင်လိုက်ရုံနှင့်ပင် အကဲခတ်၍ရနိုင်ပေသည်။

ဝတ်ရည်သိမ့်က . . .

'အခြေအနေ ဘယ်လိုလဲ'

သန်းဆွေထိုက် ခေါင်းခါသည်။

'ဒီကိုရောက်လာကတည်းက စပြီး သတိလုံးဝပြန်လည် မလာတော့ဘူး'

'ဒီ တုပ်ကွေးပဲလား'

'ဒါပဲဖြစ်ဖို့များတယ်။ သူ့ရဲ့သွေးထဲမှာ ပျံ့ရည်ဂလင်းတွေက သိပ်မြင့်နေတယ်'

စံရန်နိုင်က ဝင်၍မေးသည်။

'ပျံ့ရည်ဂလင်းဆိုတာ ဘယ်လိုဟာမျိုးကိုခေါ်တာလဲ။ အဲဒီ ပျံ့ရည်ဂလင်းတွေကြောင့် သန်းမြင့် သေသွားတာလား'

ဒေါက်တာစိမ်းသီတာက . . .

'ပျံ့ရည်ဂလင်းဆိုတာ လူ့ခန္ဓာကိုယ်မှာရှိတဲ့ အလိုအလျောက် တုန့်ပြန်ခုခံတတ်တဲ့ ဓာတ်တစ်မျိုးပါပဲ။ ရောဂါတော့မဟုတ်ပါဘူး။ ဒါဖြင့် ဒီရဲအရာရှိသန်းမြင့်မှာ ဆီးချိုတို့ သွေးတိုးတို့ရှိသလား'

စံရန်နိုင်က . . .

'သူ့မှာ ဆီးချို မရှိဘူး . . ဒေါက်တာ။ ဒါပေမယ့် သွေးနဲ့ ပတ်သက်တဲ့ ရောဂါတစ်မျိုးတော့ရှိတယ်။ လူကေးမီးယားဆန်ဆန် ပါပဲ။ မကြာခဏ သွေးသွင်းရတာမျိုးပဲရှိပါတယ်'

ဝတ်ရည်သိမ့်က . . .

'ကျွန်မ တစ်ခုလောက် မေးပါရစေ . . စံရန်နိုင်။ ရဲအရာရှိ ကိုသန်းမြင့်က သူမသေခင်မှာ တစ်လက်မခွဲပတ်လည်လောက်





အရွယ်ရှိတဲ့ သတ္တုစပ်ကျောက်ပြားလေးတွေအကြောင်း ပြောခဲ့မိသေး သလားဆိုတာ သိချင်ပါတယ်'

သန်းဆွေထိုက်က ဆက်မပြောရန် ဟန့်တားသော မျက်လုံး ဖြင့်ကြည့်သည်။ ဝတ်ရည်သိမ့်က ခေါင်းခါလိုက်သည်။

ဒေါက်တာစိမ်းသီတာက နားမလည်နိုင်စွာဖြင့် . .

'သတ္တုစပ်ကျောက်ပြားဆိုတာ ဘာလဲ'

ရဲအရာရှိ စံရန်နိုင်က သူ့ ဝတ်ရည်သိမ့်ကို အံ့သြဟန် တစ်ချက်ကြည့်လျှက် . .

'မင်းပြောတဲ့ သတ္တုစပ်ကျောက်ပြားဆိုတာ တစ်လက်မခွဲ ပတ်လည်လောက်ရှိပြီး အလယ်မှာ ခရမ်းရောင်သန်းတယ်။ ဘေးပတ် လည်မှာ အဖုကလေးတွေနဲ့ မဟုတ်လား'

'ဟုတ်ပါတယ်'

စံရန်နိုင်က ခေတ္တမျှ စဉ်းစားချင့်ချိန်လိုက်ပြီးမှ . .

'ဟုတ်တယ် . .။ သူတက်ပြီး အကြောမဆွဲခင်မှာ အဲဒီလို ပစ္စည်းလေးအတော်များများကို တရားခံတွေဆီကမိတယ်ဆိုပြီး ထုတ် ပြသေးတယ်'

သန်းဆွေထိုက်က . . .

'အဲဒီ ကျောက်ပြားလေးတွေက စူးတယ်လို့ကော ပြောသေး လား'

'ခဏ ခဏ အစူးခံတယ်လို့ပြောတယ်။ အဲဒါလေးကနေ စူးတာကတော့ တော်တော်ထူးဆန်းတယ်။ ဒါလောက်ထိလေးဘက်

စလုံး ချောမွတ်ညီညာနေတဲ့ ကျောက်ပြားကနေ ဘယ်လိုလုပ်ပြီး ရှူးနိုင်သလဲဆိုတာ အံ့ဩစရာပဲ။ ရှူးနိုင်တဲ့နေရာဆိုတာ လုံး၀မရှိ သလောက်ပဲ။ မင်းတို့ကိုပြောမှပဲ သတိရမိတော့မယ်။ ရဲအုပ်ကြီးကိုယ် တိုင်လည်း အဲဒီဟာလေး အရှူးခံရတာ မြင်ဖူးတယ်'

ဒေါက်တာစိမ်းသီတာက နားမလည်နိုင်စွာဖြင့်

'နင်တို့ပြောတဲ့ သတ္တုစပ်ကျောက်ပြားလေးဆိုတာ ဘာလဲ။ ငါ့ကို ပြောပြကြပါဦး'

ဝတ်ရည်သိမ့်က . . .

'လွန်ခဲ့တဲ့ ငါးရက်လောက်က၊ အဲဒီလို ကျောက်ပြားလေး ထောင့်ကလေးတစ်ခု ချူးကောက်ရဖူးတယ်။ သူ ကားရပ်ထားတဲ့ နေရာရဲ့ ကျောက်စရစ်ခဲတွေကြားက ရတာပါ။ အဲဒါလေးက ချူးရဲ့ လက်ကိုရှူးသွားတယ်။ နာရီပိုင်းလောက်အကြာမှာပဲ ချူး တုပ်ကွေး ဖြစ်တယ်။ ဆေးရုံတစ်ရက်လောက် တက်လိုက်ရသေးတယ်'

သန်းဆွေထိုက်က ဝင်၍ပြောသည်။

'ဒီကျောက်ပြားကလေးကိစ္စကိုတော့ ကျွန်တော်တို့ မပြောမိ သေးဘူး ဒေါက်တာ။ အရွယ်က တစ်လက်မခွဲလောက်ရှိတယ်။ အပေါ်မှာ ခရမ်းရောင်သန်းနေတယ်။ အရောင်က အဖြူရောင်။ အလေးချိန်စီးပြီး အေးတယ်။ ဟိုတစ်လောက ဆေးရုံကို တုပ်ကွေး ဖြစ်လို့လာတဲ့ ကလေးမလေးကလည်း သူ့ကို အဲဒီလိုကျောက်ပြား လေးရှူးထားတယ်လို့ ပြောသေးတယ်'

ဝတ်ရည်သိမ့်က . .





'သတ္တုစပ်ကျောက်ပြားလေးရှူးတာကနေ တုပ်ကွေးရောဂါ ဖြစ်တယ်ဆိုတဲ့အကြောင်း ကျွန်မတို့ မနေ့ညကမှ ဆက်စပ်စဉ်းစားမိ ကြတာပါ'

ဝတ်ရည်သိမ့်ကပင် ယမန်နေ့ညနေပိုင်း ဈေးဝယ်ထွက်စဉ် အခါက ကြုံတွေ့ရပုံများကို ပြန်ရှင်းပြသည်။ ဈေးဆိုင်တစ်ဆိုင်၌ မိန်းမ၀၀ကြီးတစ်ဦး ထိုကျောက်ပြားကလေးကို ကိုင်ကြည့်ရင်း အရှူးခံရပုံ၊ လက်မှဒဏ်ရာမှ စိမ်းပြာရောင်လက်နေပုံတို့ကိုပါ ပြောပြ လိုက်သည်။

ဒေါက်တာစိမ်းသီတာနှင့် စဝ်ရန်နိုင်တို့ ငြိမ်သက်စွာနား ထောင်နေကြသည်။

ဒေါက်တာစိမ်းသီတာ ဖြည်းညင်းစွာ ခေါင်းခါလိုက်သည်။

'ဒီကိစ္စတွေက သာမန်ဆိုရင် လုံး၀မဖြစ်နိုင်ဘူးလို့ဆိုရမယ်။ ပုံမှန်အခြေအနေအတိုင်းဆိုရင် နင်တို့နှစ်ယောက်လုံးကို ရူးနေတယ် လို့ပဲ ပြောရလိမ့်မယ်။ ဒါပေမယ့် အခုအခြေအနေမှာတော့ ဒီအချက် ကိုပါ ထည့်ပြီး စဉ်းစားရလိမ့်မယ်။ ကဲ . . အဲဒီ သတ္တုစပ်ကျောက် ပြားဆိုတာ ဘယ်မှာလဲ။ ကြည့်ကြရအောင်'

သန်းဆွေထိုက်က . .

'ကျွန်တော်တို့ ညနေဈေးကလေးကိုသွားပြီးဝယ်ရင် ရပါတယ် ဒေါက်တာ'

စဝ်ရန်နိုင်က . . .

'ဌာနက ပစ္စည်းသိမ်း ဌာနမှာ သွားယူရင်၊ အဲဒီဟာလေး

ရနိုင်ပါတယ်'

ဒေါက်တာစိမ်းသီတာက . . .

'ကဲ . . နေရာနှစ်ခုစလုံးကိုသွားပြီး ရအောင်သာရှာလာကြပါ'

ညနေဈေးတန်းကလေးရှိ ဆိုင်သို့ သန်းဆွေထိုက်နှင့် ဝတ်ရည်သိမ့်တို့ ပြန်သွားကြသည်။

ရှေးဟောင်းပစ္စည်း၊ အခြားပစ္စည်းများနှင့် သတ္တုစပ်ကျောက်ပြားကလေးရောင်းသော ဆိုင်သို့ရောက်သည်။ ဈေးဆိုင်ပိတ်ထားသည်ကို သာတွေ့ရသည်။

ဘေးမှ ဆိုင်ရှင်ကို သန်းဆွေထိုက်က မေးကြည့်လိုက်၏။

'ကျေးဇူးပြုပြီးတော့ သိပါရစေ။ ဒီဘက်ကဆိုင်ရှင်မလာဘူးလား ခင်ဗျာ'

တစ်ဘက်ဆိုင်ရှင်က . . .

'ဩော် . . သူ နေမကောင်းဖြစ်နေလို့ပါ။ မနက်ကတော့ ကျွန်တော်နဲ့ တွေ့လို့ စကားပြောဖြစ်ပါသေးတယ်။ သူလည်း တုပ်ကွေးမိနေတယ်'

'ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်'

ဝတ်ရည်သိမ့်က တိုးတိုးလေသံဖြင့်

'ဒါဖြင့်၊ ငါတို့ ဘာဆက်လုပ်ကြရင် ကောင်းမလဲ'

သန်းဆွေထိုက်က သက်ပြင်းတစ်ချက်မှုတ်ထုတ်လိုက်ရင်း

ရဲအုပ် စဝ်ရန်နိုင်ဘက်က ရှာလို့ရပါစေလို့ပဲ ဆုတောင်းရတော့မယ်။ သူ့ဘက်က ပိုအဆင်ပြေနိုင်ပါလိမ့်မယ်'





စဝ်ရန်နိုင် သူ၏တိုက်ခန်းသို့ ကားဖြင့် ပြန်သည်။

ညစာကို ခပ်လွယ်လွယ်ပင် စီစဉ်၍စားသည်။ ကြက်ဥကြော်နှင့် အသားဗူးတစ်ဗူး ဖောက်၍စားလိုက်သည်။

ယခုအချိန်လောက်ဆိုရင် သန်းဆွေထိုက်နှင့် ဝတ်ရည်သိမ့်တို့ နှစ်ဦး သတ္တုစပ်ကျောက်ပြားကလေး ရလောက်ပြီဟုတွေးမိသည်။ သတိရ၍ သူတို့ပေးထားသည့် တယ်လီဖုန်းနံပါတ်ကို ရှာ၍ကြည့်သည်။

သန်းဆွေထိုက် ပေးထားသည့် ဖုန်းနံပါတ်ကို ဆက်လိုက်၏။

ဖုန်းလာကိုင်သူမှာ သန်းဆွေထိုက် ဖြစ်သည်။

'အေး . . သန်းဆွေထိုက်လား။ မင်းတို့ဘက်က အခြေအနေ'

သန်းဆွေထိုက်က . . .

'ကျွန်တော်တို့ ရောင်းတဲ့ဆိုင်ကို သွားတယ်။ ဆိုင်ရှင်နေမကောင်းလို့ ဆိုင်ပိတ်ထားတာပဲ တွေ့ခဲ့ရတယ်'

'ကောင်းရောပေါ့ကွာ . .'

'ဒါနဲ့ . . ခင်ဗျားဘက်ကရောရပြီလား'

'ငါ ဂုံစခန်းကို မသွားရသေးဘူး။ ခဏနေဦး . . စခန်းကို မင်းတို့ နှစ်ယောက်ပါ လိုက်ခဲ့ကြပါလား'

'ဖြစ်ပါတယ်၊ ကျွန်တော်တို့ ဘယ်မှာ ဆုံကြမလဲ'

'ကောင်းပြီ။ မင်းတို့ကို ငါလာခေါ်မယ်။ ဒီကိစ္စကို လူမသိအောင် သိုသိုသိပ်သိပ်လုပ်ချင်တယ်။ ငါလာခေါ်တဲ့ အချိန်ဟာ ညဥ့်နက်လိမ့်မယ်'

× × × × × × ×

မိုးဆမ်းပန်းစာပေ

## အခန်း (၁၉)

ည တစ်နာရီခွဲ . . .။

စဝ်ရန်နိုင်က သူ၏ကားကို သီးသန့်ရပ်ရန်နေရာ၌ ရပ်လိုက်၏ ။

စဝ်ရန်နိုင်က သန်းဆွေထိုက်နှင့် ဝတ်ရည်သိမ့်တို့ကို စခန်းအတွင်းသို့ ခေါ်လာသည်။

ပစ္စည်းသိမ်းဆည်းရေးအခန်းမှာ သံဆန်ခါကာထားပြီး မသော့ခတ်ထားသည်။ စဝ်ရန်နိုင်က သော့ထုတ်၍တံခါးကိုဖွင့်သည်။

စဝ်ရန်နိုင်က . . .

'အဲဒါလေးတွေကို စာအိတ်ထဲထည့်ထားတာပဲ ဖြစ်ရမယ်။ ဒီစာအိတ်တွေကို ဒီအထဲမှာပဲ ထည့်ထားတယ်။

မိုးဆမ်းပန်းစာပေ

'ဒါဆို . . ဘာလုပ်မှာလဲ'

'မတတ်နိုင်ဘူး။ စာအိတ်တစ်အိတ်စီ ဖွင့်ရှာရုံပဲရှိတယ်'

စင်ရန်နိုင်က စာအိတ်တစ်အိတ်စ၍ ဖွင့်သည်။ စာအိတ်ဖွင့်သည်မှာ ထင့်သည့်ထက်ပို၍ကြာနေသည်။ ပိတ်ထားသည့် အပ်ကွင်းကို ကလော်ဖွင့်ပြီးမှ အတွင်းသို့ကြည့်ရသည်။

သို့နှင့်ပင်၊ သန်းဆွေထိုက်နှင့် ဝတ်ရည်သိမ့်တို့ပါ အခန်းထဲဝင်၍ စင်ရန်နိုင်ပြောသည့် စာအိတ်များကို ဖွင့်၍ရှာကြသည်။

စင်ရန်နိုင်က . . .

'ဒီသတ္တုစပ်ကျောက်ပြားလေးတွေ ဒီအိတ်တွေထဲမှာပဲရှိရမယ်'

ထိုသို့ရှာဖွေရင်း နောက်ထပ် ဆယ်မိနစ်မျှအကြာတွင် စင်ရန်နိုင်၏ နားထဲ၌ ခြေသံသဲ့သဲ့ကြားလိုက်ရသည်။

စင်ရန်နိုင်က သန်းဆွေထိုက်အား လက်နှင့်အသာပုတ်၍ တိုးတိုးပြောလိုက်သည်။

'ငြိမ်ငြိမ် . . . တိတ်တိတ်လေးနေ'

ထိုင်၍ စာအိတ်များဖွင့်နေရာမှ၊ အသာထရပ်ပြီး ကောင်တာမှ ကျော်၍လှမ်းကြည့်လိုက်၏။ ရဲအုပ်ကြီးသူရှိရာဘက်ဆီသို့ ဦးတည်၍ လာနေသည်ကိုတွေ့လိုက်ရသည်။ စင်ရန်နိုင် အခန်းထဲမှထွက်၍ အဝင်ဝခန်းမ၌ ရဲအုပ်ကြီးကို ကြို၍တွေ့လိုက်သည်။

ရဲအုပ်ကြီးက . . .

'စင် . . မင်း ဒီမှာ ဘာလုပ်နေတာလဲ။ မနက် နှစ်နာရီ





ထောင်ကျော်နေပြီ'

'တစ်နေ့က အမှုတစ်ခုနဲ့ပတ်သက်ပြီး သက်သေခံပစ္စည်းတစ်ခုလိုက်ရှာနေတာပါ'

'ပစ္စည်းထိန်းသိမ်းရေး အခန်းထဲမှာလား'

'ဟုတ်ပါတယ်'

စင်ရန်နိုင်မှာ ရဲအုပ်ကြီး ဤအချိန်မျိုး၌ ရောက်ရှိနေသည့်အတွက် ပို၍အံ့သြနေမိသည်။

'သန်းမြင့်ရဲ့ အဖြစ်ကတော့၊ အတော်လေးစိတ်မကောင်းစရာပဲနော် ရဲအုပ်ကြီး'

'ဟာကွာ . . ဒါ ထူးဆန်းတဲ့ကိစ္စမှ မဟုတ်တာ။ သန်းမြင့်မှာက လူကောင်းမီးယားရှိနေတာပဲ။ နေပါဦး . . မင်းကကော၊ အခုနေကောင်းရဲ့လား'

'နေကောင်းပါတယ် . . ရဲအုပ်ကြီး ဘာဖြစ်လို့လဲ'

'တော်တော် ထူးဆန်းတာပဲ။ မင်းပြန်ရင် ငါ့ရုံးခန်းထဲ ခဏလောက်ဝင်ခဲ့ဦး။ မင်းကို ပေးလိုက်စရာတစ်ခုရှိလို့'

'ဟုတ်ကဲ့ . . ရဲအုပ်ကြီး'

ရဲအုပ်ကြီး ရုံးခန်းဘက်သို့ လျှောက်၍သွားသည်။ စင်ရန်နိုင် မျက်မှောင်ကြုတ်လျက် ရဲအုပ်ကြီးပျောက်ကွယ်သွားသည်အထိ ကြည့်နေမိသည်။ သူ၏စိတ်ထဲ၌လည်း ရှုပ်ထွေး၍နေပေသည်။ စင်ရန်နိုင် သံဆန်ခါကာထားသည့် အခန်းထဲသို့ ပြန်ဝင်လာသည်။

'ကဲဟေ့ . . မြန်မြန်လေး ရှာကြရအောင်'

စာအိတ်များကို ဆက်ဖောက်၍ရှာကြသည်။ စဝ်ရန်နိုင်က စာအိတ်တစ်အိတ်ကို ဖောက်၍ကြည့်လိုက်၏။

'ဟား . . ဒီအိတ်ထဲမှာတွေ့ပြီ'

စဝ်ရန်နိုင်က စာအိတ်ထဲကို နှိုက်ကြည့်ရန် ဟန်ပြင်လိုက်၏။

ဝတ်ရည်သိမ့်က လှမ်း၍ ဟန့်တားလိုက်သည်။

'သွားပြီး မကိုင်လိုက်နဲ့နော်'

'သတိထားပြီး ကိုင်ကြည့်မှာပါ'

'ပေါ့ပေါ့ဆဆလုပ်ရင်၊ ရူးသွားမှာ သေချာတယ်'

စဝ်ရန်နိုင်က တစ်ချက်ပြုံးလိုက်ပြီး . . .

'အေးပါကွာ။ စာအိတ်ထဲမှာပဲ ထည့်ထားပြီး ယူသွားတော့မယ်'

. . . . . . . .

သုံးဦးသား စဝ်ရန်နိုင်၏ စားပွဲ၌ ထိုင်လိုက်ကြသည်။

စဝ်ရန်နိုင်က အညိုရောင်စာအိတ်ကလေး၏ လျှာကိုဖွင့်၍ အောက်သို့ခါချလိုက်သည်။ သတ္တုစပ်ကျောက်ပြားကလေးမှာ မင်နှိပ်စက္ကူပေါ်သို့ကျလာသည်။

စဝ်ရန်နိုင်က ထိုပစ္စည်းလေးကို သေချာစွာကြည့်သည်။ နှုတ်ခမ်းဘေးနားတစ်လျှောက်ကို ခဲတံဖြင့် အသာထိုးကြည့်သည်။





ဘာမျှ ထူးခြားမှု မမြင်ရပေ။

'အင်း . . ဒါလေးကြည့်ရတာ ဘာမှအန္တရာယ်မရှိသလိုပဲ။ အပေါက်တွေ ဘာတွေလည်း မရှိဘူး။ ဘယ်လို ပုံစံမျိုးနဲ့ ရူးသလဲတော့ မပြောတတ်ဘူး'

သန်းဆွေထိုက်က တိကျစွာပြောလိုက်သည်။

'ဒီပစ္စည်းလေးက လူကိုရူးတာ နှစ်ခါမြင်ဘူးတယ်။ နှစ်ခါလုံး အရူးခံရတဲ့လက်က ဘေးနှုတ်ခမ်းသားကို ကိုင်ထားရင်းနဲ့ရူးသွားတာ'

စဝ်ရန်နိုင်က ခေါင်းခါလိုက်ပြီး

'အပေါက်မှ မပါတာ ဘယ်လိုလုပ်ပြီး ရူးနိုင်မှာလဲ . . . သန်းဆွေထိုက်ရေ။ ဒါပေမယ့် ဒါလေးတွေက တစ်ခုနဲ့တစ်ခုမတူတာလည်းဖြစ်နိုင်တယ်။ တစ်ချို့ပစ္စည်းလေးတွေက ရူးပြီးတစ်ချို့က မရူးတာမျိုးဖြစ်ချင် ဖြစ်နိုင်တယ်'

စဝ်ရန်နိုင်က် သတ္တုစပ်ကျောက်ပြားကလေး၏ အပေါ်ယံအလယ်ဗဟိုကို အသာကိုင်ကြည့်လိုက်သည်။

'အေးစိမ့်ပြီး ချောမွတ်နေတာပဲကွ။ အမြင်မှာတော့ ဘာမှအန္တရာယ်မရှိနိုင်တဲ့ပုံပဲ'

စဝ်ရန်နိုင်က နှုတ်ခမ်းသားဘေးမှ အဖုလေးတစ်ဖုကို စမ်းကြည့်လိုက်၏။ ဘာမျှထူးခြားမှုမရှိ။ ထို့ကြောင့် ဘေးပတ်လည်ကို အသာလိုက်၍ စမ်းကြည့်သည်။ တစ်ဝက်မျှလှည့်၍ စမ်းမိစဉ်မှာပင်၊ ဘေးနှုတ်ခမ်းတစ်နေရာမှ သေးငယ်လွန်းသည့် အပေါက်လေးတစ်ခု ဖျတ်ခနဲပွင့်လာသည်။

မျက်စိအလွန်လျှင်သည့် စဝ်ရန်နိုင် အပေါက်လေး ရုတ်တရက် ပွင့်လာသည်ကို မြင်မိ၍ လက်ကိုရုပ်လိုက်၏။ သေးငယ်သော အပေါက်ကလေးထဲမှ သံမဏိရောင်တောက်နေသည့် သေးငယ် ချွန်မြသော အပ်ရှည်လေးတစ်ချောင်း ထွက်လာသည်။ အပ်ဖျား၌ စိမ်းပြာရောင် အရည်စက်ကလေးထွက်၍ ကျလာသည်။

ချက်ချင်းပင် အပ်မျှင်မျှင်ကလေးအတွင်းသို့ဝင်၍ အပေါက်ကလေးမှာလည်း ပြန်ပိတ်သွားပေသည်။ အဖြစ်အပျက်မှာ တစ်စက္ကန့်မျှပင်ကြာပေလိမ့်မည်။

စဝ်ရန်နိုင်က . . .

'မင်းတို့နှစ်ယောက်ပါ မြင်လိုက်တယ်နော်'

'ကျွန်မ မြင်လိုက်ပါတယ်။ မင်နှိပ်စက္ကူပေါ်က အစက်ကလေးက အဓိကသက်သေပဲ'

စဝ်ရန်နိုင်က မှန်ဘီလူးဖြင့် သတ္တုစပ်ကျောက်ပြားလေး၏ ဘေးပတ်လည်ကို သေချာစွာကြည့်သည်။

'ဘာအရာမှ မတွေ့ရဘူး။ ဘယ်နေရာက အပ်ထွက်လာသလဲဆိုတာ ဘယ်လိုမှ မသိနိုင်တော့ဘူး'

သန်းဆွေထိုက်က မင်နှိပ်စက္ကူပေါ်ရှိ စိုနေသည့် နေရာကို ဒိုက်၍ကတ်ကျေးဖြင့်ဖြတ်သည်။ ထို့နောက် မင်နှိပ်စက္ကူပြားအပိုင်းလေးကို ဖန်ခွက်အလွတ်တစ်ခုထဲ၌ ထည့်လိုက်သည်။

သန်းဆွေထိုက်က . . .

'ဒေါက်တာစိမ်းသီတာဆီ ဖုန်းဆက်လိုက်ရင်ကောင်းမယ်





...င်တယ်'

စဝ်ရန်နိုင်က နာရီကိုကြည့်၍ . . .

'မနက် နှစ်နာရီကျော်ပဲရှိသေးတယ်။ ဆက်လို့ကောင်းပါ့မလား'

သန်းဆွေထိုက်က . . .

'ဒီကိစ္စကို သူက ချက်ချင်း သိချင်နေတယ်။ ဒီမင်နှိပ်စက္ကူပေါ်က အရည်စက်ကလေးကို စမ်းသပ်ကြည့်ဖို့လိုလိမ့်မယ်'

'ကောင်းပြီလေ။ ဒါဆို . . မင်းပဲ ဖုန်းဆက်လိုက်။ ငါက ရဲအုပ်ကြီး ရုံးခန်းထဲသွားလိုက်ဦးမယ်'

စဝ်ရန်နိုင် ရဲအုပ်ကြီး၏ရုံးခန်းသို့သွားသည်။

ရုံးခန်းထဲ၌ ရဲအုပ်ကြီးမှာ အလုပ်ရှုပ်နေပေသည်။ ရဲအုပ်ကြီး

...ရုံးခန်းထဲသွားလိုက်ဦးမယ်'

စဝ်ရန်နိုင် ရဲအုပ်ကြီး၏ ရုံးခန်းသို့သွားသည်။

ရုံးခန်းထဲ၌ ရဲအုပ်ကြီးမှာ အလုပ်ရှုပ်နေပေသည်။ ရဲအုပ်ကြီး
...၏ အမှုအရာကိုကြည့်ရသည်မှာ ယခင်အခါကထက်ပင်ပို၍ ကျန်းမာရေးကောင်းနေပုံရသည်။

စဝ်ရန်နိုင်က . . .

'ရဲအုပ်ကြီးက တွေ့ချင်တယ်ဆိုလို့ ကျွန်တော်လာတာပါ'

'အေး . . အခုလိုလာတာ ကျေးဇူးတင်တယ်။ မင်းအခုလို ...နေရထိုင်ရတာ ဘယ်လိုနေသလဲ'

'ပင်ပန်းတာပဲ ရှိပါတယ်'

'နေမကောင်း ဖြစ်သေးသလား'

'ကံကောင်းလို့ ဘာမှ မဖြစ်သေးဘူး ရဲအုပ်ကြီး'

'မင်းရဲ့ အလုပ်ကိစ္စကကော'

'မပြတ်သေးဘူး ဆရာ'

'အေး . . . မင်းတော်တယ်။ အလုပ်ကြိုးစားတဲ့ မင်း အကောင်းဆုံး လက်ဆောင်ဆုတစ်ခုပေးရဦးမယ်'

ပြောပြောဆိုဆိုနှင့်ပင် ရဲအုပ်ကြီးက အံဆွဲတစ်ခုကို ဆွဲ ဖွင့်လိုက်သည်။ အတွင်းမှ ပစ္စည်းတစ်ခုကို နှိုက်ယူလိုက်သည်။ သူ လက်ထဲ၌ သတ္တုစပ်ကျောက်ပြားကလေးတစ်ခုပါ၍ လာသည် မြင်လိုက်ရသည်။

စစ်ရန်နိုင် မျက်လုံးပြူး၍သွားမိသည်။

'ဒီပစ္စည်းလေးဟာ အကောင်းဆုံး အထိမ်းအမှတ်ပစ္စည် ကလေးပဲ။ ရော့ . . မင်းကို ပေးမလို့'

ရဲအုပ်ကြီးက လှမ်း၍ပေးသည်။

စစ်ရန်နိုင်က လက်ကာပြ၍

'နေပါစေ ဆရာ။ ကျေးဇူးတင်ပါတယ် . . ကျွန်တော် မယူပါရစေနဲ့'

ရဲအုပ်ကြီးက မသိမသာပြုံးလျက် . .

'ယူပါကွ စစ်ရန်နိုင်ရ။ ဒီပစ္စည်းလေးက ဘာမှတော့ အဖိုး မတန်လှပါဘူး။ ဒါပေမယ့် မင်းရဲ့ ဘဝတစ်ခုလုံးကို ထူးထူးခြားခြား ပြောင်းလဲသွားမှာသေချာတယ်။ ငါပြောတဲ့စကားကို ယုံလိုက်စမ်းပါ'





'ဆရာပြောတာ ယုံပါတယ်။ ကျေးဇူးတင်ပါတယ်ဆရာ။ ကျွန်တော် ပင်ပန်းနေလို့ ပြန်အိပ်ပါရစေ'

ရဲအုပ်ကြီး၏ မျက်နှာ ချက်ချင်း တင်းမာ၍သွားသည်။ ဒေါသသံဖြင့် . .

'ဟေ့ကောင် စစ်ရန်နိုင်။ ငါ အမိန့်ပေးနေတယ်။ ဒီပစ္စည်းကို ယူသွား'

စစ်ရန်နိုင် ဘာမှ မပြောသာတော့ပဲ လက်လှမ်းလိုက်သည်။

သူ၏မျက်စိထဲ၌မူ ဘေးနုတ်ခမ်းမှ ထွက်လာသည့် သေးမျှင်သော သံမဏိချောင်းလေးကို မြင်၍နေသည်။ ရဲအုပ်ကြီးက သတ္တုစပ်ကျောက်ပြားကလေးကို သူ၏လက်ဝါးပြင်ပေါ်၌ အသာ အယာတင်၍ထားသည်။

ရဲအုပ်ကြီးက ပြုံးရွှင်သည့်အမူအရာဖြင့် . .

'ယူပါကွ။ စစ်ရန်နိုင်ရ'

စစ်ရန်နိုင်က ရဲအုပ်ကြီး၏ လက်ဝါးဘေး၌ သူ၏လက်ဝါးကို သတိနှင့်ကပ်၍ ချပေးလိုက်၏။ ရဲအုပ်ကြီး၏မျက်လုံးအစုံက စစ်ရန်နိုင်ကို စူးစိုက်၍ ကြည့်နေပေသည်။ စစ်ရန်နိုင်ကလည်း ရဲအုပ်ကြီး၏ မျက်လုံးအစုံကို ပြန်၍စိုက်ကြည့်သည်။ ရဲအုပ်ကြီး၏ မျက်လုံးအစုံမှာ သာမန်ထက် ပို၍သိသာစွာ ကျယ်နေသည်ကို သတိပြုမိသည်။

ရဲအုပ်ကြီးက သတ္တုစပ်ကျောက်ပြားကလေးကို လက်ညှိုးနှင့် လက်မညှပ်၍ ကိုင်လိုက်၏။ သူ့ကို အပ်မစူးမိစေရန် ရှောင်ရှားလိုက်

ခြင်းပင်ဖြစ်ပေသည်။ ထို့နောက် သတ္တုစပ်ကျောက်ပြားလေးကို စဝ်ရန်နိုင်၏ လက်ထဲသို့ ထည့်ပေးလိုက်၏။

စဝ်ရန်နိုင်က . . .

'ကျေးဇူးတင်ပါတယ် ဆရာ။ ကျွန်တော် သွားတော့မယ်'

စဝ်ရန်နိုင် ရုံးခန်းထဲမှ ခပ်မြန်မြန်ထွက်လာသည်။

ရဲအုပ်ကြီးက နောက်ဘက်မှ လှမ်းအော်၍ပြောလိုက်သည်။

'အဲဒါလေးတော့ မပျောက်စေနဲ့ဟေ့။ မင်း . . ငါ့ကို ကျေးဇူးတင်လာမှာ သေချာတယ်ဟေ့'

စဝ်ရန်နိုင် ဘာမျှမပြောတော့။ သူ၏လက်ထဲရှိ သတ္တုစပ်ကျောက်ပြားကလေးမှ အပ်ချောင်းမျှင်ကလေးထွက်လာပြီး စူးမိမည်ကိုသာစိုးရိမ်နေသည်။ သို့သော် ဘာမျှမဖြစ်။ သူ၏စားပွဲသို့ရောက်လျှင် စဝ်ရန်နိုင်က စာအိတ်လျှာကိုဖွင့်၍ လက်ထဲမှ သတ္တုစပ်ကျောက်ပြားကလေးကို ထည့်လိုက်သည်။ စာအိတ်ထဲ၌ နကိုယ်ရှိပြီးသား သတ္တုစပ်ကျောက်ပြားကလေးနှင့်ပါဆိုလျှင် နှစ်ခု ရှိသွားပေပြီ။

စဝ်ရန်နိုင်ကို သန်းဆွေထိုက်နှင့် ဝတ်ရည်သိမ့်က အံ့သြစွာကြည့်နေမိကြသည်။

သန်းဆွေထိုက်က . .

'နောက်တစ်ခုက ဘယ်လိုရ . .'

စဝ်ရန်နိုင်က . . .

'မေးမနေပါနဲ့တော့ကွာ။ မင်းတို့နှစ်ယောက်လုံးသိအောင် ငါပြောပြထားရဦးမယ်။ ငါတို့ရဲ့ ရဲအုပ်ကြီးကိုယ်တိုင် ငါတို့လို လုံးဝ





မဟုတ်တော့ဘူး'

'ဒါဖြင့် . . သူလည်း၊ ဟိုအထဲက လူတွေလို ဖြစ်နေပြီပေါ့'

'အေး . . ဟုတ်တယ်။ ကဲ . . ငါတို့ ဒေါက်တာစိမ်းသီတာဆီ မြန်မြန်သွားကြရအောင်'.

× × × × × × ×

## အခန်း (၂၀)

ဖန်ခွက်ထဲ၌ ထည့်ထားသော မင်နီပ်စက္ကူပြားဝိုင်းလေးကို ဒေါက်တာစိမ်းသီတာက စိုက်၍ကြည့်သည်။

'ကဲ . . ဘယ်လိုတွေ ဖြစ်လာကြတယ်ဆိုတာ သေသေချာချာတစ်ယောက်ချင်း ပြောကြပါဦး'

စဝ်ရန်နိုင်က စ၍ ရှင်းပြသည်။

လိုအပ်သောဖြည့်စွက်ချက်များကို သန်းဆွေထိုက်နှင့် ဝတ်ရည်သိမ့်တို့က ပြောသည်။

သတ္တုစပ်ကျောက်ပြားကလေးကို သတ္တုဗန်းတစ်ခုထဲ၌ ထည့်ထားသည်။





ဒေါက်တာစိမ်းသီတာက သတ္တုစပ်ကျောက်ပြားလေးကို မှန်ဘီလူးနှင့် သေချာမှုသကြည့်နေရင်းမှ

'အခြေအနေကတော့ ပိုပြီးထူးခြားလာနေပြီ။ ဒီပစ္စည်းလေးက ချောမွတ်နေပြီး ဘာအပေါက်မှ ဒီအထဲက အပ်ချောင်းလေးထွက်လာတယ်ဆိုတာကလည်း အံ့သြစရာပဲ'

ဝတ်ရည်သိမ့်က . .

'ဒီအတိုင်း အပြင်ကကြည့်ရင်တော့ ဒေါက်တာပြောသလိုပါပဲ။ တကယ်တော့ ဒီပစ္စည်းလေးဟာ ယန္တရားနည်းပညာနဲ့လုပ်ထားတာမျိုးပဲ ဖြစ်ရမယ်။ အပေါက်သေးသေးထဲက သံမဏိအပ်မျှင်လေးထွက်လာတာကို ကျွန်မ သေသေချာချာမြင်လိုက်ရတယ်။ ချက်ချင်းပဲ အပ်ချောင်းလေးပြန်ဝင်ပြီး အပေါက်ကလေး ပိတ်သွားတာ။ ဘယ်လိုမှ ရှာလို့မတွေ့ရတော့ဘူး'

စဝ်ရန်နိုင်က လေးနက်မှုဖြင့် ပြောသည်။

'ဒီလိုပစ္စည်းမျိုးကို ဘယ်သူက ဖန်တီးထားတာလဲ။ ဒီလိုလုပ်နိုင်ဖို့ဆိုတာ လုံးဝမလွယ်ဘူး'

လေးဦးသား အတန်ကြာမျှ စကားမပြောဖြစ်ကြ။

ဒေါက်တာစိမ်းသီတာက . . .

'ဟောဒီ မင်နီပ်စက္ကူပေါ်မှာ ကျနေတဲ့ အရည်စက်ကလေးကို စစ်ဆေးကြည့်ပြီးမှ အဖြေထွက်လာလိမ့်မယ်။ အင်း . . တော်တော် မလွယ်တဲ့ကိစ္စပဲ၊ ဓါတ်ခွဲခန်းဌာနအကြီးအကဲ ဦးသက်ထွေးဆိုတဲ့လူက လုံးဝမယုံရတော့ဘူး။ ရောဂါထိန်းချုပ်ရေးဗဟိုဌာနက

ဒေါက်တာဥက္ကာရောက်လာတယ်ဆိုတဲ့အကြောင်း ဦးသက်ထွေးက ဆေးရုံအုပ်ကြီးဆီကို ချက်ချင်း သတင်းပို့လိုက်တယ်လေ။ မင်းတို့ပြောသလိုဆို သူတို့နှစ်ယောက်လည်း ဟိုအထဲမှာပါသွားတဲ့ လူတွေပဲဖြစ်လိမ့်မယ်။ ခါတ်ခွဲခန်းထဲမှာ ရှိတဲ့လူတွေကိုလည်း တစ်ယောက်မှ ယုံကြည်စရာမရှိတော့ဘူး။ ဒီတော့ ငါကိုယ်တိုင်ပဲ စစ်ဆေးကြည့်မှ ဖြစ်လိမ့်မယ်'

'ဒါဆို . . ဗိုင်းရပ်စ်ပိုးမွှားကျွမ်းကျင်တဲ့ ပုဂ္ဂိုလ်တစ်ယောက်တော့ လိုမယ်ထင်တယ်'

သန်းဆွေတိုက်က ပြောလိုက်ခြင်းဖြစ်သည်။

ဒေါက်တာစိမ်းသီတာက . . .

'တုပ်ကွေးဖြစ်ပြီးတဲ့လူနဲ့ မဖြစ်ရသေးတဲ့လူနဲ့ ခွဲခြားရတော်တော်ခက်လိမ့်မယ်'

စဝ်ရန်နိုင်က : . .

'ကိုယ်နဲ့ ရင်းနှီးတဲ့အသိတွေထဲက ဆိုရင်တော့ ခွဲခြားရတာလွယ်ပါတယ်။ ကျွန်တော့်ရဲ့ ရဲဌာနက ရဲအုပ်ကြီးဆိုရင် တုပ်ကွေးဖြစ်ပြီးတဲ့နောက်ပိုင်းမှာ သူ့အမူအရာတွေ သိသိသာသာကိုပြောင်းသွားတယ်'

ဝတ်ရည်သိမ့်က . . .

'ဒီကိစ္စကို ထိုင်ကြည့်နေလို့တော့ မဖြစ်ဘူး။ ရောဂါမဖြစ်သေးတဲ့လူတွေသိအောင် သတိပေးဖို့လိုလိမ့်မယ်။ ကျွန်မတို့ကို အကူအညီပေးနိုင်မယ့် လင်မယားနှစ်ယောက်ကိုတော့ တွေ့ထားတယ်။





မိန်းမက ဗိုင်းရပ်စ်ပိုးမွှားဆိုင်ရာ ကျွမ်းကျင်သူ။ ယောကျ်ားလုပ်တဲ့သူက အဏုဇီဝဗေဒကျွမ်းကျင်သူ ပညာရှင် . .'

ဝတ်ရည်သိမ့်က . . .

'သူတို့နှစ်ယောက်လုံး ရောဂါမဖြစ်သေးရင် ကောင်းလိမ့်မယ်။ ဒါမှ အကူအညီတောင်းနိုင်မယ်'

ဝတ်ရည်သိမ့်က . . .

'ရောဂါဖြစ်၊ မဖြစ် ကျွန်မကြည့်ရင် သိပါတယ်။ သူ့သားလေးနဲ့ပတ်သက်တဲ့ မိန်းကလေးက ကျွန်မသင်ကြားမှု လက်တွေ့ဆင်းနေတဲ့ ကျောင်းမှာနေတယ်။ အဲဒီမိန်းကလေးကလည်း သူ့ရဲ့မိဘနှစ်ပါးလုံး အရင်ကနဲ့မတူပဲ၊ အမူအရာတွေ သိသိသာသာပြောင်းနေတယ်လို့ပြောတယ်'

ဒေါက်တာစိမ်းသီတာ သက်ပြင်းတစ်ချက်ချလိုက်သည်။

'အစိုးရိမ်ရဆုံးအချက်က အဲဒါပဲ။ စဝ်ရန်နိုင် ပြောပုံအတိုင်းဆိုရင် ဒီရောဂါရှိထားတဲ့လူတွေဟာ သူတို့ကိုယ်မှသူတို့လို့ ထင်နေကြပုံရတယ်'

စဝ်ရန်နိုင်က စိတ်ပျက်လက်ပျက် အမူအရာဖြင့် . . .

'အင်း . . တော်တော်ခက်တာပါပဲ။ ရဲအုပ်ကြီးက အဲဒီသတ္တုစပ်ကျောက်ပြားကလေးကို အတင်းပေးတယ်။ မယူပါဘူးဆိုပြီး အတင်းငြင်းလို့မရဘူး။ ကျွန်တော့်ကိုပါ သူ့လို နေမကောင်းဖြစ်အောင် လုပ်တာပဲဖြစ်ရမယ်'

ဝတ်ရည်သိမ့်က . . .

'ရောဂါဖြစ်ထားတဲ့လူတွေကို အတတ်နိုင်ဆုံး ကျွန်မတို့ သတိထားပြီး ရှောင်ဖို့လိုလိမ့်မယ်။ ဒါပေမယ့် အခုကိစ္စကို တတ်နိုင်သမျှ လျှို့ဝှက်ပြီး လုပ်မှဖြစ်မယ်။ လူသိခံလို့ လုံးဝမဖြစ်ဘူး'

ဒေါက်တာစိမ်းသီတာက . . .

'ဟုတ်ပြီ။ ဟောဒီ မင်နှိပ်စက္ကူပေါ်က အရည်စက်ကလေးကို ငါကိုယ်တိုင် အရင်ဆုံး စမ်းသပ်ကြည့်လိုက်မယ် . .'

သန်းဆွေထိုက်က သတ္တုစပ်ကျောက်ပြားကလေးကို မှန်ဘီလူးဖြင့် ကြည့်နေရင်းမှ

'အဲဒီရောဂါဖြစ်ထားတဲ့ လူတွေက လူကောင်းတွေကို ဘယ်လို ဆက်ဆံလာမယ်ဆိုတာ သိဖို့လိုတယ်။ အဆိုးဖြစ်မလား၊ အကောင်းဖြစ်မလား . .'

× × × × × × ×



အခန်း (၂၁)

လွန်စွာကြီးမားလှသော တိုက်ကြီးတည်ရှိရာ ခြံမြေ၏ အကျယ်အဝန်းမှာ ခြောက်ဧကကျော်ကျော်မျှရှိသည်။

ရွှေအဆင်းနှင့် လင်းဖြာနေသော နေခြည်သည် နံနက်ခင်း၏ မှုခင်းများကို ပို၍တင့်တယ်စေသည်။

အဆောက်အဦးကြီး၏ မျက်နှာစာ၌ ကြီးမားလှသော ပိတ်ဖြူ မျဉ်စပေါ်၌ စာတန်းကြီးများ ရေးထိုးထားသည်။

ထိုစာတန်းမှာ . . .

'အနာဂတ်ခေတ်သစ်ကမ္ဘာ၏ ရောင်ခြည်သစ်ဗိဇာန်တံခွန်မှ မျိုးဆက်သစ်လူသားတို့အား ကြိုဆိုပါသည်'

. . . . . . .

အဆောက်အဦးကြီး၏ ရှေ့ဘက်မှာ ကြီးကျယ်ခမ်းနားလွန်းလှသည့် ဗိသုကာလက်ရာဖြင့် မွမ်းမံပြုလုပ်ထားသည်။ မြင့်မားလှသော တိုင်လုံးကြီးများမှာ ဆန်းပြားလှသော ဗိသုကာလက်ရာများဖြင့် မွမ်းမံပြုလုပ်ထားသည်။

ချူးသည် အဆောက်အဦးကြီးအတွင်းမှ ထွက်လာ၏။

သူသည် ပေရှစ်ဆယ်နီးပါးမျှ ရှေ့သို့လျှောက်လာသည်။ သူ၏ခန္ဓာကိုယ်ကို တစ်ပတ်လှည့်လိုက်၏။ ချိတ်ဆွဲထားသော ပိတ်ဖြူဖျဉ်စ, အတန်းကြီးကိုတစ်ချက်မော့ကြည့်လိုက်သည်။ သူ၏ မျက်နှာပြင်ပေါ်၌ လွန်စွာအားရကျေနပ်သည့် ပီတိအပြုံးတစ်ရပ် ထင်ဟပ်ပေါ်လွင်နေသည်။

သူသည် နှစ်ဆယ့်လေးနာရီဟူသော တစ်ရက်အချိန်၏ နှစ်နာရီမျှသာ အိပ်စက်အနားယူရန် လိုအပ်သူဖြစ်သည်။ ထို့အတွက်ကြောင့် သူသည် ဝမ်းသာကျေနပ်နေမိသည်။ သူ့တွင် အလုပ်များစွာ လုပ်ကိုင်ရန် ရှိနေပေသည်။

သူ၏ရှေ့ဘက်၌ ကြွေပြားရောင်စုံများဖြင့် ဒီဇိုင်းဖော်ခင်းကျင်းထားသည့် ညီညာကျယ်ပြန့်လှသော အထူးသီးသန့်နေရာကို မျက်လုံးများ ရောက်ရှိသွားသည်။

ထိုနေရာ၌ လူပေါင်းမြောက်များစွာ ရောက်ရှိနေကြသည်။ ထိုအထဲ၌ အသက်အရွယ်မျိုးစုံ၊ လူ့တန်းစားအလွှာမျိုးစုံတို့ပါဝင်ကြသည်။ စက်မှုသိပ္ပံပညာရှင်များ၊ အာကာသသိပ္ပံပညာရှင်များ၊ အဏုမြူသိပ္ပံဌာနမှ ပုဂ္ဂိုလ်များ၊ လုပ်ငန်းဌာနပေါင်းစုံမှ ဥက္ကဋ္ဌများ၊ မန်နေဂျာ





များနှင့် ကျွမ်းကျင်အလုပ်သမားများ၊ ကုမ္ပဏီဝန်ထမ်းများ၊ လျှပ်စစ်ဘက်ဆိုင်ရာ ကျွမ်းကျင်သူများ၊ ကွန်ပျူတာကျွမ်းကျင်သူများ၊ အမျိုးသမီးများပါမကျန် လူပေါင်းစုံပင်။

ထိုလူများအားလုံးသည် တက်ကြွရွှင်လန်းနေကြသည်။ သူတို့၏ ကျန်းမာရေးများမှာလည်း လွန်စွာကောင်းမွန်နေကြသည်။

ရဲတိုက်ကွန်ပျူတာကုမ္ပဏီကြီး၏ ဥက္ကဋ္ဌများ၊ မန်နေဂျာများနှင့် ကျွမ်းကျင်အလုပ်သမားများ၊ ကုမ္ပဏီဝန်ထမ်းများ၊ လျှပ်စစ်ဘက်ဆိုင်ရာ ကျွမ်းကျင်သူများ၊ ကွန်ပျူတာကျွမ်းကျင်သူများ၊ အမျိုးသမီးပါမကျန် လူပေါင်းစုံပင်။

ထိုလူများအားလုံးသည် တက်ကြွရွှင်လန်းနေကြသည်။ သူတို့၏ ကျန်းမာရေးများမှာလည်း လွန်စွာကောင်းမွန်နေကြသည်။

ရဲတိုက် ကွန်ပျူတာကုမ္ပဏီကြီး၏ ဥက္ကဋ္ဌဖြစ်သူ ထက်ပိုင်ခေါင်သည် ဖျတ်လတ်သော ခြေလှမ်းများဖြင့် အဆောက်အဦးကြီးအတွင်းမှထွက်လာပြီး ချူးထံသို့ လျှောက်လာသည်။

ချူးက လှမ်း၍ပြောသည်။

'ကဲ . . ကျုပ်တို့ လုပ်ငန်းစဖို့ အားလုံး အဆင်သင့်ဖြစ်နေပြီ'

ထက်ပိုင်ခေါင်က လက်ခုပ်တီးလျက် . .

'ဒီနေ့ကတော့ ဟောဒီကမ္ဘာကြီးရဲ့ အထူးခြားဆုံးနေ့တစ်နေ့လို့ပဲ ဆိုရမယ်'

ချူးက ဟန်ပါပါဖြင့် လက်နှစ်ဘက်ကို မြှောက်၍ဆန့်တန်း

လိုက်သည်။

အားလုံး ငြိမ်သက်တိတ်ဆိတ်သွားကြသည်။

ချူးက လွန်စွာ အောင်မြင်လှသည့် ကြည်လင်သောအသံဖြင့် . .

'အားလုံးကို ဝမ်းပန်းတစ်သာနဲ့ ကြိုဆိုပါတယ်။ ဒီနေ့ဟာ အင်မတန်မှ မွန်မြတ်သန့်စင်လှတဲ့ ဂုဏ်ယူဝမ်းမြောက်စရာနေ့တစ်နေ့ ပါပဲ။ ကမ္ဘာသစ်ကြီးရဲ့ အလှပဆုံးနေ့ကြီးတစ်နေ့လို့လည်း ဆိုရမှာ ဖြစ်ပါတယ်။ ဒါဟာ အနာဂတ်ခေတ်သစ်ကမ္ဘာကြီးကို ဖန်တီးမယ့် ပထမဆုံး ခြေလှမ်းပါပဲ။ ကျုပ်တို့အားလုံး အတွေးသစ်၊ အမြင်သစ် တွေကို တစ်ညီတစ်ညာတည်း စိတ်တူကိုယ်တူ ဖန်တီးကြရတော့မှာ ပါ။ ကျွန်တော်တို့ရဲ့ လုပ်ငန်းစဉ်တွေကတော့ များပြားလှပါတယ်။ တာဝန်တွေကလည်း များပြားလှပါတယ်။ အားလုံးခွဲဝေ ခံစားလုပ် ကိုင်ကြမှာပါ။ ကဲ . . ကျွန်တော်တို့ ဘာဆက်လုပ်ကြရမယ်ဆိုတာ အထူးအထွေ တာဝန်ပေးစရာမလိုပါဘူး။ ကဲ . . ကျွန်တော်တို့ 'အားလုံး လုပ်ငန်းစလိုက်ကြရအောင်'

လူ့အုပ်ကြီးထံမှ လက်ခုပ်သံများ ဆူညံစွာပေါ်ထွက်၍လာသည်။

ထက်ပိုင်ခေါင်က အားရကျေနပ် ဝမ်းမြောက်သည့် အပြုံးဖြင့် လက်ခုပ်တီးနေသည်။

ချူးနှင့် ထက်ပိုင်ခေါင်တို့က နေရောင်ခြည်၏အလင်းတန်းများ ဖြာထွက်နေသည့် အတွင်းဘက် ခန်းမကျယ်မကြီးထဲသို့ ဝင်လာ





ကြသည်။

လူ့အုပ်ကြီးက ညီညာစွာ သူတို့နှစ်ဦး နောက်မှလိုက်ပါလာကြသည်။

ထို့နောက် ခန်းမကျယ်ကြီးအတွင်း၌ လုပ်ကိုင်ဆောင်ရွက်စရာရှိသည်များကို အသီးသီးတာဝန်ခွဲဝေယူ၍ စတင်လှုပ်ရှားလုပ်ကိုင်ကြလေတော့သည်။

. . . . .

စိုးဝေ၏ အိမ်ရှေ့၌ ဟောလ်ဗိုကားတစ်စင်း ရပ်တန့်လိုက်၏။

ကားပေါ်မှ ဝတ်ရည်သိမ့် ဆင်းလာသည်။

အိမ်တံခါး ခေါက်လိုက်၏။ စိုးဝေနှင့် သူ၏မိခင် ဒေါ်သူဇာမော်တို့ရှိပါစေဟု သူမကျိတ်၍ ဆုတောင်းမိသည်။

စိုးဝေ တံခါးလာဖွင့်ပေးသည်။

စိုးဝေက ဝမ်းသာ အံ့ဩစွာဖြင့် . . .

'ဟာ . . ဆရာမ ပါလား။ အထဲကို ကြွပါ'

ဧည့်ခန်းထဲ၌ သူမထိုင်လိုက်ရင်းမှ ဝတ်ရည်သိမ့်က . .

'မင်းရဲ့ မိဘတွေရော အိမ်မှာရှိကြရဲ့လား'

'ဖေဖေက သူ့ကျောင်းကိုသွားပြီ။ မေမေပဲ ရှိပါတယ်'

'မင်းရဲ့ကောင်မလေး သဥ္ဇာလင်းကော နေကောင်းရဲ့လား'

'မတွေ့တာ နှစ်ရက်လောက်ရှိသွားပြီ ဆရာမ . .'

'ကောင်မလေး မိဘတွေကော'

စိုးဝေက ပခုံးတစ်ချက် တွန့်လျှက် . .

'စိတ်ပျက်စရာပဲ ဆရာမ။ သူတို့ရဲ့ အပြုအမူတွေက တော် တော့်ကို ပြောင်းလဲနေတယ်။ အရင်ကနဲ့ လုံးဝမတူတော့ဘူး။ ဟို . . ဟို . . ကျွန်တော်တော့ သူ့မိဘတွေရဲ့ဆက်ဆံပုံကိုကြောက်လာ တယ်။ အရမ်း ပွင့်လင်းပြီး အထိန်းအကွပ်မဲ့နေသလိုပဲ။ အဲဒီကိစ္စကို အမေက သူတို့ဆီသွားပြီး ပြောပါသေးတယ်။ သူတို့က ဘာမှမဖြစ် တဲ့အတိုင်းပဲ။ လက်ခံမယ့်ပုံလည်း မရှိဘူး'

'ဒါနဲ့ မင်းရဲ့မေမေကော နေကောင်းရဲ့လား'

စိုးဝေက နားမလည်သည့် အမူအရာဖြင့် သူမကိုတစ်ချက် ကြည့်သည်။

'မေမေလား။ နေကောင်းပါတယ် . . ဘာဖြစ်လို့လဲ ဆရာမ'

'လူတော်တော်များများ အမူအကျင့်၊ စရိုက်တွေပြောင်းနေကြ တယ်။ တော်တော်ထူးခြားတဲ့ အဖြစ်ပဲ . .။ မင်းတို့ ကျောင်းအုပ် ဆရာကြီး ဦးစံရွှေလွင်နဲ့ သဏ္ဍာလင်းရဲ့ မိဘတွေလိုမျိုးပေါ့'

'မေမေကတော့ ဘာမှ မပြောင်းလဲပါဘူး'

'မင်း အဖေရော . .'

'သူလည်း ဘာမှ မပြောင်းလဲပါဘူး ဆရာမ . .'

အပေါ်ထပ်လှေကားမှ ဒေါ်သူဇာမော် ဆင်း၍လာသည်။ ဝတ်ရည်သိမ့်ကိုတွေ့လျှင် ရယ်မောလျှက် . .

'သားတို့ရဲ့ ဆရာမလေးပါလား။ ဘာအကြောင်းများထူးလို့





. .။ ကော်ဖီ သောက်လိုက်ပါဦး'

ဒေါ်သူဇာမော်က သားဖြစ်သူကို ခိုင်းရန်ဟန်ပြင်လိုက်ပြီးမှ မကိုယ်တိုင် ကော်ဖီအိုးနှင့် ကော်ဖီခွက်များကို မီးဖိုခန်းမှ သွား၍ လာသည်။ ဒေါ်သူဇာမော်၏ အမူအရာမှာ ထူးခြားစွာပြောင်းလဲမှု ရှိသည်ကိုမြင်၍ ဝတ်ရည်သိမ့် စိတ်အေး၍သွားရသည်။

ဒေါ်သူဇာမော်က သူမအတွက် ကော်ဖီထည့်၍ဖေးစဉ် မ၏ လက်ခလယ်၌ ပတ်တီးကလေးစည်းထားသည်ကို မြင်လိုက် ဖြင့် ဝတ်ရည်သိမ့် စိုးရိမ်စိတ်မြင့်တက်သွားရသည်။ လက်ချောင်း နှင့် လက်ဝါးပေါ်၌ ဖြစ်နေသည့် ဒဏ်ရာများဆိုလျှင် သူမအနေ မကြည့်ဝံ့လောက်အောင် တုန်လှုပ်နေမိသည်။

ဒေါ်သူဇာမော်က သူမအတွက်ပါ ကော်ဖီတစ်ခွက် ငှဲ့ထည့် ထိုင်ခုံ၌ထိုင်လိုက်သည်။

ဝတ်ရည်သိမ့်က တုန်ရီသောအသံဖြင့် . .

'ဟို . . အန်တီ့လက်က ဘာဖြစ်တာလဲ ဟင်'

ဒေါ်သူဇာမော်က . .

'နည်းနည်းပါးပါး ရှမိတာလား အန်တီ'

ဒေါ်သူဇာမော်က၊ သူမကို မသိမသာအကဲခတ်ဟန်ဖြင့် ကြည့်လိုက်ပြီး . . .

'ဒီကိစ္စက အရေးကြီးတဲ့ကိစ္စလား'

'ဟုတ်ပါတယ် အန်တီ။ သိပ်ကို အရေးကြီးနေလို့ပါ'

စိုးဝေက ကြားမှဝင်၍ ပြောပြလိုက်သည်။

'ဒီလိုပါ မေမေ။ ဆရာမက အခုတစ်လော လူတော်တေ
များများရဲ့ အပြုအမူတွေ ပြောင်းလဲနေတဲ့ကိစ္စနဲ့ ပတ်သက်ပြီး စိုးရိမ်
မကင်းတော်တော်ဖြစ်နေပုံရပါတယ်။ သဥ္ဇာလင်းရဲ့ မိဘတွေလို
ဖြစ်မှာ စိုးရိမ်နေတယ်။ မေမေ သူတို့ဆီ သွားပြောတဲ့ အကြောင်းကို
ကျွန်တော် ဆရာမကို အခုပဲ ပြောလိုက်မိသေးတယ်'

ဒေါ်သူဇာမော်က မျက်မှောင်ကြုတ်လျက် . .

'နေပါဦး စိုးဝေ။ မင်းကောင်မလေး သဥ္ဇာလင်းရဲ့ မိဘတွေ
အကြောင်း အပြင်လူတွေကို မပြောဖို့ ငါတို့မိသားစုသုံးယောက်လုံး
သဘောတူလက်ခံထားကြတယ် မဟုတ်လား။ အခု . . မင်းက'

'ဒီကိစ္စက မပြောလို့ လုံးဝမဖြစ်ဘူး အန်တီ'

ဒေါ်သူဇာမော်၏ မျက်နှာပြင်ပေါ်၌ ဒေါသရိပ်ဖြင့် တင်းမာ
ဖြစ်သွားသည်။ ထိုဒေါသအရိပ်အရောင်ကြောင့် ဒေါ်သူဇာမော်
တစ်ယောက် တုပ်ကွေး၏ နောက်ဆက်တွဲရောဂါ မဖြစ်သေးသည်မှာ
သေချာ၍သွားသည်။

ဝတ်ရည်သိမ့်က ဆက်၍ပြောသည်။

'သဥ္ဇာလင်းရဲ့ မိဘတွေတင်မကဘူး။ ကျွန်မတို့အခုနေတဲ့
အန္တရာတိက္ကမြို့ပေါ်မှာရှိတဲ့ လူအတော်များများရဲ့ အမူအကျင့်တွေ
ပြောင်းလဲကုန်ကြပြီ။ အခုကိစ္စက တစ်ခြားမြို့တွေကိုပါ ကူးစက်ပျံ့
နေလောက်ပြီ။ အခုလို ဖြစ်ကုန်တာကလည်း တုပ်ကွေးဖြစ်ပြီးလို့
ပြန်နေကောင်းသွားတာနဲ့ ရောဂါတစ်ခုလို ဖြစ်ကုန်ကြတာ။ ပြီးတော့
အဲဒီတုပ်ကွေးရောဂါကလည်း လေးထောင့်သတ္တုစပ်ကျောက်ပြား





ကလေးကိုကိုင်မိရာကနေ ကူးသွားပြီး စဖြစ်တော့တာပါပဲ။ အံ့ဩစရာ
ကောင်းလောက်အောင် ထူးခြားလွန်းနေလို့ပါ အန်တီ'

ဒေါ်သူဇာမော်က ဝတ်ရည်သိမ့်ကို အတန်ကြာမျှ စိုက်ကြည့်
နေရင်းမှ မျက်နှာပြင်ပေါ်ရှိ သူမ၏ ဒေါသအရိပ်အငွေ့များ
ပျောက်ကွယ်၍သွားသည်။

'မင်းပြောတဲ့ သတ္တုစပ်ကျောက်ပြားကလေးဆိုတာ အလယ်
မှာ ခရမ်းရောင်သန်းနေတယ်။ တစ်လက်မခွဲပတ်လည်လောက်ရှိတဲ့
ကျောက်ပြားကလေးကိုပြောတာလား'

'ဟုတ်ပါတယ်။ အဲဒါကို အန်တီကော မြင်ဖူးထားလို့လား။
အဲဒီပစ္စည်းလေးက အခုအချိန်မှာ လူအတော်များများရဲ့ လက်ထဲမှာ
ရှိနေကြတယ်'

ဒေါ်သူဇာမော် သက်ပြင်းတစ်ချက် ချလိုက်သည်။

'အဲဒီပစ္စည်းလေးတစ်ခုကို သဥ္ဇာလင်းရဲ့ အမေက
လက်ဆောင် အတင်းပေးသေးတယ်။ ငါက မယူပဲ နေလိုက်တယ်။
ဪ . . ဒါကြောင့်၊ ငါ့လက်က ပတ်တီးဒဏ်ရာကို မင်းက အတင်း
မေးနေတာကို'

ဝတ်ရည်သိမ့်က ခေါင်းညိတ်လျက် . . .

'ဟုတ်ပါတယ် အန်တီ။ ကျွန်မ အခုလို သက်သာမကင်းဖြစ်လို့
မေးတာကို တောင်းပန်ပါတယ်'

'ငါ နားလည်ပါတယ်။ ကဲ . . ဒီကိုရောက်လာရတဲ့
အကြောင်းတော့ မင်းမှာရှိလိမ့်မယ်။ ပြောပြစမ်းပါဦး'

ဝတ်ရည်သိမ့်က . . .

'အန်တီ့ဆီက အကူအညီတစ်ခုတောင်းချင်လို့ ကျွန်မ ဒီကို လာတာပါ။ ကျွန်မတို့ဆီမှာ လူသုံးလေးယောက်ရှိတဲ့ အဖွဲ့လေးတစ် ရှိပါတယ်။ ဒီအုပ်စုလေးက အခုကိစ္စ ဘာကြောင့်ဖြစ်ရတယ်ဆိုတာ လေ့လာ စူးစမ်းနေကြပါတယ်။ အဲဒီသတ္တုစပ်ကျောက်ပြားကလေးရဲ့ အပ်ဖျားကနေထွက်လာတဲ့ အရည် နမူနာကို ကျွန်မတို့ဆီမှာ ရထား ပါပြီ။ အန်တီက မိုင်းရှပ်စ်ပိုင်းဆိုင်ရာကျွမ်းကျင်တဲ့ ပါရဂူဖြစ်နေတော့ အန်တီကိုယ်တိုင် စစ်ဆေးကြည့်ရင် ဘာလဲဆိုတာသိနိုင်ပါလိမ့်မယ်။ ဆေးရုံအရေးပေါ်ဌာနက ဓာတ်ခွဲခန်းဆိုတာလည်း ဓာတ်ခွဲခန်းအကြီး အကဲကအစ မယုံရတဲ့လူ ဖြစ်နေတယ်။ ဆေးရုံက လူတော်တော်များ ပါ အဲဒီရောဂါဖြစ်နေကြတယ်။ အဲဒီအထဲမှာ ဆေးရုံအုပ်ကြီးနဲ့ ဓာတ်ခွဲခန်းဌာနအကြီးအကဲပါ ပါနေကြလို့ပါပဲ'

'အဲဒီရောဂါဟာ မိုင်းရှပ်စ်ကြောင့် ဖြစ်တယ်လို့ မင်း ထင် သလား'

ဝတ်ရည်သိမ့် ခေါင်းခါလိုက်၏။

'ကျွန်မက ဆရာဝန် မဟုတ်တော့ မပြောတတ်ဘူး အန်တီ။ အခုဖြစ်တဲ့ အဖျားက အပူချိန် ၁၀၃ဒီဂရီရှိတယ်။ တုပ်ကွေးရောဂါ လက္ခဏာနဲ့တူတယ်။ အဲဒီ သတ္တုစပ်ကျောက်ပြားကလေးဟာ ဘာလဲ ဆိုတာ လုံးဝမသိသေးဘူး'

'ဒါဆို . . ငါ့ရဲ့အမျိုးသားနဲ့ အဲဒီကိစ္စကို တိုင်ပင်ဆွေးနွေး ကြည့်ဦးမယ်။ ဒီပစ္စည်းလေးဟာ ဘာနဲ့လုပ်ထားတယ်၊ ဘယ်လိုဟာ





မျိုးဆိုတာ သူသိချင်သိတယ်။ သူက အဏုဇီဝဗေဒယူထားတယ်ဆို ပေမယ့် ရူပဗေဒဘာသာကိုပါ ယူထားသေးတယ်။ ကဲ . . မင်းတို့နဲ့ ဆက်သွယ်ရမယ့် ဖုန်းနံပါတ်ပေးခဲ့လေ'

ဝတ်ရည်သိမ့်က သန်းဆွေထိုက်၏အစ်ကိုဝမ်းကွဲပိုင်သည့် တိုက်ခန်း၏ ဖုန်းနံပါတ်ကို ဦးစွာပေးလိုက်သည်။ ထိုတိုက်ခန်းသို့ သူမ ပြောင်းရွှေ့နေထိုင် နေပြီဖြစ်သည်။ ထို့နောက် ဒေါက်တာ ခိမ်းသိတာ၏ ဖုန်းနံပါတ်ကိုပါ ပေးလိုက်သည်။

'မင်းတို့ဆီကို ငါ ဒီနေ့ပဲ အကြောင်းပြန်မယ်'

ဝတ်ရည်သိမ့် ထိုင်ရာမှ မတ်တတ်ရပ်လိုက်၏။

သူမ မျက်နှာပြင်ပေါ်၌ စိုးရိမ်ကြောက်ထိတ်လန့်နေသည့် အမူအရာ အထင်းသားပေါ်လွင်နေကြောင်း ဒေါ်သူဇာမော်ရိပ်စားမိ သည်။ ဒီမိန်းကလေး မည်မျှအထိ ဤကိစ္စကို သိရှိနေသနည်းဟု တွေးလိုက်မိသည်။

ဝတ်ရည်သိမ့်က နှုတ်ဆက်စကားပြောရင်းမှ

'ကျေးဇူးတင်ပါတယ် အန်တီ။ အန်တီ့ရဲ့အကူအညီ မဖြစ်မနေလိုအပ်နေပါတယ်။ ဒီရောဂါက ကြောက်စရာကောင်းလောက် အောင်ကို ပျံ့နှံ့နေပြီလို့ ကျွန်မ ထင်ပါတယ်'

× × × × × × ×

## အခန်း (၂၂)

သန်းဆွေထိုက်၏ အစ်ကိုဝမ်းကွဲဖြစ်သူ၏ တိုက်ခန်း၌ လူစုံစွာ ရောက်နေကြသည်။

ဒေါက်တာစိမ်းသီတာက စ၍ ပြောသည်။

'ကျွန်မတို့ဆီမှရထားတဲ့ မင်နီပ်စက္ကူပေါ်က အရည်စက်ကလေးက ရောဂါရစေနိုင်တဲ့ အရည်စက်လို့ ပြောနိုင်ပါတယ်။ အဲဒီ အရည်စက်နဲ့ ကြွက်ကလေးသုံးကောင်ကို ထိုးပေးကြည့်တယ်။ ချက်ခြင်းပဲ ဖျားလာတာကိုတွေ့ရတယ်။ ဒါပေမယ့် သူတို့ရဲ့ ကိုယ်ထဲမှာတော့ ဗိုင်းရပ်စ်အဏုဇီဝရုပ်တို့ကိုတော့ လုံးဝမတွေ့ရဘူး။ ဒီတုပ်ကွေးဆန်တဲ့ ရောဂါဟာ လေထဲကနေ ပျံ့နှံ့ကူးစက်တာမျိုးမရှိဘူး။ ဘာဖြစ်လို့လည်းဆိုတော့ လေထဲကနေသာ ကူးစက်မယ် ဆိုရင်





ကျွန်မတို့အားလုံး ဒီရောဂါရနေပြီးသား ဖြစ်မှာမို့လို့ပါ'

ဒေါ်သူဇာမော်က . . .

'တစ်သျှူး အစပျိုးစမ်းသပ်နည်းကိုကော၊ လုပ်ကြည့်မိသေးသလား ဒေါက်တာ'

ဒေါက်တာစိမ်းသီတာက ခေါင်းခါလိုက်၏။

'တစ်သျှူးစမ်းသပ်နည်းကျတော့၊ ကျွန်မ မလုပ်တတ်ဘူး'

'ဒါဆို . . ဒီတုပ်ကွေးဆန်တဲ့ရောဂါဟာ သတ္တုစပ်ကျောက်ပြားကလေးကနေ ထွက်လာတဲ့ အရည်စက်က ကူးစက်တယ်လို့ ရှင်က လက်ခံထားတယ် မဟုတ်လား'

'ဟုတ်ပါတယ်၊ ဟောဒီ သတ္တုစပ်ကျောက်ပြားကလေးတွေကသာ ရောဂါ စဖြစ်တာပါ'

စားပွဲပေါ်ရှိ သတ္တုဗန်းထဲ၌ သတ္တုစပ်ကျောက်ပြားကလေး နှစ်ခုထည့်ထားသည်။

ဒေါ်သူဇာမော်က ခက်ရင်းတစ်ခုဖြင့် သတ္တုစပ်ကျောက်ပြားကလေးကိုတွန်း၍ လှည့်ပတ်ကြည့်ရှုသည်။ သူမကိုယ်တိုင်လည်း လက်ဖြင့်ကိုင်မကြည့်ချင်။

'ဒီပစ္စည်းလေးကနေ ကူးတယ်ဆိုတာ စဉ်းစားလို့မရနိုင်လောက်အောင်ပဲ။ မျက်နှာပြင်အားလုံး ညီညာချောမွတ်ပြီး ဘာအပေါက်မှ မရှိဘူး'

ဝတ်ရည်သိမ့်က၊ ဘေးမှနေ၍ . .

'အဲဒီပစ္စည်းထဲမှာရှိတဲ့ သံမဏိအပ်မျှင်မျှင်ကလေးကစူးသွား

တာ ကျွန်မကိုယ်တိုင် မြင်ထားပါတယ်'

စစ်ရန်နိုင်က ခက်ရင်းကိုယူ၍ သတ္တုစပ်ကျောက်ပြားကလေး၏ အေးပတ်လည်ရှိ အဖုကလေးများကို ထောက်ပြရင်း . .

'ဟောဒီလို နေရာကနေ အပေါက်ကလေးတစ်ခုပွင့်လာတယ်။ ပြီးတော့ သံမဏိအပ်မျှင်မျှင်ကလေး ထွက်လာတယ်။ ထွက်လာတာနဲ့ ပြန်ဝင်သွားတာ စက္ကန့်ဖိုင်းလောက်ပဲ ကြာတယ်။ သိပ်မြန်တာပဲ . .။ အဆင့်မြင့်ယန္တရားနည်းပညာတစ်ခုခုနဲ့ ဖန်တီးထားတာမျိုး ဖြစ်မယ်လို့တောင် ဆိုချင်တယ်'

ဒေါ်သူဇာမော်က . . .

'ဒီပစ္စည်းလေးက ဘာအပေါက် မရှိပဲ ဒီလိုဖြစ်လာနိုင်တယ်ဆိုတာ အံ့သြစရာပဲ'

စစ်ရန်နိုင်က . . .

'ကျွန်တော်လည်း မျက်မြင်ကိုယ်တွေ့ မဟုတ်ရင် ယုံစရာအကြောင်းတစ်ချက်မှ မရှိဘူး'

ဒေါက်တာစိမ်းသီတာက လည်ချောင်းရှင်း၍ ပြောသည်။

'အခုဖြစ်တဲ့ ရောဂါက သိပ်ထူးဆန်းလွန်းနေတယ်။ ရောဂါလက္ခဏာပြတာက တုပ်ကွေးနဲ့ သိပ်တူတယ်။ ရောဂါဝင်လာတာရယ် ရောဂါသည်းတဲ့ အချိန်ရဲ့အတိုင်းအတာက နှစ်ဆယ့်လေးနာရီအတွင်းမှာပဲ ပြီးသွားတယ်။ ရောဂါပြင်းထန်တဲ့ အချိန်ကလည်း ဘာမှ မကြာလိုက်ဘူး။ ပြန်ကောင်းလာတာနဲ့ နကိုယ်မူလထက် ပိုပြီး ကောင်းလာတယ်။ ဒါပေမယ့် ဆီးချိုတို့၊ ကင်ဆာတို့၊ လေးဘက်နာလို နာတာရှည်





ရောဂါကြီးတွေကျတော့ ရုတ်တရက် ရောဂါလက္ခဏာ ပြင်းပြင်းထန်ထန်ဖြစ်ပြီး သေသွားတယ်'

စစ်ရန်နိုင်က ရဲအရာရှိသန်းမြင့်ကို သတိရ၍ ဝင်ပြီးဖြည့်စွက်ပြောလိုက်သည်။

'သွေးသွင်းရတဲ့ ရောဂါမျိုးရှိရင်လည်း၊ ချက်ချင်းတက်ပြီး အသက်ကယ်လို့ လုံးဝမရနိုင်တော့ဘူး'

ဒေါက်တာစိမ်းသီတာက ခေါင်းညိတ်၍

'ဟုတ်ပါတယ် . .'

သန်းဆွေထိုက်က

'ရောဂါဖြစ်နေတဲ့ လူနာတွေဆီကနေ ဗိုင်းရပ်စ်ပိုး အခုထိ ထုတ်ယူလို့ လုံးဝမရသေးဘူး ခင်ဗျ'

ဒေါက်တာ စိမ်းသီတာက

'အဲဒီကိစ္စလည်း မှန်ပါတယ်။ ဗိုင်းရပ်စ်ကိုရှာလို့ မရသေးပါဘူး။ ဒီလူနာတွေအားလုံး နေကောင်းလာပြီဆိုရင် နကိုယ်မူလကထက် ပိုပြီးတော့ ကျန်းမာရေးကောင်းလာကြတယ်။ ပြီးတော့ ကမ္ဘာကြီးနဲ့ပတ်သက်တဲ့ စကားမျိုးတွေကို ထူးထူးခြားခြား ပြောဆိုလာကြတယ်။ ကမ္ဘာ့ပတ်ဝန်းကျင်သာယာရေး၊ ကမ္ဘာသစ်ကြီးဖန်တီးရေး စတဲ့စကားမျိုးတွေကိုပဲ ပြောဆိုဆွေးနွေးလာကြတယ်။ မှန်ရဲ့လား . . ဝတ်ရည်သိမ့်'

ဝတ်ရည်သိမ့်က ခေါင်းညိတ်လိုက်သည်။

'ကျွန်မရဲ့ချစ်သူ ချူးဆိုရင် ညနှစ်နာရီလောက် အပြင်ကို

ထွက်သွားပြီး လူစိမ်းတွေနဲ့ စကားပြောနေပါတယ်။ ဘာတွေပြောနေကြသလဲလို့ ကျွန်မက မေးတော့ ကမ္ဘာကြီးနဲ့ ပတ်သက်တဲ့ကိစ္စကသူ တကယ် ပြောနေတယ်ဆိုတာကို နောက်မှ ကျွန်မ သိလာရတယ်'

ရောဂါပိုးဆိုင်ရာပါရဂူ ဒေါ်သူဇာမော်က . . .

'ဟုတ်တယ်။ သဥ္စာလင်းဆိုတဲ့ ကောင်းမလေးကလည်း သူ့ရဲ့ အဖေနဲ့အမေဟာ ကမ္ဘာကြီးသန့်ရှင်းသာယာရေး၊ မုန်တိုင်းတွေ တိုက်ခတ်ရတဲ့အကြောင်း၊ မီးတောင်တွေပေါက်ကွဲပြီး ငလျင်လှုပ်ပြီး မုန်တိုင်းတွေ ဆက်တိုက်ဖြစ်လာရတဲ့ အကြောင်းတွေ၊ ဒီလှိုင်းတွေ အကြောင်း . . ညတိုင်း ဆွေးနွေးနေကြတယ်လို့ ပြောတယ်။ ကျွန်မ ကိုတောင် သစ်တောတွေ ပျက်သုဉ်းရတဲ့အကြောင်း ပြောလိုက်သေးတယ်'

ဒေါက်တာစိမ်းသီတာက . .

'အခု ဖြစ်ပျက်နေတဲ့ အဖြစ်အပျက်အားလုံးက ဟောဒီ သတ္တုဗန်းထဲက ပစ္စည်းလေးနဲ့ ဆက်စပ်နေတာ သေချာသွားပါပြီ။ အခုပြဿနာက ကျွန်မတို့ ထင်မြင်ထားတာထက် ပိုပြီး စိုးရိမ်စရာကောင်းနေပါပြီ'

အခန်းထဲရှိ လူအားလုံး သတ္တုဗန်းထဲမှ သတ္တုစပ်ကျောက်ပြားလေးနှစ်ခုကို ရှုးစိုက်၍ကြည့်နေမိကြသည်။

ဝတ်ရည်သိမ့်က လေးနက်စွာဖြင့် . . .

'ဒီသတ္တုစပ်ကျောက်ပြားကလေးတွေဟာ နေရာအနှံ့မှာ ရောက်နေပါပြီ။ ဒီပစ္စည်းကလေးတွေဟာ ဟောဒီဂြိုဟ်ကမ္ဘာပေါ်က





ပစ္စည်းဖြစ်ချင်မှတောင် ဖြစ်လိမ့်မယ်။ တစ်ခြားဂြိုဟ်တစ်ခုခုက မဟုတ်ရင် အခြားစကြဝဠာကနေ ရောက်လာတာမျိုးတောင် ဖြစ်နိုင်တယ်'

သန်းဆွေထိုက်က . .

'ဟောဒီသတ္တုစပ်ကျောက်ပြားလေးတစ်ခု ရောက်မလာခင် ညဘက်မှာ ထူးထူးခြားခြားဖြစ်တာတွေ ပြောစရာရှိပါသေးတယ်။ ညဘက်ဆယ်နာရီ ဆယ့်ငါးမိနစ်အချိန်မှာ ဖွင့်ထားတဲ့ ရေဒီယို၊ အောက်စက်၊ ရုပ်သံစက်၊ ကွန်ပျူတာနဲ့ အခြား လျှပ်စစ်ပစ္စည်းမှန်သမျှ အားလုံးပေါက်ကွဲ ပျက်စီးကုန်ကြတယ် . .'

ဒေါက်တာစိမ်းသီတာက . .

'ဟုတ်တယ်။ ငါ့ရဲ့ ရုပ်သံစက်လည်း အဲဒီအချိန်မှာ ဖွင့်ထားလို့ ပျက်စီးသွားသေးတယ် . .'

'ဒီအဖြစ်အပျက်တွေအားလုံးဟာ၊ ဟောဒီ သတ္တုစပ်ကျောက်ပြားလေးနဲ့ ပတ်သက်နေမလား'

ဒေါ်သူဇာမော်က . .

'ပတ်သက်နိုင်တယ်။ အလွန်အားကောင်းပြီး ပြင်းထန်တဲ့ ရေဒီယိုလှိုင်းတစ်မျိုးကြောင့် အခုလို ပေါက်ကွဲပျက်စီးကုန်တာမျိုး ရှိဖူးသလား ကိုမျိုးဆွေ'

ဒေါ်သူဇာမော်က သုံ့မ၏ခင်ပွန်းသည်ကို မေးလိုက်ခြင်းဖြစ်သည်။

ကိုမျိုးဆွေက

ဒေါ်သူဇာမော်က သန်းဆွေထိုက်ကို ကြည့်၍ ပြုံးသည်။

'သိပ်ကောင်းတာပေါ့။ ငါ အခုလုပ်နေတဲ့ အလုပ်ထဲက လူတွေရဲ့ အမူအရာတွေ၊ အပြောအဆိုတွေကို သိပ်မသင်္ကာဘူး။ ဒီတော့ ဘယ်သူ့ကိုမှ ယုံလို့မဖြစ်ဘူး။

ဦးမျိုးဆွေက ဝင်၍ ပြောသည်။

'ဟောဒီ ပစ္စည်းလေးကို ကျွန်တော် ယူသွားမယ်။ ဒီပစ္စည်းလေးဟာ အာကာသထဲကဖြစ်ဖြစ်၊ အခြားစကြာဝဠာတစ်ခုကဖြစ်ဖြစ် လာတာ ဟုတ်မဟုတ်၊ ကျွန်တော့် ဓာတ်ခွဲခန်းမှာ စမ်းသပ်ကြည့်ပေးပါ့မယ်'

စဝ်ရန်နိုင်က သတိပေးလိုက်သည်။

'မြန်မြန်လေး စမ်းသပ်ကြည့်ပါ ဦးမျိုးဆွေ။ ဒါပေမယ့် အဲဒီ ပစ္စည်းလေးရဲ့ ဘေးပတ်လည်ကိုတော့ ယောင်မှားပြီး မထိမိပါစေနဲ့'

ဦးမျိုးဆွေက . .

'စိတ်ချပါ စဝ်ရန်နိုင်။ ဒီပစ္စည်းလေးတွေကနေ ရေဒီယိုသတ္တုကြွမှု ရှိမရှိ အဝေးထိန်းကရိယာတွေနဲ့ စမ်းသပ်ကြည့်နိုင်ပါတယ်'

စိုးဝေက သူ စဉ်းစားမိသည့် အချက်ကိုပြောသည်။

'ကျွန်တော်တို့ တပ်ကွေးဖြစ်ပြီး နေကောင်းလာတဲ့ လူတစ်ယောက်နဲ့ တိုက်ရိုက်ဆွေးနွေးကြည့်ရင် ကောင်းမယ်'

ဒေါက်တာစိမ်းသီတာက ခေါင်းခါလိုက်၏။

'အဲဒီလို တွေ့တာဟာ အန္တရာယ်သိပ်များလိမ့်မယ်။





အခုကြည့်ရတာ ရောဂါရှိထားတဲ့လူတွေဟာ နောက်ထပ် လူတွေ သူတို့ဘက်ပါလာအောင် နည်းတစ်ခုခုနဲ့ စည်းရုံးသိမ်းသွင်းနေတဲ့ပုံစံမျိုး ဖြစ်နေတယ်။ ရောဂါရထားတဲ့ လူတွေအနေနဲ့ သူတို့အချင်းချင်း အဆက်အသွယ်ရှိထားကြလိမ့်မယ်။ ရောဂါမရသေးတဲ့ လူတွေ ရောဂါရလာအောင် လုပ်လာနေကြတဲ့ သဘောပဲ။ ရောဂါမရသေးတဲ့ ငါတို့ကိုတောင် ရန်သူလို သဘောထားနေတဲ့ပုံပဲ'

စဝ်ရန်နိုင်က . . .

'ရောဂါရပြီးသား လူတွေက လူကောင်းတွေကို သူတို့လို ဖြစ်လာအောင် စည်းရုံးသိမ်းသွင်းနေတယ်ဆိုတာတော့ သေချာတယ်။ ကျွန်တော့်ရဲ့ဌာနက ရုံးအုပ်ကြီးဆိုရင် သူ့ဌာနက လူတွေထဲမှာ ရောဂါမဖြစ်သေးတဲ့လူ ဘယ်သူရှိသေးလဲဆိုပြီး လိုက်ရှာနေပုံရတယ်။ မဖြစ်သေးဘူးဆိုရင် သတ္တုစပ်ကျောက်ပြားကလေးကို အတင်းလက်ဆောင် ပေးတော့တာပဲ'

ဝတ်ရည်သိမ့်က

'အန္တရာယ်ရှိတာတော့ အမှန်ပဲ။ အဖြေလည်း ပေါ်လာမှာပဲ။ ဒါပေမယ့် . . .'

သူမ၏ စကားတစ်ပိုင်းတစ်စနှင့် ရပ်တန့်သွားသည်။

သူမ တစ်စုံတစ်ရာကို လေးနက်စွာ စဉ်းစားနေပြီး သူမ၏ မျက်နှာ အမူအရာ မသိမသာ ပြောင်းလဲသွားလေသည်။

× × × × ×

## အခန်း (၂၃)

နငါးသွဲ့မြို့လေဆိပ် . . .။

ဝတ်ရည်သိမ့် လေဆိပ်မှထွက်ပြီး တက္ကစီတစ်စင်းပေါ်သို့ တက်လိုက်သည်။

ကားမောင်းသူက

'ဘယ်သွားမှာလဲ . . ညီမ'

'ရောင်ခြည်သစ်ဗိမာန်တံခွန်ဆိုတဲ့ နေရာကိုသိပါသလားရှင်'

ကားမောင်းသူက မသိမသာပြုံး၍ . .

'ဪ . . အဲဒီနေရာကို သွားမှာလား'

'ဟုတ်ပါတယ်ရှင် . .'

ကားလမ်းဘေးသို့ကြည့်ရင်း သူမ စဉ်းစားနေမိသည်။

ချူးရှိရာသို့ သူမသွားသည်ကို သန်းဆွေထိုက်က သဘော





မတူပေ။ ဒေါက်တာစိမ်းသီတာကလည်း အန္တရာယ်ရှိသဖြင့် လက်မခံချင်ပေ။ သို့သော် ချူးက သူမကို အန္တရာယ်ပေးမည်မဟုတ်ဟု တွက်ပြီး နဂါးသွဲ့မြို့သို့ လာခဲ့ခြင်းဖြစ်သည်။

ခြံဝ၌ပင် ကားမောင်းသူက ကားကိုရပ်သည်။

'ခြံထဲဝင်လို့ မရဘူး ညီမ။ ဒီကနေပဲ လျှောက်သွားပါ'

သူမ ကားခရှင်းပြီး အပြင်သို့ ထွက်လိုက်၏။

ခြံဝ၌ ဂိတ်တံခါးရှိသည်။ ဂိတ်တံခါးဝ၏ တစ်ဘက်တစ်ချက်၌ သားနားသပ်ရပ်စွာ ဝတ်ဆင်ထားသူနှစ်ဦး ရပ်နေကြသည်။

ထိုလူနှစ်ဦးစလုံး မသိမသာ မျက်မှောင်ကြုတ်ထားကြသည်။ သို့သော် ဖော်ရွေပျူငှာစွာဖြင့် ပြောဆိုကြသည်။ ဝတ်ရည်သိမ့်က ချူးကို တွေ့ချင်သည်ဟုဆိုသဖြင့် သူတို့နှစ်ဦးက လမ်းညွှန်လိုက်ကြသည်။

အရိပ်ရ အပင်တန်းများအောက်မှ သူမ လျှောက်လာသည်။

ကြီးမားလှသော တိုက်ကြီး၏ရှေ့ဘက်၌ ကျယ်ပြန့်လှသည့် မြေနေရာတစ်ခုကို တွေ့ရသည်။ ထိုနေရာ၌ ရောင်စုံကျောက်ပြားများခင်းထားသည်။ ရောင်စုံကျောက်ပြားများ ခင်းထားသည့်အပေါ်မှ သူမဖြတ်၍ လျှောက်လာသည်။

တိုက်ကြီး၏ အဝင်ဝသို့ သူမရောက်လာသည်။

အဝါရောင်ဆင်တူ ဝတ်စုံဝတ်ဆင်ထားသည့် သက်လတ်ပိုင်းအရွယ် အမျိုးသမီးတစ်ဦး တံခါးဝ၌ ပေါ်လာသည်။

ဝတ်ရည်သိမ့်က . . .

'ချူးနဲ့ တွေ့ချင်လို့ပါရှင်'

မိုးဆမ်းပန်းစာပေ

အဝါရောင် ဝတ်စုံနှင့်အမျိုးသမီးက မျက်မှောင်ကြုတ်ထား ရာမှ ဖြည်းညင်းစွာပြုံးသည်။

'ဟုတ်ကဲ့ . . ကျွန်မဆီ သတင်းရောက်ပြီးပါပြီ။ ကျွန်မ နောက်က လိုက်ခဲ့ပါ'

အဝါရောင်ဝတ်စုံနှင့် အမျိုးသမီးက တိုက်အိမ်ကြီး၏ ဘေးဘက်မှ ပတ်၍ သူမကိုခေါ်သွားသည်။

ဝတ်ရည်သိမ့်က လှည့်ပတ်ကြည့်ရှု၍ လိုက်ပါသွားရင်း စကားစလိုက်လေသည်။

'ဒီတိုက်အိမ်ကြီးက တော်တော်ကြီး ခမ်းနားတာပဲနော်'

အဝါရောင်ဝတ်စုံနှင့် အမျိုးသမီးက . .

'ဟုတ်ပါတယ်။ အခုမှ လုပ်ငန်းတွေ အစပဲရှိပါသေးတယ်။ ကျွန်မတို့အားလုံးအတွက် ဒီနေရာဟာ အပျော်ရွှင်ဆုံး၊ အချမ်းမြေ့ဆုံး နေရာတစ်ခုပါပဲ'

သို့နှင့် အိမ်ကြီး၏နောက်ဘက်သို့ ရောက်လာသည်။ ကနုတ်ပန်းများဖြင့် ပြုလုပ်ထားသည့် ကုန်းပေါက်သုံးခုကို သူမ ဖြတ်ကျော်ခဲ့ရသည်။

ထို့နောက် စိမ်းမြသော မြက်ခင်းပြင်ကျယ်ကြီးတစ်ခုကို ကျော်ရပြန်သည်။ ပန်းရောင်စုံများက မြက်ခင်းပတ်လည်၌ ဝေဆာစွာ ပွင့်နေကြသည်။ ရေကန်ငယ်တစ်ခုအတွင်းရှိ စိမ်းမြကြည်လင်နေသော ရေထဲ၌ ငန်းဖြူနှစ်ကောင် ကူးခတ်၍နေ၏။

ထို့နောက် ကွက်လပ်ကျယ်ကြီးတစ်ခု၏ နောက်ဘက်၌





ရေကူးကန်တစ်ခုရှိသည်။ ထိုနေရာ၏ နောက်ဘက်၌ ကြီးမားသော ထီးကြီးများမိုးထားသည့် နေရာ၏ အောက်ဘက်ရှိ စားပွဲရှည်ကြီးတွင် လူဆယ်ဦးထိုင်၍နေ၏။ ထိပ်ဆုံး၌ရှိနေသူမှာ ချူးပင်ဖြစ်သည်။

စားပွဲသို့ သူမ ဦးတည်၍သွားရင်း ချူးကို မသိမသာ အကဲ ခတ်လိုက်၏။ ချူးမှာ ကျန်းမာလန်းဆန်း၍နေသည်။ နက်မှောင်သောဆံပင်များမှာ တောက်ပြောင်၍နေ၏။ ဆင်စွယ်ရောင်ရှပ်အင်္ကျီ ကို သေသပ်ကျနစွာ ဝတ်ဆင်ထားသည်။ ကျန်လူများအားလုံးမှာ လည်း အဖိုးတန်အနောက်တိုင်းဝတ်စုံများကို သပ်ရပ်စွာဝတ်ဆင် ထားကြသည်။ ထိုအထဲ၌ အမျိုးသမီး သုံးဦးလည်းပါဝင်သည်။

စားပွဲပေါ်၌ စာရွက်များ သူ့နေရာနှင့်သူ ပုံ၍နေ၏။ စာရွက် များကို ကြိုဂံပုံသဏ္ဌာန်ပန်းရောင်ပန်းတုံးများဖြင့် ဖိ၍ထားသည်။ စာရွက်များပေါ်တွင်မူ ကိန်းဂဏန်းများစွာရှိနေကြသည်။ ဂရပ်ဖ်များ၊ စာရင်းဇယားများနှင့် သင်္ကေတများက စာရွက်အသီးသီးပေါ်တွင် နေရာယူထားကြသည်။ စားပွဲပေါ်၌ ကွန်ပျူတာ ကိုးလုံးတိတိတင် ထားသည်။

ကျန်လူကိုးဦးစလုံး ချူးထက် အသက်အရွယ်ကြီးရင့်သူများ ချည်းဖြစ်ကြသည်။ ထိုလူများထဲ၌ သိပ္ပံပညာရှင်များ၊ ကွန်ပျူတာ ကျွမ်းကျင်သူများ၊ ဆရာဝန်ကြီးများ၊ စာရင်းအင်းဆိုင်ရာ ကျွမ်းကျင် သူများပါဝင်နေမည်ဟု သူမ ခန့်မှန်းမိသည်။

သူမ အနီးသို့ရောက်သွားလျှင် ချူး မတ်တတ်ရပ်လိုက်၏။ ထို့နောက် ဝတ်ရည်သိမ့်ထံ ပြေး၍လာပြီး သူမ၏လက်ကို ယုယ

ကြင်နာစွာ ဆွဲယူလိုက်သည်။

ချူး၏ မျက်လုံးများထူးခြားစွာ တောက်ပ၍နေပေသည်။ ချူး၏အကြည့်မျက်ဝန်းအရိပ်ထဲ၌ သူမကိုယ်သူမ ရူးနစ်ဝင်ရောက် သွားသကဲ့သို့ ခံစားလိုက်ရသည်။

ချူးက

'ဝတ်ရည် အခုလိုလိုက်လာတာ ကိုယ်တော့ ပြောမပြတတ် အောင် ဝမ်းသာတာပဲကွာ။ ကိုယ်လေ၊ မင်းနဲ့ သိပ်တွေ့ချင်တယ်။ သိပ် သတိရတယ် . .။ ပြီးတော့ မင်းနဲ့လည်း စကားအေးအေးဆေး ဆေး ပြောချင်တယ်'

ခဏနေတော့မှ သူမက မဝံ့မရဲ မေးမိသည်။

'ကျွန်မဆီကို ဘာဖြစ်လို့ ရှင် ဖုန်းမဆက်နိုင်တာလဲ'

ချူးက ပြုံးလျှက် . .

'အလုပ်တွေက အရမ်းများနေလို့ပါ အချစ်ရာ . .။ နှစ်ဆယ့် လေးနာရီလုံးလုံး ကိုယ့်မှာတစ်ချက်ကလေးမှ မနားရပါဘူး။ ကိုယ် ပြောတာ ယုံလိုက်ပါကွာ'

ဝတ်ရည်သိမ့်က သဘောမကျသည့်လေသံဖြင့် . .

'ကျွန်မကတော့ ရှင့်ကို အခုလိုပြန်တွေ့ရတာ တော်တော် ကြီး ကံကောင်းလုပြီလို့ ထင်နေမိတာ . .'

ချူး၏ နောက်ဘက်သို့ သူမ လှမ်း၍ကြည့်လိုက်မိသည်။ ကျန်လူများက ချူးကို စောင့်နေကြပုံရသည်။

သူမကပင် ဆက်၍ပြောသည်။





'ရှင်က ဒီမှာ အမိကကျတဲ့ လူဖြစ်နေတယ် မဟုတ်လား'

ချူးက ရေရာသော အဖြေမပေးပေ . .။

'ကိုယ့်မှာ အလုပ်ဟွကော၊ တာဝန်တွေကော သိပ်များနေ တယ် . .'

ချူး၏ပုံစံမှာ ပင်ပန်းနွမ်းနယ်ပုံ အလျဉ်းမရှိပေ။

ချူးက စားပွဲခုံရှည်ကြီးနှင့် ခပ်လှမ်းလှမ်းသို့ သူမကို လက်ဆွဲ ၍ ခေါ်သွားသည်။

ချူးက သူမကိုကြည့်၍ . .

'ဒီနေရာကို မင်းစိတ်ထဲ ဘယ်လိုထင်မိသလဲ'

သူမက ခေါင်းခါလိုက်၏။

'ကျွန်မအနေနဲ့ ဘယ်လိုထင်ရမလဲ မပြောတတ်ဘူး'

'အခု . . မင်းတွေ့နေရတာတွေဟာ မကြာမပဲ ရှိသေးတယ်။ လုပ်ငန်း အစီအစဉ်သစ်ရဲ့ ပထမဦးဆုံးပဲ ရှိသေးတယ်။ ဒါပေမယ့် သိပ်ပြီး ကျေနပ်အားရစရာ တကယ်ကောင်းတယ်'

သူမက နားမလည်နိုင်စွာဖြင့် . . .

'ဘယ်လို လုပ်ငန်းရဲ့အစလဲ။ ရှင်ကကော ဒီနေရာမှာလာပြီး ကာတွေ လုပ်နေတာလဲ'

'မှားယွင်းပျက်စီးနေတာတွေကို ပုံမှန်အတိုင်း၊ နကိုယ်အတိုင်း ဖြစ်လာအောင် ကိုယ်တို့က ပြန်ပြီး ပုံဖော်ပေးနေရတယ်လေ။ အရာရာ တိုင်းမှာ အသစ်တွေပြန်လည်ဖြစ်လာဖို့အတွက် ဦးတည်ဆောင်ရွက် နေကြတယ်။ အခု . . ချူးဆိုတဲ့ လူတစ်ယောက်ဟာ အသစ်တွေ

ပြန်လည်ပုံဖော်သွန်းလောင်းတဲ့နေရာမှာ ထိပ်ဆုံးက ခေါင်းမဆော တစ်ဦးဖြစ်လာရပြီ။ ကမ္ဘာ့ပုံဖော်လုပ်ငန်း ပတ်ဝန်းကျင်သစ်ဆိုင်ရာ ကိစ္စရပ်တွေအားလုံးရဲ့ ခေါင်းဆောင်တစ်ယောက် ဖြစ်နေရပြီ'

ဝတ်ရည်သိမ့်က ချူးကို အတန်ကြာမျှ စိုက်၍ကြည့်နေ သည်။

ခဏနေမှ၊ သူမက အားတင်းလျှက် ပြောသည်။

'အခုလုပ်နေတာ၊, ပြောနေတာတွေဟာ ချူးအစစ်ရဲ့ လုပ်ဆောင်ချက်တွေ မဟုတ်ဘူး။ တစ်ယောက်ယောက်က ရှင့်ကို ထိန်းချုပ်ပြီး ရှင့်ကို ဦးဆောင်နိုင်းနေလို့ ဒီလိုပြောပြီး၊ ဒီအလုပ်တွေကို ရှင်က ခေါင်းဆောင်အဖြစ် လုပ်နေရတာပဲဖြစ်ရမယ်'

ချူးက အလေးအနက်မထားဟန်ဖြင့် ခေါင်းမော့၍ရယ်လိုက် သည်။

'သြော် . . ဝတ်ရည် . . ဝတ်ရည်။ မင်းကတော့ ကိုယ့်အပေါ် မှာ အမြဲတမ်း သံသယစိတ်ရှိနေပါလား။ ကိုယ့်ကို ဘယ်သူကမှ ထိန်းချုပ်ပြီး နိုင်းနေတာမဟုတ်ပါဘူး။ လစ်ဟာ လိုအပ်တဲ့ အသစ် အသစ်ကွက်လပ်တွေကို ဖြည့်ဆည်းပြင်ဆင်ပေးဖို့အတွက် ကိုယ်က ရှေ့ဆောင်ခေါင်းဆောင်တစ်ဦး ဖြစ်လာရတာပါ။ ကိုယ်ဟာ မင်းပြော သလို သံသယစိတ် ဖြစ်စရာလူမဟုတ်ပါဘူး။ ချူးမှ ချူးအစစ်ပါ။ မင်းကို ထာဝရမြတ်နိုး၊ တွယ်တာပြီးချစ်နေတဲ့ ချူးပါပဲ'

'ချူး . . ကျွန်မလေ ရှင့်ကို ပြောမပြတတ်အောင် သိပ်ချစ် ပါတယ်။ ကျွန်မလိုပဲ ရှင် ချစ်မယ်လို့ ယုံကြည်ပါတယ်။ ကျွန်မကို





တကယ်ချစ်ရင် ကျွန်မနဲ့အတူ အန္တရာတိက္ကမြို့ကိုပဲ ပြန်လိုက်ခဲ့ပါ။ ရှင် ကတိပေးခဲ့တဲ့အတိုင်း ကျွမ်းကျင်တဲ့ ဆရာဝန်တစ်ယောက်နဲ့ ပြကြည့်ကြမယ်လေ။ ရှင် အခုလို ဘာဖြစ်လို့ အကြီးအကျယ်ပြောင်း လဲသွားရသလဲဆိုတာ စစ်ဆေးကြည့်မယ်။ အခုလိုဖြစ်လာတာတွေဟာ ရှင့် တုပ်ကွေးဖြစ်ပြီးတဲ့နောက်ပိုင်းမှာ ဖြစ်လာခဲ့တာတွေပါ။ ဒါတွေ အားလုံးကို ရှင့်ရဲ့ ပင်ကိုယ်အသိစိတ်နဲ့ ဖယ်ထုတ်ဆန့်ကျင်ကြည့်ပါ လားဟင်'

ချူး၏အမူအရာ မသိမသာတွေ၍သွားသလို ရှိသည်။ သို့သော် ချက်ချင်းပင် သူ၏ပုံစံမှာ မူလပင်ကိုယ်အတိုင်း ပြန်လည် တည်ငြိမ်၍သွားသည်။

ဝတ်ရည်သိမ့် သူမကိုယ် သူမ ကြိုးစား၍ ထိန်းချုပ်ထား သည်။ ချူးနှင့် တကယ်တန်း ရင်ဆိုင်တွေ့လာရသည့်အခါ၌ သူမကိုယ် သူမ ချုပ်တည်းတားဆီးထားနိုင်သည့် အင်အားများ ပျောက်ကွယ်၍သွားရသည်။

သူမ၏မျက်ဝန်းအိမ်မှ မျက်ရည်များ ကျဆင်းလာလျှက်၊ သူမ တစ်ချက်ရှိုက်လိုက်သည်။

'ကျွန်မ . . ကျွန်မလေ။ ရှင့်ကို သိပ်ချစ်ပါတယ် ချူးရယ်'

ချူးက သူမကို မျက်နှာချင်းဆိုင်၍ ဆွဲယူပွေ့ဖက်ထားလိုက် သည်။ သူမကိုယ်တိုင်လည်း ချူးကို ပြန်လည်၍ တင်းကျပ်စွာ ဖက်တွယ်ထားမိသည်။

ချူးက သူမ၏ နားအနီးသို့ကပ်၍ နူးညံ့တိုးတိတ်သော

လေသံဖြင့် . .

'ဝတ်ရည်ရယ် . . ကိုယ်လည်း မင်းကို သိပ်ချစ်ပါတယ်။ တကယ်ပါ . .။ မင်းနားလည်မှာပါ။ ကိုယ်တို့တစ်တွေနဲ့ လာပြီး ပူးပေါင်းလိုက်ပါလားကွယ်။ ကိုယ်တို့အဖွဲ့ဝင်တစ်ဦး မင်းကို သိပ်ဖြစ်စေချင်နေတယ်။ ပတ်ဝန်းကျင်သစ် ကမ္ဘာသစ်ဟာ အင်မတန် ပျော်ရွှင်စရာသိပ်ကောင်းပါတယ်။ ကိုယ်ဦးဆောင်ထားတဲ့ ဗိမာန်တံခွန်ရဲ့ လက်တံအရိပ်တွေကို ဘယ်သူကမှ တားဆီးလို့၊ ပိတ်ပင်လို့ မရနိုင်ဘူး'

ဝတ်ရည်သိမ့်၏ တစ်ကိုယ်လုံး အေးစက်တောင့်တင်း၍ သွားသည်။

ချူး၏ စကားလုံးများသည် သူမ၏ အသည်းနှလုံးကို ဓားနှင့် အထပ်ထပ်မွှန်းသကဲ့သို့ ခံစားလိုက်ရသည်။ မျက်နှာနှစ်ခု ယှဉ်ကပ်၍နေရာမှ သူမ၏ မျက်လုံးအစုံကို အသာဖွင့်ကြည့်လိုက်သည်။ ချူး၏ နားရွက်ပေါ်၌ အဝါရောင် အစက်ကလေးများကို မသိမသာတွေ့လိုက်ရသည်။ ထို့ပြင် နားရွက်အောက်ဘက် ပါးချောင် အထက်နားဆီ၌ အစိမ်းရောင် အကွက်တစ်ချက်ကိုတွေ့ရသည်။ ထိုအကွက်ပေါ်၌ အဝါရောင်အမျှင်တန်းကလေးတစ်ခု ထင်း၍နေသည်။ ထိုနေရာကို ဝတ်ရည်သိမ့် မသိမသာစမ်းကြည့်လိုက်သည်။ ထိုနေရာမှာ အနည်းငယ်မျှ ဖောင်းကြွ၍နေပြီး အကြေးခွံ အထပ်၊ အထပ်များကဲ့သို့ ကြမ်းတမ်း၍နေပေသည်။ ထို့ပြင် အစိမ်းရောင်အကွက်နေရာမှာ အေးစက်၍နေပေသည်။ သူမ၏ရင်ထဲ၌





တဆတ်ဆတ်ခုန်၍ တုန်လှုပ်သွားရသည်။

သူမ၏ချစ်သူ ချူးသည် စိတ်ဓာတ်အမူအကျင့် ပြောင်းလဲရုံမျှမက၊ ရုပ်ခန္ဓာပိုင်းပါ မသိမသာပြောင်းလဲနေပြီဖြစ်ကြောင်း သိလိုက်ရသည်။

ချက်ချင်းပင် ဝတ်ရည်သိမ့် ရုန်းထွက်လိုက်၏။ ချူးက သူမကို တင်းကျပ်စွာ ဖက်တွယ်ထားဆဲပင်။

ချူးက လေသံမျှဖြင့် . . .

'ဝတ်ရည် . . မင်းလည်း ကိုယ်တို့နဲ့ ပူးပေါင်းလာတော့မှာပါ။ မင်းကို အားလုံးကကြိုဆိုနေကြပါတယ် အချစ်ရယ်။ အခုချက်ချင်းပဲ ကိုယ်တို့နဲ့ ပူးပေါင်းလိုက်ပါလား။ ကမ္ဘာသစ်ပတ်ဝန်းကျင် လူသားမျိုးဆက်သစ်တွေအားလုံးက ပူးပေါင်းလာဖို့ ကြိုနေကြပါပြီ အချစ်ရယ်'

သူမ နားထဲ၌ ခါးသည်းစွာကြားနေရသည်။

ဝတ်ရည်သိမ့် ဆောင့်၍ရုန်းထွက်လိုက်သည်။ သူမ၏ ရင်ထဲမှ အချစ်စိတ်များ လွင့်ပျောက်လျက် ကြောက်ရွံ့တုန်လှုပ်စိတ်များသာ လွှမ်းမိုး၍နေသည်။

သူမ တဖြည်းဖြည်း နောက်ဆုတ်၍သွားသည်။

ချူး၏မျက်နှာ ညှိုး၍သွားသည်ကို သူမ မြင်ရသည်။ သူမ၏ ခြေလှမ်းများ မသိမသာတုန့်ဆိုင်းသွားသည်။

ချူးက လေသံခပ်လျော့လျော့ဖြင့် . .

'ဝတ်ရည်ရယ်၊ ကိုယ်တို့နဲ့အတူလာပြီး ပူးပေါင်းလိုက်ပါ

လား'

ဝတ်ရည်သိမ့် နောက်သို့လှည့်သည်။ ကနုတ်ပန်းများဆင်ထားသည့် ပန်းစင်ကုန်းပေါက်များကို ကျော်ဖြတ်၍ပြေးသည်။

အဝါရောင်ဝတ်စုံနှင့် အမျိုးသမီးက ဝတ်ရည်သိမ့်ကို လှမ်း၍ဆီးထားသည်။ ဝတ်ရည်သိမ့်က ထိုအမျိုးသမီးကို ဆောင့်တွန်း၍ဆက်ပြေးသည်။ အဝါရောင်ဝတ်စုံနှင့် အမျိုးသမီးမှာ ဘာမှုဖြစ်ပုံမရ။ အဝါရောင်ဝတ်စုံနှင့် အမျိုးသမီးက ချူးကို လှမ်းကြည့်သည်။ ချူးထံမှ အမိန့်တောင်းခံသည့် အကြည့်မျိုးဖြစ်သည်။

ထိုအချိန်၌ ဝတ်ရည်သိမ့်မှာ တိုက်အိမ်ကြီး၏ ရှေ့ဘက်သို့ ရောက်လုနေပြီဖြစ်သည်။

ထွက်ပြေးသွားသည့် ဝတ်ရည်သိမ့်နှင့် ပတ်သက်၍ အဝါရောင်ဝတ်စုံနှင့် အမျိုးသမီးကို တစ်ချက်အမိန့်ပေးလိုက်ရုံမျှနှင့် ဝတ်ရည်သိမ့် သူ့ရှေ့သို့ ပြန်ရောက်လာမည်ကို ချူးသိသည်။

သို့သော် . . .

ချူး ဆုံးဖြတ်ရန် ခက်ခဲ၍နေသည်။

ခေတ္တမျှရပ်လျက် ချူး တွေဝေစွာစဉ်းစားနေပေသည်။

ချူး လေးတွဲ့စွာ တစ်ချက်ခေါင်းခါလိုက်၏။ အဝါရောင်ဝတ်စုံနှင့်အမျိုးသမီး နောက်ဆုတ်၍သွားသည်။ သူမ၏မျက်နှာပေါ်၌ ခံစားချက်ကင်းမဲ့၍နေပြီး မျက်မှောင်မသိမသာ ကြုတ်၍နေသည်။

ချူးက စားပွဲခုံတန်းရှည်၌ စောင့်နေသည့် သူ၏ လူကိုး ယောက်ထံသို့ လျှောက်၍သွားပေတော့သည်။



## အခန်း (၂၄)

လမ်းတစ်လျှောက် မာကျူရီမီးများ လင်း၍နေသည်။ ဖြူဖွေးတောက်ပသည့် အလင်းရောင်က၊ အမှောင်ထုကို အစွမ်းကုန် အံတု၍ လင်းနေခြင်းဖြစ်သည်။

အချိန်မှာ ညဉ့် ခုနစ်နာရီနှင့် မိနစ်ငါးဆယ် . . .။

ကားပေါ်၌ သန်းဆွေထိုက်၊ ဒေါက်တာစိမ်းသီတာနှင့် ရောဂါပိုးမွှားဆိုင်ရာ ပါရဂူ ဒေါ်သူဇာမော်တို့သုံးဦးသာ ပါကြသည်။

သန်းဆွေထိုက်၏ အစ်ကိုဝမ်းကွဲတော်သူ၏ တိုက်ရှေ့သို့ မရောက်မီ ကားစက်ရှိန်ကို မသိမသာလျှော့လိုက်သည်။

ကားမောင်းသူမှာ ဒေါ်သူဇာမော် . .။

သူမက လမ်းဘေးဝဲယာသို့ အကဲခတ်ကြည့်ရင်းမှ

'ဒီည . . အပြင်ကိုထွက်တဲ့လူတွေ တော်တော်များတယ်။ သတိထားမိလို့လားတော့ မပြောတတ်ဘူး'

ဒေါက်တာသူဇာမော်က . . .

'ရှင်ပြောတာ မှန်တယ်။ တစ်ချို့လူတွေကြည့်ရတာ ထူးခြားနေတယ်။ ရည်ရွယ်ချက်မရှိပဲ သံပတ်ပေးထားတဲ့ စက်ရုပ်တွေလို လျှောက်သွားနေကြတယ်'

သန်းဆွေထိုက်က အပြင်ဘက်သို့ သတိထား၍ လှမ်းကြည့်နေရင်းမှ . . .

'တော်တော်လေး အံ့ဩစရာကောင်းတယ်။ အခုတွေ့နေရတဲ့ လူတွေ တစ်ယောက်နဲ့တစ်ယောက် နှုတ်ဆက်တာတို့၊ စကားပြောတာတို့ မရှိကြဘူး။ တောင့်တောင့်ကြီးတွေ သွားနေကြတယ်။ အားလုံး မျက်မှောင်ကြုတ်ထားတဲ့ လူတွေချည်းပဲ ဖြစ်နေတယ်'

ဒေါက်တာစိမ်းသီတာက . .

'အေး . . ငါလည်း အဲဒီအချက်ကို သတိထားမိတယ်'

ဒေါ်သူဇာမော်က တိုက်အိမ်ရှေ့၌ ရပ်တန့်လိုက်၏။ ကားပေါ်မှ ခပ်မြန်မြန်ဆင်းလိုက်ကြသည်။ ထို့နောက် ရိုးရိုးလှေကားအတိုင်း အပေါ်သို့တက်သည်။ သန်းဆွေထိုက်က နောက်မှ လိုက်ပါလာသည်။

ဒုတိယထပ်သို့ရောက်လျှင်၊ သန်းဆွေထိုက်က တံခါးခေါက်သည်။

တံခါးလာဖွင့်ပေးသူမှာ ဝတ်ရည်သိမ့် ဖြစ်သည်။ သန်းဆွေထိုက် သူမကို မြင်လိုက်ရသဖြင့် ဝမ်းသာကြည်နူးသွားမိ





သည်။

သုံးယောက်စလုံး အခန်းထဲသို့ဝင်သည်။

သန်းဆွေထိုက်က ဝတ်ရည်သိမ့်ဘက်လှည့်၍

'နဂါးသွဲ့မြို့ကို သွားရတာ အဆင်ပြေရဲ့လား'

သူမက မျက်နှာခပ်နွမ်းနွမ်းဖြင့် . .

'အဆင်မပြေပါဘူးဟာ . .'

'ချူးကိုကော တွေ့ခဲ့ရဲ့လား'

'အေး . . တွေ့ခဲ့တယ်။ အဲဒီအကြောင်းတွေ ငါ နောက်မှပဲ ပြောတော့မယ်။ အခုတော့ မပြောချင်သေးဘူး။ စိတ်ထဲမှာလည်း မကြည်မလင်ဖြစ်နေတယ် . .'

ဝတ်ရည်သိမ့် တစ်ခုခု ဖြစ်လာနိုင်သည်ဟု တွေး၍ သူမအတွက် သန်းဆွေထိုက် စိုးရိမ်နေမိသည်။

ဧည့်ခန်းထဲ၌ အားလုံးဆုံလိုက်ကြသည်။

ဦးမျိုးဆွေက အခန်းထဲ၌ရှိနေသူများကို တစ်ဦးချင်းလိုက်၍ ကြည့်နေပေသည်။

စားပွဲ၌ စစ်ရန်နိုင်၊ ဒေါ်သူဇာမော်၊ ဒေါက်တာစိမ်းသီတာတို့ ထိုင်နေကြသည်။ သန်းဆွေထိုက်နှင့် ဝတ်ရည်သိမ့်တို့က ကုလားထိုင်၌ထိုင်နေကြသည်။ စိုးဝေက ငြိမ်ငြိမ်ထိုင်မနေနိုင်။ အပြင်ဘက်သို့ မကြာခဏသွား၍ လိုက်ကာနောက်မှငုံ့၍ ချောင်းကြည့်လိုက်၊ ပြန်လာလိုက် လုပ်နေပေသည်။

စိုးဝေက နောက်သို့လှည့်၍ . . .

'အပြင်ဘက် လမ်းပေါ်မှာ လမ်းလျှောက်နေတဲ့ လူတွေ အများကြီးပဲ'

ဒေါက်တာစိမ်းသီတာက . .

'ငါတို့ ဒီကိုလာကတည်းက လမ်းမှာ သတိထားမိတယ်'

ဦးမျိုးဆွေက အားလုံးကို ဝေ့၍ကြည့်လိုက်ပြီးမှ . . .

'ဒီသတ္တုစပ်ကျောက်ပြားကလေးကိစ္စ ကျွန်တော် အလေး အနက်ထားပြီး ပြောမှာပါ။ ကျွန်တော်နဲ့ ကျွန်တော်ရဲ့ လက်ထောက် ပါရဂူတစ်ယောက်ပေါင်းပြီး ဒီပစ္စည်းလေးကို သေသေချာချာစမ်းသပ် စစ်ဆေးကြည့်ပါတယ်။ ဒီပစ္စည်းက ဘယ်လိုမှ မထင်မှတ်နိုင်လောက် အောင်ကို မာကျောဆင့်မြင့်လွန်းနေပါတယ်။ သေချာပေါက် ပြောနိုင် ဘာ ဒီပစ္စည်းက ဘယ်လိုမှ မထင်မှတ်နိုင်လောက်အောင်ကို မာကျော ဆင့်မြင့်လွန်းနေပါတယ်။ သေချာပေါက် သေနိုင်တာက ဒီပစ္စည်းဟာ သူ့အလိုအလျောက် ဖြစ်နေတာမဟုတ်ဘူး တစ်စုံတစ်ယောက်က ဖန်တီးထားတဲ့ပစ္စည်းဖြစ်နေတယ်။ ကျောက်သားနဲ့ ဆင်တယ်။ ဒါပေမယ့် ကျောက်သားလည်း မဟုတ်ဘူး။ သတ္တုစပ်နဲ့လည်းတူ တယ်။ ဒါပေမယ့် သတ္တုစပ်ချည်းလည်း မဟုတ်ဘူး။ ဒီတော့ သတ္တုစပ်ကျောက်သားလို့ပဲ ခေါ်ရလိမ့်မယ်'

စစ်ရန်နိုင်က . . .

'အဲဒီပစ္စည်းလေးကို ဖန်တီးထားတဲ့အထဲမှာ စိတ်ဓာတ် ပါနိုင်တယ်လို့ ကျွန်တော်ထင်တယ်'

ဦးမျိုးဆွေက ခေါင်းညိတ်လိုက်သည်။





'ဟုတ်တယ်၊ မာကျောဆင့် အရမ်းမြင့်မားတဲ့ စိန်တို့ ဆီလီကွန် တို့လို ဟာမျိုးတွေအပြင် ကျွန်တော်တို့ လုံးဝမသိသေးတဲ့ သတ္တုတစ်မျိုးမျိုးရောစပ်ပါနေလိမ့်မယ်'

ဝတ်ရည်သိမ့်က . . .

'ကမ္ဘာပေါ်မှာ မရှိသေးတဲ့ သတ္တုတစ်မျိုး ပါနေတာလား'

ဦးမျိုးဆွေက . . .

'ဟုတ်တယ်။ ဒီပစ္စည်းလေးဟာ ဒီကမ္ဘာပေါ်မှာရှိတဲ့ နောက်ဆုံးပေါ် ခေတ်မီသိပ္ပံနည်းပညာသစ်တွေနဲ့ ဖန်တီးထုတ်လုပ် နိုင်စွမ်းလုံးဝမရှိတဲ့ ပစ္စည်းမျိုးပါပဲ'

စိုးဝေက ကြားမှဝင်၍ ပြောသည်။

'ရိုးရိုးရှင်းရှင်းပဲ ပြောလိုက်ပါ ဖေဖေရာ။ ဟောဒီပစ္စည်းလေး ဟာ ဒီဂြိုဟ်ကမ္ဘာပေါ်မှာရှိတဲ့ ပစ္စည်းမဟုတ်ဘူး။ တစ်ခြားစကြာဝဠာ တစ်ခုခုကနေ ရောက်လာတဲ့ ပစ္စည်းလို့ ပြောချင်တာ မဟုတ်လား'

ထိုစကားကြောင့်၊ အားလုံး ငြိမ်သက်သွားသည်။

ကျန်လူအားလုံးကလည်း၊ ထိုစကားမျိုး ကြားလာရတော့ မည်ဟု တွက်ဆထားပြီးသားဖြစ်သည်။

ဒေါက်တာစိမ်းသီတာက . . .

'ကျွန်မတို့ဘက်က အခြေအနေကို ပြောပြချင်ပါတယ်'

ဒေါ်သူဇာမော်က တည်ငြိမ်သောလေသံဖြင့် . .

'ဗိုင်းရပ်စ် ပိုးတစ်ကောင်ကို ကျွန်မ တွေ့ထားပြီးပါပြီ'

ဦးမျိုးဆွေ၏ မျက်နှာဖြူဖတ်ဖြူလျော့်ဖြစ်၍ သွားပြီးမှ လှမ်း၍

မေးသည်။

'အခု . . တွေ့တာ တစ်ခြားစကြာဝဠာက မိုင်းရပ်စ်ပိုးမျ
လား . .'

ဒေါက်တာစိမ်းသီတာက . . .

'တစ်ခြား စကြာဝဠာက မိုင်းရပ်စ်ပိုးဆိုတာ ဟုတ်လည်း ဟုတ်နိုင်ပါတယ်။ မဟုတ်လည်း မဟုတ်နိုင်ဘူး'

ဦးမျိုးဆွေက . . .

'ကျုပ်ကို တိတိကျကျ ပြောကြစမ်းပါ။ ခင်ဗျားအနေနဲ့ ဘာကို အဓိက ထားပြီးဆိုလိုချင်တာလဲ'

ဒေါ်သူဇာမော်က ဝင်၍ရှင်းပြသည်။

'အခုဖြစ်နေတဲ့ ရောဂါဟာ မိုင်းရပ်စ်ပိုးမွှားကြောင့်ဖြစ်တာလို့ ပြောနိုင်တယ်။ ဒါပေမယ့် ဒီသတ္တုစပ်ကျောက်ပြားလေးထဲက အရည် ထဲမှာ မိုင်းရပ်စ်ပိုး လုံးဝမရှိဘူး။ ဒီရောဂါဖြစ်စေတဲ့ မိုင်းရပ်စ်ပ ဟာဒီကမ္ဘာမြေပေါ်ကို ထွက်နေတာ နှစ်ပေါင်း မရေမတွက်နိ လောက်အောင်ကြာနေပြီ။ ကျွန်မ အခု စမ်းသပ်ထားချက်အရဆိုရင် ဒီမိုင်းရပ်စ်ပိုးဟာ သက်ရှိတွေရဲ့ ခန္ဓာကိုယ်ထဲမှာ ရောက်နေတာလည်း နှစ်ပေါင်းများစွာ ကြာမြင့်နေပါပြီ။ ကျွန်မရဲ့ ခန့်မှန်းချက်အရဆိုရင် တော့ မြေကြီးထဲမှာရှိနေတဲ့ ပိုးမွှားသတ္တဝါ အသေးစားတွေရဲ့ ခန္ဓာ အိမ်ထဲမှာတောင် ရှိနေပါတယ်'

စိုးဝေက . . .

'ဒါဆိုရင် ဟောဒီ စကြာဝဠာယာဉ်ပုံလေးတွေထဲမှာ မိုင်းရပ်စ်





ပိုးတွေ ရှိမနေဘူးလို့ ဆိုလိုတာလား'

စိုးဝေ၏စိတ်ထဲ၌ သတ္တုစပ်ကျောက်ပြားကလေးထဲမှ မိုင်းရပ်စ်ပိုးကြောင့်သာလျှင် ရောဂါဖြစ်နေကြရသည်ဟု ထင်ထားသည်။ ယခုလို သတ္တုစပ်ကျောက်ပြားခေါ် စကြာဝဠာယာဉ်ပုံကလေး များထဲမှ မိုင်းရပ်စ်ပိုးကြောင့် မဟုတ်ဟုပြောလာသဖြင့် စိတ်ထဲ၌ မကျေမနပ်ဖြစ်နေပေသည်။

ဦးမျိုးဆွေကိုယ်တိုင်ပင်လျှင် နားမလည်ဟန်ဖြင့် . . .

'ဒီသတ္တုစပ်ကျောက်ပြားကလေးတွေထဲက ထွက်လာတဲ့ အရည်မှာ မိုင်းရပ်စ်ပိုးမပါဘူးဆိုရင်၊ အခုလို ရောဂါဖြစ်နေကြရတာ ကကော ဘာကြောင့်ဖြစ်နေကြရတာလဲ'

ဒေါ်သူဇာမော်က . . .

'အဲဒီအရည်ဟာ ထူးကဲတဲ့ ပရိုတိန်းအရည်တစ်မျိုးပါပဲ။ အခုတွေ့ရတဲ့ ပရိုတိန်းအရည်က သိပ်ပြီး ထူးခြားလွန်းတယ်။ ကမ္ဘာ ပေါ်မှာရှိနေပြီးသားဖြစ်တဲ့ ရောဂါတွေကိုဖြစ်စေတဲ့ ပရိုတိန်းဓာတ်မျိုး မဟုတ်ဘူး။ အခုတွေ့တဲ့ ပရိုတိန်းအရည်ဟာ ( DNA ) နဲ့ပေါင်းစပ် ပြီး ဓာတ်ပြုနိုင်စွမ်းရှိတယ်။ ရထားတဲ့ ပရိုတိန်းအရည်နဲ့ မှုားပြီးခေါ် ကြည့်လို့ အခုရောဂါဖြစ်စေတဲ့ မိုင်းရပ်စ်ပိုးကို လွယ်လွယ်ကူကူ ရှာလို့တွေ့နိုင်တာပါ'

ဒေါက်တာစိမ်းသီတာက . . .

'ကျွန်မသိရသလောက်တော့၊ ဒီပရိုတိန်းအရည်ဟာ မြုပြီး ပ်နေတဲ့ မိုင်းရပ်စ်ပိုးကို အရည်နဲ့ ချွတ်ပေးလိုက်တာပါပဲ'

ဦးမျိုးဆွေက၊ ခေတ္တမျှ စဉ်းစားလိုက်ပြီး

'အခုဖြစ်နေတဲ့ တုပ်ကွေးဆန်တဲ့ရောဂါဟာ ပရိုတိန်းအရည်
ရဲ့ ဓာတ်ပြုမှုကြောင့် ဖြစ်လာရတာပေါ့ ဟုတ်ရဲ့လား'

ဒေါ်သူဇာမော်က . . .

'ဒါကတော့ ကျွန်မတို့ဘက်က ယူဆချက်တစ်ခုပါပဲ။
ဒီပရိုတိန်းအရည်ဟာ လူ့ခန္ဓာကိုယ်ထဲမှာရှိတဲ့ ကိုယ်ခံစွမ်းအားတွေ
ကို ထူးထူးခြားခြား လှုံ့ဆော်ပေးနိုင်စွမ်းရှိတယ်။ ဒီတော့ ခန္ဓာကိုယ်ထဲ
က ကိုယ်ခံစွမ်းအားအာနိသင်တွေ ပိုပြီးထွက်လာတယ်။ ဒီတော့
ခန္ဓာကိုယ်ပျံ့ရည်ဂလင်းကနေ ပျံ့ရည်တွေ လိုတာထက်ပိုများပြီးထွက်
လာတယ်။ အဲဒီပျံ့ရည်တွေ ထွက်လာချိန်မှာ ရောဂါလက္ခဏာပေါ်လာ
တော့တာပါပဲ'

ဦးမျိုးဆွေကပင် ဆက်၍မေးသည်။

'အရည်ခွဲကျွတ်သွားတဲ့ ဗိုင်းရပ်စ်ပိုးတွေက ရှေ့ဆက်ပြီး
ဘာတွေ လုပ်ကြသလဲ။ ဒီအပိုင်းက အရေးကြီးတယ်'

ဒေါ်သူဇာမော်ကပင် လေးနက်စွာဆက်၍ ရှင်းပြသည်။

'ဒီကိစ္စကိုတော့ ကျွန်မတို့ဆက်ပြီး ရှာကြည့်ကြရဦးမယ်။
အခု ကျွန်မတို့ ယူဆထားတာကတော့ ပုံမှန်ဗိုင်းရပ်စ်ပိုးတွေဟာ ဆဲလ်
တစ်ခုကိုပဲ လွှမ်းမိုးထားနိုင်စွမ်းရှိတယ်။ ဒါပေမယ့် အခုတွေ့တဲ့
ဗိုင်းရပ်စ်က ခန္ဓာကိုယ်ဇီဝရပ်တစ်ခုလုံးကို လွှမ်းမိုးချုပ်ကိုင်နိုင်စွမ်း
ရှိနေတယ်။ အဓိကကတော့ ဦးနှောက်ကို ချုပ်ကိုင်လွှမ်းမိုးပြီး ဆုံးဖြတ်
ချက်တွေ ဖောက်ပြန်၊ ပြောင်းလွဲကုန်အောင် လုပ်ပစ်လိုက်နိုင်စွမ်းရှိ





တယ်။ သန်းဆွေထိုက်ကတော့ အခုတွေ့တဲ့ ဗိုင်းရပ်စ်ကို 'မဟာနှစ်ချို့
ရုပ်ကြွဗိုင်းရပ်စ်ပိုး' လို့ နာမည်ပေးထားတယ်'

ဒေါက်တာ စိမ်းသီတာက . .

'အခုတွေ့တဲ့ မဟာနှစ်ချို့ရုပ်ကြွဗိုင်းရပ်စ်ပိုးဟာ ဟောဒီ
ကမ္ဘာကြီးပေါ်မှာ သက်ရှိလူသားရယ်လို့ ဖြစ်တည်မလာခင်ကတည်း
က ကြိုပြီးရောက်ရှိနေတဲ့ ဗိုင်းရပ်စ်ပိုးပါပဲ။ နှစ်ပေါင်းမရေတွက်နိုင်
အောင် ရှင်သန်ရပ်တည်နိုင်စွမ်းရှိတဲ့ ဒီမဟာနှစ်ချို့ရုပ်ကြွဗိုင်းရပ်စ်ပိုး
ကို ဒေါ်သူဇာမော်က ရှာဖွေဖော်ထုတ်နိုင်ခဲ့ပါတယ်'

ဝတ်ရည်သိမ့်က . .

'ဒါဖြင့် ဒီမဟာနှစ်ချို့ရုပ်ကြွဗိုင်းရပ်စ်ပိုးဟာ နှစ်ပေါင်း
မြောက်များစွာ စောင့်ကြည့်နေတာပေါ့ . .'

ဒေါ်သူဇာမော်က . . .

'ဒါကတော့ ကျွန်မတို့ရဲ့ ခန့်မှန်းယူဆချက်တွေပါ။ တစ်ခြား
စကြာဝဠာက ဂြိုဟ်သားတစ်မျိုးစာ ဒီလိုဗိုင်းရပ်စ်ပိုးမျိုးအသွင်ဆောင်
ပြီး ကမ္ဘာဦးတည်စ အချိန်ကတည်းက ကမ္ဘာမြေပြင်ပေါ်ကို
ရောက်လာတာမျိုးလည်း ဖြစ်နိုင်ပါတယ်။ အဲဒီဗိုင်းရပ်စ်ပိုးကောင်
တွေဟာ (**DNA**) လို အလွယ်တကူဝင်လို့ရတဲ့ နေရာတွေမှာ ဝင်ပြီး
ခိုအောင်းနေကြမယ်။ ကမ္ဘာပေါ်မှာ ဘယ်လို သက်ရှိမျိုးနွယ်တွေ
ပေါ်ထွန်းလာမယ်ဆိုတာကို စိတ်ရှည်လက်ရှည် စောင့်ကြည့်နေကြ
မယ်။ အဲဒီ မဟာနှစ်ချို့ရုပ်ကြွဗိုင်းရပ်စ်ပိုးတွေဟာ ဟောဒီမှာရှိနေတဲ့
သတ္တုစပ်ကျောက်ပြားလို့ခေါ်တဲ့ 'စကြာဝဠာယာဉ်ပျံ'လေးတွေရဲ့

အကူအညီနဲ့ နိုးကြားထကြွလာကြတယ်။ အဲဒီ မဟာနှစ်ချို့ရုပ်ကြွ မှိုင်းရုပ်စိပ်ပိုးတွေဟာ အရည်ခွံချွတ်ပြီး လဲနိုင်ဖို့အတွက်၊ သူတို့ကို နိုးကြားထကြွလာစေနိုင်မယ့် ထူးခြားတဲ့ ပရိတ်နီးရည်တစ်မျိုးပဲလိုအပ် တယ်'

ဦးမျိုးဆွေက . . .

'ကောင်းပြီ၊ ဒီယူဆချက်မှန်ခဲ့ရင်တော့ အခုအချိန်ဟာ သူတို့ လိုချင်တဲ့ အနေအထားမျိုးရောက်နေပြီပဲပေါ့။ ဟိုးတစ်လောက ပြင်းထန်တဲ့ ရေဒီယိုလှိုင်းတွေရဲ့ ဒဏ်ကြောင့် ရုပ်သံစက်တွေ၊ ရေဒီယို တွေ၊ ကွန်ပျူတာတွေ ပေါက်ကွဲပျက်စီးကုန်တာဟာ ဒါတွေကြောင့်ပဲ ဖြစ်ရလိမ့်မယ်။ သူတို့လိုချင်တဲ့ အခြေအနေကိုတွေ့နေရလို့ ဒီသတ္တ စပ်ကျောက်ပြားကလေးတွေကနေ သူတို့ရဲ့ မူလဓာတ်နေရပ် ဂြိုဟ်တစ်ခုခုကို လှမ်းပြီးဆက်သွယ်အကြောင်းတာမျိုး ဖြစ်လိမ့်မယ် ထင်တယ်'

စိုးဝေက တုန်လှုပ်သောလေသံဖြင့် . . .

'ခဏနေကြပါဦး စကြဝဠာမှိုင်းရုပ်စိပ်ပိုးလို့ခေါ်တဲ့ မဟာနှစ် ချို့ရုပ်ကြွမှိုင်းရုပ်စိပ်ပိုးဟာ ကျွန်တော်တို့ သက်ရှိလူသားတွေနဲ့ ခန္ဓာကိုယ် ထဲမှာ တွင်းအောင်းသလို ငြိမ်ငြိမ်ကလေးအောင်းနေပြီး အခြေအနေကို စောင့်ကြည့်နေတာပေါ့။ဟုတ်ရဲ့လား'

ဒေါက်တာစိမ်းသီတာက . .

'ငါတို့နှစ်ယောက်ကတော့ ဒီအတိုင်းပဲ ယူဆထားကြတယ်။ ငါတို့ခန္ဓာကိုယ်ထဲက ( DNA ) တွေထဲမှာ ပုံမှန်မှိုင်းရုပ်စိပ်ပိုးတွေ





သဘောဝအတိုင်း ရှိနေကြတာမဆန်းဘူး။ ဒါပေမယ့် အခုတွေ့တဲ့ မဟာနှစ်ချို့ရုပ်ကြွမှိုင်းရုပ်စိပ်ပိုးဟာ သူလှုပ်ရှားထကြွနိုးကြားလာနိုင်စွမ်း ရှိလာတဲ့ အချိန်မျိုးရောက်လာရင် ထကြွလှုပ်ရှားလာမှာ သေချာတယ်'

အခန်းထဲရှိလူအားလုံး မည်သူမျှ စကားမပြောနိုင်ပဲ ငြိမ်သက် ကိတ်ဆိတ်၍သွားပေသည်။

ဝတ်ရည်သိမ့် တစ်စုံတစ်ခုကို စဉ်းစားမိလိုက်သည်။

ရတ်တရက် ကောက်ခါငင်ခါ . . .

'အခုတွေ့ရတဲ့ မဟာနှစ်ချို့ရုပ်ကြွမှိုင်းရုပ်စိပ်ပိုးမွှားဟာ ဇီဝရုပ် တစ်ခုလုံးကို လွှမ်းမိုးချုပ်ကိုင်နိုင်စွမ်းရှိသလို၊ ရုပ်ခန္ဓာကိုယ်ပါ ပုံစံ ပြောင်းလဲသွားအောင် လုပ်ပစ်နိုင်စွမ်းရှိတယ်လို့ ကျွန်မတော့ ထင်မိ တယ်'

အခန်းထဲရှိ လူအားလုံးက ဝတ်ရည်သိမ့်ကို ဝိုင်း၍ကြည့် လိုက်ကြသည်။

ဒေါက်တာစိမ်းသီတာက အံ့ဩစွာဖြင့် . .

'ဒီအချက်ကို မင်း ဘယ်လိုလုပ်ပြီး သိထားရတာလဲ'

ဝတ်ရည်သိမ့်က . . .

'ဒီနေ့ . . ကျွန်မရဲ့ချစ်သူ ချူးကို သွားတွေ့မိရာကနေ သိလာရ တာပါ'

ဒေါက်တာစိမ်းသီတာက စိုးရိမ်သည့်လေသံဖြင့် . . .

'ငါတို့အားလုံးနဲ့ပတ်သက်တဲ့ ကိစ္စတွေကိုကော မင်းပြောခဲ့ မိသေးသလား'

သူမ ခေါင်းခါပြလိုက်သည်။

ချုံးနှင့် တွေ့ခဲ့သည်ကို ပြန်စဉ်းစားမိရင်း၊ သူမအလိုလို မျက်ရည်ဝဲ၍ လာရပြန်သည်။

ဒေါ်သူဇာမော်က . . .

'လူသားတွေရဲ့ ရုပ်ခန္ဓာကိုပါ ပြောင်းလဲသွားစေနိုင်တယ်လို့ မင်းက ဘာကြောင့်ထင်ရတာလဲ။ ခန္ဓာကိုယ် ရုပ်လက္ခဏာ ပြောင်းလဲ တာမျိုးကို ဆိုလိုတာလား'

ဝတ်ရည်သိမ့်က မဆိုင်းမတွပင် ပြန်၍ဖြေလိုက်သည်။

'ဟုတ်ပါတယ်။ ကျွန်မ အခု ဒီနေ့တွေ့ခဲ့တဲ့ 'ချုံး'ရဲ့ နားရွက် အောက်နားဘက်မှာ အစိမ်းရောင်အကွက်တစ်ကွက် တွေ့မိတယ်။ အဲဒီအကွက်ပေါ်မှာ အဝါမျှင်ကြောင်းကလေး တစ်ကြောင်းပါရှိနေ တယ်။ အဲဒီအကွက်ကိုကြည့်မိတော့ လူသားတွေမှာရှိတဲ့ အရေပြား မျိုး လုံးဝမဟုတ်ဘူး။ ကျွန်မလက်နဲ့ပါ စမ်းကြည့်မိပါသေးတယ်။ လူသားတွေမှာ အဲဒီလိုပုံစံမျိုးနဲ့ အရေခွံမျိုးရှိတာ ကျွန်မတော့ တစ်ခါမှ မတွေ့မိဖူးသေးဘူး . .'

ဝတ်ရည်သိမ့်၏ စကားကြောင့်၊ အခန်းတွင်းရှိ လူအားလုံး ဒုတိယအကြိမ် ငြိမ်သက်တိတ်ဆိတ်သွားကြရပြန်သည်။

ထင်မှတ်ထားသည်ထက်ပင် အန္တရာယ်ကပို၍ ကြီးမားလျက် ရှိနေပေပြီ။

သက်ရှိလူသားအားလုံး၏ ခန္ဓာကိုယ်ထဲ၌ အတိုင်းအတာ ပမာဏမည်မျှအထိ ကြီးမားသည်ဟု ခန့်မှန်းနိုင်စွမ်းမရှိသည့် ရုပ်ပြောင်း





ရုပ်ကြွပြနိုင်သော အခြားဂြိုဟ်မှ သတ္တဝါကြီးတစ်ကောင်ကိန်းအောင်း ဝပ်ခိုလျှက်ရှိနေပေပြီ။

စံရန်နိုင်က . . .

'ဒီကိစ္စနဲ့ပတ်သက်ပြီး တစ်နေရာကို အကြောင်းကြား တိုင်တန်းဖို့လိုတယ်။ အခုချက်ချင်းပဲ ဒီကိစ္စ အကောင်အထည် ဖော်ကြရင်ကောင်းလိမ့်မယ်'

ဒေါ်သူဇာမော်က . . .

'ဟုတ်တယ်။ ကျွန်မတို့ဆီမှာ ထူးခြားတဲ့ ပရိတ်ကိန်းအရည် တစ်မျိုးနဲ့ သတ္တုစပ်ကျောက်ပြားကလေးတွေ ရှိနေပြီပဲ။ နောက်ပြီး ကျွန်မတို့ရထားတဲ့ အချက်အလက်တွေကို စုပြီး အစီရင်ခံစာတစ်စောင် အမြန်ရေးမယ်။ အဲဒါတွေလုပ်နိုင်ဖို့က လိုအပ်တာတွေ ကျွန်မရဲ့ ရုံးခန်းထဲမှာ အပြည့်အစုံရှိတယ်။ ကျွန်မတို့အားလုံး အဲဒီရုံးခန်းကို သွားကြမယ် . .'

ဦးမျိုးဆွေက သတ္တုစပ်ကျောက်ပြားလေးနှစ်ခုကို စားပွဲပေါ်မှ ယူ၍ သူ၏ သားရေကျောပိုးအိတ် ထူထူကြီးထဲသို့ထည့်လိုက်သည်။ ထိုကျောပိုးအိတ်ထဲ၌ စမ်းသပ်ရှာဖွေတွေ့ရှိချက်များကို ရေးသား မှတ်တမ်းတင်ထားသည့် စာရွက်စာတမ်းများပါ ထည့်ထားသည်။

ထို့နောက် ဒေါ်သူဇာမော်၏ကားပေါ်သို့ အားလုံးတက်ကြ သည်။ ဒေါ်သူဇာမော်ကိုယ်တိုင် ကားကိုမောင်းသည်။ မကြာခင်မှာ ပင် ဒေါ်သူဇာမော် အလုပ် လုပ်ကိုင်သည့် မုဒိတာဆေးဝါးကုမ္ပဏီ၏ ဓာတ်ခွဲခန်းများထားရှိရာ စတုတ္ထမြောက်အထပ်သို့ ရောက်ရှိလာကြ

သည်။

ထို့နောက် သူတို့တစ်ဖွဲ့လုံး ပြင်းထန်စွာအလုပ် လုပ်ကြသည်။ ကွန်ပျူတာဖြင့် စာစီသူ၊ မိတ္တူကူးသူ၊ စာရွက်စာတမ်းများကို စိစစ်သူ . . .

စသဖြင့် အားလုံး တာဝန်ကိုယ်စီလုပ်ကိုင်နေကြသည်။

တိုင်ကြားမှု အချက်အလက်များကို အန္တရာတိက္ကမြို့မှ ရောဂါထိန်းချုပ်ရေး ဗဟိုဋ္ဌာနသို့ သွားရောက်ပေးပို့မည်ဖြစ်သည်။ ထိုသို့ပေးပို့ရင်းနှင့် အရေးကြီးသောအချက်အလက်များကို ကိုယ်တိုင်ကိုယ်ကျ ရှင်းလင်းတင်ပြနိုင်ရန်အတွက် ဒေါ်သူဇာမော်နှင့် ဦးမျိုးဆွေလင်မယား၊ ဒေါက်တာစိမ်းသီတာတို့သုံးဦး သွားကြမည်ဖြစ်သည်။

စဝ်ရန်နိုင်က တစ်နေရာသို့ ဖုန်းဆက်နေသည်။ သူ ဖုန်းဆက်သည်မှာ ဆယ်မိနစ်ခန့် ကြာသည်။

ခေတ္တမျှအကြာ၌ တယ်လီဖုန်းကို ချလိုက်သည်။ ကျန်လူများဘက်သို့ လှည့်ကြည့်လိုက်သည်။

'ကဲ . . အဆင်ပြေပါတယ်။ အန္တရာတိက္ကမြို့ကို နောက်တစ်နာရီခွဲနဲ့ မိနစ်နှစ်ဆယ် အကြာလောက်မှာ ထွက်မယ့်လေယာဉ်တစ်စီးရှိတယ်။ အဲဒီလေယာဉ်နဲ့ လိုက်သွားနိုင်ဖို့ လေယာဉ်လက်မှတ်သုံးစောင်ကြိုပြီး မှာထားလိုက်တယ်။ အန္တရာတိက္ကမြို့ကို ဒေါက်တာစိမ်းသီတာ၊ ဒေါ်သူဇာမော်နဲ့ ဦးမျိုးဆွေတို့ သွားကြရမယ်။ အားလုံးအဆင်ပြေမှာပါ'

ဒေါ်သူဇာမော်က သားဖြစ်သူ စိုးဝေကို စိတ်မချနိုင်ဟန်





တစ်ချက်လှမ်းကြည့်သည်။

'ကိုမျိုးဆွေဖြစ်ဖြစ်၊ ကျွန်မပဲဖြစ်ဖြစ် ဒီမှာ တစ်ယောက်ယောက်နေခဲ့မှ ဖြစ်မယ်ထင်တယ်'

'စိုးဝေ'က . . .

'စိတ်ချလက်ချ သွားပါ မေမေရာ။ ကျွန်တော့်အတွက် ဘာမှ ပူမနေပါနဲ့။ အခုကိစ္စကသာ အရေးကြီးတာ'

ဒေါက်တာစိမ်းသီတာကလည်း . . .

'ရှင်တို့လင်းမယားနှစ်ယောက်လုံးပါ လိုက်မှဖြစ်မယ်။ သတ္တုစပ်ကျောက်ပြားနဲ့ ဓာတ်ခွဲစမ်းသပ်ရှာဖွေထားတာက ရှင်တို့ကိုယ်တိုင် ဖြစ်နေတယ်မဟုတ်လား'

ဒေါ်သူဇာမော် ဘာမှ ဆက်မပြောနိုင်တော့ပေ။

× × × × ×

## အခန်း (၂၅)

မုဒိတာ ဆေးဝါးကုမ္ပဏီတည်ရှိရာ အဆောက်အဦး၏ ရှေ့သို့ ကားအမျိုးအစားပေါင်းမြောက်များစွာ တဖွဲဖွဲရောက်ရှိလာကြသည်။

ပလက်ဖောင်းများပေါ်၌ ဦးတည်ရာမဲ့ လျှောက်သွားနေကြသူများ ရှေ့ဆက်မသွားကြတော့ပဲ ထိုနေရာသို့ဦးတည်၍ ဝင်လာနေကြသည်။ ရပ်လာသည့် ကားများ၏တံခါးများကို သူတို့ကပင် ဆီးကြို၍ ဖွင့်ပေးနေကြသည်။

ရှေဆုံး၌ရှိနေသည့် ကားပေါ်မှ ဦးစွာပထမဆင်းလာသူမှာ ရဲအုပ်ကြီး ဦးချစ်ထွန်းခိုင်ကိုယ်တိုင်ပင်ဖြစ်သည်။ ကားမောင်းလာသူမှာ စဝ်ရန်နိုင်၏ လက်အောက်မှ ရဲအရာရှိ 'ဗညားဝင်း'ဖြစ်သည်။





သူတို့၏နောက်မှ ဆင်းလာသူများမှာ ရဲဌာနမှ လူအချို့နှင့် သဘ္ဘာလင်းတို့မိသားစုဖြစ်ကြသည်။

ပလက်ဖောင်းများပေါ်၌ လမ်းလျှောက်နေသူအချို့က ရဲအုပ်ကြီး ဦးချစ်ထွန်းခိုင် ရှေ့၌ ရပ်တန့်လိုက်ကြသည်။ သူတို့အားလုံးက မုဒိတာဆေးဝါးကုမ္ပဏီ၏ စတုတ္ထမြောက်အထပ်မှ ဖွင့်ထားသည့် ပြတင်းပေါက်ကို လက်ညှိုးထိုး၍ပြနေကြသည်။ ထိုလူများအားလုံးက စိတ်ဓာတ်ပြောင်းလဲမှုမရှိသေးသည့် ချို့ယွင်းချက်လူသားများ စတုတ္ထမြောက်အထပ်၌ စုဝေးရောက်ရှိနေသည်ဟု တစ်ညီတစ်ညာတင်း ပြောဆိုနေကြပြန်ပေသည်။

ရဲအုပ်ကြီး ဦးချစ်ထွန်းခိုင်က နဖူးကြောများတွန့်၍ မျက်မှောင်ကြုတ်ထားသည်။ ထို့နောက် ခေါင်းတဆတ်ဆတ်ညိတ်သည်။

ရဲအုပ်ကြီးဦးချစ်ထွန်းခိုင်က မျက်မှောင်ကြုတ်ထားလျက်မှ

'ငါ့နောက်လိုက်ခဲ့ကြ။ အားလုံး စတုတ္ထထပ်ကို တက်ကြမယ်'

ရဲအုပ်ကြီး ဦးချစ်ထွန်းခိုင်ဦးဆောင်သော စိတ်ဓာတ်ပြောင်းလဲပြီးသားဖြစ်နေသူများ အုပ်စုလိုက် မုဒိတာ ဆေးဝါးကုမ္ပဏီအတွင်းသို့ အတားအဆီးမဲ့စွာ ဝင်ရောက်လာကြပေပြီ။

× × × × ×

လက်ကျန်အလုပ်များကို သန်းဆွေထိုက် ဦးဆောင်၍

တက်သုတ်ရိုက် လုပ်ကိုင်နေကြသည်။ ဝတ်ရည်သိမ့်လည်း နားရသည် ဟူ၍မရှိ။ Printer ဖြင့် စာရွက်များ ထုတ်နေပေသည်။

စိုးဝေက Printer ဖြင့် ထုတ်ပြီးသောစာရွက်များကို စု၍ ချုပ်စက်တစ်လုံးဖြင့် ချုပ်နေသည်။

ထိုအချိန်မှာပင် လျှပ်စစ်မီးရောင်မှာ ဖျော့တော့မှိန်ကျသွားသည်။ မိတ်ချည်ဖွင့်ချည် ဖြစ်နေပြန်သည်။

စံရန်နိုင် ထိုင်ရာမှထ၍ . . .

'ဘယ်လိုဖြစ်တာလဲ မသိဘူး'

အားလုံး ငြိမ်သက်စွာ ရပ်တန့်သွားကြသည်။ မည်သူမျှ လှုပ်ရှားခြင်းမရှိပဲ စိုးရိမ် တုန်လှုပ်သွားကြသည်။

ဒေါ်သူဇာမော်က . . .

'ဘာမှ မစိုးရိမ်ပါနဲ့။ ဒီမှာ မီးစက်ရှိပါတယ် . . လျှပ်စစ်မီး ပျက်သွားရင် မီးစက်ကို ဖွင့်လိုက်ရုံပါပဲ'

စိုးဝေ ပြတင်းပေါက်သို့ သွား၍ အောက်ထပ်များရှိရာဘက်သို့ အသာငုံ့ကြည့်သည်။ အောက်ထပ်များ၌ မီးလင်းနေသည်ကို တွေ့လိုက်ရသည်။

စိုးဝေက . . .

'ဟင် . . အောက်ထပ်အားလုံး မီးလင်းနေတယ်'

စံရန်နိုင်က ခေါင်းခါလိုက်သည်။

'ဒီတစ်ထပ်တည်း ကွက်ပျက်တာဆိုတော့ ဒီကိစ္စကို ကျွန်တော် မသင်္ကာဘူး။ တစ်ခုခု ဖြစ်နိုင်တယ် . .'





အောက်ထပ်ဆီမှ ဓာတ်လှေကားတက်လာသံ ခပ်သဲ့သဲ့ကို အားလုံးကြားလိုက်မိသည်။

စံရန်နိုင်က . . .

'ကဲ . . အားလုံး အမြန်ထွက်ကြမယ်။ တစ်ခုခုဖြစ်ပြီ'

ရှိသမျှ စာရွက်စာတမ်းများကို သားရေအိတ်ကြီးထဲသို့ လျှင်မြန်စွာထိုးထည့်၍ လူအားလုံးအပြင်သို့ ချက်ချင်းထွက်လိုက်သည်။ စင်္ကြံလမ်းတစ်လျှောက်လုံးမှာ မှောင်မည်းတိတ်ဆိတ်၍နေ၏။ အပေါ်မှကြည့်လိုက်လျှင် တက်လာနေသောဓာတ်လှေကားသည် သူတို့အားလုံးရှိရာ စတုတ္ထမြောက်အထပ်သို့ ရောက်လာတော့မည် ဖြစ်ကြောင်း အချက်ပြမီးက ပြသနေသည်။

ဒေါ်သူဇာမော်က ရှေ့မှနေ၍ လက်ယပ်ခေါ်သည်။ အားလုံး သူမနောက်မှ စင်္ကြံလမ်းအတိုင်းလိုက်ပါသွားကြသည်။ စင်္ကြံအဆုံးရှိ ရိုးရိုးလှေကားတစ်ခုသို့ရောက်သည်။ လှေကားအတိုင်းဆင်းလာကြစဉ် အောက်ဆုံးထပ်ဘက်ဆီမှ တံခါးဖွင့်သံကြားလိုက်ရသည်။ အားလုံး သတိကြီးစွာထား၍ လှေကားမှ ဆင်းလာနေကြသည်။

တတိယထပ်သို့ရောက်လာကြသည်။

စံရန်နိုင်က ဒုတိယထပ်သို့ ဆက်၍မဆင်းပဲ တတိယထပ် စင်္ကြံအတိုင်း ဆက်၍လျှောက်သွားသည်။ စင်္ကြံလမ်း၏အဆုံးလှေကားထိပ်၌ စံရန်နိုင် ရပ်၍စောင့်သည်။ လှေကားတံခါးမှာပိတ်ထားသည်။

လှေကားတံခါးဖွင့်ရန် ဟန်ပြင်လိုက်စဉ်မှာပင်၊ အောက်ထပ်

ဆီမှ အပေါ်သို့ တက်လာနေသည့် ခြေသံနှင့်အတူ လူရိပ်တစ်ခုကို မှန်ချပ်များမှတစ်ဆင့် လှမ်း၍မြင်လိုက်ရသည်။ စစ်ရန်နိုင်က ခေါင်းငုံ့၍ ဝပ်နေလိုက်သည်။ ကျန်လူများကိုလည်း ထိုသို့နေရန် လက်ဖြင့် အချက်ပြလိုက်သည်။

စတုတ္ထမြောက်အထပ်သို့ ဦးတည်၍ တက်လာနေကြသည့် လူပေါင်းမြောက်များစွာ၏ ခြေသံများကို ဆူညံကျယ်လောင်စွာ ကြားလိုက်ကြရသည်။

ခြေသံများပျောက်သွား၍ စိတ်ချရသောအခါမှ စစ်ရန်နိုင် တံခါးဖွင့်၍ ရှေ့မှ ဦးဆောင်ပြီးဆင်းသည်။ ကျန်လူများ သူ၏နောက်မှ လိုက်ပါလာကြသည်။

တံခါးပေါက်တစ်ခုရှေ့၌ သူတို့အားလုံး စု၍ရပ်ကြသည်။

ဒေါ်သူဇာမော်က ထိုတံခါးပေါက်မှာ အရေးပေါ်တံခါးပေါက် ဖြစ်သည်ဟုပြောသည်။ ထို့ပြင် နံရံ၌ အပေါ်ပေါ်အချက် ကရိယာ တပ်ဆင်ထားသည်။ စစ်ရန်နိုင်က အချက်ပေးကရိယာ၏ ခလုတ်ကို ပိတ်လိုက်သည်။

စစ်ရန်နိုင်က လူစုံ၊ မစုံ စစ်ဆေးကြည့်သည်။

ထို့နောက် စစ်ရန်နိုင်က . .

'ကဲ . . အားလုံး ကားပေါ်တက်မယ်။ ကားကို ကျွန်တော် ကိုယ်တိုင်မောင်းမှ ဖြစ်မယ်။ ကားသော့ ကျွန်တော့်ကိုပေး'

ဒေါ်သူဇာမော်က ကားသော့လှမ်းပေးသည်။

စစ်ရန်နိုင်က ရှေ့မှဦးဆောင်သည်။ ကျန်လူများအားလုံး





သူ့နောက်မှ ခေါင်းငုံ့၊ ခါးကိုင်း၍ ပြေးဆင်းလာကြသည်။ တစ်မိနစ်မျှ အချိန်အတွင်းမှာပင် ကားထဲသို့ အားလုံးရောက်လာကြသည်။

စစ်ရန်နိုင်က ကားစက်နှိုး၍ တစ်ရှိန်ထိုး မောင်းထွက်လိုက်သည်။ လုံခြုံရေးဂိတ်ဝ၌ တားထားသည့် သစ်သားတန်းကိုပါ ဝင်တိုက်ပစ်လိုက်သည်။

စိုးဝေက နောက်ဘက်သို့ လှည့်ကြည့်သည်။

မှောင်မည်းနေသော စတုတ္ထမြောက်အထပ်ကို အမှတ်မထင် လှမ်းကြည့်မိသည်။ စတုတ္ထမြောက်အထပ်ရှိ ပြတင်းပေါက်၌ အရောင်တဖိတ်ဖိတ်လက်နေသည့် မျက်လုံးပေါင်းများစွာကို လှမ်း၍ မြင်လိုက်ရသည်။ ထိုမျက်လုံးများမှာ သားစားတိရစ္ဆာန်ရိုင်းများ၏ ညအမှောင်ထဲမှ မျက်လုံးများနှင့် လွန်စွာတူလှပေသည်။ စိုးဝေ၏ ကျောရိုးတစ်လျှောက် စိမ့်တက်၍သွားမိသည်။

စစ်ရန်နိုင်က ကားကို အမြန်မောင်းနေသည်။

သူတို့၏နောက်သို့ အုပ်စုလိုက်ဖွဲ့ပြီး လိုက်လာသူများမှာ မည်သူများဖြစ်နိုင်သနည်းဟု ပြောဆိုမိကြသည်။ သို့သော် မည်သို့မျှ အဖြေရှာ၍ မရကြပေ။ ဤနေရာ၌ မိမိတို့ရှိနေသည်ကို တစ်စုံတစ်ဦးက အကြောင်းကြား၍သာ သိနိုင်ခြင်းပင်ဖြစ်မည်။ ဤသို့ဆိုလျှင် လက်ထောက်ချသတင်းပေးမည့်သူမှာ လုံခြုံရေးဂိတ်မှ လူပင်ဖြစ်ရပေမည်။ ထိုလူမှာလည်း ရောဂါရနေသူများဘက်မှ လူပင်ဖြစ်ရပေမည်ဟု ဒေါ်သူဇာမော်တွေးနေမိသည်။

မကြာခင်မှာပင် လေဆိပ်ခန်းမထဲသို့ ရောက်လာကြသည်။

ထိုအချိန်အထိ စိတ်မချရသေး။ ကြီးမားသောအန္တရာယ် ရှိနေသေးကြောင်း အတွေ့အကြုံအရ စစ်ရန်နိုင် ရိပ်စားမိသည်။

အသံချဲ့စက်မှ အန္တရာတိက္ကမြို့သို့ ထွက်ခွာမည့် လေယာဉ် ခရီးစဉ်နှင့် ထွက်ခွာတော့မည့်အကြောင်း ကြေငြာနေသည်။

ဒေါက်တာစိမ်းသီတာနှင့် ဒေါ်သူဇာမော်တို့ လင်မယားနှစ် ဆက်၍ ဂိတ်ပေါက်ဝ၌ မှတ်ပုံတင်များပြလျှက် ဝင်သွားကြသည်။ ခေတ္တမျှအကြာ၌ လေယာဉ်တစ်စီး ညဥ့်အမှောင်ကောင်းကင်ယံသို့ ပျံတက်သွားလေသည်။

စစ်ရန်နိုင်က ပြတင်းပေါက်မှ လှမ်း၍ကြည့်ရင်းမှ သက်ပြင်း တစ်ချက် မှုတ်ထုတ်လိုက်သည်။

'အင်း . . သူတို့သုံးယောက်ကတော့ အန္တရာတိက္ကမြို့ကို သွားကြပြီး ချောချောမောမောဖြစ် . .'

စစ်ရန်နိုင် စကားဆုံးအောင် မပြောနိုင်တော့ပေ။

သူတို့လူစုရှိရာ ဂိတ်ပေါက်အမှတ်သုံးသို့ လူအုပ်စုတစ်စု ခပ်သုတ်သုတ်လာနေကြသည်။ ထိုလူအုပ်စုကြီးကို ရဲအုပ်ကြီး ဦးချစ်ထွန်းခိုင်နှင့် ဗညားဝင်းတို့ နှစ်ဦးက လူအုပ်စုကြီးကို ဦးဆောင်၍ လာနေကြောင်း စစ်ရန်နိုင် လှမ်း၍မြင်လိုက်သည်။

စစ်ရန်နိုင် မသိမသာမျက်နှာပျက်သွားသည်။

ဝတ်ရည်သိမ့်က မေးမည်ပြုစဉ် စစ်ရန်နိုင်က သူတို့လူစု အားလုံးကို နောက်ဘက်ရှိ တံခါးပေါက်သို့ အတင်းတွန်းထုတ်ပစ် သည်။





သန်းဆွေထိုက်က နားမလည်နိုင်ပဲ . .

'ဘာဖြစ်လို့လဲ'

စစ်ရန်နိုင် ပြန်မဖြေနိုင်။ တံခါးပေါက်၏ လက်ကိုင်ဘေးရှိ ပိတ်လှည့်သောပေါက်ကို အမြန်ဖွင့်နေသည်။

တံခါးပွင့်လျှင် . .

'အားလုံး . . အမြန်ဝင်ကြ'

အားလုံး ဘာမှုနားမလည်ပဲ စစ်ရန်နိုင် ပြောသည့်အတိုင်း အတွင်းသို့ဝင်သည်။ ထို့နောက် သတ္တုလှေကားလေးတစ်ခုအောက် ထပ်သို့ ဆင်းကြသည်။ ချိုးကွေ့၍ စင်္ကြံလမ်းအတိုင်း အမြန်လျှောက် သွားကြသည်။ စင်္ကြံလမ်းအဆုံး၌ အပြင်သို့ထွက်သည့် တံခါးပေါက် တစ်ခုရှိသည်။

ထိုတံခါးပေါက်၏ဘေး၌ နံရံကပ် ဘီရိုတစ်ခုရှိသည်။ ဘီရို တံခါးကို စစ်ရန်နိုင် ဆွဲဖွင့်လိုက်၏။ အတွင်း၌ မိုးကာအင်္ကျီများ ချိတ်ထားသည်ကိုမြင်ရသည်။ စစ်ရန်နိုင်က မိုးကာအင်္ကျီများကို တစ်ထည်စီယူ၍ပေးပြီး အမြန်ဝတ်ရန် ခေါင်းစွပ်ပါစွပ်ရန် ပြောသည်။

ဝတ်ရည်သိမ့်က . . .

'စစ်ရန်နိုင် . . ရှင် ဘယ်သူ့ကို မြင်မိလို့လဲ'

စစ်ရန်နိုင်က ပခုံးတစ်ချက်တွန့်လိုက်ပြီး . . .

'ငါ့ဌာနကရဲအုပ်ကြီး ဦးချစ်ထွန်းခိုင်နှင့် ဗညားဝင်းလေ။ သူတို့လည်း ရောဂါဖြစ်တဲ့ ဟိုလူတွေဘက်က လူတွေဖြစ်နေတာ သေချာသွားပြီ။ အခု သူကိုယ်တိုင် ဦးဆောင်ပြီး ငါတို့နောက်ကို

လိုက်နေတာ . .'

နံပါတ်လှည့်သော့စနစ်ဖြင့် တံခါးပေါက်ကိုဖွင့်၍ ထွက်သည်။ နံပါတ်သုံးဂိတ်၏ စကြံတံတားအောက်ဘက်တည့်တည့်၌ရှိသော လေယာဉ်ကွင်းထဲသို့ သူတို့လူစု ရောက်လာကြတော့သည်။

လေယာဉ်ကွင်း၏ အနေအထား ဝင်ပေါက်၊ ထွက်ပေါက်နေရာများကို စဝ်ရန်နိုင်က ကျွမ်းကျင်စွာသိရှိထားသဖြင့် နောက်မှ လိုက်လာကြသူများ၏ အန္တရာယ်ကို လက်တစ်လုံးခြား ကြိုတင်ရှောင်ရှားနိုင်နေခြင်းဖြစ်သည်။

မိနစ်အနည်းငယ်အတွင်းမှာပင် မည်သည့်အန္တရာယ်နှင့်မျှ မကြုံရပဲ လေဆိပ်ထွက်ပေါက်မှတစ်ဆင့် အပြင်သို့ထွက်လာနိုင်ခဲ့ကြလေသည်။

စဝ်ရန်နိုင်က . . .

'ငါတို့အားလုံး ဘတ်(စ်)ကားနဲ့ပဲ မြို့လယ်ကို ပြန်ကြရအောင်။ ပြီးတော့မှ ငါ့ကားကိုသွားယူမယ်'

စိုးဝေက . .

'ကျွန်တော့်အိမ်က ကားထားခဲ့ရမှာလား . . ဆရာ'

စဝ်ရန်နိုင်က . .

'မင်း ဘာမှပူမနေနဲ့။ မနက်ကျမှ မင်းအိမ်က ကားကို ငါ သွားပြီးယူပေးမယ်'

ဘတ်စ်ကားမှတ်တိုင်ရှိရာသို့ လျှောက်လာကြရင်းမှ သန်းဆွေထိုက်က . .





'အင်း . . သူတို့သုံးယောက် အန္တရာတိက်ကမြို့ကို သွားကြတာ အဆင်ပြေပါစေလို့ပဲ ဆုတောင်းရတော့မယ်'

ဝတ်ရည်သိမ့်က . . .

'ရောဂါထိန်းချုပ်ရေးဗဟိုဋ္ဌာနက ကျွမ်းကျင်အရေးပါအရာရောက်တဲ့ ပုဂ္ဂိုလ်တွေနဲ့ တွေ့မှဖြစ်မယ်။ ငါတို့မှာ ဒီရောဂါကိုကာကွယ်တားထိန်းနိုင်ဖို့အတွက် ဒီတစ်ချက်ပဲ အားကိုးစရာကျန်တော့တယ်'

× × × × ×

အခန်း (၂၆)

ချူးသည် ခမ်းနားကြီးမားထည်ဝါလှန်းလှသည့် တိုက်ကြီး၏ အကောင်းဆုံး အခန်းတစ်ခန်းကို သူ့အတွက်ယူထားသည်။

လသာဆောင်ဘက်သို့ သူထွက်လာသည်။

အောက်ဘက်၌ စိမ်းမြသော မြက်ခင်းပြင်နှင့် ကြည်လင်ပြာ လဲနေသော ရေကူးကန်နှစ်ခုနှင့် လှပစွာဖူးပွင့်နေကြသည့် ရောင်စုံ ပန်းခင်းများကိုတွေ့နေရသည်။

ထက်ပိုင်ခေါင်နှင့် သူ၏ကုမ္ပဏီ၏ အထက်တန်းအဆင့်ရှိ သူများ အလုပ်များအပြီးသတ်လုပ်ကိုင်နေကြသည်။

ထက်ပိုင်ခေါင်းက . . .

'ကျွန်တော်တော့ အခုလိုလုပ်ကိုင်နေရတာ အဆော်ဒိတ်ချမ်း





သာနေမိတယ်'

ချူးက . . .

'ကျွန်တော်လည်း စိတ်ချမ်းသာနေမိတာ အမှန်ပါပဲ။ လုပ်ငန်းအခြေအနေတွေ ဒါ့ထက်ပိုကောင်းလာစရာပဲ ရှိတော့တယ်'

ချူး သူ၏ညာဘက်မျက်နှာပြင်ပေါ်ရှိ နားရွက်အောက်ဘက်မှ အသွင်ပြောင်းလဲနေသည့် အစိမ်းရောင်အရေခွံကိုကိုလက်ဖြင့် စမ်းလိုက်မိသည်။ ခန္ဓာအသွင်ပြောင်း အရေခွံ၏ထိတွေ့ခံစားမှုမှ ထူးခြားချက်ကြောင့် သူ့ကိုယ်သူ ကျေနပ်အားရဝမ်းမြောက်နေမိသည်။

ထိုစဉ်မှာပင် စားပွဲပေါ်ရှိ တယ်လီဖုန်း သုံးလုံးထဲမှ အနီရောင် တယ်လီဖုန်းမှ အသံမြည်၍လာသည်။

ချူး ဖုန်းခွက်ကို ကောက်ယူလိုက်သည်။

'ဩော် . . ရဲအုပ်ကြီး ဦးချစ်ထွန်းခိုင်လား။ ကောင်းတယ် . . သိပ်ကောင်းတာပဲ။ အခုလိုကြိုးစားဆောင်ရွက်တာ ကျေးဇူးတင်ပါတယ်'

ထက်ပိုင်ခေါင် လှမ်း၍ကြည့်သည်။

တစ်ဘက်မှပြောနေသည်ကို သူလည်း သိလိုသော်လည်း အသံမကြားရ။ ချူး၏ မျက်နှာပြင်ပေါ်၌ တောက်ပသော အပြုံးရိပ်တို့ လွှမ်းခြုံ၍နေသည်ကိုသာ တွေ့ရသည်။

ချူးက ဆက်၍ပြောသည်။

'သူတို့လူစု အန္တရာတိက္ကမြို့မှာရှိတဲ့ ရောဂါထိန်းချုပ်ရေး ဌာနကို လေယာဉ်ပျံနဲ့ သွားနေကြပြီပေါ့။ ဟုတ်ပါပြီ . . အခုလို

အကြောင်းကြားတာ ကျေးဇူးတင်တယ်။ ဘာမှစိုးရိမ်စရာပါဘူး . .
သူတို့ဘာမှ ဖြစ်မလာနိုင်ပါဘူး . . စိတ်ချစမ်းပါ'

ချူး နောက်ထပ်တစ်နေရာသို့ ဖုန်းဆက်လိုက်သည်။

တစ်ဘက်မှ ဆက်သွယ်မှုရလျှင် . .

'ဟုတ်ကဲ့ . . ဒေါက်တာ ဥက္ကာလား။ ကျွန်တော် ချူးပါ
ကျွန်တော်တို့ ပြောထားတဲ့လူတစ်စု ကြိုတင်တွက်ထားတဲ့အတိုင်း
အန္တရာတိက္ကမြို့ကို လေယာဉ်နဲ့လာနေကြပြီ။ အင်း . . မနက်ဖြန်မှာ
ရောဂါထိန်းချုပ်ရေးဗဟိုဌာနကို သူတို့ရောက်လာကြလိမ့်မယ်။ မ
ပါဘူးဗျာ . . ကျွန်တော်တို့ ကြိုတင်ဆွေးနွေးထားတဲ့အတိုင်း ကြည့်လုပ်
လိုက်ပါ . . ဟုတ်တယ်။ ဒါပဲ'

ချူး ဖုန်းချလိုက်သည်။

ထက်ပိုင်ခေါင်က မျက်မှောင်တွန့်လျှက် . .

'ချူး . . ပြဿနာ ကြီးကြီးမားမား ဖြစ်လာနိုင်သလား'

ချူးက မျက်မှောင်ကြုတ်လျှက် . .

'ဘာမှ မဖြစ်နိုင်ပါဘူး။ ပူမနေစမ်းပါနဲ့ ကိုထက်ပိုင်ခေါင်
သူတို့ ဘာမှ မတတ်နိုင်ကြပါဘူး'

ချူးနှင့် ထက်ပိုင်ခေါင်တို့ လသာဆောင်ဘက်သို့ ထွက်လာ
ကြသည်။

ကောင်းကင်ယံသို့ ချူး တစ်ချက်မော့ကြည့်လိုက်၏။
အောက်ဘက်၌ ထွန်းထားသည့် မီးများကိုပိတ်ရန် လက်ထောက်
တစ်ဦးကို အမိန့်ပေးလိုက်သည်။ မကြာခင်မှာပင် အောက်ဘက်ရှိ





မီးများအားလုံး ပိတ်၍သွားလေသည်။

ချူးနှင့် ထက်ပိုင်ခေါင်တို့ အောက်ဘက်သို့ ဆင်းလာကြပြီး
မြက်ခင်းပြင်ပေါ်၌ ရပ်လိုက်ကြ၏။ နှစ်ဦးစလုံး ကောင်းကင်ယံသို့
မော့ကြည့်လိုက်ကြသည်။

ချူး၏ မျက်လုံးအစုံမှာ ထူးခြားသော အလင်းတန်းများဖြာ၍
ထွက်ပေါ်လာသည်။ ထိုအလင်းတန်းများသည် ကောင်းကင်ယံသို့
ထိုး၍တက်သွားသည်။ တခဏခြင်းမှာပင် ကောင်းကင်ယံရှိ ကြယ်များ
ပို၍ လင်းလက်တောက်ပလာကြသည်။ နဂါးငွေ့တန်းကြယ်စုံ၏
ဗဟို ချက်မ၌တည်ရှိနေသော ကြယ်များမှာ ထူးခြားစွာပို၍
တောက်ပလာကြသည်။

ထက်ပိုင်ခေါင်က၊ မော့ကြည့်နေရင်းမှ

'ချူး . . အချိန် ဘယ်လောက်ကြာမှာလဲ'

ချူးက တည်ငြိမ်စွာဖြင့် . . .

'သုံးစက္ကန့်ပဲ ကြာလိမ့်မယ်'

ချူး ပြောပြီးသည်နှင့် ကောင်းကင်ယံမှ ကြယ်များကြွေ၍
ကျလာနေပေသည်။ ကြွေနေသော ကြယ်များမှ အလင်းရောင်များမှာ
ကောင်းကင်ယံတစ်ခုလုံး လင်းထိန်၍နေပေသည်။

မရေမတွက်နိုင်လောက်သော ကြယ်ပွင့်များ ဆက်ခါ
ဆက်ခါ ကြွေ၍နေသည်။ ကောင်းကင်ယံ၌ ရောင်စုံမီးရှူးမီးပန်းများ
လွှတ်တင်ထားသည်နှင့် တူလှပေသည်။

ချူးက ကျေနပ်အားရသော လေသံဖြင့် . . .

'ကြယ်တွေ ကြွေတာ ကြည့်ရတာ၊ သိပ်လှတာပဲ'

ထက်ပိုင်ခေါင်က မျက်မှောင်ကြုတ်ထားရင်းမှ

'ဟုတ်တယ်၊ ကြည့်လို့မဝနိုင်အောင်ကို အရမ်းလှတယ်'

ချူးက . . .

'ဒါ . . စကြာဝဠာက မိတ်ဆွေယာဉ်ပျံတွေ နောက်ဆုံး အခေါက်အဖြစ် ဆင်းလာကြတာပဲ . .'

× × × × ×

ရောဂါထိန်းချုပ်ရေးဗဟိုဌာန၏ အကြီးအကဲ ဒေါက်တာ ဒေဝသည် သူ၏လက်အောက်မှ ဌာနမှူးများအား အရေးပေါ် အစည်းအဝေးတစ်ခုပြုလုပ်ရန် ခေါ်ထားသည်။

ရောဂါစူးစမ်းရှာဖွေရေးဌာနမှူး၊ တုပ်ကွေးရောဂါဆိုင်ရာ ဌာနမှူး၊ ဗိုင်းရပ်စ်ပိုးမွှားဆိုင်ရာဌာနမှူး၊ ကူးစက်ရောဂါဆိုင်ရာဌာနမှူး၊ အသက်ရှုလမ်းကြောင်းဆိုင်ရာဌာနမှူးတို့ တက်ရောက်လာကြသည်။

ဒေါက်တာစိမ်းသီတာက အခြေအနေကို ပွင့်လင်းစွာပင် တင်ပြလိုက်သည်။ ဌာနမှူးများက သူမတင်ပြသော အစီရင်ခံစာကို ဝိုင်း၍ ဖတ်နေကြသည်။ ဒေါက်တာ ဒေဝက သူ၏ ဌာနမှူးများကို ငေး၍ကြည့်နေသည်။

ဦးမျိုးဆွေက စိတ်မရှည်နိုင်တော့ပေ။

'ကျွန်တော်ဟာ ရူပဗေဒဆိုင်ရာ ပါရဂူတစ်ယောက်ပါ။





ဟောဒီ သတ္တုစပ်ကျောက်ပြားကလေးဟာ ဒီကမ္ဘာပေါ်မှာ မရှိသေးတဲ့ သတ္တုတစ်မျိုးနဲ့ လုပ်ထားပါတယ်'

ဒေါက်တာဒေဝက ယွန်းဗန်းကလေးအတွင်း၌ ထည့်ထားသော သတ္တုစပ်ကျောက်ပြားလေးနှစ်ခုကို ကောက်ယူ၍ လှည့်ပတ်ကြည့်ရှုနေသည်။

ဦးမျိုးဆွေကပင် ဆက်၍ . .

'ဒီပစ္စည်းတွေဟာ သဘာဝအလျောက် ဖြစ်လာတာ မဟုတ်ပါဘူး။ သိပ္ပံနည်းပညာ အထွဋ်အခေါင်အမြင့်မားဆုံး တတ်ကျွမ်းထားတဲ့ လူသားအမျိုးအနွယ် အဖွဲ့အစည်းတစ်ခုက လုပ်ထားတဲ့ ပစ္စည်းပါပဲ။ တစ်ခြားဂြိုဟ်ကမ္ဘာတစ်ခုမှာနေထိုင်တဲ့ လူမျိုးစုတစ်ခု၊ ဒါမှ မဟုတ် ဂြိုဟ်သားမျိုးနွယ်စု တစ်စုကလုပ်ထားတဲ့ ပစ္စည်းပါ . .'

ဦးမျိုးဆွေ ပြောသည့်အချက်ကို ဒေါက်တာဒေဝက နားလည်သဘောပေါက်ဟန်ဖြင့် မသိမသာပြုံး၍ ခေါင်းညိတ်သည်။ သတ္တုစပ်ကျောက်ပြားလေး နှစ်ခုထည့်ထားသော ယွန်းဗန်းအနက်ကလေးကို အထွေထွေရောဂါရှာဖွေရေးဌာနမှူး ဒေါက်တာထွန်းခဲ၏ လက်ထဲသို့ တွန်း၍ပေးလိုက်သည်။ ဒေါက်တာထွန်းခဲက သတ္တုစပ်ကျောက်ပြားလေးတစ်ခုကိုယူ၍ကြည့်ပြီး . . .

'အင်း . . ဒါလေးက အတော်လေးပြီး အေးစိမ့်နေတာပဲ'

ထို့နောက် ဗိုင်းရပ်စ်ပိုးမွှားဆိုင်ရာ ဌာနမှူး ဒေါက်တာ မိုးနိုင် လက်ထဲသို့ လွှဲပေးလိုက်သည်။

ဒေါက်တာဒေဝက မသိမသာ မျက်မှောင်ကြုတ်လျက် . .

မိုးဆမ်းပန်းစာပေ

'ဒါဆို . . ခင်ဗျားတို့နေတဲ့မြို့မှာ ဒီလိုဟာမျိုးလေးတွေ အများကြီးရှိနေမှာပေါ့'

ဒေါက်တာစိမ်းသီတာက . .

'ထောင်နဲ့သောင်းနဲ့ချီပြီးတော့ ရှိနေပါပြီ။ အဓိကအချက်က ခန္ဓာကိုယ်ထဲမှာရှိနေပြီးသား မွေးရာပါဗိုင်းရပ်စ်ကနေ ရောဂါပြန့်ပွား နေတဲ့အချက်ပါပဲ။ လွန်ခဲ့တဲ့ နှစ်သန်းပေါင်းမြောက်များစွာ အချိန် ကတည်းက သက်ရှိသတ္တဝါအားလုံးရဲ့ ခန္ဓာကိုယ်ထဲမှာ အဲဒီဗိုင်းရပ်စ် ပိုးမွှားဟာ အလိုအလျောက် တည်ရှိပုန်းအောင်နေခဲ့ကြပါတယ်။ အံ့ဩဖို့ကောင်းတာကတော့ . . . 

ကြောက်စရာအကောင်းဆုံး အချက်ကတော့ ဒီဗိုင်းရပ်စ်ပိုးဟာ တစ်ခြား စကြာဝဠာတစ်ခုကနေ ရောက်လာတယ်ဆိုတဲ့ အချက်ပါပဲ'

ဒေါက်တာဒေဝက ယွန်းဗန်းထဲ၌ထည့်ထားသော သတ္တုစပ် ကျောက်ပြားလေးများကို လက်ညှိုးထိုးလျှက် . .

'ခင်ဗျားတို့ပြောတဲ့ ဗိုင်းရပ်စ်ပိုးကို ဒီသတ္တုခွက်ထဲမှာ ရှိနေတဲ့ စကြာဝဠာယာဉ်ပျံကလေးတွေက သယ်လာတာလို့ ပြောချင်တာလား'

ဒေါက်တာစိမ်းသီတာ၏ စိတ်ထဲ၌ နှောက်ကျို၍သွားသည်။ သူမ အလွန်ပင်ပန်းနွမ်းနယ်နေသည်။ သူမတို့သုံးဦးစလုံး တစ်ညလုံး အနားမယူနိုင်ကြ။

ဒေါက်တာစိမ်းသီတာက သူမ၏စိတ်ကိုထိန်းချုပ်လိုက်ပြီး

'ဒီကိစ္စဟာ အမှန်တကယ်ဖြစ်နေတဲ့ကိစ္စပါ။ ပော 
သတ္တုစပ်ကျောက်ပြားကလေးတွေထဲကနေ သက်ရှိဇီဝရုပ်တွေကို





အဝါရောင်အရည်ကလေးတွေ ထိုးသွင်းပေးနိုင်စွမ်းရှိပါတယ်။ အဲဒီ အဝါရောင်အရည်စက်ကလေးတစ်စက်ကို ကံကောင်းထောက်မစွာ ကျွန်မတို့ရခဲ့ပါတယ်။ အဲဒီအရည်ကို ခွဲခြမ်းစိတ်ဖြာကြည့်လိုက်တော့ ပရို တိန်းတစ်မျိုးကို ထပ်တွေ့ရပါတယ်။ အဲဒီ ထူးကဲပရိုတိန်းဟာ သက်ရှိ D.N.A မှာထဲရှိနေတဲ့ ဆဲလ်တွေနဲ့ ဗိုင်းရပ်စ်ပိုးတွေကို လှုံ့ဆော်ထကြွ မှုပေးစေနိုင်ပါတယ်'

သူတို့၏ဆွေးနွေးမှုကို ခေတ္တမျှ ရပ်နားလိုက်ကြသည်။

× × × × ×

အနားယူချိန် တစ်နာရီမျှသာကြသည်။

ချက်ချင်းဆိုသလိုပင် ဒေါက်တာ ဒေဝ၏ ရုံးခန်းသို့ သုံးဦး သားပြန်လာကြသည်။

ဒေါက်တာစိမ်းသီတာ စိတ်လှုပ်ရှားနေ၍ ဒေါ်သူဇာမော်က ပင် လိုအပ်ချက်များကို ဦးဆောင်ဆွေးနွေးသည်။ သို့သော် ဆွေးနွေး နေရင်းမှ ဆယ်မိနစ်မျှအကြာ၌ စိတ်ပျက်စရာဖြစ်လာရလေတော့ သည်။

ရောဂါထိန်းချုပ်ရေးဗဟိုဌာနမှ ဌာနမှူးများ၏ မေးမြန်းချက် များမှာ အတတ်ပညာပိုင်းဆိုင်ရာ မေးမြန်းချက်များသာဖြစ်သည်။ လက်တွေ့ကျကျ လုပ်ဆောင်ပေးရန်အတွက် ပြောဆိုခြင်းမျိုးလုံးဝ မရှိသည်ကို သိလာရသဖြင့် အခြေအနေမကောင်းတော့ဟု ဒေါက်တာ

စိမ်းသီတာ နားလည်လိုက်သည်။

ဒေါ်သူဇာမော်အနေဖြင့် သူတို့မေးသမျှကို ဖြေနေပေသည်။ အခြေအနေကို သူမရိပ်စားမိပုံမရပေ။

ဒေါက်တာစိမ်းသီတာ သက်ပြင်းချလိုက်မိသည်။

ဆေးရုံအုပ်ကြီး ဒေါက်တာအောင်မင်းခဲက ရောဂါထိန်းချုပ် ရေးဗဟိုဌာနမှ ဒေါက်တာဥက္ကာအား . .

'အန္တရာတိက္ကမြို့မှာရှိတဲ့ ရောဂါထိန်းချုပ်ရေးဗဟိုဌာနက လူတွေပါ စိတ်ဝင်စားနိုင်မယ့် လက်ဆောင်တစ်ခု ပေးလိုက်ချင်လို့ပါ'

ဟုပြောခဲ့သည်ကို ဒေါက်တာစိမ်းသီတာ ပြန်၍ကြားယော မိသည်။

ထိုလက်ဆောင်ပစ္စည်းမှာ၊ မည်သည့်အရာကို ဆိုလိုကြောင်း ယခုမှပင်· နားလည်သဘောပေါက်လာမိလေတော့သည်။ ဆေးရုံအုပ်ကြီး ဒေါက်တာအောင်မင်းခဲ၏ လက်ဆောင်မှာ သတ္တုစပ် ကျောက်ပြားကလေးသာလျှင် ဖြစ်ရပေတော့မည်။

သူမသည် ရောဂါထိန်းချုပ်ရေးဗဟိုဌာနမှ လူများကို မသိ မသာ အကဲခတ်လိုက်သည်။ မျက်မှောင်ကြုတ်ထားသူများကိုသာ တွေ့နေရသဖြင့် ဤလူများအားလုံး တုပ်ကွေးရောဂါ၏ နောက်ဆက် တွဲရောဂါရထားကြသူများပင် ဖြစ်ရမည်ဟု စဉ်းစားမိလာသည်။ သူတို့သည် ယခုအခြေအနေမျိုးအထိ ပျံ့နှံ့ကူးစက်နေသည့် ရောဂါကို ထိန်းချုပ်တားဆီးရန် စိတ်ဝင်စားပုံ လုံးဝမရှိကြပေ။

သူမတို့သုံးဦး ဤကိစ္စနှင့်ပတ်သက်၍ မည်သည့်အတိုင်း





အတာထိ သိရှိထားပြီးဖြစ်သည်ကိုသာ စုံစမ်းနေခြင်းဖြစ်ကြောင်း နားလည်မိလိုက်လေသည်။

ဒေါက်တာစိမ်းသီတာ ထိုင်ရာမှ မတ်တတ်ရပ်လိုက်သည်။ ဒေါ်သူဇာမော်၏ လက်ကိုဆွဲလိုက်ပြီး . . .

'ကဲ . . ဒေါ်သူဇာမော် ကျွန်မတို့ သိပ်ပင်ပန်းနေပြီ။ နည်းနည်းလောက် အနားယူဦးမှဖြစ်မယ်'

ဒေါ်သူဇာမော်က နားမလည်နိုင်ဟန်ဖြင့် သူမကို မော့်ကြည့်သည်။

ဒေါက်တာစိမ်းသီတာကပင် ဆက်၍

'ကဲ . . ဆရာကြီးဦးမျိုးဆွေ။ ရှင်လည်း အနားယူဖို့လိုတယ်'

ဒေါက်တာဒေဝီက . . .

'ဘာများ ထွေထွေထူးထူးကိစ္စရှိလို့လဲ ဒေါက်တာစိမ်းသီတာ'

သူမက ခေါင်းခါပြလိုက်သည်။

'ဘာမှ မဖြစ်ပါဘူး။ ကျွန်မတို့သုံးယောက်လုံး ညက တစ်မှေး မှ မအိပ်ရသေးဘူး။ အရမ်းပင်ပန်းနေကြတယ်။ နည်းနည်းလောက် အနားယူပြီး အိပ်ချင်လို့ပါ။ ဒီအနားက ကြယ်တာရာဟိုတယ်မှာပဲ ကျွန်မတို့ သွားပြီး အနားယူကြမှာပေါ့'

ဒေါက်တာစိမ်းသီတာက သူမနှင့် ဒေါ်သူဇာမော်တို့ ပေးထားသည့် အစီရင်ခံစာများကို ဒေါက်တာဒေဝ၏ စားပွဲပေါ်မှသွား၍ ယူသည်။ သို့သော် ဒေါက်တာဒေဝက ထိုအစီရင်ခံများကို လက်ဖြင့် အတင်းဖိ၍ထားရင်းမှ . . .

'ခင်ဗျားတို့ အနားယူနေတုန်း၊ ကျွန်တော်တို့ ဖတ်ကြည့်ချင်လို့ပါ'

'ကောင်းပါပြီ . .'

ဒေါက်တာစိမ်းသီတာ ပို၍ နားလည်မိလိုက်သည်။ ဤအခြေအနေသည် ကောင်းသောအခြေအနေ မဟုတ်နိုင်တော့။

ဒေါက်တာစိမ်းသီတာ နောက်ဘက်သို့ ပြန်လှည့်လာသည်။ ဒေါ်သူဇာမော်၏ လက်ကိုဆွဲယူလိုက်သည်။

ဒေါ်သူဇာမော်က . .

'ကျွန်မအနေနဲ့ . .'

ပြောရင်း ဒေါ်သူဇာမော်၏မျက်လုံးများ ဒေါက်တာစိမ်းသီတာ၏ မျက်လုံးများနှင့် ဆုံလိုက်မိသည်။ ဒေါက်တာစိမ်းသီတာ၏မျက်နှာမှာ ထူးခြားမှုရှိနေကြောင်း ရိပ်စားလိုက်မိသည်။ မိမိ မသိရှိသေးသည့်အချက်တစ်ခု ဒေါက်တာစိမ်းသီတာ သိနေပြီဖြစ်မှန်း သူမနားလည်လိုက်သည်။ ဒေါ်သူဇာမော်ပါ တိုင်ရာမှထလိုက်သည်။

ဒေါက်တာစိမ်းသီတာက၊ ဒေါက်တာဒေဝဘက်သို့လှည့်၍

'ကျွန်မတို့ နေ့လည်စားကြဦးမှာပါ။ အများဆုံး နှစ်နာရီလောက်ပဲ ကြာမှာပါ။ ပြီးတော့ ဒီကိုပဲ ပြန်လာခဲ့မယ်လေ'

ဒေါက်တာဒေဝက မျက်မှောင်ကြုတ်လျက် . .

'ကောင်းပါတယ်။ အဲဒီအချိန်လောက်ဆို အားလုံးအဆင်ပြေကြမှာပါ'





ဦးမျိုးဆွေကတော့ အခြေအနေကို လုံးဝ နားမလည်သူဖြစ်မှန်း သိသာသည်။ ခြေချင်းချိတ်၍ ထိုင်ပြီး စာရွက်များကိုလှန်နေပေသည်။

ဦးမျိုးဆွေက . . .

'ငါတော့၊ ဒီမှာပဲ နေရစ်ခဲ့မယ်။ မင်းတို့ပဲ သွားကြလေ . .'

ဒေါ်သူဇာမော်က စိတ်မရှည်စွာဖြင့် ဦးမျိုးဆွေကို ဆွဲတူလိုက်သည်။

'ရှင်ပါ . . လိုက်ခဲ့မှဖြစ်မယ်'

ထို့နောက်၊ ဒေါက်တာဒေဝနှင့် သူ၏ဌာနမှူးများအား ပြုံးပြလိုက်သည်။ သူတို့ကလည်း မျက်မှောင်ကြုတ်ထားရာမှ မပြုံးချင်ပြုံးချင် အားတင်း၍ပြန်ပြုံးကြသည်။

သုံးဦးသား ရုံးခန်းအပြင်သို့ထွက်လာကြသည်။

ဦးမျိုးဆွေက ယခုကဲ့သို့လိုက်လာရသည်ကို ကျေနပ်ပုံမရ။

ဒေါ်သူဇာမော်က . . .

'တိတ်တိတ်နေ။ နောက်မှပဲ ပြောကြမယ်'

ဓာတ်လှေကားထဲသို့ ဝင်လိုက်ကြ၏။ ဓာတ်လှေကားစီးသူများအားလုံး မျက်မှောင်ကြုတ်ထားကြသည်။ ထိုလူများက ကမ္ဘာကြီးပျက်စီးလာသည့်အကြောင်း ပြောပြနေပေသည်။

အန္တရာတိက္ကမြို့သို့ ခြေချမိချိန်၌ သွားလာရေး အဆင်ပြေစေရန် ကားတစ်စီး ငှားရမ်းထားသည်။

ကားပေါ်သို့ရောက်လျှင် ဦးမျိုးဆွေက ကားကိုစက်နှိုးလိုက်

၏။ ထို့နောက် မကျေမနပ်လေသံဖြင့် . . .

'ခင်ဗျားတို့နှစ်ယောက်က' အရေးထဲ ဘာဖြစ်ရပြန်တာတုန်း။ သူတို့စိတ်ဝင်စားလာအောင် ကျုပ်တို့ တစ်နာရီသာသာလောက် အာပေါက်အောင်ပြောထားရတာ။ အခုကျမှ ခင်ဗျားတို့က အနားယူချင်ကြရပြန်ပြီ။ တော်တော်ခက်တာတွေပဲ . .'

ဒေါက်တာစိမ်းသီတာက လေသံခပ်ဆတ်ဆတ်ဖြင့်

'ဒီမှာ ဦးမျိုးဆွေ။ အဲဒီလူတွေအားလုံး တစ်ယောက်မကျန် ဖြစ်နေကြပြီ၊ ဟိုဘက်က လူတွေဖြစ်ကုန်ကြပြီ။ အဲဒါကို ရှင် ရိပ်မိရဲ့လား'

'ဟင် . . အဲဒီလိုလား။ ကျုပ်တော့ ခင်ဗျား ပြောမှ သိရတော့တယ်'

ဦးမျိုးဆွေ ဘာမျှမသိ။ ယခုမှပင် မယုံကြည်နိုင်စွာသိရှိလိုက်ရခြင်းဖြစ်သည်။

ဒေါက်တာ စိမ်းသီတာက ဆက်၍ပြောလိုက်သည်။

'ဟုတ်တယ်။ အဲဒီလူတွေအားလုံး ရောဂါဖြစ်နေတာ သေချာတယ်။ အဲဒီအချက်နဲ့ ပတ်သက်ပြီး ဘာသံသယမှ ထားနေစရာမလိုဘူး'

ဒေါ်သူဇာမော်က . . .

'ဒါဆို . . ကျွန်မတို့ ဟိုမှာပြောခဲ့တဲ့ 'ကြယ်တာရာ' ဟိုတယ်ကို မသွားရင် ကောင်းမယ်ထင်တယ်'

ဒေါက်တာစိမ်းသီတာက . . .





'သူတို့ မျက်စိလည်သွားအောင် ကျွန်မ တမင်ပြောထားခဲ့တာ။ အခု လေဆိပ်ကိုပဲ အမြန်သွားကြရအောင်။ ဒီမှာ ဆက်နေလို့ ကမ္ဘောလင့်ချက်မှ မရှိနိုင်တော့ဘူး။ အန္တရာယ်ရှိလာမှာကတော့ ကျိန်းသေတယ်'

× × × × ×

ချူး၏ သတင်းစာရှင်းလင်းပွဲ။

သူ ဦးစီးဦးဆောင်ပြုသည့် 'ရောင်ခြည်သစ်ဗိမာန်'နှင့် ပတ်သက်၍ ရည်ရွယ်ချက်များကို အကျယ်တဝင့် ရှင်းလင်းပြောဆိုသည်။

သတင်းထောက်များ၏ မေးမြန်းချက်များကို ဖြေကြားသည်။

ချူး၏ ကမ္ဘာကြီးပြန်လည် အသစ်ဖြစ်တည်စေမည့် လုပ်ငန်းစဉ်နှင့်ပတ်သက်၍ သတင်းထောက်အချို့က ပြင်းထန်စွာကန့်ကွက်ဝေဖန်ပြောဆိုကြသည်။

ချူးနှင့် အဆင်မပြေဖြစ်ပြီး၊ သတင်းစာရှင်းလင်းပွဲကို ရုပ်သိမ်းလိုက်သည်။ သတင်းထောက်များအားလုံးကို တုပ်ကွေးရောဂါရစေရန် မှ ဆုံးဖြတ်လိုက်သည်။ သူ၏ လက်ထောက် အမျိုးသမီးငယ်တစ်ဦးမှ တစ်ဆင့် သတင်းထောက်များကို သတ္တုစပ်ကျောက်ပြားကလေးများ တစ်ခုစီ လက်ဆောင်ပေးခိုင်းလိုက်သည်။

ချူး တိုက်အိမ်ကြီးပေါ်သို့ ချက်ချင်းတက်၍သွားသည်။ သူ၏ အခန်းကြီးထဲသို့ရောက်လျှင် ရောဂါဗဟိုထိန်းချုပ်ရေးဌာနမှ

ဒေါက်တာဒေဝထံသို့ ဖုန်းဆက်လိုက်သည်။

တစ်ဘက်မှ ဒေါက်တာဒေဝက . .

'သူတို့ သုံးယောက်လုံး ချက်ချင်းကြီး ထပြန်သွားကြတယ်။ သူတို့ ကြယ်တာရာဟိုတယ်မှာ တည်းမယ်ပြောလို့ အဲဒီမှာ သွားရှာကြည့်ပြီးပြီ။ အဲဒီ ဟိုတယ်မှာလည်း သူတို့ ရှိမနေကြဘူး'

'ဒါနဲ့ သူတို့ဆီက အစီရင်ခံစာ ရထားလိုက်သလား'

'ဟာ . .အဲဒီအစီရင်ခံစာက အရေးကြီးဆုံးပဲ။ မရ,ရအောင် ယူထားလိုက်ရတာပေါ့'

'ကောင်းကယ် . . အဲဒီအစီရင်ခံစာကို အမြန်ဆုံး ဖျက်ဆီးပစ်လိုက်ပါ'

'ကောင်းပါပြီ။ အဲဒီလူသုံးယောက်နဲ့ပတ်သက်ပြီး ကျွန်တော်တို့ ဘာဆက်လုပ်ရဦးမှာလဲ။ သူတို့သုံးယောက်ကို ပြန်လို့မရအောင် တားထားရမှာလား'

ချူးက လေသံခပ်ပြတ်ပြတ်ဖြင့် . . .

'ဘာလုပ်သင့်တယ်ဆိုတာ ခင်ဗျား နားလည်မှာပါ'

ဒေါက်တာဒေဝက ခပ်အက်အက်လေသဖြင့် ရယ်လိုက်သည်။

'ကျွန်တော် နားလည်ပါတယ်။ ဒီလို ပရိယာယ်ဝေဝုစ်တွေနဲ့ ပြောတာဆိုတာတွေဟာ လူသားအစစ်တွေရဲ့ အပေါ်ယံမျက်နှာဖုံး တပ်ဟန်ဆောင်မှုတွေပါ . .။ မျိုးဆက်သစ်လူသားတွေအတွက် ကတော့ လုံးဝမလိုအပ်ပါဘူး'



## အခန်း (၂၇)

နေ့လည်ခင်းအချိန်။

အန္တရာတိက္ကမြို့လယ်၌ ကားအသွားအလာ မများလှပေ။

ကားပေါ်၌ ရောဂါထိန်းချုပ်ရေးဗဟိုဌာနမှ လူများအကြောင်း၊ စကြာဝဠာမိုင်းရပ်အကြောင်းတို့ကိုသာ ပြောနေကြသည်။

သူတို့၏ကားဘေး၌ အနက်ရောင်ကားတစ်စီး ကပ်၍လိုက်ပါလာသည်ကို သတိပြုလိုက်မိသည်။ ဒေါက်တာစိမ်းသီတာက

'ဟိုဘက်ကားထဲမှာ . .'

'ဘာဖြစ်လို့လဲ . . သီတာ'

'ကားအနက်ထဲက လူကို ကြည့်လိုက်လေ။ မုတ်ဆိတ်အနီနဲ့ လူကိုပြောတာ။ ရောဂါဗဟိုထိန်းချုပ်ရေးဌာနက ကူးစက်ရောဂါ

ဦးစီးမှူးဒေါက်တာမင်းသူလေ . .'

ကားအနက်က ပွတ်ကပ်၍ကျော်တက်သွားသည်။ ဦးမျိုးဆွေ ဒေါသနှင့် အော်လိုက်သည်။

စက္ကန့်ပိုင်းအတွင်းမှာပင် ဘယ်ဘက်မှအဖြူရောင်ကားတစ်စီး ညာဘက်မှ ခဲရောင်ကားတစ်စီး ညှပ်၍ ယှဉ်မောင်းလာကြသည်။

ဒေါက်တာစိမ်းသီတာက . . .

'ညာဘက်က ကားပေါ်မှာ ထိန်းချုပ်ရေးဗဟိုက ဒေါက်တာ ထွန်းဇံပါလာတယ်'

ဦးမျိုးဆွေက ကားကို တရကြမ်းမောင်းနေရာမှ အော်၍ မေးသည်။

'ဘာဆက်လုပ်ကြမလဲ။ နောက်မှာကော ပါသေးသလား'

'မပြောတတ်ဘူး။ ကားတွေတော့ မောင်းနေကြတာပဲ . . အထဲကိုတော့ ဘာမှ မမြင်ရဘူး'

ဦးမျိုးဆွေက ကားကို ဘရိတ်ဆောင့်နင်းချလိုက်၏။ ကားတစ်စီးလုံး တုန့်ခနဲရပ်၍ ယမ်းခါသွားသည်။ ကားတာယာများမှ လည်း ကတ္တရာလမ်းမနှင့် ပွတ်တိုက်ပြီး ကျယ်လောင်သော အသံနှင့် အတူ ညှော်နံ့များပါ ထွက်၍လာသည်။

ဘေးမှကပ်ပါလာသော ကားနှစ်စီးမှာလည်း တုန့်ခနဲရပ်တန့် သွားကြသည်။ ဧဂါထိန်းချုပ်ရေးဗဟိုဌာနမှ လူများ၏ ကားသုံးစီး မှာ ရှေ့သို့ ကျော်တက်သွားကြ၏။ ဦးမျိုးဆွေက ကားကိုနောက်သို့ ဆုတ်၍ ပတ်ပြီးကွေ့မောင်းလိုက်သည်။





ဦးမျိုးဆွေက သူ၏ကားကို လမ်းကြားတစ်ခုထဲသို့ ထိုးဝင် လိုက်၏။ လမ်းမှာ ကားတစ်စီးမောင်းရနိုင်ရုံမျှသာကျယ်သည်။ နောက်ဖေးလမ်းကြားထဲ၌ အမှိုက်သရိုက်များ၊ ပုံးခွံ၊ ဘူးခွံများကိုဝင် တိုက်၍ ပလုပ်ပျံအောင်လွင့်တက်နေပေသည်။

ဦးမျိုးဆွေက တတ်နိုင်သမျှ ရှောင်တိမ်း၍ မောင်းနေသည်။ ကားမှာဘေးအုတ်နံရံကို ခြစ်၍ ပွတ်တိုက်ကုန်သည်။ နောက်ကြည့် မှန်မှကြည့်လျှင် နောက်ဘေးလမ်းကြားအတွင်းသို့ အနက်ရောင် မစ်ဆူဘစ်ရှီ ခေါင်းထိုး၍ဝင်လာသည်ကို မြင်လိုက်ရသည်။

သူတို့၏ ကားလေးမှာ အရှိန်ပြင်းစွာမောင်းထွက်လာသည်။

ရှေ့ဘက်၌ ခြံစည်းရိုးတစ်ခု။

ကားလေးမှာ ခြံစည်းရိုးကိုတိုက်လျှက် တစ်ဘက်သို့ ခုန်မြောက်တက်သွားသည်။ အနက်ရောင် မစ်ဆူဘစ်ရှီနောက်မှ ခဲရောင်တိုယိုတာကားပါ လိုက်ပါလာသည်ကို မြင်သည်။ ရှေ့ရှိ တောင်ကုန်းမြင့်လေးတစ်ခုပေါ်ကျော်တက်ပြီး တစ်ဘက်သို့ဆင်းပြီး မြို့ထဲသို့ဝင်ပြီး ခြေရာဖျောက်ရန် ဦးမျိုးဆွေရည်ရွယ်လိုက်သည်။

ဦးမျိုးဆွေက ကားကို အရှိန်ပြင်းပြင်းဆက်မောင်းသည်။ တောင်ကုန်းမြင့်လေး၏ အောက်ခြေအရောက်တွင် ကားဘီးနစ်၍ သွားသည်။ မည်သို့မှ ရုန်းထွက်၍မရပဲ ကားဘီးလည်ပြီး ရပ်သွား သည်။

ဦးမျိုးဆွေမှာ စိတ်မထိန်းနိုင်။ တုန်၍နေသဖြင့် ကားထဲမှ မနည်းထွက်နေရသည်။

ဦးမျိုးဆွေက ကားထဲ၌ရှိနေသေးသည့် အမျိုးသမီးနှစ်ဦးအား အော်၍ ပြောလိုက်သည်။

'မြန်မြန်ထွက်ကြ။ ဒီနေရာကနေကျော်ရင် မြို့ထဲကိုဝင်လို့ရမယ်'

အမျိုးသမီးနှစ်ဦး ကားထဲမှ ထွက်လာကြသည်။ နောက်မှလိုက်လာသော ကားမှာ ခြံစည်းရိုးအနီးမှ မကျော်နိုင်သဖြင့် ရပ်တန့်၍နေသည်။ ကားထဲမှ မုတ်ဆိတ်နီနှင့် ဒေါက်တာထွန်းခဲ ထွက်လာသည်ကို လှမ်း၍မြင်လိုက်ရသည်။

အမျိုးသမီးနှစ်ဦးမှာ တောင်ကုန်းပေါ်သို့ တွဲ၍တက်နေကြသည်။ ဦးမျိုးဆွေနောက်ဘက်သို့ လှည့်၍ကြည့်သည်။ ဒေါက်တာထွန်းခဲက ကားထဲမှ တစ်စုံတစ်ရာကို နှိုက်ယူလိုက်၏။ သူ၏လက်ထဲ၌ သူတို့ယူလာသော ယွန်းဇန်းကလေးပါလာသည်။ ထိုယွန်းဇန်းကလေးအတွင်း၌ သတ္တုစပ်ကျောက်ပြားကလေးနှစ်ခု ထည့်၍ သူတို့သုံးဦးယူလာကြခြင်းဖြစ်သည်။

ဦးမျိုးဆွေ လှမ်း၍ငေးကြည့်နေပေသည်။ ထိုနေရာမှ ထွက်ပြေးရန် စဉ်းစားမိပုံမရပေ။ ခဏတ္တမျှအကြာ၌ သတ္တုစပ်ကျောက်ပြားလေး ဝဲပျံ၍တက်လာသည်ကို သူမြင်လိုက်ရသည်။

တောင်ကုန်းမြင့်ပေါ်သို့ ရောက်နေသော ဒေါ်သူဇာမော်က လှည့်၍အော်ပြောသည်။

'ကိုမျိုးဆွေ မြန်မြန်လာလေ'

ဦးမျိုးဆွေက ပြန်၍အော်ပြောသည်။





'သတ္တုစပ်ကျောက်ပြားလေး ပျံလာနေပြီ'

သတ္တုစပ်ကျောက်ပြားလေးမှာ လျှင်မြန်သောအဟုန်ဖြင့် လည်ပတ်၍လာနေပေသည်။ ဦးမျိုးဆွေနှင့် တဖြည်းဖြည်းနီးကပ်၍လာသည်။

'ကိုမျိုးဆွေ'

ဒေါ်သူဇာမော်က ဟစ်၍အော်ခေါ်၏။

ဦးမျိုးဆွေ၏ မျက်လုံးများမှာ သတ္တုစပ်ကျောက်ပြားကလေးကို ခွာနိုင်ပဲကြည့်နေသည်။ တဖြည်းဖြည်း နောက်ဆုတ်၊ နောက်ဆုတ်နှင့် သွားနေသည်။

သတ္တုစပ်ကျောက်ပြားလေးမှ အနီရောင်အလင်းတန်းများ ပေါ်လာပြီး အပူရှိန်များကိုပါ ဖြာထုတ်နေပေသည်။ ဦးမျိုးဆွေက သူ၏ အပေါ်အင်္ကျီကိုချွတ်လိုက်ပြီး သူ၏အနီးသို့ရောက်လာပြီဖြစ်သည့် သတ္တုစပ်ကျောက်ပြားကလေးကို လှမ်း၍ရိုက်ချလိုက်သည်။ သတ္တုစပ်ကျောက်ပြားကလေးမှာ ဘာမျှဖြစ်မသွားပဲ ဦးမျိုးဆွေ၏အပေါ်အင်္ကျီမှာ ပေါက်ထွက်သွားပြီး မီးခိုးငွေ့များပင်ထွက်လာ၏။

သတ္တုစပ်ကျောက်ပြားကလေး၏ ပတ်လည်၌ တောက်ပသော ရောင်ခြည်စက်ဝိုင်းများ ပေါ်၍နေသည်။ အနီရောင်မှ အပြာရောင်၊ အပြာရောင်မှ အဖြူရောင်သို့ ကူးပြောင်း၍လာသည်။

တောက်ပသော စက်ဝိုင်းရောင်ခြည်များမှာ တဖြည်းဖြည်းနှင့် ပို၍အဝန်းကျယ်ပြန့်လာနေပေသည်။

ဒေါ်သူဇာမော်က ဦးမျိုးဆွေကိုလှမ်း၍ အော်ခေါ်ရန် ဟန်ပြင်

လိုက်စဉ်မှာပင် . . .

လွန်စွာတောက်ပသည့် အလင်းရောင်လုံးကြီးတစ်ခုက ဦးမျိုးဆွေ၏ ခန္ဓာကိုယ်တစ်ခုလုံးအား ဖုံးလွှမ်းဝါးမျိုးပစ်လိုက်သည်။ ထိုအသံကြီးမှား စူးရှတုန်ခါ၍နေပြီး နားကွဲလုမတတ်ကျယ်လောင်လှပေသည်။ ထိုအသံကြီးပျောက်သွားသည်နှင့် ဒေါ်သူဇာမော်နှင့် ဒေါက်တာစိမ်းသီတာတို့မှာ သူတို့မတ်တုတ်ရပ်နေသော နေရာ၌ သိမ့်ခနဲတုန်ခါမှုတစ်ရပ်ကို ခံစားလိုက်ရသည်။

ဒေါ်သူဇာမော် ဘာမျှ မစဉ်းစားနိုင်။ တောင်ကုန်းအောက်ဘက်သို့ ပြေးဆင်းရန်ဟန်ပြင်သည်။ ဒေါက်တာစိမ်းသီတာက အတင်းလှမ်းဆွဲထားသည်။

ဒေါက်တာစိမ်းသီတာက . . .

'မသွားနဲ့ ဒေါ်သူဇာမော်။ သွားရင် အန္တရာယ်ရှိနိုင်သေးတယ်'

ထိုစဉ်မှာပင် . . .

ဘေးတစ်စောင်းရပ်နေသည့် သူတို့၏ကားဆီသို့ အနီရောင် အလင်းရောင်အလုံးကြီးတစ်လုံးက ရွေ့လျားလာပြီး ဝါးမျိုပစ်လိုက်သည်။

'ကိုမျိုးဆွေ . .'

ဒေါ်သူဇာမော် ချောက်ချားတုန်လှုပ်စွာ အော်ခေါ်နေသည်။ သူမ၏မျက်ဝန်းအစုံမှ မျက်ရည်များ စီးကျနေသည်။

ဒေါက်တာစိမ်းသီတာက . . .

'သူ မရှိတော့ဘူး။ ဘယ်လိုမှ ပြန်လာတော့မှာ မဟုတ်ဘူး။





ကျွန်မတို့ အမြန်ဆုံး ဒီနေရာကသွားမှဖြစ်မယ်။ နောက်ထပ် ဘာတွေထပ်ဖြစ်ဦးမလဲ မသိဘူး'

ဒေါက်တာစိမ်းသီတာက၊ ဒေါ်သူဇာမော်၏လက်ကိုဆွဲ၍ တောင်ကုန်းအောက်သို့ ပြေးဆင်းလာကြသည်။

သူတို့၏နောက်ဘက်၌မူ ကျယ်လောင်သော မြည်သံကြီးမှာ အောက်သို့ ပြေးဆင်းလာကြသည်။

သူတို့၏နောက်ဘက်၌မူ ကျယ်လောင်သော မြည်သံကြီးမှာ တုန်ခါ၍ ပဲ့တင်ထပ်ကျန်ရစ်ခဲ့သည်။

သူတို့နှစ်ဦးသည် မြို့၏စည်ကားသောနေရာသို့ လျှောက်လာကြသည်။ သူတို့၏ရှေ့ဘက်၌ ကားအသွားအလာများ ရှုပ်ထွေး၍နေသည်။ လမ်းသွားလမ်းလာများမှာလည်း သာမန်ထက် ပို၍ များပြားစွာရှိနေကြသည်။

ဒေါ်သူဇာမော်က မျက်ရည်များကြားမှ၊ ဒေါက်တာစိမ်းသီတာ၏လက်ကို လှုပ်ခါ၍ မေးလိုက်သည်။

'အခု . . ဘယ်လိုဖြစ်သွားတာလဲ ဟင်'

ဒေါက်တာစိမ်းသီတာက ခေတ္တမျှ စဉ်းစားလိုက်သည်။

'ကျွန်မတို့ နှစ်ယောက်ကိုပါ ကားထဲမှာပဲ ရှိနေတယ်လို့ ထင်ပုံရတယ်။ ဒီသတ္တုစပ်ကျောက်ပြားကလေးတွေဟာ သိပ်ကြောက်စရာကောင်းတာကတော့ အမှန်ပဲ။ ဒါလေးတွေက စကြဝဠာတွင်းနက်ကြီးတွေလို စုပ်ယူပစ်လိုက်တာပဲ . .'

ဒေါက်တာစိမ်းသီတာက အန္တရာတိက္ကလေဆိပ်မှ စဝ်ရန်နိုင်

ထံလှမ်း၍ ဖုန်းဆက်ပြီး အဖြစ်အပျက်များကိုပြောသည်။ သူမတို့ ပြန်လာမည်ဖြစ်ပြီး လေဆိပ်၌လာ၍ကြိုရန်ကိုပါ မှာသည်။

လေဆိပ်၌ စဝ်ရန်နိုင်၊ သန်းဆွေထိုက်၊ ဝတ်ရည်သိမ့်နှင့် စိုးဝေတို့ လာကြိုသည်။ စဝ်ရန်နိုင်၏ကားဖြင့် ပြန်ထွက်လာကြသည်။ သန်းဆွေထိုက်၏ အစ်ကိုဝမ်းကွဲ၏တိုက်အိမ်သို့ ကားကိုမောင်း၍ သွားသည်။ သို့သော် တိုက်အိမ်ရှေ့၌ လှည့်ပတ်မောင်းနေသည့် ကားနှစ်စီးကိုတွေ့လိုက်ရသည်။ ထိုကားပေါ်မှ လူများမှာ စဝ်ရန်နိုင်၏ ဌာနမှ လူများဖြစ်နေပေသည်။

သို့နှင့်ပင် စဝ်ရန်နိုင်က သီးသန့်စိတ်ချလုံခြုံရသော နေရာ တစ်ခုသို့ သူတို့အားလုံးကို ခေါ်ဆောင်သွားသည်။

အိမ်ကလေးကို သန့်ရှင်းမှုပြုလုပ်လိုက်ကြပြီး၊ ဧည့်ခန်းထဲ၌ သူတို့အားလုံး စု၍ထိုင်လိုက်ကြသည်။

စိုးဝေက အိမ်အတွင်းလှည့်ပတ်၍ကြည့်သည်။ အပြင်ဘက် သို့လည်း လှမ်းကြည့်ပြန်သည်။

'ဒီနေရာလေးက ကျွန်တော်တို့အတွက် လုံခြုံမှာပါ'

စဝ်ရန်နိုင်က . . .

'ဒီနေရာမှာ ငါ့ရဲ့သီးသန့်အိမ်လေးတစ်လုံးရှိတာ စခန်းက လူတွေ လုံးဝမသိကြဘူး။ ဒါကြောင့် ဒီအိမ်လေးက လုံခြုံပါ လိမ့်မယ်။ ကဲ . . ကျုပ်တို့ ဘာဆက်လုပ်ကြမလဲဆိုတာကို အဓိက ထားပြီး ပြောကြရအောင် . .'

စိုးဝေက . . .





'ကျွန်တော်တို့ ဒီကိစ္စနဲ့ပတ်သက်ပြီး ဘာဆက်လုပ်ကြမလဲ။ ဒီအတိုင်းပဲ ထိုင်နေကြတော့မှာလား'

ဒေါက်တာစိမ်းသီတာက . . .

'ငါတို့မှာ ရောဂါဖြစ်စေတဲ့ ပရိုတိန်းကိုကာကွယ်ဖို့ ကာကွယ် ဆေးလိုတယ်။ ဒါမှမဟုတ် အဲဒီဗိုင်းရပ်စ်ကိုနိုင်တဲ့ စားဆေးတစ်မျိုး မျိုးလိုလိမ့်မယ်'

ဒေါ်သူဇာမော်က . . .

'ကျွန်မတို့ စမ်းသပ်ကြည့်တာပေါ့။ ပစ္စည်းကရိယာပဲလိုမယ်။ အဲဒါတွေကို ဒီမှာပဲဆင်မယ်။ အဏုကြည့်မှန်ပြောင်း၊ မွှေစက် ဒါတွေ အားလုံးလိုမယ်။ နောက် လိုတာတွေက လွယ်လွယ်ရနိုင်ပါလိမ့်မယ်။ တစ်သျှူးမျိုးပွားဖို့အတွက် ဥဖော်ပြီးစပ်ကြည့်မယ်'

စဝ်ရန်နိုင်က . . .

'လိုတဲ့ပစ္စည်းစာရင်းသာ ကျွန်တော့်ကို လုပ်ပေးလိုက်ပါ။ ရအောင်ရှာပြီး ယူလာပေးမယ်'

ဝတ်ရည်သိမ့်က . . .

'ရောဂါထိန်းချုပ်ရေးဗဟိုဌာနမှ ပေးထားခဲ့ရတဲ့ အစီရင်ခံစာ ကို ကျွန်မတို့ အသစ်ပြန်ရေးမယ်။ ပြီးတော့ ဖြန့်မယ်'

သန်းဆွေထိုက်က . . .

'အဲဒီ အစီရင်ခံစာကို အင်တာနက်ပေါ်မှာတင်ပြီး ကမ္ဘာပေါ် ကို ဖြန့်လိုက်မယ်။ မကောင်းဘူးလား'

စိုးဝေက ခေါင်းညိတ်လျှက် . . .

'ဟုတ်တယ်။ အဲဒီအကြံ အကောင်းဆုံးပဲ'

ဒေါက်တာစိမ်းသီတာက . . .

'ဒီအစီရင်ခံစာကို ဗိုင်းရပ်စ်ဓာတ်ခွဲခန်းတွေရှိတဲ့ နေရာတွေကို အရင်ဦးဆုံးပို့မယ်။ ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီတွေ၊ သုတေသန ဌာနတွေကိုပို့မယ်။ အဲဒီလူတွေတော့ ရောဂါရဦးမယ် မထင်ဘူး။ အရေးအကြီးဆုံးအချက်ကတော့ ကျွန်မတို့ပြောတဲ့အချက်တွေကို လက်ခံမယ့်အရေးပါ အရာရောက်တဲ့လူတစ်ယောက်ကိုရှာလို့ တွေ့မှ ဖြစ်မယ်'

'ကျွန်မရဲ့ ဓာတ်ခွဲခန်းကို ပြန်သွားပြီး လိုတာလေးတွေ ပြန်ယူချင်တယ်'

စိုးဝေက သူ၏ ကွန်ပျူတာလေးကို စိုက်၍ကြည့်ရင်းမှ ပြောလိုက်သည်။

'ကျွန်တော် အခုမှ သတိရမိတယ်။ လျှို့ဝှက်ကွန်ပျူတာ ကွန်ရက်တစ်ခု ကျွန်တော် လုပ်တတ်ပါတယ်။ အင်တာနက်ကို လျှို့ဝှက်ဆက်သွယ်တဲ့နည်းပါ။ အဲဒီ ဆက်သွယ်ချက်တွေကို ပုံစံမျိုး စုံနဲ့ အကြိမ်ကြိမ်ပြောင်းပစ်လိုက်ရင်၊ ကျွန်တော်တို့ ရှိနေတဲ့နေရာကို ဘယ်လိုနည်းနဲ့မှ ခြေရာခံလို့ မရနိုင်တော့ဘူး'

စိုးဝေ၏ ကွန်ပျူတာကလေးမှ ယခုမှပင်ပို၍ အဖိုးတန်းမှန်း သိလာကြရလေတော့သည်။

× × × × ×





ရုပ်သံအစီအစဉ်မှ ကြေညာချက်များ သတင်းများ အဆက် မပြတ်ပေါ်၍နေသည်။

ထူးဆန်းသည့် တုပ်ကွေးရောဂါ ကူးစက်ပျံ့နှံ့နေသည့် အကြောင်း၊ အရေးပါအရာရောက်သူများပါ နေထိုင်မကောင်းဖြစ်နေသည့် အကြောင်းများကို သိနေကြရသည်။

စိုးဝေက ရုပ်သံစက်ရှေ့၌ထိုင်၍ သတင်းကြေညာချက်များကို စိတ်ဝင်တစားကြည့်နေသည်။

ဝတ်ရည်သိမ့်က . . .

'အခြေအနေကတော့ ဆိုးသထက်ဆိုးလာနေပြီ။ တို့ရေးထားတဲ့ အစီရင်ခံစာကို အင်တာနက်ကနေတစ်ဆင့် ဖြန့်ဖို့ပါ။ လုပ်ပါဦး စိုးဝေ'

စိုးဝေက ခေါင်းညိတ်လျှက် . .

'ကျွန်တော် လုပ်ထားပြီးသွားပါပြီ'

စိုးဝေက သူ၏ ကွန်ပျူတာကို လှည့်၍ပြသည်။ ကွန်ပျူတာကို တယ်လီဖုန်းလိုင်းနှင့်ပါတွဲ၍ ဆက်သွယ်ထားသည်။

'အားလုံး အဆင်သင့်ပါပဲ . .'

'ဒါဆို . . ဖြန့်လိုက်တော့လေ'

စိုးဝေက ကွန်ပျူတာပေါ်မှ ခလုတ်များကိုနှိပ်၍ အစီရင်ခံစာပေါ်မှ အချက်အလက်များကို အင်တာနက်ပေါ်သို့ တင်လိုက်လေတော့သည်။

× × × × ×

# အခန်း (၂၈)

ရုပ်မြင်သံကြားစက်ပေါင်းများစွာ၏ ရှေ့၌ ချူး ထိုင်၍နေ သည်။ သူ၏နားရွက်အောက်ဘက်ရှိ အစိမ်းရောင်အကွက်မှာ ပို၍ ကျယ်ပြန့်နေသည်။ ထိုအစိမ်းရောင်အကွက်များသည် လည်ပင်းမှ တစ်ဆင့် ရင်ဘတ်အထိ ရောက်၍နေပေပြီ။ အဝါရောင်အမျှင်တန်း သုံးလေးခုက ပိုးကြိုးအချောင်းများနှယ် အစိမ်းရောင်အကွက်များပေါ် ၌ ရစ်ခွေ၍နေ၏။

လက်မောင်းများပေါ်ရှိ ကြွက်သားအမြှောင်းများတစ်လျှောက် အစိမ်းရောင်အရေခွံများ ဖုံးလွှမ်းပြောင်းလဲ၍နေသည်။ ထို့ပြင် ချူး၏ လက်ချောင်းများမှာ သိသာစွာပို၍ ရှည်လျားလာကြသည်။





ချူးသည် ရုပ်သံစက်များကိုတစ်ခုပြီး တစ်ခု ဆက်တိုင်ဖွင့် ကြည့်နေသည်။ ဘာသာစကားပေါင်းများစွာဖြင့် လွှင့်နေသော သတင်း များမှာ ထူးဆန်းသော တုပ်ကွေးရောဂါဖြစ်ပွားနေသည့် အကြောင်း များချည်းပင်ဖြစ်နေသည်။

ချူးက ကျေနပ်အားရသံဖြင့် . . .

'ကောင်းကောင်း စိတ်ချရပါပြီ။ ရောဂါပြန့်နှံ့ကူးစက်မှု အခြေအနေက ထင်မှတ်ထားတာထက်တောင် ပိုပြီး အောင်မြင်နေ တယ်'

ရုပ်သံစက်များကို ချူး ပိတ်လိုက်သည်။

နောက်ဘက်မှ ဝါကူးက ချူး၏ ဇက်ကြောကိုနှိပ်ပေးနေ သည်။ သူသည် တစ်နေ့လျှင် နှစ်နာရီမျှ အိပ်စက်ရုံမျှဖြင့် လုံလောက် သော်လည်း ယနေ့တွင် တစ်နာရီမျှသာအိပ်ခဲ့ရသည်။ သူသည် ကောင်းစွာ ဖျတ်လတ်ကျန်းမာ၍နေပေသည်။

'အစိမ်းရောင်ခန်းမကျယ်ကြီးထဲမှာ 'ဗမုန်းလူ'ရှိနေလား။ မင်း စောစောက သွားတုန်းက 'ဗမုန်းလူ'ကို တွေ့ခဲ့မိလား'

'ဝါကူး'က ခေါင်းညိတ်လျက် . .

'ရှိပါတယ် ဆရာ။ သူ အလုပ် လုပ်နေပါတယ် . .'

'ကောင်းပြီ။ ငါ အစိမ်းရောင်ခန်းမထဲ သွားလိုက်ဦးမယ်'

. . . . . . .

အစိမ်းရောင်ခန်းမကြီးထဲ၌ အလုပ်သမားပေါင်းမြောက်များစွာ ရောက်ရှိနေပြီး ပျားပန်းခတ်မျှ အလုပ်ရှုပ်နေကြသည်။

အစိမ်းရောင်ခန်းမကြီး၏ အလယ်ဗဟို၌ လွန်စွာရှုပ်ထွေးသည့် လျှပ်စစ်ယန္တယားကြီးတစ်ခုကို တပ်ဆင်ထားသည်။

ချူးသည် ဒုတိယမြောက် သံမဏိပလက်ဖောင်းပေါ်သို့ တက်လာလျှက် အလုပ်လုပ်ကိုင်နေကြသည့် အခြေအနေများကို စစ်ဆေးကြည့်ရှုနေသည်။ ချူးကိုလှမ်းမြင်လျှင် 'ဗမုန်းလူ'ရောက်ရှိလာသည်။

'ဗမုန်းလူ'က

'အားလုံး အဆင်ပြေရဲ့လား ဆရာ'

'ချူး'က

'သိပ်ကောင်းတယ်။ အဆင်ပြေတယ်'

ဗမုန်းလူက ဆက်၍ပြောသည်။

'ကမ္ဘာ့ပတ်ဝန်းကျင် ညစ်ညမ်းပျက်စီးစေနိုင်တဲ့ စက်ရုံတွေ ပိတ်သွားကြပါပြီ။ ဒီရက်ပိုင်းအတွင်းမှာ ပိတ်သွားကြတာပါ ဆရာ'

'ဥရောပ အရှေ့ခြမ်းမှာရော ..'

'အားလုံး ဒီအတိုင်းပဲ။ စက်ရုံတွေ ပိတ်သွားကြပါပြီ'

'ကောင်းတယ်။ အဆင်ပြေတယ်'

ချူးနှင့် ဗမုန်းလူတို့ စကားပြောနေသည်ကို မြင်၍ ထက်ပိုင်ခေါင် အနီးသို့ရောက်လာသည်။

'ချူး လုပ်ငန်းအခြေအနေကို ဘယ်လိုမြင်သလဲ'





ချူးက မျက်မှောင်ကြုတ်လျှက် ...

'လိုချင်တဲ့ ပုံစံအတိုင်း ဖြစ်ပါတယ်။ ဒါပေမယ့် .. ခုထက်နည်းနည်းပိုပြီး မြန်ရင် ပိုကောင်းမယ်'

'ဒါဆိုရင် နောက်ထပ် လုပ်သားတွေ ခပ်များများလိုလိမ့်မယ်'

ချူးက

'လိုအပ်တာ အားလုံးရစေရမယ်။ 'မဟာအဓိကရ ချဉ်းကပ်မှု'အတွက်သာ အသင့်ပြင်ဆင်ထား'

ထက်ပိုင်ခေါင်က ကျေနပ်စွာပြုံး၍ သူ၏ လုပ်ငန်းရှိရာဘက်သို့ လှည့်ထွက်သွားသည်။

ချူးက ဗမုန်းလူဘက်သို့လှည့်၍ ...

'ဝတ်ရည်သိမ့်နဲ့ ပတ်သက်တာ ဘာထူးခြားလဲ'

'ခုချိန်ထိတော့ ရှာလို့မတွေ့သေးဘူး ဆရာ'

ချူးက မျက်မှောင်ကြုတ်လျှက် ...

'ဘယ်လို ဖြစ်ရတာလဲ'

'တော်တော်လေး ထူးဆန်းနေတယ်လို့ ကျွန်တော်ထင်တယ် ဆရာ။ တာဝန်ရှိအဖွဲ့တွေက လူတော်တော်များများ ဒီကိစ္စကို ဆောင်ရွက်ပေးနေကြပါတယ်။ သူမကြာခင် ရောက်လာမှာပါ ဆရာ။ ဘာမှ စိတ်သောက ဖြစ်မနေပါနဲ့'

ချူး၏ ညာလက်က ရှေ့သို့ ဆန့်ထုတ်လာသည်။ လက်ချောင်းတစ်ချောင်းက ဗမုန်းလူ၏ လက်ဖျံကိုဖျစ်ညှစ်ဆုပ်ကိုင်

လိုက်သည်။ ဗမုန်းလူက ထိုလက်ကိုသတိထား၍ ကြည့်လိုက်၏။ ချူး၏လက်မှာ သာမန်လူသားတစ်ဦး၏ လက်မဟုတ်တော့ပေ။ ထူးကဲသောလက်ချောင်းများမှာ ရှည်လျားနေပြီး ရောင်စုံမြွေကြီးတစ်ကောင်က သူ၏လက်ဖျံကို ရစ်ပတ်ထားသည်နှင့် တူလှပေသည်။

ချူးက ဗမုန်းလူကို စူးရှစွာစိုက်ကြည့်လိုက်သည်။ ချူး၏ မျက်လုံးများက အရောင်များထွက်နေသည့်နှယ် သူခံစားလိုက်ရသည်။

'ကျုပ် သူ့ကို အခုချက်ချင်း လိုချင်တယ်'

'ဗမုန်းလူ'မော့ကြည့်သည်။ ချူး၏လက်ချောင်းများမှာ လွန်စွာသန်မာလှပြီး ရုန်းထွက်၍မရနိုင်ကြောင်း သိလိုက်သည်။

ဗမုန်းလူ သက်ပြင်းတစ်ချက်လေးပင်စွာချလိုက်သည်။

'ဟုဘ်ကဲ့၊ ဒီကိစ္စကို ထိပ်တန်းဦးစားပေးအဆင့်အဖြစ်သတ်မှတ်ပြီး ကျွန်တော် ဆောင်ရွက်ပေးပါ့မယ် ဆရာ'

ချူး၏ လက်ချောင်းများ ပြေလျော့၍ နောက်ဆုတ်သွားသည်။

. . . . . . . . . . . . . . . . . . . .

စစ်ရန်နိုင်၏ သီးသန့်လျှို့ဝှက်အိမ်ကလေးမှာ ပြင်ပမှကြည့်မိလျှင် လူသူကင်းရှင်း တိတ်ဆိတ်ငြိမ်သက်၍နေသည်ကိုသာ





တွေ့ရမည်ဖြစ်သည်။

အတွင်းပိုင်း၌မူ အလုပ်ရုံကလေးတစ်ခုအလား အလုပ်များနေကြသည်။

အိမ်ကလေး၏အတွင်းပိုင်းနေရာ အတော်များများကို ဓာတ်ခွဲခန်းကလေးက နေရာယူထားသည်။ ဓာတ်ခွဲခန်းလုပ်ငန်းကို ဒေါ်သူဇာမော်က ဦးဆောင်ပြီး ဒေါက်တာစိမ်းသီတာက ကူညီပေးသည်။

စိုးဝေက စားပွဲတစ်လုံးတွင် သူ၏ကွန်ပျူတာနှင့် အလုပ်ရှုပ်နေသည်။ ခိုဒေဝနှင့်အတူ ဝတ်ရည်သိမ့်နှင့် သန်းဆွေထိုက်တို့ နှစ်ဦးရှိနေကြသည်။

သန်းဆွေထိုက်က . . .

'စောစောက ကွန်ပျူတာနဲ့ ဂရပ်ဆွဲကြည့်တာ တစ်ကမ္ဘာလုံးမှာရှိတဲ့ လူဦးရေရဲ့ (၆၀)ရာခိုင်နှုန်းက ရောဂါရှိနေကြပြီ'

စိုးဝေက သူ့မိခင် ဒေါ်သူဇာမော်အနီး လျှောက်သွားပြီး

'မေမေ . . ဟောဒီမှာ အင်တာနက်ကရတဲ့ နောက်ဆုံးအချက်အလက်တွေပဲ'

စိုးဝေက စာရွက်စာတမ်းများကို ယူ၍ပေးသည်။

စိုးဝေက ဆက်၍ပြောသည်။

'နော်ဓဝနဲ့ ပြင်သစ်က အုပ်စုအသစ်တစ်ခုစီနဲ့ ဆက်သွယ်ချက်ရထားတယ်။ သူတို့လည်း ဓာတ်ခွဲခန်းတွေထဲမှာ လျှို့ဝှက်ပြီးစမ်းသပ်နေကြတယ်'

မိုးဆမ်းပန်းစာပေ

'ငါတို့ဆီက တွေ့ရှိချက်တွေကို ပို့ပေးလိုက်သေးလား'

'ပေးလိုက်ပါတယ်'

စိုးဝေက နောက်ထပ် စာရွက်စာတမ်းများထုတ်လိုက်သည်။

'မကောင်းတဲ့ သတင်းတွေလည်း ရထားသေးတယ်။ ကင်ဆာ၊ ဆီချို၊ သွေးနဲ့ ပတ်သက်တဲ့ရောဂါ ရှိတဲ့လူတွေရဲ့ သေနှုန်းကတော့ ကြောက်စရာကောင်းလောက်အောင်ကို မြင့်တက်နေတယ်'

ဒေါက်တာစိမ်းသီတာက သက်ပြင်းချလိုက်ပြီး

'ဒီဗိုင်းရပ်စ်ပိုးဟာ လူသားတွေရဲ့ မျိုးရိုးဗီဇကို သန့်စင်ပစ်နေတာနဲ့ တူတယ်'

စိုးဝေက ကွန်ပျူတာ အင်တာနက်မှဆစ်တင့် ကမ္ဘာနေရာ အနှံ့အပြားၡရှိနေသည်။ သုတေသနဌာနဓာတ်ခွဲခန်းများနှင့် ဆက်သွယ်ရရှိမှု အခြေအနေများကို အုပ်စုခွဲ၍နေသည်။

'တစ်ကမ္ဘာလုံး ဆက်သွယ်ချက်ရတဲ့ သုတေသနဌာန ဘယ်နှစ်ခုရှိနေပြီလဲ'

'ဒီနေ့အထိ စုစုပေါင်း တစ်ရာနှစ်ဆယ့်ခြောက်ခု ရှိသွားပြီ'

'အင်း . . အားတက်စရာပဲ'

'ဒါပေမယ့် အဆင်ပြေတဲ့ အဖွဲ့က နည်းတယ်။ သူတို့လည်း မယုံကြဘူးလေ။ ကျွန်တော်တို့ကိုပါ ဘယ်သူတွေလဲ၊ ဘယ်မှာ စခန်းတွေလုပ်ထားသလဲ မေးလာတော့ သူတို့ကိုပါ အဆက်အသွယ် ဖြတ်ပစ်လိုက်ရတယ်'

ဒေါက်တာစိမ်းသီတာက . .





'ဒေါက်တာ 'ဂျေ'ဆီက အချက်အလက်တွေ ရသေးလား'

'ရတယ်၊ တော်တော်များတယ်'

စဝ်ရန်နိုင်က . . .

'ဒေါက်တာ 'ဂျေ'ဆိုတာ ဘယ်သူလဲ'

ဝတ်ရည်သိမ့်က ဝင်၍ဖြေသည်။

'အင်တာနက်ကနေတစ်ဆင့် ပထမဆုံး အကြောင်းပြန်တာ ဒေါက်တာ 'ဂျေ'ပဲ။ သူ့နေရာကိုတော့ ဘယ်မှာဆိုတာ ပြောလို့မရဘူး'

ဒေါ်သူဇာမော်က . . .

'သူ့ဆီက အဖိုးတန် အချက်အလက်တွေ အများကြီးရထားတယ်'

ဒေါက်တာစိမ်းသီတာက . . .

'ကျွန်မကတော့ အားလုံးကို မယုံနိုင်ဘူး။ ဒါပေမယ့် အခုလို အဖိုးတန်အချက်အလက်တွေ ပေးလာရင်တော့ လက်ခံရမှာပဲ'

ဒေါ်သူဇာမော် သူ၏ အလုပ်စားပွဲမှထလာသည်။

'ကျွန်မတို့မှာ ဓာတ်ခွဲခန်းပစ္စည်းတွေ ကုန်နေပြီ။ မြို့ထဲထွက်ရင် အန္တရာယ်ရှိမှန်းသိပါတယ်။ ဒါပေမယ့် မြို့ထဲကိုထွက်ဝယ်မှပဲ အဆင်ပြေလိမ့်မယ်'

စဝ်ရန်နိုင်က . . .

'ဒီအတွက် ဘာမှ မပူနဲ့။ ကျွန်တော် ထွက်ပြီးဝယ်မယ်။ လိုအပ်တာတွေကိုသာ စာရင်းလုပ်ပေး။ အပြင်ထွက်ရန် ဘယ်သူ၏ ၄

လိုက်ဦးမှာလဲ'

သူလိုက်မည်၊ ငါလိုက်မည်ပြောရင်း အားလုံး စစ်ရန်နိုင်နှင့် လိုက်ပါရန် ဆုံးဖြတ်လိုက်ကြသည်။

× × × × × × ×



## အခန်း (၂၉)

ကုန်တိုက်ကြီးတစ်ခု၏ ရှေ့၌ ကားကိုရပ်တန့်လိုက်၏။

ကုန်တိုက်ကြီး၏ရှေ့၌ ကားပေါင်းမြောက်များစွာ ရပ်တန့်ထားကြသည်။ ကားအားလုံး တံခါးများဖွင့်ထားသည်။ ပိုင်ရှင်များမှာ ထွက်ပြေးကုန်ကြပုံရသည်။

မျက်နှာစာဘက်ရှိ မှန်ပေါက်များမှာ ကွဲကြေ၍နေ၏။ မှန်စများမှာ လမ်းပေါ်တွင် ပြန့်ကျဲ၍နေပေသည်။ အတွင်းဘက်၌ မီးလုံးကလေးများသာထွန်း၍ထားသည်။ ကုန်တိုက်ကြီးအတွင်း၌လည်း လူသူတစ်ဦးတစ်ယောက်မျှ ရှိပုံမရပေ။

ဝတ်ရည်သိမ့်က . . .

'ဘယ်လို ဖြစ်ကုန်တာလဲ'

ဒေါ်သူဇာမော်က ခေါင်းခါလျက် . . .

'ဘယ်ပြောတတ်ပါ့မလဲ'

စစ်ရန်နိုင်က . . .

'ကဲ . . ကိုယ်လုပ်စရာရှိတဲ့ အလုပ်သာလုပ်ကြပေတော့။ ကျုပ်က ခက်ခက်ခဲခဲ ဝင်ယူရမယ်ထင်နေတာ။ အခုတော့ အဆင်ပြေသွားတာပေါ့'

ဒေါ်သူဇာမော်က အတွင်းသို့ချောင်းကြည့်လိုက်သည်။

'အထဲမှာလည်း ပျက်စီးနေတာပဲ။ ဒါပေမယ့် ကျွန်မတို့ လိုချင်တဲ့ပစ္စည်းတွေ ရှိဦးမယ်နဲ့တူတယ်'

စစ်ရန်နိုင်က ကားရပ်ထားသည့် နေရာပတ်ဝန်းကျင်ကို လှည့်ပတ်၍ကြည့်သည်။ လူသူတစ်ဦးတစ်ယောက်ကိုမျှ မတွေ့ရသဖြင့် အံ့သြနေမိသည်။

သို့နှင့်ပင်၊ သူတို့လူစု ကွဲနေသောမှန်ပေါက်မှပင် အတွင်းသို့ ဝင်ကြသည်။ မိန်းလမ်း၏ နောက်ဘက်ဆုံး၌ သံဆန်ခါဖြင့် ကာရံထားသော နေရာအတွင်း၌ ဆေးဝါးနှင့် ဓာတုဗေဒပစ္စည်းများထားသည်။ ထိုနေရာမှာလည်း ပေါက်၍နေ၏။

ပေါက်နေသည့် နေရာမှ အတွင်းသို့တိုးဝင်ကြသည်။ ဒေါ်သူဇာမော်က ဆေးဝါးများထားသည့် စင်များ၊ ဗီရိုများကို လျှင်မြန်စွာကြည့်၍နေ၏။

'လိုတဲ့ ပစ္စည်းအတော်များများရှိသေးတယ်။ ဆယ်မိနစ်လောက်တော့ စောင့်ပါ'





စစ်ရန်နိုင်က၊ ဝတ်ရည်သိမ့်အား . . .

'ကဲ . . မင်းနဲ့ငါက ဟိုဘက်မှာရှိနေတဲ့ ပစ္စည်းတွေသွားယူကြရအောင်'

စစ်ရန်နိုင် ညွှန်ပြသည့်နေရာ၌ စည်သွပ်ဗူးများ၊ ချောကလက်ဗူးများ၊ ကော်ဖီမှုန့်ပုလင်းများ၊ နို့ဆီဗူးများရှိနေသည်။ စစ်ရန်နိုင်နှင့် ဝတ်ရည်သိမ့်တို့ အိတ်တစ်လုံးစီးယူ၍ လိုအပ်သည်များကို ရွေးချယ်၍ထည့်နေကြသည်။ သူတို့၏စခန်းချရာ လျှို့ဝှက်အိမ်ကလေးအတွက် လိုအပ်သော စားသောက်စရာပစ္စည်းများပင်တည်း။

ရုတ်တရက် မော်တော်ကားမီးရောင်များကို မြင်လိုက်ရသည်။

အရှိန်ပြင်းစွာမောင်းနှင့်လာသည့် ကားတစ်စီးက ကုန်တိုက်ရှေ့၌ထိုး၍ ရပ်လိုက်သည်။ လမ်းနှင့်ကားဘီးတာရာ ပွတ်တိုက်မိသံ ကျယ်လောင်စွာ ပေါ်ထွက်၍လာ၏။ ကားမီးရောင်က စူးရှစွာ အတွင်းသို့ တိုး၍ဝင်လာ၏။

စစ်ရန်နိုင်က . . .

'ဝတ်ရည် . . မင်းက၊ ဒေါ်သူဇာမော်ကိုခေါ်ပြီး နောက်ဖေးပေါက်ကနေ အမြန်ထွက်ကြပေတော့'

'ရှင်ကကော မလိုက်ဖူးလား'

'ငါ သူတို့ကို တားထားမယ်။ မင်းတို့သာ အရင်သွားကြ။ မင်းတို့ဆီကို ငါပြန်ရောက်လာမှာပါ။ ကဲ . . သွားတော့'

ဝတ်ရည်သိမ့် နောက်ဘက်သို့ဆုတ်၍ ပြေးသည်။ နောက်

ဘက်သို့တစ်ချက်ပြန်ကြည့်လိုက်မိသည်၊ ကားပေါ်မှ လူတစ်ချို့ဆင်း လာသည်ကို မသဲမကွဲ၍ လှမ်းမြင်ရသည်။

ဝတ်ရည်သိမ့် သံဆန်ခါများကာရံထားသည့်နေရာသို့ ရောက်လျှင် ဆွဲခါပြီး အော်ခေါ်လိုက်သည်။

'အန်တီ သူဇာ . . အန်တီသူဇာ'

ဒေါ်သူဇာမော် ဆေးဝါးစင်များကြားမှ လှမ်းကြည့်သည်။ ကုန်တိုက်ရှေ့မှတိုးဝင်လာသည့် ကားမီးရောင်ကို မြင်လိုက်ရသည်။

ဒေါ်သူဇာမော်က . .

'ဘာဖြစ်လို့လဲ . . ဝတ်ရည်'

'မြန်မြန်ပြေးကြရအောင်'

'ခဏလေးစောင့်'

ဒေါ်သူဇာမော်က ပစ္စည်းများထည့်သည်အိတ်ကို သံဆန်ခါ ပေါက်မှတွန်းထုတ်သည်။ သံဆန်ခါကိုနှစ်ဦးသား ကြိုးစား၍ တွန်းလိုက်မှ ဒေါ်သူဇာမော် ထွက်၍ရတော့သည်။

ကုန်တိုက်ရှေ့မှ လွန်စွာလင်းထိန်သည့် အလင်းရောင်များ နှင့်အတူ ကျယ်လောင်သောအသံတစ်သံကိုပါ ကြားလိုက်ရပြန်သည်။ ထိုအသံမှာ နားကွဲလုမတတ် ကျယ်လောင်သောအသံဖြစ်သည်။ ထိုအသံမှာ ဦးမျိုးဆွေကို လောင်ကျွမ်းသွားသည့် အလင်းရောင်လုံး ကြီးမှ အသံမျိုးဖြစ်ကြောင်း ဒေါ်သူဇာမော် မှတ်မိလိုက်သည်။

နှစ်ဦးသား ဆေးအိတ်ကိုဆွဲ၍ ကုန်တိုက်၏နောက်ဘက်သို့ ပြေးကြသည်။ နောက်ဘက်၌ ထွက်ပေါက်ရှိမည်ဟု ယူဆပြီး ပြေးနေ





ကြသည်။ တစ်ဘက်ထိပ်သို့ ရောက်သွားပြီးမှ ပစ္စည်းစင်များကြား အတိုင်း ရှေ့ဘက်သို့လျှောက်၍ ပြေးလာကြပြန်သည်။ ထွက်ပေါက် တစ်ပေါက်တွေ့နိုင်မည်ဟုတွက်ပြီး ပြေးနေကြခြင်းဖြစ်သည်။

ရှေ့ဘက်ထောင့်ချိုးတစ်နေရာမှ လူတစ်စု ကွေ့လာနေသည် ကို မြင်လိုက်ရသည်။

မှောင်မည်း၍နေသည့် ကုန်တိုက်ကြီးအတွင်း၌ လျှောက်လာ နေကြသည့် လူများ၏မျက်လုံးများမှာ အရောင်တဖိတ်ဖိတ်တောက်၍ နေပေသည်။ ထိုမျက်လုံးများကို မြင်မိလျှင် ဒေါ်သူဇာမော်နှင့် ဝတ်ရည်သိမ့်တို့ပို၍ တုန်လှုပ်ကြောက်ရွံ့သွားကြသည်။

နောက်ဘက်သို့ လှည့်ပြေးရန်ဟန်ပြင်လိုက်သည်။ သူတို့၏ နောက်မှ အုပ်စုတစ်စု လာနေကြသည်ကိုမြင်ရပြန်သည်။ အုပ်စုနှစ်စု သည် သူမတို့နှစ်ဦးအနီးသို့ နီးကပ်စွာရောက်လာကြသည်။ ထိုအုပ်စု နှစ်စုမှာ ပူးပေါင်း၍သွားကြသည်။ ထိုအုပ်စုထဲ၌ သက်လတ်ပိုင်း ယောက်ျားများ၊ မိန်းမများနှင့် အသက်ကြီးသူများ ပါဝင်ကြပေသည်။ ထိုလူများအားလုံး၏ မျက်လုံးများမှာ ထူးကဲစွာအရောင်တောက်နေ ကြသည်။

ထိုလူများသည် ဒေါ်သူဇာမော်နှင့် ဝတ်ရည်သိမ့်နှစ်ဦးကို စက်ဝိုင်းသဏ္ဍာန်ပတ်၍ဝိုင်းထားပြီး ရှေ့သို့ တဖြည်းဖြည်းတိုးလာကြ သည်။

ဒေါ်သူဇာမော်နှင့် ဝတ်ရည်သိမ့်တို့ ကျောချင်းကပ်၍နေ လိုက်ကြပြီး ကြောက်ရွံ့စွာမအော်မိစေရန် လက်ဖြင့် ပါးစပ်ပိတ်ထား

ကြသည်။ ဆေးအိတ်မှာ သူတို့နှစ်ဦး၏ဘေး၌ချထားပေသည်။

လူအုပ်ထဲမှ လူတစ်ယောက် တိုး၍ထွက်လာသည်။

ထိုလူက ဝတ်ရည်သိမ့်၏ လက်ကောက်ဝတ်ကို ဖမ်းဆုပ်ကိုင်လိုက်သည်။ ဝတ်ရည်သိမ့် ထိတ်လန့်စွာအော်ဟစ်လိုက်၏။

သူမ၏အသံမှာ ကုန်တိုက်ကြီးအတွင်း၌ ပဲ့တင်၍သွားသည်။

သူမ၏လက်ကောက်ဝတ်ကို ဖမ်းဆုပ်ကိုင်သူမှာ ယောကျ်ားတစ်ယောက်ဖြစ်သည်။

ထိုလူက အေးစက်စွာရယ်လျှက် . . .

'မင်း . . ဝတ်ရည်သိမ့် မဟုတ်လား။ အခုလိုတွေ့ရတာ ဝမ်းသာပါတယ်။ မင်းကို ငါတို့လိုက်ရှာရတာ သေလုမတတ်ပဲ'

ရှေ့ဘက်မှ ထိုးလာသော ကားမီးရောင်အောက်၌ ထိုလူ၏မျက်နှာကို ဝတ်ရည်သိမ့် မြင်လိုက်ရသည်။ သူမ လုံးဝမမြင်ဖူးသည့်လူတစ်ယောက်ပင်။

ထိုလူသည် ချူး၏လူယုံတော် လက်ထောက်ဖြစ်သည့် ဗမုန်းလူပင် ဖြစ်ပေသည်။

× × × × ×

ပြန်ဆုံရန် သတ်မှတ်ထားချိန်ထက် နာရီဝက် နောက်ကျ၍နေပေပြီ။





ဝတ်ရည်သိမ့်နှင့် ဒေါ်သူဇာမော်တို့နှစ်ယောက် မလာကြသေးသည့်အတွက် သန်းဆွေထိုက်နှင့် စိုးဝေတို့ စိတ်ပူနေကြသည်။

စိုးဝေကို ထားခဲ့ပြီး ကုန်တိုက်ဘက်သို့ သန်းဆွေထိုက်တစ်ဦးတည်းထွက်လာခဲ့သည်။ ကုန်တိုက်သို့သွားရာ လမ်းပေါ်၌ လူသူကင်းရှင်း၍နေပေသည်။

ကုန်တိုက်သို့ဝင်သည့် လမ်းကိုချိုးကွေ့လိုက်သည်။

ကုန်တိုက်ရှေ့တည့်တည့်၌ ကားအတော်များများ ရပ်ထားသည်ကိုတွေ့ရသည်။ ထိုကားများအားလုံး ရှေ့မီးများဖွင့်ထားသည်။ ရှေ့သို့ဆက်လျှောက်လာရာ တဖြည်းဖြည်း နီး၍လာသည်။

ထိုကားများအားလုံး စက်နှိုးထားသည့်အသံကိုပါ ကြားနေရသည်။

သန်းဆွေထိုက်က အဆောက်အဦးတစ်ခု၏ ဘေးတံခါးပေါက်အကွယ်၌ ကပ်၍နေလိုက်သည်။ ကုန်တိုက်ရှေ့မှ ကားများတန်းစီ၍ထွက်လာကြသည်။

ဓုဓုဓေါင်း ကားရှစ်စီးတိတိ။

ကားတစ်စီးပြီးတစ်စီး ကျော်ဖြတ်သွားသည်။ နောက်ဆုံးကားမှာ အရှိန်သတ်လိုက်သည်။ သန်းဆွေထိုက် တုန်လှုပ်သွားမိသည်။ မီးရောင်တစ်ခုထိုးကျလာသည်။ နောက်ဆုံးကား၏ နောက်ဘက်ခန်း၌ ဝတ်ရည်သိမ့် ထိုင်နေသည်ကို တွေ့လိုက်ရသည်။

သန်းဆွေထိုက် ထိုကားဆီသို့ပြေးပြီး ကားတံခါးကိုအတင်းဆွဲဖွင့်သည်။ ဝတ်ရည်သိမ့်၏ မျက်လုံးနှင့်ဆုံလိုက်မိသည်။ သူမက

ခေါင်းခါပြသည်ကို မြင်ရသည်။ နောက်ဆုံးမှကားမှာ တစ်ရှိန်ထိုး မောင်းထွက်သွားသည်။

သန်းဆွေထိုက်မှာ တစ်ပတ်လည်၍ လဲကျပြီး ကျန်ရစ်ခဲ့သည်။

မျှော်လင့်ချက်မရှိတော့ပြီဟု သူ၏စိတ်ထဲမှ သိလိုက်သည်။

ဝတ်ရည်သိမ့်ပါသွားသည့်ကားမှာ အဝေးသို့ရောက်၍ သွားပြီ ဖြစ်ပေသည်။

× × × × × × ×



## အခန်း (၃၀)

အရှေ့ဘက် မိုးကုတ်စက်ဝိုင်းမှ နေမင်း၏ ရွှေရောင်အလင်းတန်းများ ဖြာထွက်နေပြီဖြစ်သည်။

ပြတင်းပေါက်ဝ၌ရပ်လျှက်၊ နံနက်ခင်း၏ နေခြည်အလင်းတန်းများကို ချူး ကြည့်ရှုနေသည်။

ခြေသံများကို ကြားရသည်။ သူ လှည့်မကြည့်ပေ။

စော်လာသော ဗမုန်းလူက၊ သူ့ကို အရိုအသေတစ်ချက်ပြုသည်။

'ဆရာ့ရဲ့ သံယောဇဉ်ဒေဝီ ရောက်လာပါပြီ'

ချူး၏ရင်ထဲ၌ လှုပ်ရှား၍သွားမိသည်။

'ဝတ်ရည်'

ချူး၏အသံမှာ ထူးခြား၍နေ၏။ သတ္တုလိုက်သံပေါက်နေပေသည်။

သူ၏ ခန္ဓာကိုယ်ကို နောက်ဘက်သို့ တဖြည်းဖြည်းချင်းလှည့်လိုက်၏။ သူ၏ခန္ဓာကိုယ်ပေါ်၌ အစိမ်းရောင်ဝတ်ရုံရှည်ကြီးတစ်ထည်ကို လွှမ်းခြုံဝတ်ဆင်ထားသည်။

ပြတင်းပေါက်မှ နေရောင်ခြည်ကို သူကျောပေး၍ ရပ်နေသည်။

ဝတ်ရည်သိမ့်က တိုးဝင်လာနေသည့် နေရောင်ကိုလက်ဖြင့်ကာထားရသည်။ ချူး၏ ခန္ဓာကိုယ်ရှေ့ပိုင်းနှင့် မျက်နှာပြင်မှာ မှောင်၍နေသည်။

ဝတ်ရည်သိမ့်က မဝံ့မရဲလေသံဖြင့် . . .

'ချူး . . ချူးမဟုတ်လား ဟင်'

'ဟုတ်ပါတယ်။ ဝတ်ရည်ရဲ့ ချူးပါ'

ချူးရှေ့သို့ တစ်လှမ်းချင်းတိုးလာသည်။ ချူးကို သေချာစွာမြင်လိုက်ရသည့် ခဏတာအချိန်၌ ဝတ်ရည်သိမ့်မှာ အသက်ရှူရပ်မတတ်ဖြစ်သွားရသည်။

ချူး၏ ခန္ဓာကိုယ်မှာ အပြောင်းလဲကြီးပြောင်းလဲ၍နေပြီဖြစ်သည်။

နားရွက်အောက်မှ အစိမ်းရောင်အရေခွံအကွက်သည် မေးရိုးမှတစ်ဆင့် ပါးနှစ်ဘက်ဆီသို့ အမြောင်းလိုက်တက်နေကြသည်။ ထို့ပြင် အစိမ်းရောင်အရေခွံထူထူကြီးသည် လည်ပင်းနှင့်ရင်ဘတ်





အထိ အမြောင်းလိုက်ထိုးဖြာ၍ဆင်းနေသည်။

ဦးခေါင်းပေါ်ရှိ ဆံပင်များမှာ လွန်စွာပါး၍နေပြီး၊ ထူထဲသောအရေခွံကြီးတစ်ခုက ဖုံးလွှမ်းထားသည့်အလား မှတ်ထင်ရသည်။ နှုတ်ခမ်းမှာလွန်စွာပါး၍နေပြီး အတွင်းသို့စုဝင်နေပေသည်။ မျက်လုံးအစုံမှာလည်း မည်းနက်သောလိုဏ်ခေါင်းပေါက်ကြီးများကဲ့သို့ ဖြစ်နေသည်။ ပါးစပ်အတွင်းရှိ သွားများမှာလည်း ချွန်ထက်လျက် စိမ်းဖန့်ဖန့်အရောင်တောက်၍နေပေသည်။

ဝတ်ရည်သိမ့် ကြောက်ရွံ့စွာ နောက်သို့ဆုတ်သွားမိသည်။

ချူးက ရယ်မောလိုက်ပြီး

'မကြောက်ပါနဲ့ အချစ်ရယ်။ ကိုယ်ဟာ ချူး အစစ်ပါ'

ချူးက လက်မောင်းနှစ်ဘက်ကို ဆန့်ထုတ်လျက် ရှည်လျားသောလက်ချောင်းများဖြင့် ဝတ်ရည်သိမ့်၏ ခန္ဓာကိုယ်ကို ပွေ့ဖက်လိုက်သည်။ ချူး၏ လက်မောင်းများမှာ ရောင်စုံမြွေကြီးများကဲ့သို့ အရစ်လိုက် ဖြစ်၍နေသည်။

သူမ၏ခန္ဓာကိုယ်တစ်ခုလုံး တဒင်္ဂအတွင်း တောင့်တင်း၍သွားသည်။ ချူးထံမှ အမျိုးအမည် ခွဲခြားရခက်သည့် အနံ့ကြီးတစ်ခုကိုပါရလိုက်သည်။

'မကြောက်ပါနဲ့ ဝတ်ရည်ရယ်'

ဝတ်ရည်သိမ့် ဘာမျှ ပြန်မပြောပဲ စိတ်ကိုတင်းထားသည်။

ချူး၏ ခန္ဓာကိုယ်တစ်ခုလုံးကား ထူးဆန်းအံ့ဩဖွယ်ရာကောင်းလောက်အောင် အပြောင်းလဲကြီး ပြောင်းလဲ၍ နေပြီဖြစ်သည်။

ချူးက ဆက်၍ပြောသည်။

'မင်းကို သတိရလွန်း၊ လွမ်းလွန်းလို့ ကိုယ့်ရဲ့လူတွေကို ရှာခိုင်းလိုက်ရတာ။ အခုမှပဲ . .'

ဝတ်ရည်သိမ့် အသံကုန်အော်ဟစ်လျက် အတင်းဆောင့်၍ ရုန်းထွက်လိုက်၏။

ချူး၏လက်မှ လွတ်ထွက်သွားလျှင် သူမနောက်သို့ဆုတ်သည်။

ဝတ်ရည်သိမ့်က ကြေကွဲတုန်ခါသည့်အသံဖြင့် . . .

'သတိရတာတွေ လွမ်းတာတွေ လာပြောမနေနဲ့။ ရှင်ဟာ ချူး မဟုတ်တော့ဘူး'

'ငါဟာ ချူး အစစ်ပါပဲ။ ဒါပေမယ့် အရင်ကထက်တော့ ပိုပြီး ထူးခြားနေလိမ့်မယ်။ ဓိဝရုပ်ဟောင်းလူသားဘဝရယ် စကြဝဠာ သက်တမ်းတစ်လျှောက် ရှိနေခဲ့တဲ့ မျိုးဆက်သစ်တစ်ခုရယ်နဲ့ ပေါင်းစပ်ထားတာပါ'

ဝတ်ရည်သိမ့်မှာ သူ့ကို ရီဝေစွာကြည့်၍ တဆတ်ဆတ်တုန်ခါနေသည်။ သူမမှာ ကြောက်လွန်းသဖြင့် ထွက်ပြေးချင်နေပေပြီ။

ချူး၏မာကြောသောအသံ ပြောင်း၍ထွက်ပေါ်လာသည်။

'မင်းလည်း ငါ့ရဲ့ မျိုးဆက်သစ်ဘဝရုပ်ခန္ဓာထဲမှာ ပူးပေါင်းပါဝင်ရလိမ့်မယ် ဝတ်ရည်။ ကိုယ်ဟာ ဟောဒီကမ္ဘာကြီးပေါ်မှာ ပထမဆုံးပြောင်းလဲဖြစ်တည်လာတဲ့ ပေါင်းစပ်မျိုးဆက်သစ်လူသား တစ်ယောက်ဖြစ်လာရလို့ ဂုဏ်ယူဝမ်းသာမိတယ် . .'





'အခု . . အခု စကားပြောနေတာ ချူးပဲလား။ အရေခွံချွတ်ပြီး ပြောင်းလဲသွားတဲ့ မဟာဗိုင်းရပ်စ်ရဲ့ သိစိတ်ကနေ ပြောတာလား'

'မင်းပြောတဲ့အတိုင်းပါပဲ။ မမှားပါဘူး . . ပြောင်းလဲစိတ်ဖြစ်တည်လာတဲ့အခါ ဂြိုဟ်သားအသိစိတ်တွေ ဖွံ့ဖြိုးလာတယ်။ ဂြိုဟ်သားအသိစိတ်ဆိုတာ မဟာဗိုင်းရပ်စ်ရောဂါရထားပြီးသားဖြစ်တဲ့ လူသားတွေနဲ့ ပေါင်းစပ်ဖွဲ့စည်းထားတာပါပဲ'

ချူးက မြွေတစ်ကောင်နှင့် လွန်စွာတူသော လက်ချောင်းရှည်ကြီးများဖြင့် ဝတ်ရည်သိမ့်၏ ပါးပြင်ကိုပွတ်သပ်လိုက်သည်။

ချူးက . . .

'ပထမပိုင်းမှာတော့ များပြားလွန်းတဲ့ အလုပ်တွေလုပ်ရင်း မင်းကို မေ့ပစ်နိုင်ဖို့၊ မတွေ့ဖို့ ကြိုးစားခဲ့တာအမှန်ပါပဲ။ ဒါပေမယ့် မင်းဟာ ကိုယ့်ရဲ့သိစိတ်ဆဲလ်တွေကြားထဲကနေ ထိုးဖောက်ဝင်လာပြီး သံယောဇဉ်မေတ္တာတွေကို ပိုပြီးတိုးပွားလာစေခဲ့တယ်။ ဒီအချက်ဟာ မျိုးဆက်သစ် စကြာဝဠာဂြိုဟ်သားအဖို့ အားနည်းချက်တစ်ခုပဲ။ အခု ကိုယ့်ရဲ့ ခန္ဓာအိမ်ထဲမှာရှိနေတဲ့ လူသားအသိစိတ်က မင်းကို ချစ်ခင်မြတ်နိုးနေတယ်။ မင်းကိုကြီးမားတဲ့ လောကသစ်တွေ ဖန်တီးပေးနိုင်တယ်။ ဒါ့အတွက် ကိုယ် သိပ်ဝမ်းသာနေတယ်။ ဝတ်ရည်ရယ် . . ကိုယ်တို့နဲ့အတူ ပူးပေါင်းလိုက်ပါလားကွယ်'

အပြင်ဘက်ရှိ ကားလမ်းပေါ်မှ ရောဂါဖြစ်ထားသူများ ခြံထဲသို့ တရွေ့ရွေ့ဝင်လာနေကြသည်။

ဝတ်ရည်သိမ့်က လသာဆောင်ဘက်ရှိ လက်ရန်းကိုမှီ၍

ရပ်ပြီး အောက်ဘက်သို့ကြည့်နေမိသည်။

ချူးက . . .

'မင်းတို့ အခုနေတဲ့ ကမ္ဘာကြီးမှာ ပြဿနာအများကြီးရှိနေတယ်။ လူသားတွေဟာ ဒီကမ္ဘာကြီးပျက်စီးသွားအောင် နည်းအမျိုးမျိုးနဲ့ လုပ်နေကြတယ်။ အနန္တစကြာဝဠာထဲမှာ ဂြိုဟ်တွေအများကြီး ရှိတယ်။ ဒါပေမယ့် ဟောဒီကမ္ဘာဂြိုဟ်လောက် နေထိုင်ချင်စရာ ဘယ်ဂြိုဟ်မှ မကောင်းဘူး။ ဒါကြောင့် ကိုယ်တို့က ပတ်ဝန်းကျင် အသစ်နဲ့ ကမ္ဘာသစ်ကြီးတစ်ခု တည်ဆောက်မယ်'

ဝတ်ရည်သိမ့်က စိတ်ကိုတင်းလျှက် . .

'ရှင်တို့ရဲ့ ဗိုင်းရပ်စ်တွေဟာ ဒီကမ္ဘာပေါ်ကို ဘယ်အချိန်ကတည်းက ရောက်နေတာလဲ'

'သက်ရှိရယ်လို့ ဖြစ်ပေါ်လာခဲ့တဲ့ လွန်ခဲ့တဲ့ နှစ်ပေါင်းသန်းသုံးထောင်ကျော်လောက်ကတည်းက ဗိုင်းရပ်စ်လောင်းလေးတွေကို စကြာဝဠာယာဉ်ပျံနဲ့ D.N.A နဲ့ပေါင်းစပ်ပြီး လွှတ်ထားပေးခဲ့တယ်။ နှစ်သန်းတစ်ရာကျော်ကြာတိုင်း ဗိုင်းရပ်စ်တွေကို ထပ်လွှတ်ပေးတယ်။ ဗိုင်းရပ်စ်တွေကို ဖွံ့ဖြိုးအောင်ပြန်နှိုးပေးပြီး ကမ္ဘာပေါ်က သက်ရှိတွေရဲ့ ဗီဇဖွဲ့စည်းမှုကိုကြည့်စေတယ်။ နောက်ပိုင်းမှာ သိစိတ်တည်စေနိုင်တဲ့ ဇီဝရုပ်မျိုးစိတ်ကိုတွေ့လာတယ်'

'လူသားတွေကို ပြောတာလား'

'မှန်တာပေါ့။ လူသားတွေမှာ ဘာမှပြောစရာမလိုလောက်အောင် ပြည့်စုံကြတယ်။ ဗိုင်းရပ်စ်အသိစိတ်တည်ဖို့လည်း ဘာမှ





မခက်ခဲဘူး။ ဒါပေမယ့် လူသားတွေမှာ ခံစားချက်ရှိဟာတစ်ခုကိုပဲ မလိုလားအပ်တဲ့အချက်အဖြစ် ပြောစရာရှိတယ်'

ဝတ်ရည်သိမ့်က လှောင်ရယ် ရယ်လိုက်သည်။

အနန္တစကြာဝဠာ၌ ထင်သလို ချယ်လှယ်နိုင်စွမ်းရှိသော အသွင်ပြောင်းဗိုင်းရပ်စ်ဂြိုဟ်သား ယဉ်ကျေးမှုနယ်ပယ်မှ ဂြိုဟ်သားများသည် လူသားတို့၏ ချစ်ခြင်း၊ မုန်းခြင်း ခံစားချက်များကြောင့် ကြီးမားလှသည့် ဒုက္ခနှင့် ရင်ဆိုင်ရပြီဖြစ်မှန်း သူမ ရှင်းလင်းစွာသိလိုက်ရသည်။

ချူးက . . .

'အဲဒီ ခံစားမှုစိတ်ကြောင့် လူသားတစ်ဦးချင်းမှာ အားနည်းချက်တွေ ဖြစ်လာရပြန်တယ်။ လူသားတွေဟာ အခြေခံလိုအင်မှုစည်းကနေ ကျော်လွန်မက်မောလာကြတယ်။ ဒါကြောင့် မလိုလားအပ်တဲ့ လောဘစိတ်နဲ့ ပြဿနာတွေ၊ စစ်ပွဲတွေ ဖြစ်ပေါ်လာရတယ်။ ဒီစိတ်အခြေခံဟာ ဂြိုဟ်သားအသိစိတ်နဲ့ လုံးဝဆန့်ကျင်နေတယ်'

ဝတ်ရည်သိမ့် အဝေးသို့ လှမ်းကြည့်နေမိသည်။

ချူး ပြောသည်များမှာ လူသားတစ်ဦးပြောသည့် စကားများမဟုတ်တော့ပေ။ ဂြိုဟ်သားအသိစိတ်၊ ဂြိုဟ်သားအသွင်နှင့် ပြောသော စကားများချည်း ဖြစ်လာနေပေသည်။

ဝရည်သိမ့်က . . .

'လူသားခန္ဓာအိမ်ရဲ့ အပြင်မှာလွှမ်းခြုံထားတဲ့ ဝင်ကစွပ်ဗိုင်းရပ်စ်ဂြိုဟ်သားတွေထဲမှာတော့ ရှင်ဟာ ပထမဆုံး ဂြိုဟ်သားပေါ့'

ချူး လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

'ဟုတ်တယ်။ ကိုယ်ဟာ ပထမဆုံး မျိုးဆက်သစ်ဂြိုဟ်သား ပဲ'

'ဒါဖြင့်၊ ရှင်တို့ ဘယ်နေရာက လာကြတာလဲ'

'အင်း . . ကိုယ်တို့ရဲ့ မိခင်ဂြိုဟ် ဘယ်မှာလဲဆိုတာတော့ မသိဘူး။ ကိုယ်တို့ရဲ့ မူရင်းသင်္ဘာန် ဘယ်လိုရှိသလဲဆိုတာလည်း ကိုယ်မသိဘူး။ ဒီအချက်တွေကိုလည်း ကိုယ့်အနေနဲ့ တစ်ခါမှ မစဉ်းစားမိဘူး'

ထို့နောက် ချူးက . . .

'မင်းကို အင်မတန် အရေးပါတာတစ်ခု ကိုယ်ပြချင်လို့ပါ။ ကိုယ်နဲ့ ခဏလောက်လိုက်ခဲ့စမ်းပါ'

ချူးက ဝတ်ရည်သိမ့်ထွက်နိုင်ရန် တံခါးဖွင့်ပေးလိုက်သည်။

. . . . . . .

မျက်မှောင်ကြုတ်ထားသည့် လူအမြောက်အမြား နေရာအနှံ့ အလုပ်ရှုပ်နေကြသည်။ ချူးနှင့် ဝတ်ရည်သိမ့်ကို မည်သူကမျှ ဂရုစိုက်၍ ကြည့်နေခြင်းမရှိ။

ချူးက သူမအား အစိမ်းရောင်ခန်းမကြီးထဲသို့ ခေါ်သွားသည်။ ထိုခန်းမထဲ၌ အလုပ်လုပ်နေသူများ ပို၍များပြားသည်။ ထိုလူများအားလုံးမှာ မျက်မှောင်ကြုတ်ထားကြသည်။





ဝါယာကြိုးများမှာ ရှုပ်ထွေးစွာတပ်ဆင်ထားသည်။ နံရံများ မျက်နှာကြက်များမှ သွယ်တန်း၍ထားသည်။ အစိမ်းရောင်ခန်းမကြီး၏အလယ်၌ ကြီးမားလှသည့် အဆောက်အဦးကြီးတစ်ခု တည်ရှိနေသည်။ အခြားဂြိုဟ်တစ်ခုမှ ပစ္စည်းကြီးတစ်ခုနှင့် တူလှသည်။ အလယ်ဗဟို၌ လွန်စွာကြီးမားလှသော သံမဏိပိုက်ပြွန်ကြီးတစ်ခုရှိနေသည်။ ထိုအရာကို သံမဏိဆိုင်းကြိုးကြီးများဖြင့် ဆိုင်း၍ထားပေသည်။ ကရိယာကြီး၏ဘေးတွင်ထားသည့် စက်ခလုတ်ခုံကြီး၌ ကွန်ပျူတာများ၊ ဒိုင်ခွက်များ တပ်ဆင်ထားသည်။

ဝတ်ရည်သိမ့်က သူမရှေ့မှ မြင်ကွင်းကို လှည့်ပတ်ကြည့်ရှုနေသည်။

ချူးက ဂုဏ်ယူဝင့်ကြွားစွာဖြင့်

'ဒီပစ္စည်းကြီးရဲ့ တည်ဆောက်မှုက ပြီးတော့မယ်လေ'

'ဒါ ဘာလို့ခေါ်လဲ'

'ဒါကို ကိုယ်တို့ရဲ့ 'မဟာဘုံသစ်နန်းဆောင်'လို့ခေါ်တယ်။ တစ်ခြားဂြိုဟ်ကမ္ဘာတွေနဲ့ ဆက်သွယ်နိုင်မယ့် ကရိယာကြီးတစ်ခုပေါ့'

'ဘယ်လိုပုံစံမျိုးနဲ့ ဆက်သွယ်နိုင်တာလဲ။ ရုပ်သံဆက်သွယ်မှုမျိုးကို ဆိုလိုက်တာလား'

ချူးက . . .

'တစ်နေရာနဲ့တစ်နေရာ သယ်ယူပို့ဆောင်ပေးနိုင်တဲ့ ကရိယာလို့ပြောတာ'

ဝတ်ရည်သိမ့်၏ အာခေါင်များ အလိုလိုခြောက်သွေ့၍

လာသည်။

သူမက . . .

'မိုင်းရပ်စ်တွေရဲ့ ရောဂါကူးစက်မှုခံထားရတဲ့ ကမ်ခြာ
ကမ္ဘာကဂြိုဟ်သားတွေနဲ့ ဆက်သွယ်နိုင်မှာကို ပြောတာလား။ အဲဒီ
ဂြိုဟ်သားတွေက ဒီကမ္ဘာပေါ်ကို ရောက်လာနိုင်ကြမှာလား'

'ဒီကမ္ဘာဂြိုဟ်ဟာ တစ်ခြားဂြိုဟ်တွေနဲ့ အဆက်အသွယ်
မရှိဘူး။ အခုဆိုရင် အလွယ်တကူ ဆက်သွယ်လို့ ရလာနိုင်တော့မယ်'

ကမ္ဘာပေါ်သို့ တစ်ခြားကမ္ဘာမှ ဂြိုဟ်သားများ ချဉ်းနင်း
ကျူးကျော်ဝင်ရောက်လာနိုင်တော့မည်ဟူသော အသိစိတ်ဖြင့် ပို၍ပင်
ကြောက်ရွံ့တုန်လှုပ်လာမိသည်။ သူမ၏တစ်ကိုယ်လုံး အားအင်ကုန်
ခမ်း၍ နုံးချိသွားမိပေသည်။

ပင်ပန်းနွမ်းနယ်မှုများနှင့် ပြင်းထန်သောခံစားမှုများပေါင်းစပ်
လိုက်သောအခါ၌ ဝတ်ရည်သိမ့် သတိလစ်သည်အထိ ခံစားလိုက်ရ
သည်။ သူမ၏အသိစိတ်များ မှောင်မည်း၍သွားပြီး မေ့မြောသွားပေ
တော့သည်။

× × × × ×

ဝတ်ရည်သိမ့် သတိပြန်ရလာချိန်၌ ခန္ဓာကိုယ်တစ်ခုလုံး
တုန်ခါ၍နေသည်။ ရင်ထဲ၌ လှိုက်ဟာသလို ခံစားနေရပြန်သည်။

သူမ မျက်လုံးများ ဖြည်းညင်းစွာဖွင့်လိုက်၏။





သူမမှာ ကြမ်းပြင်ပေါ်၌ လဲကျ၍နေသည်။ သူမ၏မျက်လုံး
အစုံက ဂြိုဟ်သားများအတွက် ဘယ်ယူပို့ဆောင်ပေးနိုင်စွမ်းသည့်
ကရိယာကြီးကို မော့ကြည့်နေမိပြီးသား ဖြစ်နေပေသည်။ ထို့ပြင် သူမ
၏ ညာလက်မှာ ကျစ်ကျစ်ပါအောင် ဆုပ်ထားမိလျက်သားဖြစ်နေပေ
သည်။

'နေကောင်းသွားမှာပါ . . ဝတ်ရည်ရယ်'

ချူး၏အသံကို ဦးစွာကြားရသဖြင့် သူမ တုန်လှုပ်သွားရ
သည်။

သူမ၏ဘေး၌ ချူးက ဒူးထောက်လျက်အနေအထားဖြင့်
ရှိနေပြီး သူမ၏ညာလက်သီးကို ဆုပ်၍ကိုင်ထားသည်။ သတိပြုမိချိန်
၌ သူမ၏လက်ထဲ၌ လေးလံအေးစက်သော အရာတစ်ခုကို ဆုပ်ထား
မိကြောင်း သိလိုက်သည်။

သူမ၏လက်ထဲ၌ ဆုပ်ထားသောအရာကို သူမ ချက်ချင်း
သိလိုက်သည်။

'ရှင် . . ရှင် . . အခုလိုမျိုး မလုပ်နဲ့'

ဝတ်ရည်သိမ့် အော်၍ပြောသည်။ ချူးက သူမ၏လက်ကို
လွှတ်မပေးပဲ ဆုပ်ကိုင်မြဲဆုပ်ထားသည်။ သူမအနေဖြင့် ချူးလက်ထဲမှ
မရုန်းနိုင်ကြောင်းသိသဖြင့် . . .

'ချူးရယ် . . ရှင် ကျွန်မကို တကယ်ချစ်ရင် အခုလို မလုပ်
ပါနဲ့ရှင်'

'စိတ်အေးအေးထားပါ ဝတ်ရည်ရယ် . .'

'ရှင့်မှာ ပုံမှန်စိတ်ထားရှိသေးရင် ကျွန်မလက်ကို အခုလွှတ်
ပေးပါ . . ကျွန်မ ကောင်းကောင်းမွန်မွန်နေပါရစေ'

ချူးက တစ်လုံးချင်း ဖြည်းညင်းစွာပြောလိုက်ပြန်သည်။

'မင်း ပြောတာထက်ပိုပြီး အေးချမ်းကောင်းမွန်စေရမယ်။
မင်းကို စွမ်းအားတွေ ပေးချင်တယ်။ မင်းကို . . ကိုယ်တို့အဖွဲ့ထဲက
လူဖြစ်လာစေချင်တယ်။ ကိုယ့်အတွက် မင်းက လိုအပ်နေတယ်'

'အား . .'

သူမ စူးရှစွာ အော်ဟစ်လိုက်သည်။

ချူးက သူမ၏လက်ကို လွှတ်ပေးလိုက်၏။ ဝတ်ရည်သိမ့်
လဲကျနေရာမှ မတ်တတ်ရပ်လိုက်ပြီး လက်ထဲ၌ဆုပ်ထားမိသည့် သတ္တု
စပ်ကျောက်ပြားကလေးကို စက်ဆုပ်ရွံ့ရှာစွာ ပစ်ပေါက်လိုက်သည်။
သတ္တုစပ်ကျောက်ပြားလေးမှာ ကြမ်းပြင်ပေါ်၌ လျှောရင်းအဝေးသို့
ရောက်သွားသည်။

ဝတ်ရည်သိမ့် သူမ၏လက်ကိုငုံ့ကြည့်လိုက်၏။ သူမ၏
လက်ကို စူး၍သွားပေပြီ။ သူမ၏ လက်ခလယ်၌ သွေးစို့နေသည့်
ဒဏ်ရာကိုတွေ့လိုက်ရသည်။ သတ္တုစပ်ကျောက်ပြား၏ စူးခြင်းခံရလျှင်
မည်သို့ ဖြစ်လာတော့မည်ကို သူမသိထားသည်။

သူမ၏မျက်လုံးမျ းမှ မျက်ရည်များစီးကျလာသည်။

သူမသည် သူတို့၏ အဖွဲ့သားဖြစ်ရပေတော့မည်။

× × × × ×



အခန်း (၃၁)

သန်းဆွေထိုက်နှင့် စဝ်ရန်နိုင်တို့ တစ်နာရီကျော်ခန့်ခြား၍
သျှို့ဝှက်အိမ်လေးဆီသို့ ပြန်ရောက်လာကြသည်။

ဝတ်ရည်သိမ့်နှင့် ဒေါ်သူဇာမော်တို့ ကျန်ရစ်ခဲ့ကြသည်ကို
အိမ်ငယ်လေး၌ရှိနေသည့် စိုးဝေနှင့် ဒေါက်တာစိမ်းသီတာတို့ သိလိုက်
ရသည်။

စဝ်ရန်နိုင်က . . .

'ကျုပ်တို့ဘက်ကို မြွားဦးလှည့်လာမှာ သေချာနေပြီ။ ကျုပ်တို့
ဘယ်မှာရှိတယ်ဆိုတာကို သူတို့သိလာတော့မယ်။ ဒီနေရာကနေ
အမြန်ဆုံး ပြေးမှဖြစ်မယ်'

ကျန်လူသုံးဦး စကားပြန်မပြောနိုင်ကြ။

သူတို့သုံးဦးလုံး ပင်ပန်းနွမ်းနယ်မှုနှင့် ပူဆွေးသောက ဖြစ်မှုများ ခံစားနေရသည်။

ဒေါက်တာစိမ်းသီတာက . . .

'စာရွက်စာတမ်းတွေနဲ့ မျိုးပွားတစ်သျှူးပုလင်းတွေကို ထည့်ယူလာခဲ့ကြပေတော့'

သန်းဆွေထိုက်က . . .

'ကျွန်တော် စောင့်ကြည့်ချင်သေးတယ်'

ဒေါက်တာစိမ်းသီတာက

'စောင့်ဖို့ အချိန်မရ နိုင်တော့ဘူး'

'ဒါဖြင့် ဘယ်ပြေးကြမလဲ'

စိုးဝေက လက်ကာပြလိုက်သဖြင့် စစ်ရန်နိုင်က ပြောမည့် စကားကို ရပ်တန့်လိုက်သည်။

စိုးဝေက သူ၏ကွန်ပျူတာကို ဖွင့်၍ ခလုတ်များကိုနှိပ်နေ သည်။ ခဏအကြာ၌ ကွန်ပျူတာဖန်သား မျက်နှာပြင်ပေါ်၌ အဖြေ စာတန်းများပေါ်လာသည်။

စိုးဝေက အော်၍ပြောလိုက်သည်။

'ကျွန်တော် ဒေါက်တာ'ဂျေ'နဲ့ လှမ်းပြီး ဆက်သွယ်ကြည့် တယ်။ သူက ကျွန်တော်တို့နဲ့တွေ့ဖို့ သဘောတူလိုက်တယ်။ ဘယ်လို သဘောရကြလဲ'

သန်းဆွေထိုက်၊ ဒေါက်တာစိမ်းသီတာနှင့် စစ်ရန်နိုင်တို့ ခေါင်းချင်းဆိုင်၍ တိုင်ပင်ကြသည်။ ခပ်မြန်မြန်ပင် ဆုံးဖြတ်ချက်ချ





လိုက်ကြသည်။

ဒေါ်သူဇာမော် ပြန်လာလျှင် တွေ့နိုင်ရန် ဆက်သွယ်နိုင်ရန် စာတစ်စောင်ရေးထားလိုက်သည်။ လိုအပ်သည်များကို သိမ်းဆည်း ယူဆောင်ကြသည်။

ဒေါက်တာ'ဂျေ'နှင့် သွား၍တွေ့ဆုံရန် အားလုံးသဘောတူ ညီလိုက်ကြသည်။

အခြေအနေမှာ သူ့ကို ကိုယ်မယုံ၊ ကိုယ့်ကို သူမယုံ အခြေ အနေမျိုးဖြစ်နေပေသည်။ ထိုအခြေအနေကြားထဲမှပင် စွန့်စား၍ ဆုံးဖြတ်လိုက်ကြရခြင်းပင် ဖြစ်ပေတော့သည်။

× × × × ×

တောင်ပိုင်းပြည်နယ် သဲကန္တာရသို့သွားသည့် လမ်းမပေါ်သို့ သူတို့လူစုရောက်နေကြသည်။ ထိုကားလမ်းမှာ ကားလမ်းဟောင်းတစ် ခုဖြစ်ပြီး လွန်စွာအသွားအလာနည်းသည့် လမ်းဖြစ်သည်။

အရပ်လေးမျက်နှာ၌ သဲတောင်ကုန်းများအတိပြီး၍နေသည်။ ကားလမ်းဘေး၌ ဓာတ်ဆီဆိုင်တစ်ဆိုင်ရှိသည်။ စစ်ရန်နိုင် က ကားကို ဓာတ်ဆီဆိုင်ဘေး၌ ရပ်ထားလိုက်သည်။ ဓာတ်ဆီပန့်၏ နောက်ဘက်ရှိ အဆောက်အဦးမှာ ဟောင်းနွမ်းဆွေးမြေ့၍ နေသည်။ စွန့်ပစ်ထားသည်မှာ ကြာမြင့်လှပြီဖြစ်သော ဆိုင်ဟောင်းတစ်ခုပင် ဖြစ်သည်။

စိုးဝေက . . .

'ကျွန်တော်တို့နဲ့ တွေ့ဖို့ ချိန်းတာ ဒီနေရာပဲ'

သန်းဆွေထိုက်က . . .

'အထဲကို ဝင်ကြည့်ကြရအောင်'

အဆောက်အဦးဟောင်းအတွင်းသို့ သတိထား၍ ဝင်လိုက်ကြသည်။

ပြတင်းပေါက်မှန်များမှာ ညစ်ပေနေသဖြင့် အတွင်း၌ အလင်းရောင်ကောင်းစွာ မရနိုင်ပေ။ အတွင်း၌ သဲကွဲစွာမမြင်ရ။

ကြမ်းပြင်ပေါ်၌ သဲများ၊ ဖုန်များ၊ အမှိုက်များ၊ ပစ္စည်းအဟောင်းများပြန့်ကျဲ၍နေကြသည်။ နံရံများ၌ ပင့်ကူအိမ်များက မြင်မကောင်းအောင် ရှုပ်ထွေး၍နေ၏။

လက်ယာဘက်၌ တံခါးပေါက်တစ်ခုရှိသည်။ ထိုတံခါးပေါက်မှာ ဟ၍နေ၏။ သန်းဆွေထိုက်နှင့် စိုးဝေနှင့် စစ်ရန်နိုင် တံခါးအနီးသို့ တိုးကပ်သွားသည်။ နောက်မှ ဒေါက်တာစိမ်းသီတာ ပါလာသည်။ စစ်ရန်နိုင်က တံခါးကို တွန်းဖွင့်လိုက်သည်။ တံခါးမှာ ကျပ်၍နေသဖြင့် တွန်းဖွင့်လိုက်သည့်အခါ ကျယ်လောင်စွာမြည်၍ သွားသည်။ ဒုတိယအခန်းမှာ ပို၍ပင်မှောင်မည်း၍နေသည်။

စစ်ရန်နိုင်က ရှေ့မှ ဦးစွာဝင်လိုက်သည်။

အခန်း၏ နောက်ဘက်အဆုံး၌ ဗီရိုကြီးတစ်လုံးရှိသည်။

ထိုဗီရိုကြီး၏အကွယ်မှ လူတစ်ယောက်ထွက်လာသည်။ ထိုလူ၏ လက်ထဲ၌ အော်တိုမတ်တစ်ပစ္စတိုတစ်လက် ကိုင်ထားသည်။





စစ်ရန်နိုင်ကို ပစ္စတိုဖြင့် တည့်မတ်စွာချိန်ထားသည်။

ထိုလူမှာ အသက်ခြောက်ဆယ့်ကျော်အရွယ်ရှိသည်။ ဆံပင်များဖြူ၍နေပြီး ခပ်ပိန်ပိန်လူကြီးတစ်ဦးဖြစ်သည်။ သို့သော် ဖျတ်လတ်သန်မာနေပေသေးသည်။

စိုးဝေက ရှေ့သို့တိုးဝင်လိုက်ပြီး

'ကျွန်တော် 'အောင်ဇေယျကျော်'ပါ။ အင်တာနက်ထဲမှာ ထည့်ထားတဲ့နာမည်ပါ။ အပြင်နာမည်က စိုးဝေလို့ခေါ်ပါတယ်။ လျှို့ဝှက်သင်္ကေတသတ်မှတ်ချက်က သံမဏိကြွက်ဖြူကိုးကောင်'ပါ။ ခင်ဗျားက ဒေါက်တာ 'ဂျေ'လား'

ထိုလူကြီးက သူတို့ကို သေချာစွာ စူးစိုက်ကြည့်နေပြန်သည်။ ခဏကြာမှ ခေါင်းတစ်ချက် ညိတ်လိုက်သည်။

'မင်းတို့ကို အခုလို အခြေအနေမျိုးမှာ တွေ့ရတာ အတော့်ကို ဝမ်းသာတယ်။ ငါက မင်းပြောတဲ့ ဒေါက်တာဂျေပါပဲ။ ငါ့နာမည်အပြည့်အစုံက ဒေါက်တာမြတ်မင်းဟန်လို့ခေါ်တယ်။ အခုအခြေအနေဆို မင်းတို့နဲ့ငါလက်တွဲပြီး အလုပ်လုပ်လို့ရပါပြီ'

ဒေါက်တာစိမ်းသီတာက တွေ့တွေ့ချင်း သေနတ်နှင့် ချိန်လိုက်သောအပြုအမူကြောင့် စိတ်ထဲ၌ မတင်မကျဖြစ်နေသည်။

ဒေါက်တာမြတ်မင်းဟန်က . . .

'မင်းတို့ကို အန္တရာယ်ပေးဖို့အတွက် စောစောက ငါခြိမ်းချောက်လိုက်တာ မဟုတ်ဘူး။ အခုအခြေအနေမှာ အစစအရာရာ ဂရုစိုက်မှ ဖြစ်မယ်'

ဒေါက်တာစိမ်းသီတာက ချက်ချင်းပင်မေးသည်။

'အလုပ် လုပ်ဖို့အတွက် ဓာတ်ခွဲခန်း ဆရာကြီးဆီမှာ ရှိရဲ့လား'

ဒေါက်တာမြတ်မင်းဟန်က . . .

'ငါ့မှာ ဓာတ်ခွဲခန်းရှိတယ်။ အခုပဲ သွားကြရအောင်။ နာရီဝက်လောက်တော့ မောင်းရလိမ့်မယ်'

ကားပေါ်သို့ အားလုံးတက်လိုက်သည်။

စစ်ရန်နိုင်က ကားစက်ကို နှိုးလိုက်သည်။

'ဘယ်နေရာကို မောင်းရမှာလဲ . . ဆရာကြီး'

'တည့်တည့်သာမောင်း။ ကွေ့ရမယ့်နေရာရောက်ရင် ငါ ထပ်ပြောမယ်'

စစ်ရန်နိုင်က ကားကို မောင်းထွက်လိုက်သည်။

× × × × ×

ကားပေါ်တွင် တစ်ဦးနှင့်တစ်ဦး မိတ်ဆက်ရင်း စကားပြောဖြစ်ကြသည်။

သန်းဆွေထိုက်က . . .

'အခု . . ဆရာကြီးနေခဲ့တဲ့ မြို့ကိုသွားနေတာလား'

ဒေါက်တာ မြတ်မင်းဟန်က . . .

'ငါနေခဲ့တဲ့ မြို့လူတွေအားလုံး ရောဂါဖြစ်နေကြပြီ'





'ဆရာကြီးကို ရောဂါမကူးအောင် ဘယ်လိုလုပ်ထားသလဲ'

'ဒီလိုကွ။ ငါ့ရှေ့မှာပင် ငါ့အသိမိတ်ဆွေတစ်ယောက် လေးတောင့်ပြားလေးစူးတာခံလိုက်ရတယ်။ အဲဒီနောက်ပိုင်းမှာ ငါ အဲဒီနောက်ပိုင်းမှာ ငါ အဲဒီရောဂါဖြစ်နေတဲ့လူကို ရှောင်ပြီးနေခဲ့တယ်။ နောက်ပိုင်းမှာ အခြေအနေပိုဆိုးလာတော့ ရှောင်ရုံနဲ့မဖြစ်တော့ဘူး။ နောက်ဆုံးတော့ ဒီသဲကန္တာရထဲအထိ ထွက်ပြေးလာခဲ့ရတော့တာပါပဲ'

ဒေါက်တာစိမ်းသီတာက မေးလိုက်သည်။

'ဒီသဲကန္တာရထဲကနေ ဘယ်လို အဆက်အသွယ်လုပ်ယူတာလဲ'

ဒေါက်တာမြတ်မင်းဟန်က မသိမသာပြုံး၍

'ငါ့မှာ ဓာတ်ခွဲခန်းတစ်ခုရှိတယ်လေ'

ဒေါက်တာစိမ်းသီတာ ကားပေါ်မှနေ၍ ရှေ့၊ ဘေး၊ နောက် ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်သည်။ သဲကန္တာရကြီးမှာ မျက်စိတစ်ဆုံး ကျယ်ပြန့်၍နေပေသည်။ သဲကန္တာရထဲ၌ မည်သည့် အဆောက်အဦးမျှ မတွေ့ရ။ ဒေါက်တာ မြတ်မင်းဟန်၏ ဓာတ်ခွဲခန်းမှာ မည်သည့်နေရာ၌ ရှိနိုင်သနည်းဟု သူမ စဉ်းစားရင်းခေါင်းခါလိုက်မိသည်။

ဒေါက်တာမြတ်မင်းဟန်က . . .

'စစ်ရန်နိုင်ရေ။ ရှေ့မှာ မြင်နေရတဲ့ ရှားစောင်းပင်လေး နှစ်ပင်ဘေးကနေ ကပ်ဝင်ပြီးမောင်း'

စစ်ရန်နိုင်က ဒေါက်တာမြတ်မင်းဟန်ပြောသည့်အတိုင်း

ရှားစောင်းပင်ဘေးမှ ချိုးကွေ့၍မောင်းလိုက်သည်။

× × × × ×

စဝ်ရန်နိုင်က . . .

'ဒီလမ်းကနေသွားတာ ဟုတ်၊ မဟုတ် ဆရာကြီး သင်္ကေတရ ထဲမှာ ဘယ်လိုမှတ်ထားသလဲ'

ဒေါက်တာမြတ်မင်းဟန်က အေးဆေးစွာဖြင့်

'ရောက်ခါနီးပါပြီ'

သင်္ကေတရထဲ၌ စာတ်ခွဲခန်း အဆောက်အဦးတစ်ခုမျှ မတွေ့ နိုင်သဖြင့် ဒေါက်တာစိမ်းသီတာမှာ နားမလည်နိုင်အောင်ဖြစ်နေရ သည်။

ဒေါက်တာမြတ်မင်းခိုင်က လက်ညှိုးညွှန်လျက် . . .

'ဟောဟိုရှေ့မှာ အပွင့်တွေပွင့်နေတဲ့ ရှားစောင်းပင်သုံးပင် နားမှာ ကားကိုရပ်လိုက် . .'

စဝ်ရန်နိုင်က ကားကိုရပ်လိုက်သည်။

ဒေါက်တာမြတ်မင်းခိုင်က ကားတံခါးဖွင့်၍ဆင်းသည်။

'ကဲ . . ရောက်ပါပြီ။ အားလုံး ဆင်းကြပါ'

ဒေါက်တာစိမ်းသီတာနှင့် သန်းဆွေထိုက် ဆင်းလိုက်သည်။ သူတို့အားလုံးမှာ သင်္ကေတရ၏ အလယ်၌ရောက်နေပေသည်။ ကျောက်တုံးများ၊ ရှားစောင်းပင်များနှင့် တောင်ကုန်းမြင့်မြင့်များမှ လွဲ၍





အခြားဘာမျှမတွေ့ရ။

ဒေါက်တာမြတ်မင်းခိုင်က ရှေ့သို့ လျှောက်သွားသည်။ သူ့နောက်မှ စဝ်ရန်နိုင်တို့ လူစု သဲမြေပြင်ပေါ်၌ လျှောက်၍လိုက်ပါ လာကြရသည်။ အခြေအနေကို မည်သူမျှ သဘောမကျကြပေ။ ဒေါက်တာမြတ်မင်းခိုင်ကိုယုံကြည်ပြီး လိုက်လာမိခါမှ ဒုက္ခရောက်ပြီ ဟုပင် ထင်မှတ်မိကြသည်။

ပေသုံးဆယ်ခန့်လျှောက်မိလျှင်ပင်၊ ဒေါက်တာမြတ်မင်းခိုင် က မြေပြင်တစ်နေရာကို လက်ညှိုးဖြင့်ထိုးလျက် ရယ်မော၍ပြောလိုက် သည်။

'ကဲ . . မင်းတို့အားလုံးကို လျှို့ဝှက်မြေအောက်စာတ်ခွဲခန်းက ကြိုဆိုပါတယ် . .'

ဒေါက်တာမြတ်မင်းခိုင်က သဲမြေများကို ယက်ဖယ်ထုတ် လိုက်၏။ ပေါ်လာသော သံကွင်းတစ်ခုကို အပေါ်သို့ဆွဲမလိုက်သည်။ သံမဏိဘောင်ဖြင့်ခတ်ထားသည့် လေးထောင့်သဏ္ဍာန် အပေါက် တစ်ခုပေါ်လာသည်။ ထိုအပေါက်ဝ၌ အောက်ဘက်သို့ဆင်းသည့် သံမဏိလှေကားတစ်ခုကိုပါ တွေ့မြင်လိုက်ကြရသည်။

× × × × × × ×

## အခန်း (၃၂)

ဝတ်ရည်သိမ့် အိပ်ပျော်သွားပြီး မကြာခင် နိုး၍လာ၏။

သူမ ရောက်ရှိနေရာ အခန်းတံခါးပေါက်ဆီသို့သွားသည်။ တံခါးလက်ကိုင်ကို လှည့်ကြည့်သည်။ တံခါးမှာ သော့ခတ်၍ထားသည်။ ကိုယ်ကိုလှည့်၍ လှည့်ပတ်ကြည့်သည်။ သူမရောက်ရှိနေသောနေရာမှာ ကြီးမားသောအိပ်ခန်းကြီးတစ်ခန်းဖြစ်ပြီး အခန်းထဲ၌ ခုတင်တစ်လုံးသာရှိသည်။

ပြကင်းပေါက်တံခါးကို သူမ အသာလှော၍ဖွင့်ကြည့်သည်။ လွယ်ကူစွာပွင့်ဖြစ်သွားသည်။ အောက်ဘက်သို့ ငုံ့ကြည့်သည်။ ပေနှစ်ဆယ်ကျော်ခန့် မြင့်ပေမည်။

သစ်ပင်ကြီးကို မော့်ကြည့်သည်။ သစ်ကိုင်းတစ်ကိုင်းသည်





ပင်စည်မှ ဖြာထွက်လာပြီး ပြတင်းပေါက်ဆီသို့ ဦးတည်၍လာနေရာမှ ဘယ်ဘက်သို့ချိုးကွေ့သွားသည်။ ထိုနေရာမှာ ပြတင်းပေါက်မှ ခုနှစ်ပေမျှကွာပေမည်။

ဝတ်ရည်သိမ့် ပြတင်းပေါက် ဘောင်ပေါ်သို့ တက်လိုက်၏။ လှော်တံခါးကို အပေါ်သို့တွန်းတင်လိုက်၏။ ထိုနေရာမှအောက်သို့ ကြည့်လိုက်လျှင် ပို၍ဝေးသွားသည်ဟုပင် ထင်ရသည်။ သူမရင်ထဲ၌ တဒိန်ဒိန်း ခုန်လာမိသည်။ အသက်ရှူနှုန်းပို၍ မြန်လာရသည်။

တဒင်္ဂအတွင်း ဆုံးဖြတ်ချက်ချလိုက်ပြီး လေထဲသို့ခုန်ထွက်လိုက်၏။

သူမ၏လက်များက သစ်ကိုင်းကို ဆုပ်ကိုင်လိုက်မိသည်။ ခြေထောက်အစုံက လေထဲ၌ ယမ်း၍နေသည်။ ကြောက်စိတ်ကို မျိုသိပ်လိုက်၏။ လေထဲ၌ ယမ်းနေသည့်အရှိန် ရပ်မသွားမီအထိ သူမ အတော်လေးကြောက်နေမိသည်။ အရှိန်ရပ်သွားမှ သူမအတွက် အဆင်ပြေသွားသေသည်။

ထို့နောက်ကိုယ်ကိုလွှဲ၍ သစ်ကိုင်းအတိုင်း ရွေ့လျားသွားသည်။ သစ်ကိုင်းကို ဖက်တွယ်လျှက် အောက်သို့အသာ ထိန်းပြီးလျှောဆင်းလာခဲ့သည်။ နောက်ဆုံးအဆင့်ရောက်မှ အောက်ဘက်ရှိ မြက်ခင်းပြင်ပေါ်သို့ ခုန်ချလိုက်သည်။

မြက်ခင်းပြင်ပေါ်မှ ထ၍ရပ်ပြီး ပုံမှန်အတိုင်းလမ်းလျှောက်လာသည်။ အုတ်စည်းရိုး ခပ်နိမ့်နိမ့်ကိုအသာပင် ကျော်တက်လိုက်သည်။ တိုက်ကြီး၏ ရှေ့ပေါက် သူမ ဘွန်ဖြေရရ လျှောက်လာသည်။

လမ်းလျှောက်နေသည့် ရောဂါဖြစ်ထားသူများကြားမှ ဝင်ရော ပြီး ခြံတွင်းသို့ အဝင်လမ်းဘက်အတိုင်း ဆက်၍လျှောက်လာသည်။ ရင်ထဲ၌ တဆတ်ဆတ်တုန်ပြီး ခြေဖျား၊ လက်ဖျားများ အေးစက်၍နေ မိသည်။ သူမ၏ မျက်နှာပြင်ပေါ်၌ ဟန်ဆောင်ပြီး မျက်မှောင်ကြုတ် ထားရသေးသည်။

မည်သူကမျှ သူမကို ဂရုတစိုက်နှင့် မကြည့်ကြပေ။

ဘေးဘီကို မကြည့်ပဲ သူမ ဆက်၍လျှောက်လာသည်။ စိတ်ထဲ၌ ကျဉ်းကျပ်လွန်းသော်လည်း မိနစ်အနည်းငယ်အတွင်းမှာပင် သူမ လွတ်မြောက်၍လာလေသည်။

. . . . . . .

ရောဂါဖြစ်ထားသူများ စိတ်မဝင်စားပဲ ပစ်ထားသည့် ကားများမှာလမ်းပေါ်၌ ပေါများလှပေသည်။ ထိုအထဲမှ တိုယိုတာ ကားတစ်စီးကိုယူ၍မောင်းထွက်လာသည်။ လမ်းတစ်နေရာ၌ အိမ်ငယ်လေးဆီသို့ အကြိမ်နှစ်ဆယ်မျှ ဖုန်းဆက်ကြည့်သည်။ ဖုန်းကိုင် မည့်သူမရှိပေ။ အိမ်၌ မည်သူမရှိကြကြောင်း သူမသိလိုက်သည်။ သူတို့အားလုံးကို ရောဂါဖြစ်ထားသူများက ဖမ်းသွားကြလေပြီလားဟု တွေးမိပြီး သူမ၏ရင်ထဲ၌ ကြေကွဲစွာ ခံစားလိုက်ရပြန်သည်။

သူမ ကားထဲ၌ စိတ်ပျက်စွာ ထိုင်နေမိသည်။

ရုတ်တရက် ဆက်တိုက်နှာချေလိုက်သည်။ ချက်ချင်းပင်





သူမ တစ်စုံတစ်ရာကိုသတိရ၍ ထိတ်လန့်တုန်လှုပ်သွားမိသည်။ ခကြာဝဠာမဟာတုပ်ကွေးရောဂါ သူမထဲသို့ ဝင်ရောက်လာပေပြီ။

စိုးဝေ သင်ထားပေးသည်။ အင်တာနက်မှ ဆက်သွယ်မှုကို သတိရလိုက်သဖြင့် မြို့ထဲသို့ကားကို မောင်းထွက်လာသည်။ ကား အသွားအလာရှိသော်လည်း နည်းပါးလှသည်။ လူအားလုံးလိုလို လမ်းလျှောက်နေကြသည်သာ သူမတွေ့ရသည်။

ကားပေါ်မှ သူမဆင်းပြီး ဆိုင်များကိုကြည့်သည်။ စာကူး လုပ်ငန်းဆိုင်ထဲသို့ဝင်မိလျှင် တယ်လီဖုန်းနှင့်တွဲထားသော ကွန်ပျူတာ တစ်လုံးကိုမြင်လိုက်ရသည်။

ဝက်ဘ်ဆိုက်ကို... ဝက်ဘ်ဆိုက်က အင်တာနက်ထဲ၌ ထည့်ထားသော စိုးဝေ၏ အစည်ကို ရိုက်လိုက်သည်။

. . . . . . .

စစ်ရန်နိုင်တို့လူစုမှာ ဒေါက်တာမြတ်မင်းဟန်၏ မြေအောက် လျှို့ဝှက်ဓာတ်ခွဲခန်းထဲ၌ ရှိနေကြသည်။ ထိုအခန်းမှာ လွန်စွာအဆင် ပြေလှသည်။ ဓာတ်ခွဲခန်းတစ်ခန်း အသင့်ရှိရုံမျှမက လိုအပ်သော ပစ္စည်းများ အစုံအလင်ရှိသည်။ နေထိုင် စားသောက်ရန်ကအစ ပူစရာ လုံးဝမလိုပေ။

ဒေါက်တာစိမ်းသီတာနှင့် ဒေါက်တာမြတ်မင်းဟန်တို့ နှစ်ဦး ပူးပေါင်း၍ စမ်းသပ်ရှာဖွေမှုကို ပြင်းထန်စွာ ကြိုးစားနေကြသည်။

ဒေါက်တာမြတ်မင်းဟန်ထံ၌ ကာကွယ်ဆေးတစ်မျိုး စမ်းသပ်ထုတ်လုပ်ထားပြီးသား ရှိသည်။ သို့သော် ထိုဆေးမှာ အနှစ်ဆ အဆင့်သာရှိသေးသည်။

ဒေါက်တာစိမ်းသီတာ၏ အကြံပေးချက်ဖြင့် အောက်ဆီဂျင်မရှိပဲ အသက်ရှင်နိုင်စွမ်းရှိသော ဗက်တီးရီးယားဖြင့် စမ်းသပ်ကြည့်သည့်အဆင့်သို့ ရောက်လာကြသည်။ ထို့နောက် အအေးမိဗိုင်းရပ်တစ်မျိုးဖြင့် စမ်းသပ်နိုင်သည့် အဆင့်သို့ရောက်လာကြသည်။

. . . . . . .

စိုးဝေက ကွန်ပျူတာကိုကြည့်နေရင်းမှ

'ဟာ . .'

ဟု အထိတ်တလန့် အော်လိုက်၏။

အားလုံးက သူ့ကို လှမ်းကြည့်သည်။

စဝ်ရန်နိုင်က . . .

'အရေးထဲ မင်းက ဘာတွေ့လို့လဲ'

စိုးဝေက အံ့သြစွာဖြင့် . . .

'ဝတ်ရည်သိမ့်ဆီက အကြောင်းကြားချက် ရနေတယ်'

သန်းဆွေထိုက် ကွန်ပျူတာဘေးသို့ပြေးလာပြီး မျက်လုံးပြူး၍စိုက်ကြည့်သည်။

ဒေါက်တာစိမ်းသီတာက . .





'သူက ဘာလှမ်းပြောသလဲ'

'သူလည်း ရောဂါဖြစ်နေပြီလို့ပဲ ပြောတယ်'

သန်းဆွေထိုက်က ခေါင်းခါ၍ ညည်းတွားလိုက်သည်။

'ဖြစ်မှ ဖြစ်ရလေ . . ဝတ်ရည်ရယ်'

စိုးဝေက

'သူ့မှာ အနူ တုပ်ကွေးလက္ခဏာ စပြနေပြီတဲ့။ အားလုံး ကံကောင်းကြပါစေလို့ ဆုတောင်းနေပါတယ်တဲ့'

သန်းဆွေထိုက်က အော်လိုက်သည်။

'သူ့ဘက်က ပိတ်မသွားခင် ပြန်ဆက်သွယ်ပါ'

ဒေါက်တာစိမ်းသီတာက . . .

'မင်း ဒီလိုလုပ်လို့ အပိုပဲ။ သူက ရောဂါဖြစ်နေပြီလေ'

သန်းဆွေထိုက်က . . .

'ရောဂါဖြစ်နေပေမယ့်၊ သူ စိတ်မပြောင်းသေးဘူး။ ကျွန်တော်တို့ကို ကံကောင်းပါစေလို့ ဆုတောင်းပေးတာဟာ စိတ်မပြောင်းသေးလို့ပဲ'

သန်းဆွေထိုက်က စိုးဝေကိုဖယ်၍ ကွန်ပျူတာကို ရိုက်နှိပ်လိုက်လေသည်။

ဝတ်ရည်သိမ့်မှာ ကွန်ပျူတာရိုက်ရင်း မျက်ရည်များစီးကျလာသည်။

သူမရှေ့၌ ကွန်ပျူတာ မျက်နှာပြင်ကိုမှုန်ဝါးစွာ သူမမြင်ရသည်။ သူမအပေါ် သံယောဇဉ် မကုန်နိုင်သေးသည့် သန်းဆွေထိုက်

ကို ပြောချင်နေသေးသည်။

ခလုတ်များပေါ်သို့ လက်တင်လိုက်သည်။

ကွန်ပျူတာပေါ်၌ အကြောင်းကြားစာ၊ စာတန်းတစ်ခုပေါ်လာသည်။

သူမ အံ့အားသင့်စွာဖြင့် ကြည့်နေမိသည်။

'ဝတ်ရည် . . ငါ သန်းဆွေထိုက်ပါ။ နင် ဘယ်နေရာမှာလဲ'

သူမရင်ထဲ၌ တဒိတ်ဒိတ်ခုန်လာရလေသည်။

. . . . . . .

သန်းဆွေထိုက် မျက်လုံးပြူး၍ ကွန်ပျူတာကို စိုက်ကြည့်နေသည်။

အနက်ရောင်စာတန်းများ ကွန်ပျူတာပေါ်၌ပေါ်လာသည်။

'ဟုတ်ပြီ . . ရပြီ။ ဒီမှာ ငါရှိတယ်ဆိုတာ သူသိသွားပြီ'

ဒေါက်တာစိမ်းသီတာက . . .

'သူက ဘာပြောလဲ . .'

'သူရောက်နေတဲ့နေရာက ကျွန်တော်တို့နဲ့ သိပ်မဝေးဘူး။ ကျွန်တော်တို့ဆီကိုလာဖို့ ပြောလိုက်မယ်'

ဒေါက်တာစိမ်းသီတာ ကန့်ကွက်သည်။

'သန်းဆွေထိုက်၊ အဲဒီလိုလုပ်လို့ မဖြစ်ဘူး။ သူက မကြာခင်မှာ ရောဂါသည်တွေဘက်ပါတော့မှာ။ သွားပြီး မဆက်သွယ်နဲ့တော့။





ငါတို့ ဓာတ်ခွဲခန်းနေရာကို သိသွားလိမ့်မယ်'

သန်းဆွေထိုက်က တုန်ရီစွာဖြင့် . .

'ကျွန်တော် သူ့ကို ပစ်မထားနိုင်ဘူး . .'

ဒေါက်တာမြတ်မင်းဟန်က သူ့နောက်သို့ရောက်လာပြီး

'နေဦး . . သူ ဟိုအပြားလေး အစူးခံရတာ ဘယ်လောက်ကြာပြီလဲလို့ မေးလိုက်'

'ဘာထူးခြားလာမှာမို့လို့လဲ'

ဒေါက်တာစိမ်းသီတာ စိတ်မရှည်စွာ အော်ပစ်လိုက်သည်။

ဒေါက်တာမြတ်မင်းဟန်က . . .

'ငါပြောတဲ့အတိုင်းသာ မေးလိုက်စမ်းပါ'

သန်းဆွေထိုက်က ကွန်ပျူတာကို ရိုက်လိုက်၏။ ဝတ်ရည်သိမ့်ထံမှ အဖြေမှာ လေးနာရီခန့်ရှိပြီဟု ပြန်အကြောင်းကြားသည်။

ဒေါက်တာမြတ်မင်းဟန်က တည်ငြိမ်စွာဖြင့် . . .

'မင်းတို့ကို ငါပြောစရာ တစ်ခုကျန်နေတယ်။ ငါကိုယ်တိုင်လည်း အဲဒီသတ္တုစပ်ကျောက်ပြားလေးတွေ ကောက်ရင်းတစ်ကြိမ် အစူးခံရဖူးတယ်'

ဒေါက်တာစိမ်းသီတာက ထိတ်လန့်တုန်လှုပ်စွာဖြင့် . .

'ဒါဆို . . ရှင်းလည်း ဟိုဘက်ထဲကလူပေါ့'

ဒေါက်တာမြတ်မင်းဟန်က ရယ်လျက် . .

'မဟုတ်ပါဘူး။ ကျုပ်ကို ကျုပ် အားသိပ်မကောင်းလုပ်တဲ့

ကိုယ်ခံအား လှုံ့ဆော်ဆေးအမြဲ ထိုးလာခဲ့တာ တုပ်ကွေးရောဂါလုံးဝ မဖြစ်ဘူး'

သန်းဆွေထိုက်က ဝမ်းသာအားရစွာဖြင့် . . .

'ဟုတ်ပြီ။ ဒီအကြောင်း ဝတ်ရည်ဆီ ပြောလိုက်မယ်'

သန်းဆွေထိုက်က ဝတ်ရည်သိမ့်ထံ ပြည့်စုံစွာအကြောင်းကြားလိုက်သည်။

ဒေါက်တာမြတ်မင်းဟန်က၊ သန်းဆွေထိုက်၏ ပခုံးကိုပုတ်၍ . . .

'မင်း လျှို့ဝှက်ပြီး အကြောင်းကြားလိုက်တာ မဟုတ်လား။ မင်း ခွာတ်ဆီဆိုင်ကို ရောက်သွားတဲ့အခါမှာ မင်းကို ရောဂါရထားတဲ့လူတွေ မင်းကိုစောင့်နေမှာစိုးလို့ပြောတာ'

'အတတ်နိုင်ဆုံး လျှို့ဝှက်ပြီးဆက်သွယ်တာပါ။ ကျွန်တော်နဲ့ လိုက်ခဲ့ပါလား'

'ငါ လိုက်လို့မဖြစ်သေးဘူး။ ကိုယ်ခံအားဆေးထပ်ပြီး ထုတ်ယူရဦးမယ်။ မင်းနဲ့ စစ်ရန်နိုင် အတူသွားကြပါ'

ဒေါက်တာမြတ်မင်းဟန်က ကိုယ်ခံအားဆေးပုလင်းနှင့် ဆေးထိုးပြွန်၊ ဆေးထိုးအပ်များထုတ်ပေးလိုက်သည်။

'မင်း ဆေးထိုးတတ်ကယ် မဟုတ်လား'

တက္ကသိုလ်ဆေးရုံ၌ သူ အလုပ်လုပ်လာခဲ့သည်မှာ ကြာပြီဖြစ်၍ ထိုးတတ်ကြောင်းပြောလိုက်သည်။

ဒေါက်တာမြတ်မင်းဟန်က . . .





'ဆေးကိုအကြောကနေ ခပ်ဖြည်းဖြည်းသွင်းပေး။ သွေးလန့်ပြီး မေ့သွားခဲ့ရင် ပါးစပ်ထဲ လေမှုတ်သွင်းပေး။ နားလည်လား . . ပြီးတော့ ဒါကိုပါယူသွား'

သူ၏ခါးမှ အော်တိုမတ်တစ်ပစ္စတိုကို ထုတ်၍ပေးသည်။

စစ်ရန်နိုင်က ပစ္စတိုကို လှမ်းယူလိုက်သည်။

× × × × × × ×

## အခန်း (၃၃)

ဝတ်ရည်သိမ့်ကို ရောဂါရစေပြီးနောက်၊ အခန်းတစ်ခုထဲ၌ သော့ခတ်၍ထားရစ်ခဲ့သည့်နောက်ပိုင်း ချူး သူ၏အလုပ်ထဲ၌ အာရုံစိုက်၍ လုပ်နေသည်။

လုပ်ငန်းမှာ အဆင်ပြေနေသည်။ ယန္တရားပိုင်းနှင့် လျှပ်စစ်ပိုင်းစွမ်းအင်မြှင့်ရန်သာလိုသည်။ ချူး လိုအပ်သည်များကို ညွှန်ကြားပြီး အပေါ်ထပ်ခန်းမသို့တက်လာသည်၊ တစ်စုံတစ်ခုထူးခြားနေမှန်း သူ၏အသိစိတ်က ချက်ချင်းသိလိုက်သည်။

ချူး ခပ်မြန်မြန်လျှောက်လာသည်

ဝတ်ရည်သိမ့်နှင့် ပတ်သက်ပြီး အန္တရာယ်ဗီဇကပ်တွယ်နေမည်ကို စိုးရိမ်နေမိသည်။ ထိုဗီဇပေါ်လျှင် သူအားထားရသည့် မိုင်းရုပ်





ပျက်စီးသွားပေလိမ့်မည်။

ချူး သော့ခတ်ထားသည့် တံခါးကိုဖွင့်လိုက်၏။

အခန်းထဲ၌ ဝတ်ရည်သိမ့်ကို မတွေ့ရ။ ပွင့်နေသော ပြတင်းပေါက်မှကြည့်သည်။ သစ်ပင်မှ သစ်ကိုင်းကိုမော့ကြည့်ပြီး အောက်ဘက်သို့ ငုံ့ကြည့်သည်။ ချက်ချင်းပင် ဝတ်ရည်သိမ့် ထွက်ပြေးလွတ်မြောက်သွားပြီပြစ်မှန်း သိလိုက်သည်။

ချူး ရူးဝါးစွာ အသံကုန်အော်ဟစ်လိုက်သည်။ သူ၏အသံမှာတိုက်ကြီးတစ်ခုလုံး ဟိန်း၍ပွင့်ထွက်မတတ် ကျယ်လောင်လွန်းသည်။ ချူး၏ ရင်ထဲမှဒေါသများ ပေါက်ကွဲထွက်လာသည်။ ဂြိုဟ်သားဘဝ၌ ဒေါသသည် ကောင်းသောအရာမဟုတ်။ ပုံရိပ်မှန်ကောင်းကျိုးတွင် ဒေါသမရှိ။ ထိုဒေါသ မည်သို့ လွှမ်းမိုးပေါ်ပေါက်လာသည်ကို ချူး တွက်ဆခြင်းမပြုနိုင်ပေ။

ချူး အောက်ထပ်ခန်းမကြီးအတွင်းသို့ ပြေးဆင်းသွားသည်။

အလုပ် လုပ်နေသည်များ ချက်ချင်းရပ်တန့်သွားသည်။ မျက်လုံးပေါင်းမြောက်မြားစွာက သူ့ကို ဝိုင်းကြည့်နေကြသည်။ ထိုမျက်လုံးများသည်လည်း ဒေါသများ ထွက်နေကြသော မျက်လုံးများဖြစ်နေပေသည်၊

ချူး၏မျက်လုံးများက ဗမုန်းလူကို ရှာနေသည်။

စက်ခလုတ်ခုံတစ်ခုရှေ့၌ ဗမုန်းလူရပ်၍နေ၏။ ချူးက သူ့ထံသို့ ခြေလှမ်းနှစ်လှမ်းခန့်မျှနှင့် ရောက်သွားသည်။

သူ၏ခြေတစ်ကောင်ကဲ့သို့ ရှည်လျားလှသော လက်ချောင်း

ကြီးများဖြင့် ဗမုန်းလူ၏ လက်ဖျံကိုရစ်ပတ်လိုက်သည်။

ထို့နောက်၊ ဒေါသသံဖြင့် . . .

'ဝတ်ရည်မရှိတော့ဘူး။ မင်း အခုချက်ချင်း လိုက်ရှာစမ်း'

. . . . . . .

စစ်ရန်နိုင်နှင့် သန်းဆွေထိုက်တို့ သဲကန္တာရအတွင်းမှ ခေတ်ဆီဆိုင်သို့ ရောက်လာကြသည်။

စစ်ရန်နိုင်က ရှေ့ဘက်ရှိ တိုင်တစ်တိုင်ကို မှီ၍ရပ်နေသည်။

သန်းဆွေထိုက်က စိတ်လှုပ်ရှားစွာဖြင့် ကားလမ်းတစ်ဆုံး မျှော်ကြည့်နေပေသည်။ သန်းဆွေထိုက် နေပူထဲမှ အဆောက်အဦး အတွင်းသို့ လှည့်ဝင်လာသည်။

'အဝေးဆီမှ လက်ခနဲဖြစ်သွားသည်ကို စစ်ရန်နိုင် လှမ်း၍ မြင်လိုက်သည်။ ကားတစ်စီးလာနေပေပြီ။ ကားမှန်မှ အလင်းရောင် ပင်'

'လာနေပြီကွ . .'

စစ်ရန်နိုင်က ပြောလိုက်သည်။

တိုယိုတာကားတစ်စီး သူတို့ရပ်ထားသော ကားဘေး၌ ထိုး၍ ရပ်လိုက်သည်။ သန်းဆွေထိုက် ပြေးသွားသည်။

ဝတ်ရည်သိမ့်၏ မျက်နှာမှာ နီရဲ၍နေပြီး နာချေ၊ ချောင်းဆိုး ၍နေပေသည်။





သန်းဆွေထိုက်က . . .

'အင်တာနက်ထဲမှာပြောတဲ့ ကိုယ်ခံအားဆေး ငါ့မှာပါလာ တယ်။ အကြောဆေးထိုးရမယ်'

'ဘယ်နေရာမှာ ထိုးမှာလဲ'

'ကားထဲမှာပဲပေါ့'

သန်းဆွေထိုက်က၊ ကားနောက်ဘက်ခန်း ထိုင်ခုံပေါ်၌ လှဲနိုင်းပြီး လက်မောင်း၌ သားရေကွင်းပတ်လိုက်သည်။ ဆေးထိုးအပ် ကို အသင့်ပြင်၍ ဆေးရည်ကိုစုပ်ယူလိုက်သည်။ စိတ်ကိုထိန်း၍ အကြောထဲသို့ ထိုးသွင်းပေးလိုက်သည်။

သန်းဆွေထိုက်က၊ သူမကိုကြည့်၍

'အဆင်ပြေရဲ့လား . .'

သူမ အကြီးအကျယ်ချောင်းဆိုးသည်။ ခဏနေမှ ပြန်ကောင်း သွားပြီး ခေါင်းညိတ်ပြသည်။

စစ်ရန်နိုင် ကားရှေ့ခန်းရှိ မောင်းသူနေရာ၌ ဝင်ထိုင်လိုက် သည်။ ကားစက်နှိုးလိုက်သည်။

သူမက နောက်ခန်းမှ လှမ်းမေးသည်။

'အခု . . ဘယ်ကို မောင်းမှာလဲ'

'မြေအောက်ခေတ်ခွဲခန်းတစ်ခုကိုလေ။ ဒီနေရာကနေ နောက်ထပ် နာရီဝက်လောက် မောင်းရဦးမယ်။ အဲဒီနေရာမှာ အလုပ် လုပ်ရတာ အဆင်ပြေတယ်။ ဟိုမှာလူနာဆောင်လည်း ရှိတယ်။ နင့်ကို အဲဒီမှာ အနားယူခိုင်းပြီး ဆေးဆက်ကုပေးမယ်'

စစ်ရန်နိုင်က လမ်းဦးမှတ်လာခဲ့သော ကျောက်တုံးများကို ကြည့်၍ ဂရုတစိုက် မောင်းနှင်နေသည်။

သန်းဆွေထိုက်က . . .

'ငါတို့သိတဲ့ သတ္တုစပ်ကျောက်ပြားကလေးက အသေးစား တွင်းနက်တစ်ခုလို စုပ်ယူဝါးမျို ဖျက်ဆီးနိုင်စွမ်းရှိတယ်လို့ ဒေါက်တာ မြတ်မင်းဟန်က ပြောတယ်'

သူမက သက်ပြင်းတစ်ချက်ချလျှက် . . .

'ငါ . . ချူးကိုတွေ့ခဲ့သေးတယ်'

'သူ့အခြေအနေကရော'

'သူ့ရုပ်က အကြီးအကျယ်ပြောင်းနေပြီ။ တစ်ကိုယ်လုံးကို ပြောင်းလဲသွားတာ။ အံ့သြဖို့ကောင်းတာက ရောဂါဖြစ်ထားတဲ့ တစ်ခြား လူတွေ သူ့လိုမပြောင်းလဲဘူး။ သူတို့လည်း နောက်မှပြောင်းလဲသွား မလား မပြောတတ်ဘူး။ ဒါပေမယ့် ချူးက ပထမဆုံးရောဂါဖြစ်တဲ့ လူဖြစ်နေလို့ ဒီလိုပြောင်းလဲသွားတာလည်း ဖြစ်နိုင်တယ်။ အဲဒီနေရာ မှာ ချူးက ခေါင်းဆောင်ပဲ'

'အခု နင် အစူးခံရတာ သူ့ကြောင့်လား'

သူမက နာကျည်းစွာဖြင့် . .

'ဟုတ်တယ်။ သူကိုယ်တိုင် စူးအောင်လုပ်တာ'

သန်းဆွေထိုက် ခေါင်းယမ်းလိုက်မိသည်။ ချူးမှာ ဂြိုဟ်သား အသိစိတ်ဓာတ်မျိုးရှိနေ၍ ဤသို့စူးအောင်လုပ်သည်ဟုသာ အကြောင်း ပြနိုင်ပေတော့မည်။ ချူးကား အသွင်ပြောင်း၍သွားပြီဖြစ်ပေသည်။





'မဟာဘုံသစ်နန်းဆောင်'ဟု အမည်ပေးထားသည့် စက်ကြီး ၏ စက်ခလုတ်ခုံဘေး၌ ချူး ရပ်၍နေ၏။ သူ၏မျက်လုံးအစုံမှာ အရောင်တဖိတ်ဖိတ် လက်၍နေ၏။

'လျှပ်စစ်ခန်းကို မီးအားထပ်မြှင့်ရင် ကောင်းလိမ့်မယ်'

ထိန်းချုပ်ရေး စက်ခလုတ်ခုံ၌ထိုင်နေသော ထက်ပိုင်ခေါင်က ချူးအား လှမ်းပြောလိုက်သည်။

ချူး စဉ်းစားနေသည်။ မဟာဘုံသစ်နန်းဆောင်စက်ကြီး တည်တံ့နိုင်ရန် သတ္တုစပ်ကျောက်ပြားကလေးများ စုပေါင်း၍ တန်ပြန်ဒွင်အားတစ်ခု သက်ရောက်လာစေရန် လှုံ့ဆော်ပေးရမည်။ ထိုအခါကျမှ အခြားသော စကြာဝဠာမှ လွန်စွာသေးမွှားလှသည့် အရာဝတ္ထုလေးများကို ကမ္ဘာပေါ်သို့ စုပ်ယူနိုင်စွမ်း ရှိပေလိမ့်မည်။

ချူးက လျှပ်စစ်စွမ်းအင်ဖြည့်ရန် အာရုံဖြင့်ပြောလိုက်သည်။ ထက်ပိုင်ခေါင်က အလုပ်သမားပေါင်းမြောက်များစွာကို တစ်ဆင့်ပြီး တစ်ဆင့် ထပ်ဆင့်ခိုင်းလိုက်သည်။

ထက်ပိုင်ခေါင်က . . .

ပထမဆုံးရောက်လာမယ့် ဧည့်သည်တွေအတွက် ကျွန်တော် စိတ်ပူနေမိတယ်။ သူတို့က ဒီညရောက်လာကြမယ်ဆို။ ကျွန်တော် တို့ဘက်က အားလုံးအသင့် မဖြစ်သေးရင်တော့ ရောက်လာတဲ့ ဧည့် သည်တွေ အမှုန့်ဖြစ်ပြီး ပျောက်သွားလိမ့်မယ်'

အခန်းထဲသို့ 'ဗမုန်းလူ'ဝင်လာသည်။ အနားသို့ရောက်လာ သည်နှင့် ဝတ်ရည်သိမ့်ကို မတွေ့ကြောင်း ပြောတော့မည်ကို ချူး၏

အာရုံထဲမှ သိနေသည်။

ဗမုန်းလူက ချူး၏ မြွေသဏ္ဍာန်လက်ချောင်းများနှင့် မမီနိုင်သောနေရာတွင် ရပ်လျှက်ပြော်သည်။

'သူ့နောက်ကိုလိုက်တာ ကျွန်တော်တို့ မတွေ့ဘူး။ ကားတစ်စီးယူသွားတယ်လို့တော့ သိရပါတယ်။ အခု . . ကျွန်တော်တို့ ထပ်ပြီးရှာနေပါတယ'

ချူးက လှည့်ကြည့်လိုက်ပြီး . .

'မင်း . . အခုချက်ချင်း သွားရှာပါ'

'ဟုတ်ကဲ့။ အခုအချိန်ဆိုရင် သူ့ရဲ့အသိစိတ်ဟာ ဖွံ့ဖြိုးတိုးတက်လာနေလောက်ပါပြီ။ ကျွန်တော်တို့အတွက် အားလုံးအဆင်ပြေမှာ သေချာပါတယ်'

ချူးက ဒေါသသံနှင့် အော်လိုက်၏။

'ဟော့ကောင်။ သွားမှသာ သွားရှာစမ်း'

ဗမုန်းလူ ချက်ချင်းပင်၊ အစိမ်းရောင်ခန်းမကြီးထဲမှ ခြေလှမ်းကျဲကျဲဖြင့် ထွက်သွားသည်။

. . . . . . .

နှစ်နာရီတိတိကြာချိန်၌ ဗမုန်းလူ ပြန်ရောက်လာသည်။

ဝတ်ရည်သိမ့် စီးသွားသောကားကို တွေ့ပြီဖြစ်ကြောင်း အစီရင်ခံလိုက်သည်။





ချူး အိမ်ရှေ့တံခါးကိုဖွင့်၍ အပြင်သို့ထွက်လိုက်၏။ သူ၏ခန္ဓာကိုယ်ပေါ်၌ ခြုံလွှမ်းထားသော အနီရောင်ကတ္တီပါဝတ်ရုံရှည်ကြီးမှာ အရောင်တဖိတ်ဖိတ် လက်၍နေပေသည်။

ဗမုန်းလူက သူ့ဘေးမှလိုက်ပါလာရင်း

'ဆရာ . . ဒီမှာ ရှိနေသင့်ပါတယ်။ မသွားပါနဲ့ ချူး'

'သူ သဲကန္တာရထဲမှာ မျက်စိလည်နေတာဖြစ်မယ်။ သူ့ကို ငါကိုယ်တိုင်ရှာမှဖြစ်မယ်။ သူဟာ အခုချိန်လောက်ဆို ငါတို့ဘက်သားဖြစ်ဖို့ သေချာနေပြီ'

ချူး လေ့ကားလေးထစ်ကို ကျော်နင်း၍ဆင်းသွားသည်၊ ရဟာတ်ယာဉ်ဆီသို့ လျှောက်သွားသည်။

ဗမုန်းလူက ချူးအနားကပ်လာပြီး . .

'ဒီအမျိုးသမီးဟာ ဆရာ့အတွက် အရေးမကြီးပါဘူး။ အခုအချိန်ဟာ မဟာဘုံသစ်နန်းဆောင်ကြီး ပစ်ထားရမယ့်အချိန်မဟုတ်ပါဘူး။ ဒီစက်ကြီးအချိန်မီ အသင့်မဖြစ်ရင် ဘယ်လိုလုပ်ကြမလဲ'

ချူး နောက်ပြန်လှည့်၍ ဗမုန်းလူကို အရောင်တဖိတ်ဖိတ်လက်နေသည့် မျက်လုံးများဖြင့် စိုက်ကြည့်လိုက်၏။

'ဒီမိန်းမကို တွေ့မှဖြစ်မယ်။ ငါ ချက်ခြင်းပြန်လာခဲ့မယ်။ သူ့ကြောင့် ငါတော့ သွက်သွက်ခါအောင် ရူးရလိမ့်မယ်ထင်တယ်။ မင်းတို့ဆက်ပြီး အလုပ် လုပ်ထားကြ'

'မနက်ဖြန်မှပဲ လိုက်ရှာပါ ချူးရယ်။ အဲဒီအချိန်ကျရင် မဟာအဓိကရ ချဉ်းကပ်မှုလည်း ပြီးသွားမှာပါ။ အဲဒီကျတော့မှပဲ

လိုက်ရှာပ့ါ။ အချိန်တွေ ကျန်ပါသေးတယ်'

'မင်း ထပ်မပြောနဲ့။ ဒါ . . ငါ့ရဲ့ဆုံးဖြတ်ချက်ပဲ။ သူ့ကို ငါ လုံးဝ အသေမခံနိုင်ဘူး . .'

ချူးက ခက်ထန်စွာပြောလိုက်ပြီး ရပ်ထားသော ရဟတ်ယာဉ်ဆီသို့ ခြေလှမ်းကျဲကြီးများဖြင့် လျှောက်၍သွားလေသည်။

× × × × ×

မိုးဆမ်းပန်းစာပေ

အခန်း (၃၄)

ဗညားဝင်းက ရဟတ်ယာဉ်ပေါ်မှ မှန်ပြောင်းဖြင့် ကြည့်နေသည်။

သဲမြေပြင်ပေါ်၌ ကားဘီးရာများကိုကြည့်နေခြင်းဖြစ်သည်။ လမ်းကြောင်းပျောက်သွားလျှင် ရဟတ်ယာဉ်ကို အကြိမ်ကြိမ်ကွေ့ပတ်၍ ရှာနေရသည်။

ဗညားဝင်းက ရဟတ်ယာဉ်မောင်းသူအား . . .

'ပြန်ကွေ့လိုက်စမ်း'

မိုးဆမ်းပန်းစာပေ

ရဟတ်ယာဉ် ပြန်၍ကွေ့လာသည်။

'ဟိုအောက်မှာ၊ တစ်ခုခုပဲ . . .'

ချူးက စူးရှသော အသံသြသြကြီးဖြင့် . . .

'ဘာတွေ့လို့လဲ'

ဝတ်ရည်သိမ့်ကို သဲကန္တရထဲ၌ အလွယ်တကူတွေ့၍ ဖမ်းခေါ်လာနိုင်မည်ဟု သူတွက်ထားသည်။ သို့သော် လက်တွေ့တွင် အထင်နှင့် အမြင်ပါစင်အောင်လွဲ၍နေသည်။ သူတို့လူစု ရဟတ်ယာဉ်ဖြင့် ပင်ပန်းစွာ လိုက်လံရှာဖွေနေရသည်မှာ အချိန်မနည်းကြာနေပေပြီ။

ဗညားဝင်းက . .

'ဘာလဲတော့ မပြောတတ်ဘူး ဆရာ'

ချူးက အမိန့်ပေးလိုက်၏။

'အောက်ကို ဆင်းကြည့်ရအောင်'

ရဟတ်ယာဉ်အောက်ဘက် သဲမြေပြင်ပေါ်သို့ ဆင်းလာသည်။ ဗညားဝင်းပြောသည့် အရာကိုတွေ့လိုက်ရသည်။ တာရပတ်များဖြင့် အုပ်ထားသော တိုယိုတာကားတစ်စီးဖြစ်ပေသည်။ ချူးက ရဟတ်ယာဉ်ပေါ်မှဆင်း၍ ကားဆီသို့လျှောက်သွားသည်။ တာရပတ်





များကိုဆွဲခွာ၍ ရှေ့ခန်းတံခါးကို ဆွဲဖွင့်လိုက်သည်။

'ဟုတ်တယ်။ ဝတ်ရည်သိမ့် စီးလာခဲ့တာ ဒီကားပဲ'

ချူး ကားနောက်ဘက်သို့ တစ်ချက်ကြည့်သည်။ ပတ်ဝန်းကျင်ကို အကဲခတ်လိုက်သည်။

ရဟတ်ယာဉ်ဘေး၌ရပ်နေသော လေယာဉ်မှူးက ချူးအား

'ချူး . . မဟာဘုံသစ်နန်းဆောင်က ဖုန်းလာနေတယ်။ ဟိုဘက်က ကမ္ဘာ့စံတော်ချိန် ကိုးနာရီမှာရောက်လာမယ်လို့ အကြောင်းကြားတယ်တဲ့။ မဟာဘုံသစ်နန်းဆောင်က အဆင်သင့်မဖြစ်သေးဘူးတဲ့။ ကျွန်တော် ဘာပြန်ပြောလိုက်ရမလဲ'

ချူး ခေါင်းခါလိုက်သည်။

ချူးနှင့် ဗညားဝင်းတို့ ရပ်ထားသောကား၏ဘေးတစ်ဝိုက် သဲမြေပြင်ပေါ်၌ လိုက်၍ကြည့်သည်။ ဗညားဝင်းက တစ်နေရာကို စူးစိုက်၍ငုံ့ကြည့်လိုက်သည်။

'ဟောဒီမှာ မြေအောက်လျှို့ဝှက်တံခါးပဲ။ အထဲကနေသော့ခတ်ထားတယ်'

ချူးက သူ၏ရှည်လျားသောလက်ချောင်းများဖြင့် သံမဏိတံခါးပေါက်၏ အောက်ဘက်သို့ ထိုးသွင်းလိုက်၏။ အပေါ်သို့ဆွဲ၍

မလိုက်ရာ ကျယ်လောင်သောအသံဖြင့် သံမဏိတံခါးဖုံးမှာ ပြုတ်ထွက်၍ သူ့လက်ထဲသို့ ပါလာသည်။

အောက်ဘက်သို့ ငုံ့ကြည့်လိုက်သည်။ အတွင်း၌ မီးများ လင်းနေသည်ကို စကြာလမ်းတစ်ခုကို တွေ့လိုက်ရသည်။

ချူးက ငုံ့၍

'အထဲမှာ ဝတ်ရည်သိမ့် ရှိနေတယ်'

ဗညားဝင်းက ခေါင်းညိတ်လျှက် . . .

'ကျွန်တော် သိနေပါတယ် . .။ ဘာဆက်လုပ်ရမလဲ ချူး'

ချူး စိတ်လှုပ်ရှားစွာဖြင့် ရဟတ်ယာဉ်ဘက်သို့ကြည့်သည်။ မြေအောက်တံခါးပေါက်ကို ပြန်ကြည့်သည်။ ဗညားဝင်းနှင့် ချမ်းမောင်တို့နှစ်ဦးကို ကြည့်လိုက်ပြီး

'မင်းတို့နှစ်ယောက် ဒီအပေါက်ကနေ ဆင်းသွားပြီး ဝတ်ရည်သိမ့်ကို ရှာကြ။ တွေ့ရင် ငါ့ဆီပြန်ခေါ်လာခဲ့။ ငါ ဗိမာန်ဆောင်ကြီးဆီကို ပြန်မှဖြစ်မယ်။ မင်းတို့ဆီကို ရဟတ်ယာဉ်ချက်ချင်း ပြန်လွှတ်ပေးလိုက်မယ်'

ချူးက ဒေါသကို ထိန်းချုပ်၍ တစ်လုံးချင်းပြောနေသည်။

'ဟုဘ်ကဲ့ ချူး'





ချူးကို ဆန့်ကျင်၍ ဗညားဝင်းလုံးဝ မပြောရဲပေ။ ချူး စိတ်လှုပ်ရှားနေသည်ကို ဗညားဝင်း ရိပ်စားမိသည်။

ချူးက သူ၏အိတ်ထဲမှ သတ္တုစပ်ကျောက်ပြားလေးတစ်ခု ထုတ်၍ ဗညားဝင်းကို ပေးလိုက်သည်။

'လိုရင် ဒါလေးကိုသုံး။ ဒါပေမယ့် ဝတ်ရည်သိမ့်တော့ ဘာမှ မဖြစ်စေနဲ့'

ချူး ရဟတ်ယာဉ်ပေါ်သို့ တက်သွားသည်။

× × × × ×

'ဘုရား . . . ဘုရား . . ဒုက္ခတော့ဖြစ်ပြီနဲ့တူတယ်။ စဝ်ရန်နိုင်၊ ကိုသန်းဆွေထိုက် လာကြပါဦး'

ကွန်ပျူတာရှေ့၌ထိုင်ရင်း စိုးဝေ အော်ဟစ်ခေါ်လိုက်သည်။

စဝ်ရန်နိုင်၊ သန်းဆွေထိုက်နှင့် ဒေါက်တာစိမ်းသီတာတို့ သူ့ထံသို့ ပြေးလာကြသည်။

'ဘာဖြစ်လို့လဲ'

စိုးဝေက ကွန်ပျူတာပေါ်သို့ လက်ညှိုးဖြင့်ထိုးပြသည်။

ကွန်ပျူတာပေါ်မှ မြင်ကွင်းကို အသက်မရှူနိုင်ပဲ ကြည့်လိုက်မိကြသည်။ အနီရောင်ကတ္တီပါဝတ်ရုံရှည်ကြီးနှင့် ချူး၏ ရုပ်သွင်ကို သူတို့အားလုံးမြင်လိုက်ကြရသည်။

သန်းဆွေထိုက်က ထိတ်လန့်တုန်လှုပ်သောအသံဖြင့် . .

'ဒါ . . ဒါ ချူးပဲ ဖြစ်ရမယ်။ ဝတ်ရည်ပြောတာ ခုမှ သတိရတယ်။ သူ့ရုပ်ပြောင်းသွားပြီတဲ့။ အခုတွေ့တော့မှ ထင်တာထက်ပိုပြီး ကြောက်စရာကောင်းအောင် ပြောင်းလဲနေတယ် . .'

ကွန်ပျူတာပေါ်မှ မြင်ရသော ချူး၏ရုပ်သွင်မှာ မကောင်းဆိုးကြီးတစ်ကောင်နှင့် တူလွန်းနေပေသည်။

အချက်ပေး ကိရိယာသံများမြည်လာပြီး နံရံပေါ်မှ အနီရောင်မီးလုံးများ မှိတ်တုတ်၊ မှိတ်တုတ်ဖြင့် အချက်ပြနေသည်။ ကျယ်လောင်သော အသံတစ်သံကိုပါ အပေါ်ဘက်ဆီမှ ကြားလိုက်ရသည်။

စိုးဝေက ကြောက်လန့်တကြားဖြင့် . .

'အပေါ်အဖုံး ပြုတ်ထွက်သွားပြီ။ သူတို့ ဆွဲဖြုတ်လိုက်တာဖြစ်ရမယ်'

ဒေါက်တာစိမ်းသီတာက ရင်ဝကိုလက်ဖြင့်ဖိလျှက် . . .

'ဘုရား . . ဘုရား။ ဒါဆို သူတို့ ဝင်လာနေပြီပေါ့'





စစ်ရန်နိုင်က အနားယူနေသည့် ဝတ်ရည်သိမ့်နှင့် ဒေါက်တာမြတ်မင်းဟန်တို့ကို သွားနှိုးခေါ်သည်။ အခြေအနေကိုပါ ရှင်းပြလိုက်သည်။

ဒေါက်တာမြတ်မင်းဟန်က တစ်သျှူးမျိုးပွားဖန်ဘူးများကို အိတ်တစ်လုံး၌ ဆန့်သလောက် ထည့်၍သယ်လာသည်။

'ကဲ . . လာပြေးကြမယ်'

စကြံဘက်မှ ကျယ်လောင်သော အသံကြီးများကိုကြားနေရသည်။ အပြင်ဘက်ပိတ်ထားသော ခန်းမကြီးဆီမှ ဂဟေဆော်ရာမှ ထွက်လာသော မီးပွားများကို လှမ်း၍မြင်ရသည်။

ထိုအချိန်မှာပင် လေထဲ၌ သတ္တုစပ်ကျောက်ပြားကလေးပျံဝဲ၍ ဝင်လာသည်။ အနီရောင်အလင်းစက်ဝိုင်းများ ဝန်းရံထားသည်။ သတ္တုစပ်ကျောက်ပြားကလေးကို သတိထား၍ ရှောင်တိမ်းရင်း တစ်ဘက်ရှိ ဓာတ်ခွဲခန်းထဲသို့ ဝင်လိုက်ကြသည်။

ဒေါက်တာမြတ်မင်းဟန်က အထဲသို့ရောက်သည်နှင့် နှစ်လက်မထုရှိသည့် သံမဏိတံခါးကြီးကို ပိတ်ပစ်လိုက်၏။

ထို့နောက် ရှေ့ဘက်သို့ အားလုံးဆက်၍ ပြေးကြသည်။ တံခါးကြီးတစ်ခုကို ကျော်ဖြတ်၍ဝင်လိုက်ကြရသည်။ စကြံ

ခန်းမအတိုင်း ဆက်၍ပြေးကြပြန်သည်။

အခန်းပေါင်း အတော်များများကို အသက်မရှူနိုင်ပဲ ပြေးလွှား ကျော်ဖြတ်လာကြပြီး၊ မြေပြင်ပေါ်သို့တက်သည့် လှေကားဆီသို့ ရောက်လာကြသည်။ ထိုလှေကားမှတစ်ဆင့် မြေပြင်ပေါ်သို့ တက်လာကြသည်။

ဒေါက်တာမြတ်မင်းဟန်က . . .

'ဟိုဘက်က တဲကလေးထဲမှာ ငါ့ရဲ့ကားရှိတယ်'

ကားဆီသို့ သူတို့ ပြေးသွားကြသည်။ နောက်ခန်း၌ တစ်သျှူးမျိုးပွားဖန်ဘူးများကို ထည့်လိုက်၏။

စဝ်ရန်နိုင်က ကားမောင်းသူနေရာ၌ထိုင်ရင်း စက်နှိုး၍ လမ်းပေါ်သို့ မောင်းတက်လိုက်၏။

ဒေါက်တာမြတ်မင်းဟန်က စဝ်ရန်နိုင်ကို လမ်းကြောင်း ပြောပြနေရင်းမှ . .

'ဒီမဟာတုပ်ကွေးရောဂါကြောင့် လမ်းတွေပေါ်မှာ ကားအသွားအလာတောင် မရှိတော့ဘူး။ နောက်ဆယ်မိနစ်ဆိုရင် ငါနေခဲ့တဲ့ ရတနာသိ'ဂီမြို့ကို ရောက်တော့မယ်'

စဝ်ရန်နိုင်က ဒေါက်တာမြတ်မင်းဟန်ပြောသည့်အတိုင်း





ညာဘက်သို့ ကွေ့ချိုးလျှက် စက်ရှိန်ကိုမြှင့်လိုက်သည်။

ဒေါက်တာစိမ်းသီတာက . . .

'ကျွန်မတို့ အခု ဘယ်ဆက်သွားကြမလဲ'

'ငါတို့မှာ ဒီရောဂါကို နိုင်မယ့် ဗိုင်းရပ်စ်ပိုးကနေတစ်ဆင့် ယူထားတဲ့မျိုးပွား တစ်သျှူးတွေ အလုံအလောက်ရှိနေပြီ။ အဓိက ပြဿနာတစ်ခုက ချူးရဲ့ မဟာဘုံသစ်နန်းဆောင်ကိစ္စပဲ'

ဝတ်ရည်သိမ့်က . . .

'အဲဒီ စက်ကြီးပြီးတာနဲ့ လည်မယ်ထင်တယ်'

စဝ်ရန်နိုင်က . . .

'ကျွန်တော်တို့ အဲဒီနေရာကို အချိန်မီရောင်အောင်သွားပြီး အဲဒီစက်ကြီးကို ဖျက်ဆီးပစ်ကြတာပေါ့။ မဖြစ်ဖြစ်အောင် ဖျက်ဆီးပစ်နိုင်ဖို့က ကျွန်တော့်တာဝန်ထားပါ'

ဒေါက်တာစိမ်းသီတာက . . .

'ကျွန်မတို့ အခုယူလာတဲ့ ပီကော်နာဗာရိဒေးဗိုင်းရပ်စ်တွေက ဘာလုပ်မှာလဲ'

'ဂြိုဟ်သားဗိုင်းရပ်စ်ဟာ လွန်ခဲ့တဲ့ နှစ်ပေါင်းသန်းသုံးထောင် လောက်ကတည်းက ကမ္ဘာပေါ်ကို ရောက်လာတယ်ဆိုတဲ့အချက်ကို

သိမတော့ တို့အတွက် အများကြီးကောင်းသွားတယ်။ ဒီအချက်ကြောင့် ဒီဗိုင်းရပ်စ်ဟာ အောက်ဆီဂျင်ကိုကြောက်တဲ့အကြောင်းသိလာရတယ်'

ဝတ်ရည်သိမ့်က . .

'ဒါဆို ပီကော်နာဗာရီဒေးဗိုင်းရပ်စ်ကို ကျွန်မ ရှုကြည့်လိုက်ရမလား'

'နေဦး . .။ ဒီဗိုင်းရပ်စ်ရဲ့ တန်ပြန်အားကို ကာကွယ်ဖို့လိုသေးတယ်။ လိုအပ်မှ သုံးကြတာပေါ့။ ငါတို့ အရမ်းကံကောင်းသွားပါပြီ'

စဝ်ရန်နိုင်က ကားကို ဂရုစိုက်၍ မောင်းနှင်နေပေသည်။ ဦးတည်ရာအရပ်ကား 'နဂါးသွဲ့မြို့'သို့ပင် ဖြစ်ပေတော့သည်။

× × × × × × ×



## အခန်း (၃၅)

နဂါးသွဲ့မြို့သို့ ည ဆယ့်နှစ်နာရီတွင် ရောက်လာကြသည်။ ထို့နောက် ဝတ်ရည်သိမ့်၏ လမ်းညွှန်မှုဖြင့် ချုံး၏ မဟာဘုံ သစ်နန်းဆောင်ကြီးရှိရာဆီသို့ ဆက်၍ ကားဖြင့်လာကြသည်။

ဝတ်ရည်သိမ့်က သူမရောက်ဖူးခဲ့သည့် နေရာကို ပြန်၍ ပြောပြသည်။ စဝ်ရန်နိုင်က အတွင်းဘက်အနေအထား အခြေအနေများကို ထပ်၍မေးသည်။ သူမက ပြန်ရှင်းပြသည်။

'ဒါဆို လုံလောက်ပြီ။ သွားကြမယ်'

စဝ်ရန်နိုင်က ထိုင်ခုံခါးပတ်များပတ်ထားရန်ပြောပြီး သူ့ကိုယ်တိုင်ပါ ခါးပတ်ကို တင်းတင်းပတ်လိုက်သည်။

စစ်ရန်နိုင်က တစ်နာရီ မိုင်ငါးဆယ်နှုန်းဖြင့် မောင်းလာသည်။ ဂိတ်ဝရှိအဖြူနှင့်အနက်ကျား ဂိတ်တံခါးကိုဝင်၍တိုက်ပစ်လိုက်သည်။ ထို့နောက် သစ်ပင်များကြားမှကွေ့ပတ်၍ မောင်းနှင်သည်။ နောက်ဘက်ရှိ ဂိတ်စောင့်များ မျက်ခြည်ပြတ်သွားကြသည်။

ရှေ့မှ အဆောက်အဦးကြီးမှာ လင်းထိန်၍နေ၏။

အလင်းရောင်များမှာ လွန်စွာ တောက်ပသော မီးတောက်ကြီးဆီမှ စီးချက်၊ ဝါးချက်ကျကျ ပြန့်၍ထွက်နေပေသည်။

ကားစက်သံမှာ ဂျက်လေယာဉ်စက်သံကဲ့သို့ ကျယ်လောင်လာသည်။ တိုက်ကြီး၏ရှေ့ဘက်မှ မြက်ခင်းပြင်ကို ဖြတ်ကျော်တက်လိုက်သည်။

စစ်ရန်နိုင်က ကားစက်ရှိန်ကို ထပ်၍မြှင့်လိုက်သည်။

ကားမှာ တိုက်အိမ်ကြီး၏အပေါ်သို့ တက်သည့် ပထမလှေကားထစ်ကို ထိ၍ မြောက်တက်သွားသည်။

ကားမှာ အတွင်းဘက်နံရံကိုဝင်၍ တိုက်မိသည်။

ကားမှန်များ ကွဲကြေကုန်သည်။

စစ်ရန်နိုင်က စက်ရှိန်ကိုမလျှော့ ဘရိတ်ကိုနင်း၍ ညာဘက်သို့ ချိုးကွေ့လိုက်သည်။ ကျောက်သားကြမ်းပြင်ပေါ်၌ ကားမှလျှော





ထွက်သွားသည်။ ကျောက်စားပွဲခုံကြီးတစ်ခုကိုဝင်၍ တိုက်မိသည်။

လျှပ်စစ်ကြိုးများ ရှုပ်ထွေးစွာတပ်ဆင်ထားသည့် စက်ပစ္စည်းကြီးတစ်ခုကို ဦးတည်၍ဆောင့်တိုက်ချလိုက်၏။ လေကာမှန်မှာ အစိတ်စိတ်အမွှာမွှာ ကွဲထွက်ကုန်သည်။

ရှေ့အပြင်သို့ စစ်ရန်နိုင်ကြည့်လိုက်၏။

ကျိုးပဲ့ပျက်စီးပြုတ်ထွက်နေသော ဝါယာစများမှ မီးပွားများထွက်၍ တရှူးရှူးဖြင့် အသံမျိုးစုံမြည်နေပေသည်။

စစ်ရန်နိုင်က . . .

'ကျွန်တော်တို့ဘက်က အောင်မြင်သွားပြီ။ အခု အဆင့်မြင့်အီလက်ထရွန်းနစ်စက်ပစ္စည်းကြီးတစ်ခုကို ဖျက်ဆီးပစ်လိုက်နိုင်ပြီ။ ဝါယာတွေပြတ်တောက်၊ ရှော့ဖြစ်ကုန်ပြီး မီးပွားတွေ အဆက်မပြတ်ထွက်ကုန်တာကိုကြည့်ရင် ပျက်စီးကုန်တာ သေချာနေပြီ'

ကား စက်ရှိန်မှာ ရပ်မသွားသေးပေ။ စစ်ရန်နိုင်က ကားကိုနောက်ဘက်သို့ဆုတ်လိုက်သည်။ အပျက်အစီးအပိုင်းအစများ နောက်၌ ခံနေသဖြင့် တရွေ့ရွေ့နှင့် ဖြည်းဖြည်းချင်းသာဆုတ်၍ရသည်။

နောက်ထပ် ပေနှစ်ဆယ်ခန့် ဆုတ်လိုက်မိသည်။

မဟာဘုံသစ်နန်းဆောင်ကြီးကို ထင်ထင်ရှားရှား၊ ထီးထီးမားမားတွေ့နေပေသည်။ ထိုနန်းဆောင်ကြီး၏ တစ်နေရာ၌ လေကားဖြင့်တက်သွားရသော ပတ်လည်ပလက်ဖောင်းကြီးတစ်ခုရှိသည်။

ဝါယာများမှ မီးပွားများမှာ တဖျန်းဖျန်းမြည်၍ အလင်းရောင်များအဆက်မပြတ် ထွက်နေ၏။ ပလက်ဖောင်းတမ်နေရာ၌ အရပ်ခုနစ်ပေမျှမြင့်သည့် ဂြိုဟ်သားကြီးတစ်ကောင်ကို မြင်လိုက်ရသည်။ မီးပွားမှ အလင်းရောင်ဖြင့် ဂြိုဟ်သားကောင်ကြီး၏ မျက်နှာရုပ်သွင်ကို ထင်ရှားစွာဖြင့် မြင်တွေ့နေရသည်။

ဂြိုဟ်သားကြီးက ချိုင့်ဝင်နေသည့် မျက်လုံးမည်းမည်းကြီးများဖြင့် အောက်ဘက်ရှိ ကားကို မယုံကြည်နိုင်စွာ စူးစိုက်၍ကြည့်နေပေသည်။

ဂြိုဟ်သားကောင်ကြီးသည် သူ၏ဦးခေါင်းကို နောက်သို့တဖြည်းဖြည်းလှန်လျှက် ကြေကွဲသံကြီးဖြင့် ညည်းညူလိုက်၏။ ထို့နောက် ပလက်ဖောင်းပေါ်သို့ လေးကန်စွာဖြင့် တဖြည်းဖြည်းထိုင်ချလိုက်၏။ ရှည်လျားသော လက်ချောင်းကြီးများဖြင့် သူ၏ဦးခေါင်းကိုဆုပ်ကိုင်ပြီး ထပ်မံ၍ ကြေကွဲစွာညည်းညူလိုက်ပြန်သည်။

ဝတ်ရည်သိမ့်က ဂြိုဟ်သားကောင်ကြီးကို မျက်တောင်မခတ်





တမ်းစိုက်၍ကြည့်နေပြီးမှ . . .

'ဘုရား . . ဘုရား။ ဒါ . . ဒါ ချူးပါလား'

သန်းဆွေထိုက်က . . .

'သူ့ရုပ်က မထင်မှတ်လောက်အောင် လုံးဝပြောင်းသွားပါလား'

ဝတ်ရည်သိမ့်က ထိုင်ခုံခါးပတ်ကို ဆွဲဖြုတ်လိုက်သည်။

'ခဏနေဦး။ ငါ အပြင်ထွက်ကြည့်လိုက်မယ်'

သန်းဆွေထိုက်က သူမ၏ လက်ကိုဖမ်းဆွဲလျှက် . . .

'မထွက်နဲ့ ဝတ်ရည်'

ဒေါက်တာမြတ်မင်းဟန်က စိုးရိမ်သော မျက်နှာဖြင့် . .

'ဓာတ်ကြိုးတွေ ဝါယာကြိုးတွေ ပြတ်ထွက်ပြီး ကြမ်းပြင်ပေါ်မှာ ပြန့်ကျဲကျနေတယ်။ အန္တရာယ်အရမ်းများတယ် ကောင်မလေး။ အခုလို ဝါယာရှော့ဖြစ်နေချိန်မှာ ပိုဆိုးတယ်။ ဗို့အားကလည်း အရမ်းမြင့်တယ် . . ထိမိတာနဲ့ တုန်းခနဲ ဖြစ်သွားလိမ့်မယ်'

ဝတ်ရည်သိမ့်က တံခါးကိုဆွဲဖွင့်လိုက်သည်။

'ဖြစ်ချင်သလိုသာ ဖြစ်ပစေတော့ . .'

သူမ ဆုံးဖြတ်ချက်တစ်ခု ခိုင်မာစွာ ချလိုက်ပုံရသည်။

သန်းဆွေထိုက်က မျက်လုံးပြူးမျက်ဆန်ပြူးဖြင့် . .

'ဟာ . . မဖြစ်ဘူး။ ထွက်လို့ လုံးဝမဖြစ်ဘူး'

'နေစမ်းပါဟာ။ ငါ အပြင်ထွက်မှဖြစ်မယ်'

သန်းဆွေထိုက်က သူမကို တားဖို့မရမှန်းသိသဖြင့် ဆက်၍ မပြောနိုင်၊ မတားနိုင်တော့ပေ။

ဝတ်ရည်သိမ့် ကြမ်းပြင်ပေါ်၌ ပြန့်ကျဲကျနေသည့် ခာတ်ကြိုး များကို ရှောင်တိမ်းကျော်ဖြတ်လာသည်။ လှေကားထစ်များမှတစ်ဆင့် ပလက်ဖောင်းပေါ်သို့ သူမတစ်လှမ်းချင်း တက်သွားသည်။

တဖြည်းဖြည်း ချူးနှင့် နီး၍လာသည်။

မဟာဘုံသစ်နန်းဆောင်စက်ကြီးအတွင်းမှ ပုံမှန်မဟုတ် သည့် တဂျုံးဂျုံးမြည်သံများ ပေါ်ထွက်၍နေသည်။

ချူးထံမှ ညည်းတွားသံကြီးကို စိတ်မချမ်းမြေ့ဖွယ်ကြားနေ ရသည်။

'ချူး'

ဝတ်ရည်သိမ့်က အော်၍ခေါ်လိုက်၏။

ဝတ်ရည်သိမ့်။ ပလက်ဖောင်းပေါ်သို့ ရောက်လာသည်ကို ချူး သတိပြုမိပုံမရ။ တဖြည်းဖြည်းချင်း သူမကို မော့်၍ကြည့်သည်။





ထို့နောက် လေးတွဲ့သောလေသံဖြင့် . . .

'ဩော် . . ဝတ်ရည်ပါလား။ မင်းပြန်ရောက်လာတာကို ငါ့အာရုံတွေထဲက ဘယ်လိုမှ ကြိုမသိနိုင်တော့ပါလားကွာ'

ဝတ်ရည်သိမ့်က . . .

'ရှင် ဘယ်သိနိုင်ပါတော့မလဲ။ ကျွန်မရဲ့ခန္ဓာကိုယ်ထဲမှာ ရှင်တို့အားကိုးအားထားပြုထားတဲ့ စကြာဝဠာဗိုင်းရပ်စ်မရှိတော့ဘူး။ ကျွန်မတို့မှာ ပုံမှန်လူသားဘဝ ပြန်ဖြစ်သွားနိုင်မယ့် အခြေအနေတွေ အများကြီးရှိပါသေးတယ်'

ချူးက သူ၏ ဦးခေါင်းကြီးကို လေးပင်စွာခါလိုက်သည်။

'ငါ့အတွက်ကတော့ ဘာမျှော်လင့်ချက်မှ မရှိနိုင်တော့ဘူး။ သူတို့ ငါ့အပေါ်မှာ ယုံကြည့်အားထားသမျှတွေ အားလုံး သဲထဲရေ သွန်းသလို ဖြစ်ကုန်ကြရပြီ။ စကြာဝဠာကြီးတစ်ခုလုံးကို မွှေနှောက် သွားလာနိုင်စွမ်းရှိတဲ့ ဂြိုဟ်သားယဉ်ကျေးမှုနယ်ပယ်ဟာ လူသားဖွေ ရဲ့ ခံစားချက်တွေကို မကျော်လွှားနိုင်ခဲ့ပါလား။ လူသားတွေရဲ့ ခံစားမှု စိတ်ခာတ်ဟာ ဂြိုဟ်သားဘဝကို ပျက်စီးစေခဲ့တာပါလား။ လုံးဝ ဥပက္ခာပြုသင့်တဲ့ အရာတွေပဲ။ အခုအချိန်ကျမှတော့ ငါ့အနေနဲ့ ရှေ့ဆက် တိုးလို့လည်း မဖြစ်နိုင်တော့ဘူး။ နောက်ဆုတ်လို့လည်း မရတော့

ဘူး။ မင်းအပေါ်မှာ ချစ်ခင်မြတ်နိုးတွယ်တာမိတဲ့ သံယောဇဉ်စိတ်နဲ့ ငါဟာ ပုံရိပ်မှန်ကောင်းကျိုးကို ပစ်ပယ်ခဲ့မိတယ်။ ဒါဟာ ငါရဲ့ အကြီးမားဆုံးအားနည်းချက်နဲ့ မဟာအမှားတော်ပုံ တစ်ရပ်ပဲ . .'

စက်ကြီးမှ လျှပ်စစ်မီးပွားများ ပို၍ထွက်လာသည်။ အစိမ်းရောင်ခန်းမကြီးတစ်ခုလုံးမှာလည်း တုန်ခါ၍လာသည်။ ပထမပိုင်း၌မူ အနည်းငယ်မျှသောက်သာ တုန်ခါနေ၏။ တဖြည်းဖြည်းနှင့် သိသာစွာ တုန်ခါ၍လာပေသည်။ နံရံနှင့် မျက်နှာကြက်များမှ သံမှုန်များ၊ အင်္ဂတေ အပိုင်းအစများ သံမှုန်များ ကွာ၍ တဖျောဖျောနှင့်အောက်ဘက်သို့ ကျဆင်းနေပေသည်။

တစ်ခဏချင်းမှာပင်၊ ပြင်းထန်သော လျှပ်စစ်သကဲ့သို့ ပြင်းထန်စွာတုန်ခါ၍လာလေပြီ။

ချူးက သူ၏မျှော်လင့်ချက် မဟာဘုံသစ်နန်းဆောင်ကြီးဘက်သို့ တစ်ချက်လှမ်းကြည့်လိုက်၏။ စက်ကြီးမှ မီးပွား၊ မီးပွင့်များ မီးခိုးများ နေရာအနံ့မှ ထွက်၍နေသည်ကို သူကောင်းစွာမြင်နေရသည်။

ချူးက၊ သူမဘက်သို့လှည့်၍ ရှည်လျားသောလက်ချောင်းကြီးများကို မြှောက်လျှက်ပြောလိုက်သည်။





'ဝတ်ရည်ရေ . . ဒီနေရာက လွတ်အောင်သာ အမြန်ဆုံးပြေးပေတော့။ လျှပ်စစ်ကြိုးတွေ ပေါက်ထွက် ပျက်စီးကုန်ပြီ။ ဘယ်လိုမှ မကယ်နိုင်တော့ဘူး။ မဟာတွင်းနက်ကြီးရဲ့ တန်ပြန်စုပ်ယူဆွဲငင်အားကို ဘယ်အရာမှ ခံနိုင်ရည်ရှိမှာ မဟုတ်ဘူး။ အားလုံး တစ်စစီ ပေါက်ကွဲပျက်စီးပြီး အမှုန့်ကလေးတွေအဖြစ် ပျောက်ပျက်သွားကုန်ကြတော့မယ်။ ပြေးတော့ . . ဝတ်ရည်ရယ်'

ဝတ်ရည်သိမ့် နှုတ်ခမ်းကိုတင်းတင်းကိုက်၍ . .

'ချူးရယ်။ ကျွန်မနဲ့ ပြန်လိုက်ခဲ့ပါ။ ချူးရဲ့ခန္ဓာကိုယ်ထဲမှာ ကြီးထွားရှင်သန်နေတဲ့ စကြာဝဠာဗိုင်းရပ်စ်ကို ထုတ်ပစ်နိုင်တဲ့ နည်းလမ်း ကျွန်မတို့မှာရှိနေပါပြီ'

ချူးက ခံစားမှုကင်းမဲ့စွာဖြင့်

'ကိုယ်ဟာ အဓိကရ မဟာဗိုင်းရပ်စ်ပါ။ ဘယ်လိုမှ ကယ်လို့ မရနိုင်တော့ဘူး။ ပြေးတော့ ဝတ်ရည် . . မချိန်မရှိတော့ဘူး'

ချူးက သူ၏ ရှည်လျားသော လက်တံကြီးကို ရှေ့သို့ ဆန့်တန်းထုတ်လိုက်သည်။ ဝတ်ရည်သိမ့်၏ မျက်ဝန်းမှ မထိန်းနိုင်

သည့် မျက်ရည်များ စီးကျလာသည်။ ချူး၏ မြွေသဏ္ဍာန်လက်ချောင်းရှည်ကြီးများကို သူမ၏လက်ဖြင့် နောက်ဆုံးအကြိမ် လှမ်း၍ ဆုပ်ကိုင်လိုက်မိသည်။

တသိမ့်သိမ့်တုန်ခါမှုမှာ ပို၍ပြင်းထန်လာသည်။ ဝတ်ရည်သိမ့်မှာ ပလက်ဖောင်းပေါ်၌ ကောင်းကောင်းရပ်တည်၍ မရနိုင်အောင် ယိမ်းယိုင်၍နေသည်။

ချူးက ကြေကွဲသောအသံဖြင့် . . .

'သွားပေတော့ . . ဝတ်ရည်။ သွားတော့ . . '

ဝတ်ရည်သိမ့် မျက်ရည်စများကို တစ်ချက်သုတ်ပစ်လိုက်ပြီး ချူးကို နောက်ဆုံးအကြိမ်အဖြစ် ကြည့်လိုက်သည်။ ထို့နောက် ဝတ်ရည်သိမ့် လှေကားအတိုင်း ပြေးဆင်းလာခဲ့သည်။

မြစိမ်းရောင် ခန်းမကြီးတစ်ခုလုံးမှာ သွက်သွက်ခါအောင် လှုပ်ရှား၍နေသည်။ အပျက်အစီးအပိုင်းအစများကြားမှ သူမကားဆီသို့ပြေးလာသည်။

သူမ ကားထဲသို့ ဝင်ထိုင်လိုက်ရင်းမှ . .





'ချူးက ကျွန်မတို့အားလုံး ဒီနေရာကနေ အမြန်ပြေးကြတော့လို့ပြောတယ်။ တွင်းနက်ကြီးရဲ့ စုပ်ယူဆွဲငင်အားကြောင့် အားလုံးတစ်စစီ ပေါက်ကွဲပျက်စီးပြီး အမှုန်ကလေးတွေ ဖြစ်ကုန်တော့မယ်တဲ့'

စဝ်ရန်နိုင်က ကားကိုနောက်ဆုတ်လိုက်၏။ ပြီးတော့ လီဗာကို အားကုန်ဖိနင်းလိုက်သည်။ သူတို့၏ဘေးမှာ ခုန်ပေါက်လူးလိမ့်၍ အပျက်အစီးများကြားမှ အရှိန်ပြင်းစွာ မောင်းထွက်လာသည်။ မြစိမ်းရောင်ခန်းမကြီး၏ ဝင်ပေါက်သို့ရောက်လာသည်။

စဝ်ရန်နိုင်က ကားကို ညာဘက်သို့ဆွဲကွေ့လိုက်ပြီး ထွက်ပေါက်ဘက်သို့ အရှိန်ပြင်းစွာမောင်းထွက်လာသည်။ ရှေ့ပေါက်မှ တစ်ဆင့် လှေကားအတိုင်းအောက်ဘက်သို့ ခုန်ပေါက်ထိုးဆင်းလာသည်။

အောက်ဘက်ရှိ ရောင်စုံကျောက်ပြားများခင်းထားသည့် ရင်ပြင်နှင့် မြက်ခင်းပြင်ပေါ်မှ ကျော်ဖြတ်မောင်းနှင်လာသည်။ ထို့နောက် သစ်ပင်တန်းများကြားမှ ဖြတ်၍ ကားလမ်းဆုံရှိရာသို့ စက်ကုန်ဖွင့်၍ မောင်းနေပေသည်။

ဒေါက်တာစိမ်းသီတာက . . .

'ဒီလောက်အထိ ကားကို မြန်မြန်မောင်းစရာ မလိုတော့ပါဘူး'

စဝ်ရန်နိုင်က စတီယာရင်ကို တင်းတင်းဆုပ်ကိုင်လျှက်

'ပေါက်ကွဲမှုကြီးတစ်ခု ဖြစ်တော့မယ်လို့ ချူးက ပြောလိုက်လို့ ဝတ်ရည်သိမ့်က ပြောထားတယ်။ ဒီနေရာကနေ အဝေးဆုံးနေရာရောက်လေ ပိုကောင်းတာပဲ'

ဒေါက်တာ မြတ်မင်းဟာန်က နားမလည်သည့်အမူအရာဖြင့်

'ဘယ်လို ပေါက်ကွဲမှုကြီး ဖြစ်မှာလဲ'

'ဒါတော့ ကျွန်တော်လည်း ရှင်းမပြတတ်ဘူး။ သူပြောတဲ့အတိုင်းဆိုရင်တော့ အခြေအနေ ကောင်းစရာလုံးဝမရှိနိုင်တော့ဘူး'

ထိုအချိန်မှာပင် . . .

သူတို့၏ နောက်ဘ..ာ်ဆီမှ လွန်စွာပြင်းထန်သော ပေါက်ကွဲမှုကြီးတစ်ခုဖြစ်သွားသည်။ မိုးခြိမ်းသံကဲ့သို့ ကျယ်လောင်လွန်းလှသည့် အသံနှင့်အကွ မြေပြင်မှာလည်း တုန်ခါ၍သွားသည်။ ဝတ်ရည်သိမ့် နောက်ဘက်သို့ လှည့်ကြည့်လိုက်၏။ ချူး၏ ရောင်ခြည်သစ်ဗိမာန်တံခွန်အဆောက်အဦးကြီးမှာ တစ်စစီကွဲထွက်သွားပြီး အမှုန်ကလေးများအဖြစ် မြေပြင်ပေါ်သို့ တဖြည်းဖြည်းကျဆင်းသွားသည်ကို သူမမြင်လိုက်ရသည်။ ထိုပေါက်ကွဲပျက်စီးမှုမှ မည်သည့်မီးရောင်ကိုမျှ မမြင်ရပေ။

တုန်ခါမှုအရှိန်အဟုန်ကြောင့် သူတို့၏ကားလေးမှာလေထဲသို့ မြောက်တက်သွားသည်။ လေထဲ၌ ရှစ်စက္ကန့်ခန့်မြောက်တက်နေပြီးမှ မြေပြင်ပေါ်သို့ အရှိန်ဖြင့် ပြန်ကျပြီး ရှေ့ဘက်သို့ အရှိန်ဖြင့် ပြေးနေပေသည်။

စဝ်ရန်နိုင်က ဘရိတ်ကိုနင်း၍ ကားကိုရပ်တန့်လိုက်၏။ ကားမှာ တစ်ပတ်လည်ထွက်သွားပြီး မှောက်မသွားစေရန် စဝ်ရန်နိုင် မနည်းထိန်းလိုက်ရသည်။

ဒေါက်တာစိမ်းသီတာက . . .

'လူတွေရော ကားပါ လေထဲမှာမြောက်တက်နေတာ ရှစ်စက္ကန့်လောက်တော့ ကြာမယ်ထင်တယ်။ ဘယ်လိုဖြစ်ကုန်တာလဲ'

စဝ်ရန်နိုင်က ဒိုင်ခွက်များကိုစစ်ဆေးကြည့်ရှုလိုက်သည်။

အားလုံး အပျက်အစီးမရှိသည်ကိုတွေ့ရသည်။

ဝတ်ရည်သိမ့်က နောက်ဘက်သို့ လက်ညှိုးထိုးပြ၍

'စောစောက တိုက်အိမ်ကြီးကို ကြည့်လိုက်ကြပါဦး။ တစ်စစီ တစ်မှုန့်စီဖြစ်ပြီး ပျောက်သွားပြီ'

သူတို့အားလုံး နောက်ဘက်သို့ ပြန်၍လှည့်ကြည့်လိုက်ကြသည်။ သူတို့၏ကားအနီးတစ်ဝိုက်ပတ်လည်၌ လူများပုံမှန်အတိုင်း သွားလာ၊ လှုပ်ရှားနေကြ၏။ တောက်ပသောအလင်းရောင်များ၊ မီးခိုးများထွက်ပေါ်လာခြင်းကို မမြင်ရပေ။ ထို့ပြင် အပျက်အစီးအစအန များကိုလည်း လုံးဝမတွေ့ကြရပေ။ ချူး၏ အဆောက်အဦးကြီးတစ်ခု လုံးမှာ မြေပြင်ပေါ်မှ လုံးဝပျောက်ကွယ်၍ သွားပြီဖြစ်ပေသည်။

ဒေါက်တာမြတ်မင်းဟန်က ခေါင်းတဆတ်ဆတ်ညိတ်လိုက်ပြီးမှ . .

'ချူး ပြောလိုက်တဲ့အတိုင်း ဖြစ်သွားတာပဲ။ စကြာဝဠာသီအိုရီ အရ တွင်းနက်ကြီးရဲ့သဘောတရားနဲ့ တန်ပြန်ဆွဲငင်စုပ်ယူအားကြောင့် တစ်စစီထွက်လာတဲ့ အပျက်အစီးအရာဝတ္ထုတွေဟာ အမှုန်ကလေးတွေ ဘဝပြောင်းပြီး လေထဲမှာတင် ပျောက်ကွယ်သွားကြတော့တာပဲပေါ့'





ဝတ်ရည်သိမ့်မှာ ပို၍ မချိတင်ကဲဝမ်းနည်းပူဆွေးလာမိ ရလေတော့သည်။ သူမဘဝအတွက် ကြီးမားသော ဆုံးရှုံးမှုကြီးတစ်ရပ်ကို ခံစားနေရပြီး မျက်ရည်များ အဆက်မပြတ် စီးကျလာနေမိသည်။

သန်းဆွေထိုက်က ခြောက်သွေ့သောလေသံဖြင့် . .

'ငါလည်း၊ ငါ့သူငယ်ချင်း ချူးအတွက် စိတ်မကောင်းပါဘူးဟာ'

ဝတ်ရည်သိမ့်က တစ်ချက်မျှ ရှိုက်ငင်လိုက်ပြီး . .

'ငါလေ . . ငါ သူ့ကိုတစ်သက်လုံး ချစ်နေမိတော့မှာ သေချာသွားပြီ။ သူ့ကို ဘယ်တော့မှ မေ့လို့မရနိုင်တော့ဘူး'

ပြောရင်း ဝတ်ရည်သိမ့် မျက်ရည်များကို သုတ်နေပေသည်။

စဝ်ရန်နိုင်က ရပ်ထားသော ကားကို စက်နှိုးလိုက်သည်။

'ကဲ . . စကြာဝဠာဂြိုဟ်သားတွေနဲ့ အန္တရာယ်ကတော့ လွတ်လာခဲ့ပြီးကြပြီ။ အခု . . ဘယ်လို ဆက်သွားကြမလဲ'

ဒေါက်တာစိမ်းသီတာက . . .

'အန္တရာတိက္ကမြို့ကို ပြန်မယ်။ ရောဂါဖြစ်ထားတဲ့လူတွေရဲ့ အခြေအနေ ဘယ်လိုရှိမလဲဆိုတာ လေ့လာကြည့်မယ်။ သူတို့ကို

ယိမ်းချုပ်ထားတဲ့ ပင်မ မဟာဗိုင်းရပ်စ်ကြီးမရှိတော့တဲ့အတွက် တစ်မျိုးတစ်မည် ပြောင်းချင်ပြောင်းသွားနိုင်တယ်။ လိုအပ်လာရင်တော့ ပီကော်နာဗာရီဒေးဗိုင်းရပ်စ်ကနေ စကြာဝဠာ မဟာတုပ်ကွေးရောဂါ ပျောက်ကင်းနိုင်ဟဲ့ ဆေးဖော်ထုတ်ပြီး အမြန်ဆုံးဖြန့်ကြတာပေါ့

ဒေါက်တာမြတ်မင်းဟန်က . . .


'ဒါဆို . . ကျုပ်တို့က ပီကော်နာဗာရီဒေးဗိုင်းရပ်စ်[illegible]ကို ပါ ထပ်ပြီးဖြန့်ပေးကြရဦးမှာပေါ့။ အခုအချိန်မှာတော့ ငါတို့ လူသားတွေဘက်က ကောင်းကောင်းနိုင်လိုက်ပါပြီ . .'

စဝ်ရန်နိုင်က သူတို့၏ကားကို အန္တရာတိက္ကမြို့ဘက်သို့ ဦးတည်၍ မောင်းနှင်ထွက်ခွာလာလေတော့သည်။

× × × × × × ×

ပြီးပါပြီ။

ဇော်ထက်အောင်



# ဇော်ထက်အောင်

စစ်ရန်နိုင် နှင့်

ပဉ္စမမြောက်ယန္တရားများ၏စကြဝဠာ